http://www.dhammadownload.com


သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကျမ်းစာအုပ်အရောင်းဆိုင်တွင်ပါဠိတော်၊ မြန်မာပြန်၊ အဋ္ဌကထာ၊ ဋီကာ
နိဿယ၊ ပါဠိ-မြန်မာအဘိဓာန်များနှင့် အခြားဗုဒ္ဓစာပေကျမ်းစာအုပ်များကို
ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

- ပိဋကသုံးပုံပါဠိတော်အုပ်ရေ(၄၀)
- ပဋ္ဌာန်းပါဠိတော်(၅)တွဲ(၅)အုပ်
- မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး(၆)တွဲ(၈)အုပ်
- တိပိဋကပါဠိမြန်မာအဘိဓာန်များအတွဲ(၁)၊(၂)၊ (၃)၊(၄/၁)၊(၄/၂)၊(၅)၊(၆)၊(၇)၊(၈)၊(၉)၊(၁၀)၊(၁၁) (၁၂)၊(၁၃)၊(၁၄/၁)၊(၁၅)၊(၁၇)၊(၁၈)၊(၁၉)
- ပဌမမောင်းထောင်ဆရာတော်၏အမေးတော်ဖြေ
- မြတ်ဗုဒ္ဓ၏တရားစုများ
- အခြေခံအဘိဓမ္မာသရုပ်နှင့်အဓိပ္ပါယ်
- သာရတ္ထဋီကာ(ပ)၊(ဒု)
- နေတ္တိဋီကာ၊ဝိမတိဝိနောဒနီဋီကာ(ပ)
- ကစ္စည်းသဒ္ဒါကြီး၊အဘိဓာန်လင်္ကာဆန်း
- ဇာတကအဋ္ဌကထာ(လတ်၊ကြီး)
- ဗုဒ္ဓဘာသာတရားတော်(အခြေခံ)
- ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်)
- ဌေးရတုတိပိဋကစာစောင်
- ဌေးရတုမဟာနာယကစာစောင်
- ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ)၊(ဒု)
- သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
- အဋ္ဌသာလိနီအဋ္ဌကထာ
- လူသေလူဖြစ်ဝိနိစ္ဆယ၊ဘိက္ခုနီဝိနိစ္ဆယ
- ကင်းဝန်မင်းကြီးဓမ္မသတ်(ပ)၊(ဒု)
- သုတ်ပါထေယျဘာသာဋီကာ
- ဓမ္မာစရိယသင်နည်း(ဒု)
- ထက်အောက်ညှိနှိုင်းပြဋ္ဌါဒံယှဉ်ပွဲ
- လင်္ကာသာသနာ့ဝိသုဒ္ဓိ(ပါဠိ+မြန်မာ)
- ဝိနည်းဓမ္မကံစီရင်ထုံး
- သံယာ့နာယကလက်စွဲ၊ဝိနိစ္ဆယလက်စွဲ
- ဒိန္နကထာ၊ဘွဲ့တံဆိပ်တော်သမိုင်း
- ဝိနယပုစ္ဆာဝိသဇ္ဇနာ၊ဗုဒ္ဓနိုင်ငံတော်(ပ+ဒု+တ)
- သီလရှင်စည်းမျဉ်း
- အင်္ဂုတ္တိုရ်ပါဠိတော်(ပ)၊(ဒု)၊(တ)
- ဓမ္မစကြာ(အိတ်ဆောင်)
- ဂုဏ်တော်ကိုးပါးအကျိုး
- သရဏဂုံတည်ခြင်းအကျိုး
- ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပဒု)
- ဗုဒ္ဓဘာသာကောင်းတစ်ယောက်
- ကြည်ကြည်လင်လင်သေပြီးနောက်သုဂတိဘားလိုသော်
- ဝိနည်းဓမ္မကံ အဓိကရုဏ်း၊မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

မြတ်ဗုဒ္ဓ၏ကျမ်းစာ အမျိုးမျိုးကို အထက်ပါဌာနတွင် ဈေးနှုန်းမှန်ကန်စွာဖြင့်
ဝယ်ယူရောင်းချ လှူဒါန်းနိုင်ပါသည်။ အလှူရှင်စာတန်းထိုးခြင်းနှင့် အဖုံးဖုံးခြင်းကိုလည်း
ဆောင်ရွက်ပေးလျက်ရှိပါသည်။ (တနင်္ဂနွေ တစ်ရက်သာ ဆိုင်ပိတ်ပါသည်။)
ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း - ၆၆၀၀၇၃


ထွန်းတုံးလက်ကျန်ဦးထင်ဝါဒ ဝိနိစ္ဆယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ်(၈)

# ထွန်းတုံးလက်ကျန်ဦးထင်ဝါဒ
# ဝိနိစ္ဆယ


ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ်(၈)

# ထွန်းတုံးလက်ကျန်ဦးထင်ဝါဒ
# ဝိနိစ္ဆယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ်(၈)

# ထွန်းတုံးလက်ကျန်ဦးထင်ဝါဒ ဝိနိစ္ဆယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ခရစ်-၂၀၀၉

http://www.dhammadownload.com


## သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ်အရောင်းဆိုင်တွင်ပါဠိတော်၊ မြန်မာပြန်၊ အဋ္ဌကထာ၊ ဋီကာ နိဿယ၊ ပါဠိ-မြန်မာအဘိဓာန်များနှင့် အခြားဗုဒ္ဓစာပေကျမ်းစာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

- ပိဋကသုံးပုံပါဠိတော်အုပ်ရေ(၄၀)
- ပဋ္ဌာန်းပါဠိတော်(၅)တွဲ(၅)အုပ်
- မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး(၆)တွဲ(၈)အုပ်
- တိပိဋကပါဠိမြန်မာအဘိဓာန်များအတွဲ(၁)၊(၂)၊ (၃)၊(၄/၁)၊(၄/၂)၊(၅)၊(၆)၊(၇)၊(၈)၊(၉)၊(၁၀)၊(၁၁) (၁၂)၊(၁၃)၊(၁၄/၁)၊(၁၅)၊(၁၇)၊(၁၈)၊(၁၉)
- ပဋ္ဌာနမောင်းထောင်သရာတော်၏အမေးတော်ဖြေ
- မြတ်ဗုဒ္ဓ၏တရားစုများ
- အခြေခံအဘိဓမ္မာသရုပ်နှင့်အဓိပ္ပါယ်
- သာရတ္ထဋီကာ(ပ)၊(ဒု)
- နေတ္တိဋီကာ၊ဝိမတိဝိနောဒနီဋီကာ(ပ)
- ကစ္စည်းသဒ္ဒါကြီး၊အဘိဓာန်လက်ဆွဲ
- ဇာတကအဋ္ဌကထာ(လတ်၊ကြီး)
- ဗုဒ္ဓဘာသာတရားတော်(အခြေခံ)
- ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်)
- ရွှေရတုတိပိဋကစာစောင်
- ရွှေရတုမဟာနာယကစာစောင်
- ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ)၊(ဒု)
- သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
- အဋ္ဌသာလိနီအဋ္ဌကထာ
- လူသေလူဖြစ်ဝိနိစ္ဆယ၊ဘိက္ခုနီဝိနိစ္ဆယ
- ကင်းဝန်မင်းကြီးမှတ်တမ်း(ပ)၊(ဒု)
- သုတ်ပါထေယျဘာသာဋီကာ
- ဓမ္မာစရိယသင်နည်း(ဒု)
- ထက်အောက်ညှိနှိုင်းဖြေဝါဒံယူပွဲ
- လက်ကသာသနာ့ဝိသုဒ္ဓိ(ပါဠိ+မြန်မာ)
- ဝိနည်းဓမ္မကံစီရင်ထုံး
- သံဃာ့နာယကလက်စွဲ၊ဝိနိစ္ဆယလက်စွဲ
- ဒိန္နကထာ၊ဘွဲ့တံဆိပ်တော်သမိုင်း
- ဝိနယပုစ္ဆာဝိသဇ္ဇနာ၊ဗုဒ္ဓနိုင်ငံတော်(ပ+ဒု+တ)
- သီလရှင်စည်းမျဉ်း
- အင်္ဂုတ္တိုရ်ပါဠိတော်(ပ)၊(ဒု)၊(တ)
- ဓမ္မစကြာ(အိတ်ဆောင်)
- ဂုဏ်တော်ကိုးပါးအကျိုး
- သရဏဂုံတည်ခြင်းအကျိုး
- ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပဒု)
- ဗုဒ္ဓဘာသာကောင်းတစ်ယောက်
- ကြည်ကြည်လင်လင်သေပြီးနောက်သုဂတိသားလိုသော်
- ဝိနည်းဓမ္မကံ အဓိကရုဏ်း၊မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**မြတ်ဗုဒ္ဓ၏ကျမ်းစာ အမျိုးမျိုးကို အထက်ပါဌာနတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရောင်းချ လှူဒါန်းနိုင်ပါသည်။ အလှူရှင်စာတန်းထိုးခြင်းနှင့် အဖုံးဖုံးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။** (တနင်္ဂနွေ တစ်ရက်သာ ဆိုင်ပိတ်ပါသည်။)

**ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ်။** ဖုန်း - ၆၆၀၈၄၃

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ် (၈)

# ထွန်တုံးလက်ကျန်ဦးထင်ဝါဒ ဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ ကောဇာ-၁၃၇၁ ၂၀၀၉

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ထွန်တုံးလက်ကျန်ဦးထင်ဝါဒ ဝိနိစ္ဆယ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပုံနှိပ်ထုတ်ဝေရခြင်း အကြောင်း - - | စ |
| ၂။ | နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၈) ဖွဲ့စည်းခြင်း - - | ဠ |
| ၃။ | နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်များအား ပင့်လျှောက်ခြင်း - - | ဎ |
| ၄။ | ထွန်တုံးလက်ကျန်ဦးထင်ဝါဒ စောဒက, စုဒိတက များအား ပင့်လျှောက်ခြင်း - - | ထ |
| ၅။ | နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၈) သဘောထားကြေညာချက် - - | ပ |
| ၆။ | စောဒနာတင်သွင်းလွှာ - - | ယ |
| ၇။ | စောဒက, စုဒိတကများအား စစ်ဆေးခြင်း - | ၁ |
| ၈။ | ထွန်တုံးလက်ကျန်ဦးထင်ဝါဒဝိနိစ္ဆယ ချမှတ်ခြင်း | ၁ |
| | - စောဒနာလွှာ (၁)၊ ပိဋကတ်သုံးပုံဆိုင်ရာ စောဒနာလွှာကိုသုံးသပ်ချက် - - | ၁၂၇ |

http://www.dhammadownload.com



- စောဒနာလွှာ (၂)၊ သာသနာသုံးရပ်ဆိုင်ရာ
စောဒနာလွှာကို သုံးသပ်ချက် - - ၁၃၆
- စောဒနာလွှာ (၃)၊ သရဏဂုံသုံးပါးဆိုင်ရာ
စောဒနာလွှာ ကို သုံးသပ်ချက် - - ၁၄၁
- စောဒနာလွှာ (၄)၊ ကုသိုလ်နှင့်အကုသိုလ်
ဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက် - ၁၅၈
- စောဒနာလွှာ (၅)၊ ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာ
စောဒနာလွှာကို သုံးသပ်ချက် - - ၁၇၅
- စောဒနာလွှာ (၆)၊ ဒွါရဝီမုတ်ဆိုင်ရာ
စောဒနာလွှာကို သုံးသပ်ချက် - - ၁၈၇
- စောဒနာလွှာ (၇)၊ နာမ်ရုပ်ဆိုင်ရာ
စောဒနာလွှာကို သုံးသပ်ချက် - - ၁၈၈
- စောဒနာလွှာ (၈)၊ သမထဝိပဿနာနှင့် သီလ၊
သမာဓိ၊ပညာဆိုင်ရာစောဒနာလွှာကို
သုံးသပ်ချက် - - ၁၉၁
- စောဒနာလွှာ (၉)၊ အဂ္ဂိလိမာလဆိုင်ရာ
စောဒနာလွှာကို သုံးသပ်ချက် - - ၂၀၂
- စောဒနာလွှာ (၁၀)၊ ဗုဒ္ဓဘာသာနှင့် နိဗ္ဗာန်မှာ
ရှိသည် မည်သော စောဒနာလွှာကို
သုံးသပ်ချက် - - ၂၁၆
- စောဒနာလွှာ (၁၁)၊ နိဗ္ဗာန်ဆိုင်ရာ
စောဒနာလွှာကို သုံး သပ်ချက် - - ၂၂၇

http://www.dhammadownload.com



- ပေါင်းရုံးသုံးသပ် စိစစ်ချက် - - ၂၄၁
- ဗုဒ္ဓသုံးဆူရတနာစေတီ တည်ထားထိုက်၊ မထားထိုက် စိစစ် သုံးသပ်ချက် - ၂၆၀
- နိုင်ငံတော်သီးခြားဝိနည်းမိုရ် အဖွဲ့အမှတ် (၈)၏ ဝိနိစ္ဆယ နိဒါန်း - - ၂၆၃

စဉ် အကြောင်းအရာ စာမျက်နှာ

- အမှတ် (၁) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၆၅
- အမှတ် (၂) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၆၆
- အမှတ် (၃) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၆၇
- အမှတ် (၄) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၆၈
- အမှတ် (၅) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၆၉
- အမှတ် (၆) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၇၀
- အမှတ် (၇) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၇၁
- အမှတ် (၈) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၇၁
- အမှတ် (၉) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၇၁
- အမှတ် (၁၀) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၇၃
- အမှတ် (၁၁) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက် ၂၇၄

http://www.dhammadownload.com



## သဗ္ဗသမောဓာန နိဂမန ဝိဝရဏာလာဆိုင်ရာ ဆုံးဖြတ်ချက်များ

- အမှတ် (၁၂) သရဏဂုံတင် ဆွမ်းသွတ်မှုဆိုင်ရာ ဆုံးဖြတ်ချက် - - ၂၇၅
- အမှတ် (၁၃) ဗုဒ္ဓသုံးဆူ ရတနာစေတီဆိုင်ရာ ဆုံးဖြတ်ချက် - - ၂၇၅
- နိဂမနသမောဓာန ဝိနိစ္ဆယ - ၂၇၆
- အမှတ် (၁၄) ထွန်တုံးလက်ကျန် ဦးထင်၏ဝါဒ သည် အဓမ္မ ဝါဒဖြစ်ကြောင်း ဆုံးဖြတ်ချက် ၂၇၇
- နိဂမနကထာ - - ၂၈၀

၉။ ထွန်တုံးလက်ကျန်ဦးထင်၏ အဓမ္မဝါဒစွန့်လွှတ်ပွဲ အခမ်း အနားအစီအစဉ် - - ၂၈၂
- နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈) သဘာပတိ ဆရာတော်ဘုရားက မိမိတို့ ဝိနည်းဓိုရ် အဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာ နာယကဆရာတော် များကို ရှင်းလင်းလျှောက်ထားရန်၊ ၂၈၄
- နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) သဘာပတိ ဆရာတော်ဘုရားက ထွန်တုံးလက် ကျန်ဦးထင်၏ ဝါဒဝိနိစ္ဆယ

http://www.dhammadownload.com




အမှုတွဲကို နိုင်ငံတော် သံဃမဟာ
နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံ
ဆရာတော်ဘုရားထံ အပ်နှံရန်၊ ၂၈၄

- နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၈)၏
ဆုံးဖြတ်ချက်အတိုင်းစုဒိတကတို့က နိုင်ငံတော်သံဃ
မဟာနာယက ဆရာတော်ကြီးများ၏ရှေ့မှောက်တွင်
အဓမ္မဝါဒစွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရန်၊ ၂၈၇

၁၀။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန
အမိန့် ကြော်ငြာစာ။ - - ၂၈၉


--------------

http://www.dhammadownload.com

# ထွန်တုံးလက်ကျန်ဦးထင်ဝါဒ ဝိနိစ္ဆယ
# ပုံနှိပ်ထုပ်ဝေရခြင်းအကြောင်း

၁။ ဤသာသနာတော်၌ ပေါ်ပေါက်သော အဓိကရုဏ်း(၄)မျိုးတို့မှာ-

(က) ဝိဝါဒါဓိကရုဏ်း

(ခ ) အနုဝါဒါဓိကရုဏ်း

(ဂ ) အာပတ္တာဓိကရုဏ်း

(ဃ) ကိစ္စာဓိကရုဏ်း

တို့ ဖြစ်ကြပေသည်။ ထို (၄) မျိုးတို့တွင်-

(က) ဝိဝါဒါဓိကရုဏ်းဟူသည် ဓမ္မကို အဓမ္မဟူ၍လည်းကောင်း၊ အဓမ္မကို ဓမ္မဟူ၍လည်းကောင်း၊ ဝိနယကို အဝိနယဟူ၍လည်းကောင်း၊ အဝိနယကို ဝိနယဟူ၍လည်းကောင်း စသည်ဖြင့် ငြင်းခုံကြခြင်း ဖြစ်ပေသည်။

(ခ ) အနုဝါဒါဓိကရုဏ်းဟူသည် ရဟန်းတို့က အခြားရဟန်းတစ်ပါးကို သင်သည် သီလ၊ အကျင့်၊ အယူဝါဒ၊ အသက်မွေးမှု ပျက်စီးခြင်း (၄) မျိုးတို့တွင် တစ်မျိုးမျိုး ပျက်စီးနေသူဖြစ်သည်ဟု စွပ်စွဲငြင်းခုံခြင်း ဖြစ်ပေသည်။

(ဂ ) အာပတ္တာဓိကရုဏ်းဟူသည် ထုလ္လစ္စည်းအာပတ်၊ ပါစိတ် အာပတ် စသော လဟုကအာပတ် (၅) မျိုး၊ ပါရာဇိက၊ သံဃာဒိသေသ် ဟူသော ဂရုကအာပတ် နှစ်မျိုးတို့သည် အာပတ္တာဓိကရုဏ်း မည်ပေသည်။

http://www.dhammadownload.com



(ဃ) ကိစ္စာဓိကရုဏ်းဟူသည် သံဃာ့ကိစ္စအဝဝကို ကိစ္စအားလျော်စွာ ဆိုင်ရာကံတို့ဖြင့် ဆောင်ရွက်ကြရခြင်းကို ဆိုပေသည်။

၂။ ဖော်ပြပါ အဓိကရုဏ်း (၄)မျိုးတို့တွင် ဤထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒနှင့် ပတ်သက်သော အဓိကရုဏ်းမှာ ဝိဝါဒါဓိကရုဏ်းပင် ဖြစ်ပေသည်၊ ဝိဝါဒါဓိကရုဏ်းဖြစ်ပေါ်လာပုံမှာ စောဒကများ၏ စောဒနာလွှာတင်သွင်းချက်အရ အခြားသော အဓိကရုဏ်းများနှင့် မတူဘဲ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဆောင်ရွက်ချိန်တွင် မူလ စုဒိတကဖြစ်ထိုက်သော ဦးထင်မှာ ကွယ်လွန်သွားပြီးဖြစ်ပေသည်။ သို့ရာတွင် ဦးထင်၏တပည့်များက သက်ဆိုင်ရာ နိုင်ငံတော် အကြီးအကဲများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တို့ထံ ဦးထင်၏ဟောပြောချက်၊ စာအုပ်စာတမ်း၊ ဖိုင်တွဲ၊ တိတ်ခွေ စသည်များကို ပေးပို့ဆက်ကပ်၍ ဓမ္မ၊ အဓမ္မ စစ်ဆေးပေးနိုင်ရန် တင်ပြလာသဖြင့် ဤဓမ္မ၊ အဓမ္မဆိုင်ရာ ဝိဝါဒါဓိကရုဏ်း ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

၃။ သာသနာတော်တွင် ဖြစ်ပေါ်လာသော ဓမ္မ၊ အဓမ္မ အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ၊ သာသနာတော်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ "သံဃာ့ကိစ္စ သံဃာဖြေရှင်းရေး"မူအရ ၁၉၈၀ ပြည့်နှစ်တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ပေါ်ပေါက်လာပြီးနောက် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊

http://www.dhammadownload.com



သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများကို အတည်ပြုပြဋ္ဌာန်းပြီး ယင်းစည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် သာသနာ့အန္တရယ် ကာကွယ်ဖြေရှင်းရေးတွင် များစွာ အောင်မြင်ခဲ့ပေသည်။ ယင်းကဲ့သို့ အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ အာဏာစက်အကူအညီကို ရရှိ၍ ဖြစ်ပေသည်။

၄။ ဓမ္မ၊ အဓမ္မဝိနိစ္ဆယများ ပုံနှိပ်ထုတ်ဝေရေးနှင့် ပတ်သက်၍ ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို ကောက်နှုတ်ဖော်ပြလိုပေသည်-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမ (၅)နှစ်၊ ဒုတိယ (၅)နှစ် သက်တမ်းများ၌ ဓမ္မ၊ အဓမ္မ အငြင်းပွားမှုများအနက် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များက ဆုံးဖြတ်ခဲ့သော ဝိနိစ္ဆယများကို သာသနာတော်အတွက် ကာလကြာမြင့်စွာ အကျိုးများစေရန် "လူသေ လူဖြစ်ဝါဒါ နုဝါဒဝိနိစ္ဆယ ပိဋကတ် စွယ်စုံကျမ်း၊ ကျောက်သဘော်ဝါဒ ဝိနိစ္ဆယ"စသည်ဖြင့် ကျမ်းစာအုပ်များရိုက်နှိပ်၍ အခိုင်အမာ မှတ်တမ်း တင်နိုင်ခဲ့ပေသည်၊ စတုတ္ထသက်တမ်း၊ ပဥ္စမသက်တမ်းများ၌ ပေါ်ပေါက်လာသည့် ဓမ္မ၊ အဓမ္မအငြင်းပွားမှုများကို ဆုံးဖြတ်ခဲ့သည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ၏ ဝိနိစ္ဆယများကိုမူ ကျမ်းစာအုပ် အဖြစ်ရိုက်နှိပ်၍ မှတ်တမ်းတင်ထားသည်ကို မတွေ့ရပေ။

http://www.dhammadownload.com



၅။ ထိုနိုင်ငံတော်သီးခြားဝိနည်းမှိုရ်အဖွဲ့များ၏ အဆုံးအဖြတ်ဝိနိစ္ဆယများသည် နောင်လာနောက်သား သာသနရက္ခက သာသနပါလက ပုဂ္ဂိုလ်များအတွက် အဖိုးအနဂ္ဃ ထိုက်တန်သည့် သာသနာ့မှတ်တိုင်ကြီးများ ဖြစ်ကြပေသည်။ ဤမျှလောက် သာသနာတော်အတွက် ကာလကြာရှည်စွာ အကျိုးများသည့် နိုင်ငံတော်သီးခြားဝိနည်းမှိုရ်အဖွဲ့များ၏ ဆုံးဖြတ်ချက်ဝိနိစ္ဆယများသည် သာမန်လုံ့လဉဿာဟဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြသည် မဟုတ်ပေ၊ နိကာယ်ငါးရပ် ပိဋကတ်၌ နှံ့စပ်ကျွမ်းကျင်ပညာရှင် ဝိနည်းမှိုရ်ဆရာတော်ကြီးများ၏ ကြီးမားသော လုံ့လဉဿာဟဖြင့် နိကာယ်ငါးရပ် ပိဋကတ်ကိုနှံ့စပ်အောင် မွှေနှောက်၍ ကြည့်ရှုသုံးသပ် ဆုံးဖြတ်တော်မူကြခြင်းကြောင့်သာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ကြပေသည်။

၆။ ဤသို့ ပိဋကတ်ဝိဒူ တံခွန်ထူတော်မူကြသည့် နိုင်ငံတော်သီးခြားဝိနည်းမှိုရ် ဆရာတော်ကြီးများ၏ ကြီးမားသောလုံ့လဉဿာဟကြောင့် ဖြစ်ပေါ်လာသော သာသနာ့အညစ်အကြေး ဆေးကြောသုတ်သင်ရာ သာသနာ့ဘေးရန် တွန်းလှန်ပယ်ရှားရာ၌ အားကိုးအားထား ပမာဏ ထားရမည်ဖြစ်သော သာသနာတော်အတွက်အနဂ္ဃရတနာများဖြစ်ကြသည့် နိုင်ငံတော်သီးခြားဝိနည်းမှိုရ် ဆရာတော်ကြီးများ၏ ဝိနိစ္ဆယများကို အခြားသာမန်ဝိနိစ္ဆယများကဲ့သို့ သဘောထား၍ မထင်မရှား ပျောက်ကွယ်မသွားစေသင့်ပေ၊ သာသနာတော်အကျိုးကို အရှည်မျှော်၍ ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်လျှက် အခိုင်အမာ မှတ်တမ်းတင်ထားသင့်ကြောင်း မိန့်ကြားခဲ့ပေသည်။

http://www.dhammadownload.com



၇။ သို့ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ဘုရားကြီးက နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့များ၏ ဆုံးဖြတ်ချက်ဝိနိစ္ဆယများကို ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်နိုင်ရန် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနသို့ လမ်းညွှန်မိန့်ကြားတော်မူခဲ့ပေသည်။ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏ လမ်းညွှန်မိန့်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်၍ ထွန်တုံးလက်ကျန် ဦးထင်ဝါဒဝိနိစ္ဆယကျမ်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ပုံနှိပ်၍ ဖြန့်ချီထုတ်ဝေလိုက်ရပေသည်။

သာသနာရေးဦးစီးဌာန

---

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**
**ဗဟိုဌာနချုပ်**
**ဇမ္ဗူဒီပကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊**
**ရန်ကုန်မြို့။**

| | | | |
|---|---|---|---|
| တယ်လီဖုန်း | ဥက္ကဋ္ဌဆရာတော် | ၆၀၉၉၈ | သာသနာရေးအဖွဲ့ငယ်-၆၁၉၈၇ |
| | | ၆၁၀၀၆ | ပညာရေးအဖွဲ့ငယ် - ၆၀၇၆၆ |
| အကျိုးတော်ဆောင်ဆရာတော်- | | ၆၀၁၄၉ | ဝိနိစ္ဆယအဖွဲ့ငယ် - ၆၁၀၀၅ |

စာအမှတ်၊ ၂၀၈/၁/သာ-မဟာန
နေ့စွဲ၊ ၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၉) ရက်
(၁၉၈၅-ခုနှစ်၊ ဇွန်လ (၂၆) ရက်)

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့်**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသာ ပါဝင်သော**
**နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၈)ဖွဲ့စည်းခြင်းအမိန့်**
**(လုပ်ထုံးလုပ်နည်းများအပိုဒ်-၅၇-င)**

၁။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ရွှေတောင်ဦးကျောင်း၊ ဦးကောသလ္လ၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာမြို့နယ်၊ ၂-ရပ်ကွက်၊ အာသာဝတီကျောင်းတိုက်၊ ပခုက္ကူကျောင်း ဦးဝိစာရဓမ္မသာမိနှင့် ဥက္ကံကျောင်း ဦးအာသဘတို့ပါဝင်သော စောဒက

http://www.dhammadownload.com



(၃) ပါးနှင့် စုဒိတက (၁) ဦးညိုမောင် (ဥက္ကဋ္ဌ၊ သာသနာ့အကျိုးဆောင်အဖွဲ့)အမှတ်-၂၇၆၊ အမှတ်(၆)ကွေကြီးရပ်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း၊ (၂) ဦးသံလုံး (ဒုတိယဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့) အမှတ်၊ ၃၇၇၊ အောင်ချမ်းသာရပ်ကွက်၊ မန္တလေးမြို့- တို့၏ ထွန်တုံးလက်ကျန် ဦးထင်အံယူဝါဒအပေါ်၌ ဓမ္မ-အဓမ္မအငြင်းပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ဝိနည်းတရာတော်နှင့်အညီ ကြားနာ,စစ်ဆေး အဆုံးအဖြတ်ပေးရန် ဖော်ပြလတ္တံ့ပါ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၈)ကို ဖွဲ့စည်းလိုက်သည်-

| စဉ် | ဘွဲ့တော် | သိက္ခာ | ကျောင်းတိုက် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တဝဏ္ဏသာရ (ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ) | ၅၀ | ဘုရားသုံးဆူကျောင်း၊ ဖါးကူးသန်လျင်မြို့နယ်၊ရန်ကုန်တိုင်း |
| ၂။ | ဘဒ္ဒန္တအာစာရာဘိဝံသ (အစိုးရဓမ္မာစရိယ၊စေတိယင်္ဂဏ ဓမ္မာစရိယ၊ အဋ္ဌကထာပြန်အကျော်) | ၄၇ | မင်္ဂလာရာမတိုက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း၊ |
| ၃။ | ဘဒ္ဒန္တကောသလ္လ (တိပိဋကရေဓမ္မဘဏ္ဍာဂါရိက) | ၃၇ | ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း |

http://www.dhammadownload.com



၄။ ဘဒ္ဒန္တပညာဝံသ (အစိုးရဓမ္မာစရိယ၊ ၁၀-တန်း၊ပါဠိဂုဏ်ထူး ၃၆ ကံသာကျောင်း၊ ကံသာရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း၊

၅။ ဘဒ္ဒန္တဝဏ္ဏာဘိဝံသ (စေတီယင်္ဂဏနှင့် အစိုးရဓမ္မာစရိယ) ၃၂ သီရိမင်္ဂလာမှန်ကျောင်း၊ ဒိုက်ဦးမြို့၊ပဲခူးတိုင်း

၂။ အထက်ဖေါ်ပြပါ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့တွင် သင့်လျော်ရာ တစ်ပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူကြရန်ဖြစ်သည်။

ဘဒ္ဒန္တကုမာရ
(ဘဒ္ဒန္တကုမာရ)
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့။

http://www.dhammadownload.com

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဗဟိုဌာနချုပ်
ဓမ္မဒီပကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊
ရန်ကုန်မြို့။

တယ်လီဖုန်း ဥက္ကဋ္ဌဆရာတော် ၆၀၉၉၈ သာသနာရေးအဖွဲ့ငယ်-၆၁၉၈၇
၆၁၀၀၆ ပညာရေးအဖွဲ့ငယ် - ၆၀၇၆၆
အကျိုးတော်ဆောင်ဆရာတော်- ၆၀၁၄၉ ဝိနိစ္ဆယအဖွဲ့ငယ် - ၆၁၀၀၅

စာအမှတ်၊ ၂၀၈/၁/သာ-မဟာန
နေ့စွဲ၊ ၁၃၄၇-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်
(၁၉၈၅-ခုနှစ်၊ ဇွန်လ (၆) ရက်)

<u>ဆက်ကပ်ရန်</u>

၁။ ဘဒ္ဒန္တဝဏ္ဏသာရ (ဓမ္မာစရိယ၊ဝိနယပါဠိပါရဂူ) - ဘုရားသုံးဆူကျောင်း၊ဖါးကူး သန်လျင်မြို့နယ်၊ရန်ကုန်တိုင်း

၂။ ဘဒ္ဒန္တအာစာရာဘိဝံသ (စေတိယင်္ဂဏ၊အစိုးရဓမ္မာစရိယ၊ အဋ္ဌကထာပြန်အကျော်) - မင်္ဂလာရာမတိုက်၊ရေဦးမြို့၊ စစ်ကိုင်းတိုင်း

၃။ ဘဒ္ဒန္တကောသလ္လ (တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက) - ပဥ္စနိကာယသာသနဒ္ဓဇဗိမာန်ကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း

http://www.dhammadownload.com



၄။ ဘဒ္ဒန္တပညာဝံသ (အစိုးရဓမ္မာစရိယ ၁၀-တန်း၊ ပါဠိဂုဏ်ထူး) — ကံသာကျောင်း၊ကံသာရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တဝဏ္ဏာဘိဝံသ (စေတီယင်္ဂဏနှင့်အစိုးရ ဓမ္မာစရိယ) - သီရိမင်္ဂလာမုန်ကျောင်း၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း

အကြောင်းအရာ။ **စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောင်းဖြူကျေးရွာ၊ ထွန်တုံးလက်ကျန်ဦးထင်၏ ဝါဒအပေါ် ဓမ္မ-အဓမ္မ စိစစ် ဆုံးဖြတ်ရေးအတွက် ပင့်လျှောက်ခြင်း**

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး ဆုံးဖြတ်ချက်(၄) အရလည်းကောင်း၊ ၅-၆-၈၅ နေ့တွင် ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ပထမအကြိမ် ပထမအစည်းအဝေးဆုံးဖြတ်ချက် ၉ (ခ) အရလည်းကောင်း၊ ထွန်တုံးလက်ကျန် ဦးထင်၏ ပါဒအပေါ် မဓမ္မ-အဓမ္မ အငြင်းပွားမှုကို **စစ်**ဆေးဆုံးဖြတ်ရန် ဆရာတော်များပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈)ကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပါသည် ဘုရား။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ အပရဂေါယာန ကျောင်းဆောင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့တည်ရာ ဌာန၌ အမြန်စိစစ်ရန် စီစဉ်လိုပါသဖြင့် ဤစာကို လက်ခံရရှိပါက ၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက် (၂၃-၆-၈၅)ရက် တနင်္ဂနွေနေ့

http://www.dhammadownload.com



# ဝိနည်းမိုရ်အဖွဲ့ ဖွဲ့စည်းခြင်း

အရောက် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရုံးသို့ ကြွရောက်ပါရန် ပင့်လျှောက်ပါသည်ဘုရား။

(ဘဒ္ဒန္တတေဇောဘာသာဘိဝံသ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၂၀၈/၁/သာ-မဟန
ရက်စွဲ။ ၁၉၈၅-ခုနှစ်၊ ဇွန်လ (၆) ရက်

မြို့နယ်သာသနာရေးမှူး (လ ဝ က)များမှတစ်ဆင့်

၁။ ဦးကောသလ္လ၊ ရွှေတောင်ဦးကျောင်း
မြောင်မြို့၊ စစ်ကိုင်းတိုင်း

၂။ အရှင်ဂိဇ္ဈကူဋမ္ဗသာမိ၊ ပခုက္ကူကျောင်း
အာသာဝတီကျောင်းတိုက် (၂)ရပ်ကွက်
မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း

၃။ ဦးအာသဘ၊ ဥက္ကံကျောင်း၊ အာသာဝတီကျောင်းတိုက်
(၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း

အကြောင်းအရာ။ **ထွန်းတုံးလက်ကျန်ဝါဒကို ဓမ္မ-အဓမ္မစစ်ဆေးရန်ကိစ္စ**

ထွန်းတုံးလက်ကျန်ဝါဒကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးသော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၈)ဖြင့် ဓမ္မ-အဓမ္မစိစစ်ရာတွင် စောဒကပုဂ္ဂိုလ်များအဖြစ်

http://www.dhammadownload.com



ဆောင်ရွက်ရေး အတွက် ၁၃၄၇-ခုနှစ်၊ နယုန်လကွယ် (၁၇-၆-၈၅) တနင်္လာနေ့အရောက် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဇမ္ဗုဒီပကျောင်းဆောင်သို့ ကြွရောက်ပါရန် အကြောင်းကြားပါသည်။

(ဘဒ္ဒန္တတေဇောဘာသာဘိဝံသ)
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

http://www.dhammadownload.com

# နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၈) တည်ရာ ဌာနသို့ စောဒက စုဒိတကများကြွရောက်ရန် ပင့်လျှောက်/ဆင့်ခေါ်စာ

(ပထမအကြိမ်)

(လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃၅)

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈)

၁၃၄၇-ခုနှစ်၊ ဓမ္မ-အဓမ္မမှုခင်းအမှတ် (၈)

စောဒက

၁။ ဦးကောသလ္လ၊ ရွှေတောင်ဦးကျောင်း၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း

၂။ ဦးဝိစာရဓမ္မသာမိ၊ အာသာဝတီကျောင်းတိုက် ပခုက္ကူကျောင်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်း

၃။ ဦးအာသဘ၊ အာသာဝတီကျောင်းတိုက်၊ ဥက္ကံကျောင်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

တို့နှင့်

စုဒိတက

၁။ ဦးညိုမောင် (ဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော်ဆောင် အဖွဲ့)

အိမ်အမှတ်၊ ၂၇၆၊ အမှတ် (၆) ကွေ့ကြီးရပ် မြင်းခြံမြို့၊ မန္တလေးတိုင်း

၂။ ဦးသံလုံး (ဒုတိယဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော် ဆောင်အဖွဲ့)

http://www.dhammadownload.com



အမှတ် ၁၇၇၊ အောင်ချမ်းသာရပ်ကွက်
သံလျက်မှော်အနောက်၊ မန္တလေးအနောက်
တောင် မြို့နယ်၊ မန္တလေးတိုင်း

တို့၏ ထွန်တုံးလက်ကျန် ဦးထင်အယူဝါဒနှင့် ပတ်သက်၍ ခမ္ဘ-အခမ္ဘ အဖြစ် အငြင်းပွားမှုတွင် စောဒကနှင့်စုဒိတက နှစ်ဘက်လုံးသည် ၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁-ရက် (၃-၇-၈၅)ရက်၊ နံနက် ၀၈း၁၀ နာရီအချိန်တွင် ဤနိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၈) တည်ရာဌာန၊ အပရဂေါယာနကျောင်းဆောင်၊ ကမ္ဘာအေးကုန်း မြေ၊ ရန်ကုန်မြို့သို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ၊ ကြွရောက်ကြရမည်၊ မိမိတို့၏ အထောက်အထားအဖြစ် တင်ပြလို သည့် စာရွက်စာတမ်း အရပ်ရပ်ကိုလည်း တပါတည်း ယူဆောင်လာ ကြရမည်။

၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၀) ၂၇-၆-၈၅ ရက်နေ့တွင် ဤနိုင်ငံတော်သီးခြားဝိနည်းမိုရ် အဖွဲ့အမှတ် (၈)တံဆိပ်ရိုက်နှိပ်၍ ကိုယ်တိုင်လက်မှတ်ရေးထိုးလိုက်သည်။

(ဘဒ္ဒန္တဝဏ္ဏသာရ)
သဘာပတိဆရာတော်
နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၈)
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

ရက်စွဲ။ ၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀-ရက်
(၁၉၈၅-ခုနှစ်၊ ဇွန်လ ၂၇-ရက်)

http://www.dhammadownload.com

# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (ဂ) (အပရဂေါယာနကျောင်းဆောင်)

၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁-ရက် (၃-၇-၈၅) ဗုဒ္ဓဟူးနေ့

## သဘောထားကြေညာချက်

၁။ စစ်ကိုင်းတိုင်း၊ မြောင်းမြမြို့နယ်၊ ကျောင်းဖြူကျေးရွာ၊ ထွန်တုံးလက်ကျန် ဦးထင်၏ အယူဝါဒအပေါ် ဓမ္မ-အဓမ္မ စစ်ဆေး ဆုံးဖြတ်ရန်အတွက် ဥပဒေနှင့်အညီဖွဲ့စည်းအပ်သော ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (ဂ)၏ သဘောထားကို အောက်ပါအတိုင်းထုတ်ပြန်ကြေငြာလိုက် သည်။

၂။ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း (၂)၊ ပုဒ်မ(၃)၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၇) အပိုဒ်-၅၇(င)နှင့်အညီ၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၁၉၈၅-ခုနှစ်၊ ဇွန်လ ၂၆-ရက်နေ့တွင် ထွန်တုံးလက်ကျန်ဦးထင်၏ အယူဝါဒကို ဓမ္မ-အဓမ္မ စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(ဂ)ကို ဖွဲ့စည်းပေးအပ်သည်နှင့် အညီ ယနေ့(၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁)ရက် (၃-၇-၈၅) ဗုဒ္ဓဟူးနေ့ နံနက် ဝ၈း၀၀ နာရီအချိန်တွင်၍ အပရဂေါယာန ကျောင်းဆောင်၌ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (ဂ)ရုံးတော်ကို ဖွင့်လှစ်လိုက်သည်။

http://www.dhammadownload.com



၃။ ဤရုံးတော်သို့ ဆင့်ခေါ်ထားချက်အရ စောဒကပုဂ္ဂိုလ်နှင့် စုဒိတကပုဂ္ဂိုလ်များအားလုံး စုံညီရောက်ရှိနေကြပြီးဖြစ်ရာ စောဒက-စုဒိတက နှစ်ဖက်လုံးမှ ပုဂ္ဂိုလ်များသည် အချင်းချင်း မေတ္တာကရုဏာ တရားရှေ့ထား၍ စောဒနာခြင်း (အကြောင်းအားလျော်စွာ ပြန်လည် ချေပသမှုသောဓနာပြုလိုကလည်း) မေတ္တာတရားဖြင့် သိမ်မွေ့စွာ ဖြင့်သာ ရေးသားတင်သွင်းရမည်ဖြစ်၍ အကြောင်းအားလျော်စွာ ဝိနည်းမိုရ် ပုဂ္ဂိုလ်တို့က နှုတ်မေးခွန်းတို့ကိုမေးမှသာ ဖြေကြား ခြင်းပြုကြရမည်ဖြစ်ကြောင်း ကြိုတင်သတိပေး စကားပြောကြား ပါသည်။

၄။ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၈) ဆရာတော် များသည်၊ စောဒနာ (သို့မဟုတ်) စောဒနာ-သောဓနာ နှစ်ဖြာနှစ်ဝ တို့ကို ထေရဝါဒဗုဒ္ဓပိဋကတ်တော်နှင့်အညီ စိစစ်ဝေဖန်၍ ဆုံးဖြတ် ကြမည်ဖြစ်ရာ-

န စ အာမိသံ နိဿာယ၊ န စ နိဿာယ ပုဂ္ဂလံ၊

ဥဘော ဧတေ ဝိဝဇ္ဇေတွာ၊ ယထာဓမ္မော တထာ ကရေ

ဟူသော ပရိဝါပါဠိ (၂၈၄)လာ-ဂါထာတော်အတိုင်း

(၁) အာမိသကို အမှီပြု၍ မဆုံးဖြတ်ခြင်း၊

(၂) ပုဂ္ဂိုလ်ကိုအမှီပြု၍ မဆုံးဖြတ်ခြင်း-တို့ကိုဝေးစွာရှောင် ကြဉ်၍ အဂတိမလိုက်-တရားဆိုက်ရာ ဖြောင့်မျှန်စွာသော စစ်ဆေး ဆုံးဖြတ်မည်ဖြစ်သည်။

၅။ သာသနဿ စ လောကဿ၊ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ။

သာသနမ္ပိ စ လောကဉ္စ၊ ဒေဝေါ ရက္ခတု သဗ္ဗဒါ။

http://www.dhammadownload.com



ဟူသော ဒေသနာတော်အရ၊ ယခုဆရာတော်တို့ဆောင်ရွက်ရမည့် ဓမ္မ- အဓမ္မစိစစ်ရန်ကိစ္စမှာလည်း မိမိတို့ဆန္ဒသဘောထားအတိုင်း စိစစ်မည်မဟုတ်ဘဲ၊ သင်္ဂါယနာ (၆)တန်တင်ပြီးသော ထေရဝါဒ ပိဋကတ်တော်အရသာ စိစစ်မည်ဖြစ်ကြောင်း၊ ဤဓမ္မ အဓမ္မရေးရာ စိစစ်ချက်သည် သာသနာတော်အကျိုးစီးပွားနှင့် လောကအကျိုးစီးပွား အကျိုး (၂)ပါးတို့ ပွားစေရန်သာဖြစ်ကြောင်း၊ ဓမ္မကိုအဓမ္မ ထင်မြင်ခြင်း မှိုးသည်လည်းကောင်း၊ အဓမ္မကို ဓမ္မထင်မြင်ခြင်းမျိုးသည်လည်းကောင်း၊ လောကအတွက်လည်း အယူအဆမှားကြောင့်-ဆင်းရဲစုပုံရာ- ငရဲသို့ရောက်ရမည်ဖြစ်ကြောင်း၊ သာသနာတော် အတွက်လည်း အယူအဆမှားကြောင့် ငါးထောင် သာသနာတော်ရှည်ကြာ တည်တံ့ မည် မဟုတ်ကြောင်း၊ ထို့ကြောင့် သာသနာတော်နှင့် လောကအကျိုး မဆုတ်ယုတ်စေရန် လောက-သာသနာ (၂)ဖြာ စောင့်ကြပ် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် အမြဲမပြတ် စောင့်ရှောက် ကြပါစေသတည်းဟု ပတ္ထနာပြုလျက် ဤဓမ္မအဓမ္မစိစစ်ရေးကိစ္စကို သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်၍ စစ်ဆေးဆုံးဖြတ် မည်သာဖြစ်ပါသည်။

၆။ ထိုသို့စစ်ဆေးဆုံးဖြတ်ရာတွင်၊ စောဒကနှင့် စုဒိတက ပုဂ္ဂိုလ်တို့ အားလည်း အထူးသတိပေး စကားပြောကြားလိုက်သည်မှာ၊ ဓမ္မ-အဓမ္မလမ်း နှစ်ခွအယူအဆများကို စောဒကများဘက်ကလည်း စုဒိတကများ၏တင်ပြချက်မှ မိမိတို့မနှစ်သက်သည့် အဓမ္မအချက် အလက်များကို အာဂမယုတ္တိတို့ဖြင့် စောဒနာလွှာ တင်ပြရမည်ဖြစ်ပါ သည်၊ စုဒိတကများဘက်ကလည်း မိမိတို့ ဟောပြောချက် မှန်ကန်ကြောင်း ကို အာဂမယုတ္တိညီချက် ဖြေရှင်းချက်သောနောလွှာ တင်ပြရမည်ဖြစ်ပါသည်၊ ထိုသို့တစ်ဘက်နှင့်တစ်ဘက်တင်ပြကြရာတွင်

http://www.dhammadownload.com



အနိုင်မခံ အရှုံး မပေး ဟူသော ပြိုင်ဆိုင်မှုသဘောမသက်ရောက်စေဘဲ အမှန်သို့ရောက်အောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြသည်ဟု သဘောထားကြလျက် တစ်ဘက်နှင့်တစ်ဘက် ဒေါသမဖက်-မေတ္တာ သက်သက်သာဖြင့်သာ တင်ပြရမည်ဖြစ်ကြောင်း ကြိုတင်အထူးသတိပေး အပ်ပါသည်။

၇။ ထို့အပြင် ဤရုံးတော်ရှေ့မှောက်သို့ စုံညီစွာရောက်ရှိနေကြသော၊ စောဒက-စုဒိတကနှစ်ဝသော ပုဂ္ဂိုလ်များသည် ဤရုံးတော်၏ အဆုံးအဖြတ်ကိုလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ထားကြသည့်အတိုင်း၊ ဤရုံးတော်က ဓမ္မဟူ၍လည်းကောင်း၊ အဓမ္မ ဟူ၍လည်းကောင်း ဆုံးဖြတ်ချက်မချမှတ်မီအတွင်း စောဒနာ-သောဓနာတို့ကိုလည်းကောင်း၊ ယင်းတို့၏ အချက်အလက် တို့ကိုလည်းကောင်း၊ ယင်းတို့နှင့်စပ်သော စာရွက်စာတမ်း တိတ်ခွေ ဟောပြောချက်ကိုလည်းကောင်း၊ ဤရုံးတော်၏ သဘောတူခွင့်ပြု ချက်မရဘဲ ပြင်ပသို့ ပြောကြား-ဖြန့်ဝေခြင်း မပြုလုပ်ကြရန် အထူးသတိ ပေးတားမြစ်လိုက်သည်။

၈။ ဤဖော်ပြပါအမှုခြင်းရာ အဖြာဖြာတို့ကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့နှင့် သာသနာရေးဦးစီးဌာနတို့ကသာ လိုအပ်သလို ဖြန့်ဝေစေလိမ့်မည်ဖြစ်သည်။ ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဤရုံးတော်ကို မထေမဲ့မြင်ပြုသည်ဟု ယူဆမည်ဖြစ်ကြောင်း အထူးသတိပေးလိုက်သည်။

http://www.dhammadownload.com



## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈)

၁။ ဘဒ္ဒန္တဝဏ္ဏသာရ (သိက္ခာ-၅၀) သဘာပတိ -------------
ဘုရားသုံးဆူကျောင်း၊ ဖားကူးကျေးရွာ
သန်လျင်မြို့နယ်၊

၂။ ဘဒ္ဒန္တအာစာရာဘိဝံသ (သိက္ခာ-၄၃) အဖွဲ့ဝင် -------------
မင်္ဂလာရာမတိုက်၊ ရေဦးမြို့

၃။ ဘဒ္ဒန္တကောသလ္လ (သိက္ခာ-၃၆) အဖွဲ့ဝင် -------------
ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်း
ရန်ကင်းမြို့နယ်။

၄။ ဘဒ္ဒန္တပညာဝံသ (သိက္ခာ-၃၆)အဖွဲ့ဝင် -------------
ကံသာကျောင်း၊ ယင်းမာပင်မြို့နယ်

၅။ ဘဒ္ဒန္တဝဏ္ဏာဘိဝံသ (သိက္ခာ-၃၂) အဖွဲ့ဝင် -------------
သီရိမင်္ဂလာမှန်ကျောင်း၊ ဒိုက်ဦးမြို့

------------

http://www.dhammadownload.com

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့

အမှတ် (၈)

# ထွန်းတုံးလက်ကျန်ဝါဒ

# ဝိနိစ္ဆယအတွက်

# စောဒနာတင်သွင်းလွှာ

(၃-၇-၈၅)

http://www.dhammadownload.com

နိဒါန်းလျှောက်ပါဘုရား
အမှတ် (၈)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်
ဆရာတော်ကြီးများဘုရား-

ထွန်တုံးလက်ကျန်ဝါဒအမည်ခံ ဒါယကာကြီး-ဦးထင်၏ ဟော ပြောချက်ဖြစ်ရပ်များနှင့် ပတ်သတ်၍ ရှေးဦးစွာ တင်ပြ လျှောက်ထားကြ ပါမည် ဘုရား၊

(က) မြင်းခြံမြို့၊ အိမ်အမှတ် (၂၅၆) ဝွေကြီးရပ် အမှတ်(၆) နေ ဦးညိုမောင်နှင့် မန္တလေးမြို့၊ အိမ်အမှတ် (၃၇၇) သံလျက်မှော် အနောက်အောင်ချမ်းသာရပ်ကွက်နေ ဦးသံလုံးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဗဟိုဌာနချုပ်၊ ဥက္ကဋ္ဌဆရာတော်ထံ တော်သို့ ပေးပို့ဆက်ကပ်သော ၁၉၈၃-ခု၊ဖေဖော်ဝါရီလ( ) ရက်စွဲပါစာ၊

(ခ) ၁။ ရသစ်အလယ်ကျောင်း ဆရာတော်ဦးမေဓါဝီ
၂။ နဂါးပေါက်မြောက်ကျောင်း ဆရာတော်ဦးဒေဝိန္ဒ
၃။ ညောင်ကားယားမြောက်ကျောင်း ဆရာတော် ဦးစာရုမဏိ ဆရာတော်သုံးပါးတို့က ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယက အဖွဲ့ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းသို့ ပေးပို့ဆက်ကပ် သော ၁၉၈၃-ခု၊ ဧပြီလ(၂၉)ရက်နေ့စွဲပါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်သို့ ပေးပို့ ဆက်ကပ် သောမိတ္တူစာ။

(ဂ) အဆိုပါ-ဦးညိုမောင်၊ ဦးသံလုံးတို့ကပင် နိုင်ငံတော် သံဃ မဟာ နာယကအဖွဲ့သို့ ပေးပို့လျှောက်ထားသော (၁၃-၁၀-၈၂) နေ့စွဲပါစာ၊

http://www.dhammadownload.com



(ယ) ယင်းဒါယကာနှစ်ဦးတို့က သာသနာရေးဝန်ကြီးများနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သို့ အစီရင်ခံသော နေ့စွဲမပါ ဖိုင်တွဲစာ၊

(ဌ) သက်သေခံဖိုင်တွဲ စာရွက်နံပါတ် (၄၈/၄၉) ၉-၄-၈၂ နေ့စွဲဖြင့် ဒုတိယ သာသနာရေးဝန်ကြီးနှင့် ဝန်ကြီးများထံ တင်ပြချက်များ (ဖိုင်တွဲမှ)

(ဓ) ယင်းဖိုင်တွဲစာရွက်နံပါတ် (၅၀)တွင် ကပ်ထားသောထွန်တုံးလက်ကျန် ဒါယကာကြီး-ဦးထင်၏ ရုပ်ကလာပ် ထည့်သွင်းထားသည့်ဂူ (ဗုဒ္ဓသုံးဆူရဟာနာစေတီ) ဓါတ်ပုံ(၅၁/၅၂)နံပါတ်စာရွက်၌ ပါဓါတ်ပုံများ၊

(ဆ) ရေစကြိုမြို့နယ်၊ ဆင်ချောင်းကျေးရွာ၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဦးနန္ဒိယမှ ကုန်းတလင်းမြောက်ရွာ ဦးဘထွန်းသို့ပေးသော ၁၉၈၂-ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် နေ့စွဲပါစာ

(ဈ) (၁) ၁၃၄၁-ခု၊ တပေါင်းလဆန်း (၆)ရက်၊ ၂၀-၂-၈၀ ဗုဒ္ဓဟူးနေ့ နေ့စွဲပါ ဖိုင်တွဲနံပါတ် (၅၅) သာသနာရေး သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့်စပ်လျဉ်း၍ မြင်းခြံမြို့၊ သာသနာ့အကျိုးဆောင် ဦးလူလေး၊ ဦးညိုမောင်တို့က သံဃာတော်များနှင့် လူကြီးမင်းများထံ လျှောက်ထားတင်ပြသော အကြံပြုလွှာနှင့် အကြံဉာဏ်ပြုချက်များ၊

(၂) ဖိုင်တွဲစာရွက်နံပါတ် (၅၆)၌ ဦးထင်၏ အကျိုးသီလ အကြောင်း သီလဆုံးမချက်များ၊

http://www.dhammadownload.com



(၃) ဖိုင်တွဲစာရွက်နံပါတ် (၅၇/က)ပရိယတ္တိနှင့် ပဋိပတ္တိညီအကို ဖြစ်ပုံ ဦးထင်၏ သတိပေးစာစောင်

(ဈ) မြင်းခြံမြို့ ဦးညိုမောင်၊ မန္တလေး-ဦးသံလုံး၊ သာသနာ့အကျိုးဆောင်များမှ နိုင်ငံတော်သမ္မတကြီး-ဦးစန်းယုထံ တင်ပြသော (၂၇-၁-၈၁)နေ့စွဲပါစာ၊

(ည) ၁၃၂၆-ခုနှစ်၊ တပေါင်းလဆုတ် (၆)ရက် နေ့စွဲဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းထံ သတိပေးစာစောင်၊

(ဋ) ၁၃၃၀-ခုနှစ်၊ တပို့တွဲလဆုတ် (၁၃) ရက်နေ့စွဲဖြင့် ဗိုလ်ချုပ်ကြီး နေဝင်းထံသို့ ပေးစာမိတ္တူ

(ဌ) သီးသန့်သက်သေခံတင်ပြထားသော-

(၁) မြောင်မြို့နယ် တရားရုံးမှ ဆုံးဖြတ်ချက်စာရွက်များ
(၂) စစ်ကိုင်းတိုင်း တရားရုံးမှ ဆုံးဖြတ်ချက်စာရွက်များ
(၃) မန္တလေး ဗဟိုတရားရုံးမှ ဆုံးဖြတ်ချက်စာရွက်များ

မှတ်ချက်။ ယင်းဆုံးဖြတ်ချက်စာရွက်များသည် စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောင်းဖြူကျေးရွာ-ဦးထင်၏ အိမ်ဝိုင်းအတွင်း၌ တည်ရှိသောဦးထင်၏ ရုပ်ကလာပ်ဂူ၊ (ဗုဒ္ဓသုံးဆူရတနာစေတီ)နှင့် ဆိုင်ရာမှုခင်းဆုံးဖြတ်ချက်များ ဖြစ်ပါသည်)

(ဍ) နတ်တလင်းမြို့နယ်၊ သာစည်ကျေးရွာအုပ်စု၊/သာစည်ကျေးရွာနေ ဒါယကာ မောင်ဟန်ရွှေမှ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းထံသို့ ၁၉၈၄-ခုပေးစာ (ယင်းစာကို သီးခြားပူးတွဲဆက်ကပ်ထားပါသည်၊)

http://www.dhammadownload.com



(ဎ) ဒါယကာကြီး-ဦးထင်၏ ဟောပြောချက်တိတ်ခွေ(၄)ခွေ၊

(ဏ) သက်သေခံတင်ပြပါရှိသော ဦးထင်၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်စာအုပ်၊

မှတ်ချက်။ ယင်းသက်သေခံစာအုပ်တည်းမှ ဦးထင်၏ ဟောပြောချက်များကို အဓိကဦးတည်၍ စောဒနာထားကြပါသည်၊
အမှတ် (ဂ) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား၊ ထွန်တုံးလက်ကျန် ဒါယကာကြီးဦးထင်၏ ဖြစ်ရပ်များ ကို ဦးစွာလျှောက်ထားတင်ပြကြပါဦးမည်၊ တင်ပြလျှောက်ထားခွင့်ပြုတော်မူကြပါရန် ခွင့်ပန် လျှောက်ထားကြပါသည်၊

## ဒါယကာကြီးဦးထင်၏ဖြစ်ရပ်များ

(၁) ဒါယကာကြီး-ဦးထင်သည် ၁၃၃၀-ပြည့်နှစ်၊ အခါပျက်ချိန်မှာ ကျောင်းဖြူကျေးရွာ ကျောင်းဒကာ ဦးဘိုလှနှင့် မသင့်မြတ်ကြ၍ ဦးထင်၏ အတ္ထုပ္ပတ္တိစာအုပ်၌ ဖော်ပြပါရှိသော ဦးဘရှင် တို့ အဖွဲ့သည် မြင်းခြံမြို့သို့ ပြန်ချိန်၌ ဓါးပြတိုက်ရန် ဦးထင်၏ အပေါင်းအသင်းများနှင့် တိုင်ပင်နေကြောင်းကို ဦးဘိုးလှအဖွဲ့မှသိရှိ၍ သွားရောက်နှိမ်နင်းရာ ဦးထင်၏တူနှစ်ယောက် အသတ်ခံရပြီး မြင်းခြံမြို့နယ်၊ စွန်းလွန်းရွာသို့ ထွက်ပြေးတိမ်းရှောင်နေရာမှ စွန်းလွန်း ဦးကဝိထံတရား အားထုတ်နေခဲ့ပါသည်။

http://www.dhammadownload.com



(၂) ယင်းမှနောက်တွင် ဦးကဥ္စိ၏ညွှန်ကြားချက်ဖြင့် ရေစကြိုမြို့ ဘိုအိုးဦးဥတ္တမထံ သွားရောက်နေခဲ့ပါသည်။

(၃) ထို့နောက်မှာ ကျောင်းဖြူရွာသို့ ပြန်လည်ရောက်ရှိလာရာ ကွန်မြူနစ်များ အုပ်စိုးချိန်မှာ ဦးသံလုံး၏ဖခင် သူကြီး ဖြစ်ခိုက်တွင် ဓားပြတိုက်ခံရ၍ အိမ်ကိုပါဖျက်ဆီး၍ ဝေခြမ်း ယူစေမှု ခံခဲ့ရခြင်းကြောင့် ရေစကြိုမြို့ ဘိုအိုးကျောင်းတိုက်၌ ပင် ပြန်လည်နေခဲ့ရပါသည်။

(၄) အဆိုပါရဲဘော်-ဆိုရှယ်လစ်၊ ကွန်မြူနစ်များ နယ်လုအုပ်စိုး ချိန်မှာ ဦးထင်၏တူနှစ်ယောက် ဂင့်ဂဲရွာနှင့် ညောင်ကား ယားရွာများ၌ အသတ်ခံခဲ့ ရခြင်းများဖြစ်ပွားခဲ့ရသည်ဟု သိရှိရပါ သည်။

(၅) ဦးထင်သည် ဒေသခံရွာကျောင်းဘုန်းတော်ကြီးများနှင့် လုံးဝ မသင့်မြတ်သဖြင့် ဝင်ထွက်ခြင်းမပြုသည့်ပြင် သူကိုယ်တိုင် ပင် ရှင်သာမဏေပြု သင်္ကန်းဝတ်ပေး၍ သူ၏နောက်လိုက် ပုဂ္ဂိုလ်များက ဦးထင်ကို ဘုရားဟု ခေါ်ဝေါ်ခြင်းများဖြင့် သာသနာတော်အတွင်း၌ မပြုသင့်သည်များကို ပြုမူနေသူ တစ်ဦးပင်ဖြစ်သည်။

(၆) ရေစကြို ဘိုအိုး-ဦးဥတ္တမ-ပြန်တော်မူ၍ ဈာပနပွဲပြီးသော အခါ အဆိုပါဘိုအိုးကျောင်းတိုက်မှ ကျောင်းပစ္စည်းများကို သယ်ဆောင်လာ၍ သာသနိက ပစ္စည်းများကို မတရားသုံး စွဲသူလည်း ဆိုနိုင်ပါသည်၊ (ယင်းကျောင်းပစ္စည်းစာရင်းများမှာ- မြင်းခြံမြို့၊ ညိုမောင်တို့ထံ၌ရှိသည်ဟု ကြားသိရပါသည်)

ထွန်တုံး (၃)

http://www.dhammadownload.com



(၇) ဦးထင်က သူကိုယ်တိုင် မဟာသောတာပန်ဟု သမုတ်ပြီး စွန်းလွန်းဦးကဝိနှင့် ရေစကြိုဘိုအိုး-ဦးဥတ္တမတို့၏ ဟောပြောချက် တရားထူးများဟု အမည်ပေး၍ မြတ်စွာ ဘုရားဟောကြားတော်မူသော တရားတော်များကို လူအများအထင်ကြီး၍ ထင်ရောင်ငင်များဖြစ်စေရန် အရှူး ချေးပန်းဟောပြောချက်များသည် ဗုဒ္ဓမတညျထေရဝါဒ အယူအဆများနှင့် မညီညွတ်ပါ၍ မိစ္ဆာဝါဒ အယူအဆ များသာဖြစ်သောကြောင့် သမ္မာအယူကို ကြည်ဖြူလက်ခံ၍ အမှန်တရားကိုသာ လိုလားကျင့်ကြံ အားထုတ်နေကြသော ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ ကိုယ်စားဦးထင်၏ ဟောပြောချက်ဖြစ်ရပ်များနှင့် ပတ်သက်၍ ပုဂ္ဂိုလ်ရေး မဖက်-မုန်းတီးစိတ်မထွက်ပဲ-ဓမ္မလမ်းကြောင်း သက်သက်ဖြင့် စောဒနာတက်သွား ကြပါမည်ဘုရား။

(၈) ထိုကဲ့သို့ စောဒနာတက်အကြောင်း ဖြစ်ပေါ်လာခြင်းမှာလည်း ကိုယ့်ကိုယ်ကိုဖော် မသူတော် ဆိုတဲ့စကားအတိုင်း နိဒါန်းလွှာအစကနဦးက ဖော်ပြခဲ့ပြီး ဦးထင်၏ တပည့်များဖြစ်ကြသော မြင်းခြံ-ဦးညိုမောင် (ဦးလူလေး) မန္တလေး ဦးသံလုံး၊ နတ်တလင်း ဦးဟန်ရွှေတို့က-

(၁) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတကြီး-ဦးစန်းယု

(၂) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ-ဥက္ကဋ္ဌကြီး-ဦးနေဝင်း

(၃) ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးများ

(၄) သာသနာရေးဦးစီးဌာန-ညွှန်ကြားရေးမှူးချုပ်

http://www.dhammadownload.com



(၅) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ် တို့ထံဒါယကာကြီး ဦးထင်၏ ဟောပြောသင်ပြထားခဲ့သော

(က) နိဗ္ဗာန်ရောက်ကြောင်းတရားဓာတ်စာအုပ်

(ခ) ဦးထင်၏အတ္ထုပ္ပတ္တိစာအုပ်စာတမ်းများ

(ဂ) ဦးထင်ကိုယ်တိုင်ဟောပြောထားသောဓာရား တိတ်ခွေ များ

(ဃ) သက်သေခံတင်ပြဆက်ကပ်ထားသော ဖိုင်တွဲ နှင့် စာရွက်စာတမ်းများအရ ဓမ္မ-အဓမ္မ အမှန်အမှား ဆုံးဖြတ်ချက်ချပေးရန် အဆိုပြုကြသဖြင့် နိုင်ငံတော်အစိုးနှင့် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ကပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်၊ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့

စာအမှတ်၊ ၂၀၈/၁/သာ-မဟန

နေ့စွဲ၊ ၁၉၈၅-ခုနှစ်၊ မတ်လ (၁၈)ရက်နေ့စွဲဖြင့် မြို့နယ် သာသနာရေးမှူး (လ, ဝ, က)များမှ တဆင့် ပင့်ခေါ်၍-

၁။ ဦးကောသလ္လ (ဗဟိုဝန်ဆောင်ဆရာတော်) ရွှေတောင်ဦးကျောင်း၊ မြောင်မြို့၊ စစ်ကိုင်း တိုင်း။

၂။ အရှင်ဝိစာရဓမ္မသာမိ၊ (ပါဠိပါရဂူ) ပခုက္ကူ ကျောင်း၊အာသာဝတီကျောင်းတိုက် (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။

၃။ ဦးအာသဘ (သံဃနာယက)ဥက္ကံကျောင်း၊ အာသာဝတီကျောင်းတိုက် (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း တို့မှ ဆရာတော်သုံးပါးတို့အား-

http://www.dhammadownload.com



နိုင်ငံတော်သီးခြား သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားလွှာ များနှင့်အညီ ဒါယကာကြီး ဦးထင်ဟောပြောသော နိဗ္ဗာန် ရောက်ကြောင်း တရားတော်စာအုပ်တွင်ပါ ဟောပြောချက်များကို ဓမ္မ- အဓမ္မစိစစ်၍ စောဒက(တရားလို) ပြုလုပ်၍ စောဒနာကြရန် တာဝန် ပေးတော်မူ ကြသောကြောင့် ဤကဲ့သို့စောဒနာကြရခြင်း ဖြစ်ပါသည်။

(င) ယင်းကဲ့သို့ စောဒနာရာတွင်-

(၁) သင်္ခေပ စောဒနာ

၂) ဝိတ္ထာရစောဒနာ ဟုနှစ်မျိုး၊ နှစ်စား ခွဲခြား၍ မစောဒနာကြဘဲ တိုတိုကျဉ်းကျဉ်း လိုရင်းလောက်ကိုသာ တင်ပြ ကောက်ချက် ချ၍ ဘုရားဟောထေရဝါဒ ပိဋကတ်များ ကျမ်းဂန်များဖြင့် စီစစ်ပြီး စောဒနာလွှာ တင်သွင်း လျှောက်ထားကြပါမည် ဘုရား။

(စ) ယင်းကဲ့သို့စောဒနာတင်သွင်း လျှောက်ထားကြ ရာ၌လည်း-

(၁) ယေစမိစ္ဆာဒိဋ္ဌိပစ္စယာ အနေကေပါပကာ အကုသလာ ဓမ္မာသမ္ဘဝန္တိ အယံအန- ဏ္ဍော၊

(၂) သမ္မာဒိဋ္ဌိ ပစ္စယာ စ အနေကေ ကု သလာ ဓမ္မာ၊ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ အယံ အဍ္ဍော။

(အံ-၃-ပါ-ပစ္စောရောဟဏိဝဂ္ဂ၊ ဒုတိယ အဓမ္မသုတ်၌ ဘုရားဟောသော ပါဠိတော် နှင့်အညီ၊

(၁) မိစ္ဆာဒဋ္ဌိ(အဓမ္မဝါဒ) အယူများမှု အကြောင်း ခံ၍ တပါးမကများလှကုန်သော ယုတ်မာကုန်သော အကုသိုလ် တရားဆိုးတို့ သည် ပွားတိုးကြ၍ အကျိုးမဲ့ ဖြစ်ရခြင်းနှင့်-

http://www.dhammadownload.com



(၂) သမ္မာဒိဋ္ဌိ (ဓမ္မဝါဒ)အယူမှန်မှု အကြောင်းခံ၍ တပါးမက များလှကုန်သော ကုသိုလ်တရားတို့သည် ပွားများမှု ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်ကြ၍အကျိုးရှိရခြင်းဟု ဘုရားရှင် ဟောကြားတော်မူချက် အရ-

(၁) မိစ္ဆာဒိဋ္ဌိလမ်းကြောင်း

(၂) သမ္မာဒိဋ္ဌိလမ်းကြောင်းဟု လမ်းကြောင်းနှစ်သွယ်တွင် ရှောင်ရန် မိစ္ဆာ လမ်းကြောင်းမှ ဆောင်ရန် သမ္မာလမ်းကြောင်း ပေါ်သို့ ဦးထင်၏ ဝေနေယျ သတ္တဝါ အပေါင်းတို့ကိုကရုဏာ မေတ္တာ ဆောင်ကြ၍ စေတနာကောင်းထားကြပြီး စောဒနာ တင်သွင်း သွားကြမည် ဖြစ်ပါကြောင်းကို ရိုသေစွာ လျှောက်ထားကြပါသည်၊ နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်ကြီးတို့ ဘုရား။

လျှောက်ထားသူ

**စောဒကဆရာတော်များ**

၁။ ဦးကောသလ္လ (မြောင်မြို့)

၂။ အရှင်ဇိစာရဓမ္မာသာမိ (မြောက်ဥက္ကလာပ)

၃။ ဦးအာသဘ (မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့)

---------------

http://www.dhammadownload.com



## ပဏာမပဋိညာဉ်နှင့် ဥယျောဇဉ်

(က) ဝိဘဇ္ဇဝါဒိံ သမ္ဗုဒ္ဓံ၊
ဓမ္မံ သံဃဉ္စ သာဒရံ။
ဝန္ဒိတွာ ဝိနယညူ စ၊
ကရောမ စောဒနာကထံ။ ။
(ဝိပုလ ပဗ္ဗာဝတ္တ)

(ခ) တဏ္ဍ တုမှေ ဝိစာရေတွာ၊
မဟာထေရာ သုပေသလာ။
ဓမ္မာ ဓမ္မံ ဝိဘဇိတွာ၊
ကရေယျာထ ဝိနိစ္ဆယံ။ ။
(ပဗ္ဗာဝတ္တ)

(က) မယံ၊ ဝိဘဇ္ဇဝါဒိံ၊ ဘွဲ့ထူးချီသား၊ **မြတ်ဘုရား၏** ဂိုဏ်းသားအစစ် ဧကံမြစ်ငြား ဘုရားတပည့်တော်များတို့သည်။ **ဝိဘဇ္ဇ-ဝါဒိံ**၊ခွဲခြမ်းစိတ်ဖြာ ကျင့်သိက္ခာကို ဟောကြားတော်မူလေ့ ရှိထသော။ သမ္ဗုဒ္ဓံ၊ သယမ္ဘူမှန် မြတ်ရွှေဉာဏ်ဖြင့် သစ္စာ လေးတန် ဓမ္မခန်ကို ကေန်သိငြား မြတ်ဘုရားကိုလည်းကောင်း။ဓမ္မဉ္စ၊ ကမ္ဘာသချေ် ကြာပေငြားလည်း တွေ့ခဲကြုံခဲ ပေါ်လာခဲမို့ အမြဲမပြတ် အရိယာ တို့မှီဝဲ အပ်ထ ဆယ်ရပ်အမှန် ဓမ္မကွန်အပါင်းကို လည်းကောင်း၊ (ဝါ) အက္ခရာလုံးရေ တစ်ကုဋ္ဌေသုံးသန်း ငါးသိန်း၊ တွက်ကိန်းခြောက်သောင်း တည်ကြောင်းလေးထောင် သချ်ာနောက်ဆွယ် နှစ်ရာ့ခြောက်ဆယ် စိတ်ဝယ်ဘုရား၊ ရည်မှန်းထား၍တရားမြတ် ဓမ္မကွန်ကိုလည်းကောင်း။သံဃဉ္စ၊ ထေရဝါဒ အယူအဆဖြင့် တူမျှသီလ ညီမျှစွာရှိ သမ္မုတိ အရိယာနှစ်ဖြာစုပေါင်း သံဃာတော်မြတ် အပေါင်း

http://www.dhammadownload.com



ကိုလည်းကောင်း၊ ဝိနယညာဉ၊ ဝိနည်းတရား လိမ္မာကျွမ်းကျင်တော် မူသဖြင့် အမည်ထင်ပေါ် ဝိနည်းမိုရ်ဆရာတော်ကြီးတို့ကို လည်းကောင်း။ သာဒရံ ကြည်စွာသဒ္ဓါ ရှိသေစွာ။ ဝန္ဒာမ၊ လက်အုပ်တင်ချီ အဥ္စလီဖြင့် မနသီ ငုပ်လျှိုး၍ ရှိခိုးကြပါကုန်၏။ ဝန္ဒိတွာ၊ အလီလီ အဝဝ သက္ကစ္စ ဂါရဝဖြင့် ပဏာမတင်ချီ ရှင်ကြည်မြတ်နိုး ရှိခိုးကြပြီး၍။ စောဒနာကထံ၊ ဤကားမေ့ ဤကား အမေ့ဟု ကျမ်းဂန်မေ့ဖြင့် လမ်းမှန်ကိုပြ၍ စောဒနာကြ စကားရပ်များကို။ ကရောမ၊ သတ္တဝါများအား တရားလမ်း မမှား ရအောင် ကရုဏာ ဆောင်၍ လမ်းမှန်ညွှန်လို မေတ္တာပိုပြီး ယခုလို စောဒနာပြုကြ ပါကုန်အံ့ဘုရား။

(ခ) တတ္ထ၊ ထိုသို့ မေ့တင်ပြပေရာ စောဒနာလွှာစကားရပ်များ၌။ သုပေသလာ၊ လေးဖြာသုဒ္ဓိ အပတ်ရှိအောင် သတိဆောင်၍ ရှင်ဘောင်တလွား လွန်ကျော်ကြား၍ ချစ်ငြားပေလှ သီလကျင့်ဂုဏ်၊ လွန်ပြည့်စုံတော်မူ ကြကုန်သော။ မဟာထေရာ၊ ပိဋကတ်သုံးပုံဝယ် ဉာဏ်ကျယ်ကာ မွှေနှောက်၍ ရဲရဲတောက် သတ္တိဂုဏ်ပရိယတ္တိ ဝိသာရဒ ဗျတ္တိဂုဏ် ပဋိပတ္တိ အကျင့်ဂုဏ် အဖုံဖုံ အစုံစုံ အငုံငုံ ဖူးပွင့် မြူးကွန်ဝေမြိုင် အခြေခိုင်ကြီးမားကြကုန်သော။ တုမေ့၊ ဘုရားသား ကျော် ဝိနည်းမိုရ်ဆရာတော် အရှင်မြတ်ကြီးတို့သည်။ မေ့ာမေ့၊ တရားမှန် တရားမှား ဤ

http://www.dhammadownload.com



နှစ်ပါးကို။ ဝိဘဇ္ဇိတွာ၊ ဝိဘဇ္ဇဉာဏ်ဖြင့် စိစစ်ဝေဖန် တော်မူ ကြ၍။ ဝိနိစ္ဆယံ၊ အပါယ်ရောက်ကြောင်း မကောင်းဓမ္မ ဟူသမျှကို ဓမ္မဝိနယကျမ်းဂန်ပြ၍ ပယ်ချပေထ ဓမ္မဝိကို။ ကရေယျာထ၊ အဂတိလေးပါး၊ ပယ်ကာရှား၍ မမှားမချော် တရားတော်ကို ညွှန်ဖော်လမ်းပြ အဆုံးအမဖြင့် ပွားထကရုဏာ မှန်စွာအားထုတ်၍ အဓမ္မမျိုး ပြုတ်အောင် ပြုလုပ်တော်မူကြပါကုန်ဘုရား။

## စောဒနာ (၁)
## ပိဋကတ်သုံးပုံဆိုင်ရာ
## စောဒနာလွှာ (၁)

အမှတ် (၈) နိုင်တော်သီးခြားဝိနည်းခုံရုံး ဆရာတော်ကြီးများ ဘုရား၊ ထွန်တုံးလက်ကျန်အမည်ခံ ဒါယကာကြီး ဦးထင်ဟောပြော သော ပိဋကတ်သုံးပုံနှင့်ပတ်သတ်၍ စောဒနာချက်ပါ ဘုရား-

### ဒါယကာကြီး ဦးထင်ဟောပြောချက်များ

ပြန်မလာတဲ့နိဗ္ဗာန်မှာ နာမ်ရုပ်ရှိတယ်တဲ့
ပြန်လာတဲ့ နိဗ္ဗာန်မှာ ရုပ်နာမ်နှစ်ပါးရှိတယ်တဲ့၊ သဘောကွဲ ကြပလား။ အဲ. . . အဲဒါကြောင့်မို့လို့ အဲသည်လိုသိတာကိုပဲ ပိဋကတ်သုံးပုံလို့ ခေါ်ရတယ်၊ ပိဋကတ်သုံးပုံ အစစ်လို့ ခေါ်ရပါတယ်၊

ဒါဖြင့် ဟိုစာအုပ်ထုတ်ထားသော ပိဋကတ်သုံးပုံ မဟုတ်ဘူးလား၊ ဟုတ်တယ်တဲ့၊ သမုတ်ထားတဲ့ ပိဋကတ်

http://www.dhammadownload.com



သုံးပုံတဲ့၊ သမုတ်ထားတဲ့ ပိဋကတ်သုံးပုံတဲ့ မှတ်ထားနော်၊ သံမုတ်တဲ့ပိဋကတ်သုံးပုံထက် စာအုပ်တွေက၊ ခုကျူပ်ပြောနေ တာက မသမုတ်ရပဲနဲ့သိတဲ့ ပိဋကတ်သုံးပုံတဲ့၊ အဲဒါက သူဟာ သူ ပြန်မလာတဲ့နိဗ္ဗာန် ရောက်နေပေါ့ဥစ္စာကို၊ ပြီးတော့ပေါ့ မဟုတ်လား၊ ပိဋကတ်သုံးပုံက ပြန်မလာတဲ့ ဟိုဘက်ကို ရေးသေးသလားဗျ၊ အဲဒါကြောင့် တရားပေါက် ရောက်မှ ပိဋကတ်သုံးပုံ အစစ်ပိုင်တယ်တဲ့၊ တရားမပေါက်ယင် ဘယ်လောက်ပဲကျမ်းတွေ တတ်နေနေ-ပိဋကတ်သုံးပုံ အစစ် မပိုင်ဘူး၊ အဲဒါကြောင့် စောစောက လူ့ပြည် ပိဋကတ် သုံးပုံမရှိဘူးလို့ ဗမာပြည်ထဲ ကျူပ်ကြေငြာ ထားတာ ။

(ဦးထင်၏ သက်သေခံစာအုပ် စာမျက်နှာ ၁၈-မှ)

၎င်းအထက်ကဖော်ပြပြီးသည့်အတိုင်း ပိဋကတ်သုံးပုံဆိုင်ရာများ ကို ပုတ်ခတ်ဝေဖန် ဟောပြောထားသည်ကို လေ့လာကြည့်ရှု တွေ့ရှိ ရပါသည်။

အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား၊ အထက်က ဖော်ပြခဲ့ပြီးသော ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက် များ ထဲမှလိုရင်း အချက်များမှာ-

(က) တရားပေါက်ရောက်မှ ပိဋကတ်သုံးပုံအစစ်ပိုင်တယ်

(ခ) တရားမပေါက်ရောက်ယင် ဘယ်လောက်ပဲ ကျမ်းတွေ တတ်နေနေ ပိဋကတ်သုံးပုံ အစစ်မပိုင်ဘူး၊

(ဂ) လူ့ပြည်မှာ ပိဋကတ်သုံးပုံမရှိဘူးဟု ကောက်ချက်ချလို့ ရပါသည်။ ယင်းကဲ့သို့ ဟောပြောထားခြင်းသည်

ဝိ-၄-၁၊ စာမျက်နှာ ၁၄၊ ဆဋ္ဌမူဠ်-

http://www.dhammadownload.com



(၁) ကထံ ပိဋကဝသေန တိဝိဓံ။ သဗ္ဗမ္ပိ ဟေတံ ဝိနယပိဋကံ သုတ္တန္တပိဋကံ အဘိဓမ္မပိဋကန္တိ တိပ္ပဘေဒ မေဝ ဟောတိ၊ စသည်ဖြင့် ဖွင့်ဆို ထားသော ထေရဝါဒ အယူအဆနှင့် လည်းကောင်း၊ အဘိ-ဌ-၁၊ စာမျက်နှာ ၁၉၊ ဆဋ္ဌမူ၌-

(၂) တံ သဗ္ဗမ္ပိ သင်္ဂယှမာနံ ပိဋကတော တီဏိ ပိဋကာနိ(လ)

(၃) ကထံ သဗ္ဗမ္ပိ ဟေတံ ပိဋကတော ဝိနယပိဋကံ သုတ္တန္တပိဋကံ အဘိဓမ္မပိဋကန္တိ တိပ္ပဘေဒမေဝ ဟောတိ-

စသည်ဖြင့် ဖွင့်ဆိုထားသော ထေရဝါဒ အယူအဆနှင့် လည်းကောင်း လုံးဝဆန့်ကျင်သော အဓမ္မဝါဒ အယူအဆများဖြစ်ကြောင်းမှာ ထင်ရှားသိသာလှပါသည်။

## ရှင်းလင်းတင်ပြလျှောက်ထားချက်

ဤအထက်ပါ အဋ္ဌကထာကျမ်းလာအရမှာ-

(၁) ဝိနယပိဋကတ် (ဝိနည်းငါးကျမ်း)
(၂) သုတ္တန္တပိဋကတ် (သုတ်သုံးကျမ်း)
(၃) အဘိဓမ္မာပိဋကတ် (အဘိဓမ္မာ-၇-ကျမ်း)

ဟု ပိဋကတ်သုံးပုံကို သတ်မှတ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်၊

ထို့ပြင်-

(၁) ဒီဃနိကာယ ပိဋကတ်
(၂) အင်္ဂုတ္တရနိကာယ ပိဋကတ်
(၃) သံယုတ္တနိကာယ ပိဋကတ်

http://www.dhammadownload.com



(၄) မဇ္ဈိမနိကာယ ပိဋကတ်

(၅) ခုဒ္ဒကနိကာယ ပိဋကတ် နိကာယ်အမည်အားဖြင့်လည်း နိကာယ်ငါးရပ် ထေရဝါဒ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မရ၊ ဂဏ္ဌိယောဇနာစသော ပိဋကတ်ကျမ်းစာ အများအပြားလည်း သာသနာတော်ခေတ်အတွင်းမှာ မချွတ်မယွင်း တည်ရှိနေဆဲဖြစ်သည်မှာ ဆရာတော်ဘုရားကြီးများလည်း သိရှိတော်မူကြပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါလျက် ဒါယကာကြီးဦးထင်သည် တပည့်ယောဂီများ အထင်ကြီးအောင် ပိဋကတ်ကျမ်းစာများကို အယုံအကြည်မရှိ ယုံမှားသံသယဒွိဟ ဖြစ်စေအောင် ဟောပြောထားချက်များကြောင့် သာသနာတော်ရဲ့ ရှုထောင့်မှသာသနာ့ ဖျက်စီးဖြင့် ကြည့်ရှုမိပါက ယနေ့ ရဟန်းတော်၊ သံဃာတော်များ၏ ပိဋကတ်သုံးပုံနှင့် နိကာယ်ငါးရပ် ထေရဝါဒကျမ်းစာများကို ပို့ချသင်ကြားမှု ပရိယတ္တိ သာသနာတော် အရှာဖြစ်သော ဂန္ထဓူရလုပ်ငန်း၊ ယင်းပရိယတ္တိ သာသနာတော်မှလမ်းညွှန်သော ပဋိပတ္တိအကျင့်ပိုင်းဆိုင်ရာ ဝိပဿနာ ဓူရလုပ်ငန်းများသည် အကျိုးမရှိတော့ပါ။ အချည်းနှီးသာ ဖြစ်နေပါသည်။အမှန်မှာ ထေရဝါဒ အဋ္ဌကထာများ၌-

(၁) န ဟိ ပရိယတ္တိယာ အသတိ ပဋိဝေဓော အတ္ထိ၊ နာပိ ပရိယတ္တိယာ သတိ ပဋိဝေဓော န ဟောတိ၊
(စူဠဝဂ္ဂ၊ ဋ္ဌ၊ ဆဋ္ဌ၊ စာမျက်နှာ ၁၂၇)

(၂) သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ။
(သမ္မောဟဝိနောဒနီ၊ ဋ္ဌ၊ ဆဋ္ဌ၊ စာမျက်နှာ ၄၃၂)

ဟုမန့်ဆို ချက်များအရ-

http://www.dhammadownload.com



(က) ထေရဝါဒ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်၊ ပိဋကတ်ကျမ်းဂန်များရှိ၍ ယင်းပိဋကတ်ကျမ်းစာများကို ဗုဒ္ဓမတည်း ဘုရားအလိုကျ သိရှိနိုင်ရေးနှင့် ပို့ချဟောပြောနိုင်စရာတို့ကို သံဂါယနာခြောက်တန်တင်ပြီးကာ ဆရာတပည့်စဉ်ဆက်မပြတ် ရဟန်းသံဃာတော်များအနေဖြင့် တာဝန်ကြီးတစ်ရပ်ဟု ဆုံးဖြတ် သတ်မှတ်၍ ပို့ချသင်ကြား မှတ်သားလေ့ကျက် ဆောင်ရွက်ဟောပြောခဲ့ပါသည်။

(ခ) ဤပရိယတ္တိ သာသနာတော်စည်ရှိ၍သာ (ပဋိပတ္တိ သာသနာတော် အကျင့်လုပ်ငန်းပိုင်) ဆိုင်ရာများကိုလည်း ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများနိုင်သော ပဋိပတ္တိသာသနာတော်လည်း ရှိနေပါသည်။

(ဂ) ယင်းပဋိပတ္တိသာသနာတော်ရှိနေ၍သာ ပဋိဝေဓ သာသနာတော်ခေါ် မဂ်ဖို နိဗ္ဗာန်ချမ်းသာထူး ဓမ္မအရသာများကို သိမြင်ခံစားနိုင်ကြခြင်း ဖြစ်ပါသည်။

(ဃ) ထို့ကြောင့် ဓမ္မာဓိမြိုမထေရဝါဒ အဋ္ဌကထာကျမ်းလာစကားများအရ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ပရိယတ္တိ သာသနာရှိ၍သာ ပဋိဝေဓခေါ် ရသော မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး၊ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးတို့ကို အသိဉာဏ်ပေါက် အာရုံရောက်၍ နိဗ္ဗာန်အထိရောက်နိုင်ကြောင်းနှင့် သာသနာတော်သုံးရပ်၏ ကြာရှည်လေးမြင့် တည်တံ့မှုသည် စာချစာသင်ဟောကြားပြသမှုသည်သာ လိုရင်းကမာဏပမာနကျသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်းကို ထိုထို ထေရဝါဒအဋ္ဌကထာကျမ်းတို့၌ နည်းအမျိုးမျိုးဖြင့် ဖွင့်ဆိုထားတော်မူခဲ့ပါသည်။

http://www.dhammadownload.com



ထို့ပြင် အဋ္ဌသာလိနီ၊ ဋ္ဌ၊ ဆဋ္ဌ၊ စာမျက်နှာ ၃ ၌ မိန့်ဆိုအပ်သော-

(က) ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ

ဟူသော သုတ်မဟာဝါ မဟာပရိနိဗ္ဗာန်သုတ်၌ ဘုရားဟောပါဠိတော် နှင့် ယင်းအဋ္ဌကထာ၌ပင်-

(ခ) ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ တာဝ အနတီတသတ္ထုက မေဝ ပါဝစနံ ဟောတိ။

ဟုမိန့်ဆိုသော အဋ္ဌကထာစကားတော်များအရ ဓမ္မဝိနယခေါ် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် စုပေါင်းထားအပ်သော ပိဋကတ်ကျမ်းဂန်များတည်ရှိနေသမျှ ကာလ ပတ်လုံး ဆရာဘုရားရှိနေသေးသောကြောင့် ဆရာဘုရားမှ မလွန် သော ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်သည် သက်တော်ထင်ရှား မြတ်ဘုရားနှင့်မခြား အလား တူ တည်ရှိနေ၍ နိဗ္ဗာန်မယူနိုင်သေးသော ဝေနေယျသတ္တဝါများ အတွက် အို-နာ-သေရေး ဆင်းရဲဒုက္ခဘေးမှ အလွတ်ကြီးလွတ် မြောက်ရာ အမိကနိဗ္ဗာန်သို့ ရောက်နိုင်ရေး၌ နည်းပေးလမ်းပြ လမ်းညွှန်အဖြစ်ဖြင့် သက်တော်ထင်ရှား မြတ်ဘုရားအလား ဆရာ ဘုရားအရာ၌ တည်ရှိလျက် ရှိကြောင်းကို ဟောကြားမိန့်ဆိုတော် မူခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ အထက်ကဖော်ပြခဲ့ပြီးသော ဒါယကာကြီးဦးထင် ၏ ပိဋကတ်သုံးပုံဆိုင်ရာ ဟောပြောချက်အားလုံးသည် ရှင်းလင်း တင်ပြခဲ့ပြီးသော ဘုရားဟောပါဠိတော် အဋ္ဌကထာများနှင့် မညီညွတ် သော အဓမ္မဝါဒသည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



အမှတ် (၈) နိုင်ငံတော်သီးခြား ဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား၊ ဤ စောဒနာလွှာ (၁)ပါ၊ ဒါယကာကြီးဦးထင်၏ ပိဋကတ်သုံးပုံဆိုင်ရာ ဟောပြောချက်အားလုံးသည် အဓမ္မဝါဒသာဖြစ်ကြောင်းကို တပည့်တော်များက ထေရဝါဒ အယူရှိကြကုန်သော အားလုံးသော ရဟန်းရှင်လူတို့ကိုယ်စား ရိုသေစွာလျှောက်ထား စောဒနာကြပါသည် ဘုရား။

ဤကား စောဒနာလွှာ (၁) ပြီးပါပြီ

-----------

## စောဒနာ (၂)

## သာသနာ(၃)ရပ်ဆိုင်ရာ စောဒနာလွှာ(၂)

**အမှတ် (၈) နိုင်ငံတော်သီးခြား ဝိနည်းမိုရ်ဆရာတော်ကြီးများ ဘုရား၊ ထွန်တုံးလက်ကျန် အမည်ခံဒါယကာကြီး ဦးထင်ဟောပြောသော သာသနာ (၃)ရပ်ဆိုင်ရာနှင့် ပတ်သက်၍ စေဒနာချက်ပါဘုရား-**

**ဒါယကာကြီးဦးထင် ဟောပြောချက်များ**

အဲဒါကြောင့် "သာသနာသုံးရပ်ဆိုတာ

(၁) ပရိယတ္တိသာသနာ အရိယာတွေ့အောင် ရှာတတ်ထာ"

(၂) ပဋိပတ္တိသာသနာ အရိယာဖြစ်တာ ပြောတတ်ထာ

(၃) ပဋိဝေဓသာသနာ ပုထုဇဉ်တွေ မသိတာသိတာ

**(သက်သေခံတင်ပြသော ဒါယကာကြီးဦးထင်၏ နိဗ္ဗာန် ရောက်ကြောင်းတရားတော် စာအုပ် နှာ-၅၃/က မှ)**

**ဤ အထက်ကဖော်ပြပြီးအတိုင်း** သာသနာ (၃)ရပ်ဆိုင်ရာ များကို

http://www.dhammadownload.com



ဟောကြားထားသည်ကို လေ့လာကြည့်ရှု တွေ့ရှိရပါသည်။ ဤကဲ့သို့ ဒါယကာကြီးဦးထင်၏ ဝေဖန်ဟောပြောချက်များသည် ဖော်ပြလတ္တံ့သော ထေရဝါဒကျမ်းများနှင့် မညီညွတ်သည်ကို တွေ့ရှိရပါသည် ဘုရား။

ယင်းသာသနာ(၃)ရပ်ကို ထေရဝါဒကျမ်းဂန်များမှာ ဤသို့ မိန့်ဆိုတော်မူကြပါသည်၊ မိန့်ဆိုပုံများမှာ-

(၁) သာသနန္တိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဝသေန တိဝိဓံ သာသနံ နိပ္ပရိယာယတော ပန သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ။

(သာရတ္ထ ဋီကာ/ပ/ဆ၅/နှာ-၃၄)

**အနက်ကား။** ။သာသနန္တိ၊ သာသနာဟူသည်ကား။ ပရိယတ္တိ ပဋိပတ္တိပဋိဝေဓဝသေန၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ အစွမ်းအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ သာသနံ၊ သာသနာဟော်ပေတည်း။ နိပ္ပရိယာယတောပန၊ မုချအားဖြင့်ကား။ သတ္တတိံသဗောဓိပက္ခိယဓမ္မာ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့သည်။ သာသနံ၊ ဘုရားသာသနာတော်ပေတည်း။

ဤကျမ်းဂန်အရ သာသနာ (၃)ရပ်ဆိုတာ (၁)ပရိယတ္တိသာသနာ၊ (၂)ပဋိပတ္တိသာသနာ၊ (၃)ပဋိဝေဓသာသနာဟု သုံးပါးအပြားရှိကြောင်းနှင့် မုချအားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် သာသနာလို့ ခေါ်ဆိုရကြောင်းကို မိန့်ဆိုထားသည်ကို တွေ့ရှိရပါသည်။ ဤသာသနာ ခေါ်ဆိုရပုံနှင့် သာသနာသုံးရပ်ဆိုင်ရာ အကျယ်

http://www.dhammadownload.com



ဖွင့်ဆိုချက်များ ဗောဓိပက္ခိယတရား-၃၇-ပါးတို့၏ အကျယ်ဖွင့်ဆို ရှင်းလင်းချက်များကို တင်ပြလျှောက်ထားရန် ရှိသော်လည်း သာသနာ သုံးရပ်၏ အဘိဓေယျတ္ထသရုပ်တရားကိုယ် ကောက်ယူလွဲမှားပုံကိုသာ စောဒနာလိုရင်းဖြစ်၍ ချန်လှပ်ထားခဲ့ကြပါသည် ဘုရား။

ယင်း ဋီကာအရ အဓိပ္ပါယ်ပြကဗျာ
သာသနာထွန်းလင်း၊ နေဝန်းပမာ၊
ပရိယတ်နှင့် ပဋိပတ်ပါ။
ပဋိဝေဓ၊ ထွန်းပသာသနာ၊
သာရတ္ထ၊ ထုတ်ပြကျမ်းဋီကာ။

(၂) သာသနန္တိ အဓိသီလ အဓိစိတ္တ အဓိပညာ သင်္ခါတသိက္ခတ္တယ သင်္ဂဟိတံ သာသနံ (သာရတ္ထဋီကာ-ပ၊ -၁၆)

အနက်ကား။ ။သာသနန္တိ၊ သာသနာဟူသည်ကား။ အဓိသီလ အဓိစိတ္တ အဓိပညာသင်္ခါထ သိက္ခတ္တယသင်္ဂဟိတံ အဓိသီလ အဓိစိတ္တ အဓိပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ဖြင့် ရေတွက် အပ်သော သာသနံ၊ သာသနာတော်တည်း။ ယင်းဋီကာ စကားအရ သာသနာဟူသည်မှာ (၁) အဓိသီလသိက္ခာ၊ (၂) အဓိစိတ္တသိက္ခာ၊ (၃) အဓိပညာသိက္ခာသုံးရပ်ကို သာသနာသုံးရပ်ဆိုရပါသည်၊ ဤ၌လည်း သာသနာသုံးရပ်နှင့်စပ်လျဉ်း၍၊ သိက္ခာသုံးရပ်ဆိုင်ရာ အကျယ် ရှင်းလင်းချက်များကို ချန်လှပ်ထားခဲ့ကြပါသည် ဘုရား၊

သာရတ္ထဋီကာလာ မှတ်သားဖွယ်ရာကဗျာ
အဓိသီလ၊ စိတ္တပညာ၊
သိက္ခာသုံးရပ်၊ မြင့်မြတ်ပေါ်လာ။

http://www.dhammadownload.com

## စောဒနာကဏ္ဍ

သာသနာကြီး၊ နေမင်းတဖြာ
သာရတ္ထ၊ ထုတ်ပြကျမ်းဋီကာ။

ထို့ပြင်-

(၃) သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတီတိ ဧတ္ထ ပန တိဝိဓော သဒ္ဓမ္မော ပရိယတ္တိ ပဋိပတ္တိ အဓိဂမဝသေန၊ တတ္ထ တေပိဋကံ ဗုဒ္ဓဝစနံ ပရိယတ္တိသဒ္ဓမ္မော နာမ။ တေရသ ဓုတင်္ဂဂုဏာ စုဒ္ဒသခန္ဓကဝတ္တာနီတိ အယံ ပဋိပတ္တိသဒ္ဓမ္မော နာမ။ စတ္တာရော မဂ္ဂါ စ ဖလာနိ စာတိ အယံ အဓိဂမသဒ္ဓမ္မော နာမ။

(ပါစိတျာဒိ ဌ- ၁၄၄၊ သာရတ္ထဋီကာ-ပ။၁၉၂)ဟု သာသနာသုံးရပ် ဆိုင်ရာကို မိန့်ဆိုထားပါသည်ဘုရား။

**အနက်ကား။** ။ ပန၊ အဖွင့်တပါး မြွက်ကြားဦးအံ့။ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတီတိ ဧတ္ထ၊ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိဟူသော ပါဌ်၌။ သဒ္ဓမ္မော၊ သဒ္ဓမ္မသည်။ ဝါ၊ သူတော်ကောင်းတို့၏ တရားတော်သည်။ ပရိယတ္တိ ပဋိပတ္တိ အဓိဂမဝသေန၊ ပရိယတ် ပဋိပတ် အဓိဂမ (ပဋိဝေဓ) တို့၏ အစွမ်းဖြင့်။ တိဝိဓော၊ သုံးမျိုးသုံးစား အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသဒ္ဓမ္မသုံးမျိုးတွင်။ တေပိဋကံ၊ ပိဋကတ်သုံးပုံဖြစ်သော။ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်သည်။ ပရိယတ္တိသဒ္ဓမ္မော နာမ၊ ပရိယတ္တိ သဒ္ဓမ္မခေါ် သာသနာတော်မည်ပေ၏။ တေရသ၊ တစ်ဆယ့် သုံးပါးကုန်သော။ ဓုတင်္ဂဂုဏာ၊ ဓုတင်ဂုဏ်တို့ လည်းကောင်း။ စုဒ္ဒသခန္ဓကဝတ္တာနိ၊ ဆယ်လေးပါးသော ခန္ဓက ဝတ်တို့သည် လည်းကောင်း။ ဒွေသီတိမဟာဝတ္တာနိ၊ ရှစ်ဆယ့် နှစ်ပါးသော မဟာဝတ်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ အယံ၊ ဤ

http://www.dhammadownload.com



ဆိုအပ်သော ဓုတင် တစ်ဆယ့်သုံးပါး ခန္ဓကဝတ် တစ်ဆယ့်လေးပါး မဟာဝတ်ရှစ်ဆယ့်နှစ်ပါးသည်။ ပဋိပတ္တိသဒ္ဓမ္မောနာမ၊ ပဋိပတ္တိသဒ္ဓမ္မခေါ် သာသနာတော်မည်ပေ၏။စတ္တာရော၊ လေးပါး ကုန်သော။ မဂ္ဂါစ၊ မဂ်တို့လည်းကောင်း။စတ္တာရော၊ လေးပါးကုန်သော။ ဖလာနိစ၊ ဖိုလ်တို့လည်းကောင်း။ဣတိ၊ ဤသို့။ အယံ၊ ဤမဂ်လေးပါး ဖိုလ်လေးပါးသည် အဓိဂမ သဒ္ဓမ္မောနာမ၊ အဓိဂမ (ပဋိဝေဓ) သဒ္ဓမ္မခေါ် သာသနာတော် မည်ပေ၏။

အဓိပ္ပါယ်ကား-

(၁) ပိဋကတ်သုံးပုံ ဘုရားစကားတော်သည် ပရိယတ္တိသဒ္ဓမ္မခေါ် သာသနာတော်မည်၏။

(၂) (က) ဓုတင် ၁၃-ပါး

(ခ) ခန္ဓကဝတ် ၁၄-ပါး

(ဂ) မဟာဝတ်ကြီး ၈၂-ပါး

ဤတရားများသည် ပဋိပတ္တိသဒ္ဓမ္မခေါ် သာသနာ-တော် မည်၏။

(၃) မဂ်လေးပါး၊ ဖိုလ်လေးပါး ဤတရားများသည် အဓိဂမသဒ္ဓမ္မခေါ် သာသနာတော်မည်၏။

ဤအထက်က ဖော်ပြခဲ့ပြီးသော အဋ္ဌကထာဋီကာကျမ်းများ၌ မိန့်ဆိုအပ်သော သာသနာသုံးရပ်၏ အဘိဓေယျတ္ထများကို ထောက်ဆပါက ဒါယကာကြီး ဦးထင်ဟောကြားသော သာသနာ(၃)ရပ်ဆိုင်ရာ အဘိဓေယျတ္ထများမှာ အမွေ့ဝါဒ အယူအဆဖြစ်နေကြောင်း အရှင်းသား အထင်းသား ပေါ်လွင်ထင်ရှား သိသာလှပါသည်ဘုရား။

http://www.dhammadownload.com



အမှတ်(၇) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

အထက်က ဖော်ပြရှင်းသင်း တင်ပြလျှောက်ထား ရှင်းလင်းချက်များအရ ဒါယကာကြီးဦးထင် ဟောပြောထားသော သာသနာ(၃)ရပ် ဆိုင်ရာ အယူအဆများကို အမေ့ဝါဒဖြစ်သည်ဟု ရှိသေစွာတင်ပြလျှောက်ထား စောဒနာကြပါသည်ဘုရား။

ဤကား စောဒနာလွှာ(၂) ပြီးပါပြီ။

----------

http://www.dhammadownload.com



## စောဒနာ (၃)
## သရဏဂုံ (၃)ပါးဆိုင်ရာ
## စောဒနာလွှာ (၃)

အမှတ်(၈) နိုင်ငံတော် သီးခြားဝိနည်းခုံရုံး ဆရာတော်ကြီးများဘုရား- ထွန်တုံးလက်ကျန်အမည်ခံ ဒါယကာကြီးဦးထင်ဟောပြောသော သရဏဂုံ (၃)ပါးနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား-

**ဒါယကာကြီးဦးထင် ဟောပြောချက်များ**

(က) ကံကိုယုံတဲ့ စိတ်ကိုပဲ သရဏဂုံသုံးပါးတည်တယ်လို့ ခေါ်ပါတယ်တဲ့ ဟုတ်လား၊

(ခ) အဲဒီလို သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်ပဲ၊ သံဃာလို့ ခေါ်ပါတယ်တဲ့၊ အဲဒါမှ မသမုတ်ရတဲ့ သံဃာတဲ့၊ မသမုတ်ရတဲ့ သံဃာတဲ့ သူ့ဘာသာသူ ဖြစ်နေတဲ့ သူလုပ်လို့ သူ့ဘာသာသူ ဖြစ်နေတဲ့ သံဃာလို့ ခေါ်သတဲ့၊ ဘယ်သူမျှ မသမုတ်ရတော့ဘူးတဲ့၊ အဲဒါမှ သမုတ်တဲ့သံဃာ ခေါ်တယ်တဲ့။

(ဂ) အပါယ်တံခါး မသမုတ်ရပဲနဲ့ သူ့ဘာသာသူဖြစ်တဲ့ သံဃာမို့လို့ အပါယ်တံခါးပိတ်တယ်တဲ့ဗျာ (သူ့မှာ အပါယ်တံခါးပိတ်တယ်တဲ့ဗျား) အဲဒီအကြောင်းသီလရဲ့ တန်ခိုးကြွှဒ္ဓိပါဒ်နော-
(ဒါယကာကြီးဦးထင်၏ သက်သေခံစာအုပ် နှာ-၃၂/၃၃)

http://www.dhammadownload.com



အထက်ပါ ဟောပြောချက်များထဲမှ လိုရင်းအချက်များမှာ-

(၁) ကံကိုယုံကြည်တဲ့စိတ်ကို သရဏဂုံသုံးပါး တည်တယ်၊

(၂) ယင်းပုဂ္ဂိုလ်ကိုပဲ မသမုတ်တဲ့သံဃာလို့ ဆိုရတယ်၊

(၃) ယင်းသံဃာမှာ အပါယ်တံခါးပိတ်တယ်ဟု လိုရင်းများကို ကောက်ချက်ချလို့ရပါသည်၊ ယင်းကဲ့သို့ ဟောပြောသော ဒါယကာကြီးဦးထင်၏ ဟောချက်များသည် ထေရဝါဒ ကျမ်းဂန် အယူအဆနှင့် မညီညွတ်ပါ၊ အမှန်မှာ-

(၁)အရ ကံကို ယုံကြည်တဲ့စိတ်ကို သရဏဂုံ(၃)ပါး တည် တယ်လို့ မဆိုနိုင်ပါ မဆိုရပါ။ တကယ်ဆိုရမှာက ကမ္မဿကတဉာဏ် (ကမ္မဿကတသမ္မာဒိဋ္ဌိ)လို့သာ ဆိုနိုင်ပါသည်။ ယင်းစကားရပ်များ အရ သာဓကပြရပါလျှင်-

> တတ္ထ ကတမံ ကမ္မဿကတဉာဏံ၊ အတ္ထိ ဒိန္နံ။ ပ။ ယာ စ ရူပါ ပညာပဇာနနာ။ပ။ ဌပေတွာ သစ္စာနုလောမိကံ ဉာဏံ သဗ္ဗာပိသာသဝါ ကုသလာ ပညာ ကမ္မဿကတဉာဏံ (အဘိ၊ ၄၊ ၂/၂၄၁)၌ မိန့်ဆိုအပ်သော ပါဠိအရ၊ ပေးလှူခြင်းအကျိုး သည်ရှိ၏ အစရှိသဖြင့် သိသော သဘောရှိသော ပညာသိ မတွေမဝေ သိတတ်သော ကြောင့် မှန်စွာသိတတ် သောပညာသည် ကမ္မဿကတ ဉာဏ်မည်၏။

မဂ္ဂသစ္စာနိဗ္ဗာန်အားလျော်သော ဝိပဿနာသစ္စာ နုလောမဉာဏ် ကို ထား၍ ကြွင်းသောအလုံးစုံသော အာသဝေါတရားတို့၏ အာရုံ ဖြစ်သော လောကီကုသိုလ် သတ္တရသဥ္ရှိသော ပညာသည် ကမ္မ

http://www.dhammadownload.com



သဃက တညာဏ်မည်၏ဟု မိန့်ဆိုချက်နှင့်အညီ ဘုရားရှင် ဟောတော်မူသော ကံကိုယုံကြည်တဲ့စိတ်ကို (ညာဏ်)ကို ကမ္မဿက- တညာဏ် (ကမ္မဿက-တသမ္မာဒိဋ္ဌိ)လို့သာ ခေါ်ဟာပြောရမည့်အစား ကံကို ယုံကြည်တဲ့ စိတ်ကို သရဏဂုံသုံးပါးတည်တယ်ဟု ဟောပြောခြင်းသည် အဓမ္မဝါဒ အယူအဆမျှသာ ဖြစ်ပါသည်။

(၂)နံပါတ်အရ ယင်းပုဂ္ဂိုလ်ကိုပဲ မသမုတ်ရတဲ့သံဃာလို့ ဆိုရသယ်ဟု ဆိုထားခြင်းမှာ ဒက္ခိဏေယျ (အရိယာသံဃာ)ကိုသာ ယူဆဟောပြောထားရန် တူပါသည်၊ သမ္မုတိ ယခုရှိကြတဲ့ သာသနာ့ဝန်ထမ်းရဟန်းများကို ထောက်ဆ၍ အဆိုပါ အရိယာသံဃာကို အသမ္မုတိ သံဃာဟုယူဆကာ ဝိပဿနာ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်နေကြသူ လူဝတ်ကြောင်များကိုလည်း အသမ္မုတိ (အရိယာသံဃာ)ဟု ယူဆဟောပြောထားဟန် တူပါသည်။ ထိုသို့ ယူဆဟောပြောငြားလည်း လူဝတ်ကြောင် ယောဂီပုဂ္ဂိုလ်များကို အဆိုပါ သံဃာ(၂)မျိုးတွင် သွင်းယူရေတွက်လို့ မရနိုင်ပါ၊ ယင်းသို့ မရသောကြောင့် လူသူတော် ရသေ့စသော လူဝတ်ကြောင်ပုဂ္ဂိုလ်များကို သရဏဂုံ မထိုက်နိုင်သောကြောင့် မဆိုနိုင်ကြောင်းမှာ -

"ဒိဋ္ဌိသီလသင်္ဃာတေန သံဟတောတိ သံဃော၊ (ကင်္ခါဋီကာ၊ ဆဋ္ဌ၊နှာ-၁၃၁)အရ ရှစ်ယောက်သော ပရမတ္ထသံဃာကို ရည်မှတ်လျက် သမ္မုတိသံဃာတော်ကို ပေါင်းရုံးသောအားဖြင့် ဤသံဃာတော်သည် ဆင်းရဲကို ပယ်ဖျောက်တားမြစ်၍ စီးပွားချမ်းသာကို ဆောင်တတ်သည် ဖြစ်၍ ကိုးကွယ်ရာဖြစ်၏ဟူသော နှလုံးသွင်းခြင်းဖြင့် ကိုးကွယ်ဆည်းကပ်သောသူသည် "သံဃံ သရဏံ ဂစ္ဆာမိ၊ သရဏဂုံကို ဆောက် တည်သည် မည်၏"။

http://www.dhammadownload.com



ဤ၌ ပုထုဇဉ်သံဃာတော်သည် သရဏဂုံထိုက်ကြောင်းကား-

ပေါထုဇ္ဇနိကသံဃဿာပိ ပုဗ္ဗဘာဂပဋိပဒါယ ဋ္ဌိတတ္တာ ပုရိမစေတနာယ ဝိယ ဒါနေ ဧတ္ထေဝ သင်္ဂဟော ဒဋ္ဌဗ္ဗော၊ သောပိ ကိဉ္စာပိ အရိယေန ဒိဋ္ဌိ သီလသာမညေန အသံဟတော၊ နိယျာနိကပက္ခိယေန ပန ပေါထုဇ္ဇနိကေန သံဟတတ္တာ ဒက္ခိဏေယျပဏ္ဏတ္တိပါတာရဟော သံဃောယေဝါတိ။ (ကင်္ခါဋီကာ၊ ဆဋ္ဌ၊ နှာ-၁၂၀/၁၂၁)

**အနက်ကား**။ ။ ပေါထုဇ္ဇနိကသံဃဿာပိ၊ ပုထုဇဉ်သံဃာ၏လည်း။ ပုဗ္ဗဘာဂပဋိပဒါယ၊ မဂ်၏ ရှေးအဖို့၌ဖြစ်သော အကျင့်၌။ ဋ္ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ပုရိမ-စေတနာယ၊ ရှေး၌ ဖြစ်သော ပုရိမစေတနာကို။ ဒါနေ၊ အလှူပေးခြင်း၌။ သင်္ဂဟောဝိယ၊ သင်္ဂြိုဟ်အပ်သကဲ့သို့။ ဧတ္ထေဝ၊ ဤမဂ္ဂပဋိပဒါ ၌သာလျှင်။ သင်္ဂဟော၊ သင်္ဂြိုဟ်ရေတွက်ခြင်းကို၊ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ သောပိ၊ ထိုသီလဝန္တကလျာဏ ပုထုဇဉ် သံဃာသည်လည်း။ အရိယေန၊ အရိယာသံဃာနှင့်။ ဒိဋ္ဌိသီလသာမညေန၊ အယူသီလတူသည်၏အဖြစ်ကြောင့်။ ကိဉ္စာပိ အသံဟတော၊ အကယ်၍ကား မပေါင်းအပ်၏ရှင့်။ ပန တထာပိ၊ ထိုသို့ မပေါင်းအပ်သည်လည်း။ နိယျာနိကပက္ခိ ယေန၊ ဝဋ်မှ ထွက်မြောက်ခြင်းအဖို့ရှိသော။ ပေါထုဇ္ဇနိကေန၊ ပုထုဇဉ် တို့၏ သန္တာန်၌တည်သော အယူသီလဖြင့်။ သံဟ တတ္တာ၊ ပေါင်းအပ်သည်၏ အဖြစ်ကြောင့်။ ဒက္ခိဏေယျပဏ္ဏတ္တိ ပါတာ ရဟော၊ ဒက္ခိဏေယျ သံဃာကဲ့သို့မြတ်သော လက်အုပ်ချီမိုး ရှိခိုး

http://www.dhammadownload.com



ပူဇော်ခြင်းငှာ ထိုက်သော။ သံဃောဃေဝ၊ သံဃာ မည်သည် သာတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ သိအပ်၏။ (ဆရာတော် ဦးဗုဓ်၏ အနက်)

ဤသို့ဆိုအပ်သော ဋီကာစကားရပ်တို့ကို ထောက်ဆ၍ အရိယာ ပုထုဇဉ် ရဟန်းသံဃာများကိုသာ သရဏဂုံထိုက်ပါသည်။ လူဝတ် ကြောင် လူသူတော်ရသေ့စသော ပုဂ္ဂိုလ်များကို သရဏဂုံထိုက်သော သံဃာစာရင်းတွင် မပါဝင်သောကြောင့် ကံကိုယုံကြည်၍ သရဏဂုံ တည်သော လူပုဂ္ဂိုလ်များကိုကား သံဃာဟုမခေါ်ဆိုနိုင်ပါ၊ ဥပါသကာ (ဥပါသိကာမ)ဟုသာ ခေါ်ဆိုနိုင်ပါသည်၊ ခေါ်ဆိုနိုင်ကြောင်းကား-

ဥပါသကာဟူသည်-

ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံဂတော ဟောတိ။ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ဟောတိ။ (သံ/ ၃/ ၃၄၄)

ယင်းပါဠိတော် အရ မဟာနာမ် အကြင်ကြောင့် ဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ် ၏၊ တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ရာဟု ဆည်းကပ်၏။ မဟာနာမ်--ဤ (ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်း) မျှလောက်ဖြင့်ပင် ဥပါသကာ (ဥပါသိကာမ) ဖြစ်၏ဟု ဘုရားရှင် ဟောကြားတော် မူသောကြောင့် ရတနာသုံးပါး ဆည်းကပ် ကိုးကွယ်သူ ဥပါသကာ (ဥပါသိကာမ)ဟု ခေါ်ဆိုနိုင် ကြောင်းမှာ ထင်ရှားလှပါသည်။

ထို့ပြင် အောက်၌ ဖော်ပြလတ္တံ့ပါ ပါဠိတော်နှင့် မြန်မာပြန်များအရ-

http://www.dhammadownload.com



(က) ကော ဥပါသကောတိ
(ခ) ယော ကောစိ သရဏံဂတော ဂဟဋ္ဌော
(ဒီ/ဋ္ဌ/ ၁/၂၀၉)

(က) ဥပါသကာဟူသည် အဘယ်နည်းဟူမူကား-
(ခ) အမှတ်မရှိ တစ်စုံတစ်ယောက်သော ရတနာသုံးပါးကို ကိုးကွယ်ရာဟု ဆည်းကပ်တတ်သော လူပုဂ္ဂိုလ်ဟု မိန့်ဆိုထားသောကြောင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လျှင်ပင် ဗုဒ္ဓဘာသာဝင်ဥပါသကာ (ဥပါသိကာမ) ဖြစ်နိုင်ပါတော့သည်၊ ဤ၌ ဂဟဋ္ဌ လူပုဂ္ဂိုလ်ဟုဆိုထားရာ၌ (ရှင်+ရဟန်း)များသည် ပဗ္ဗဇိတစာရင်းဝင် ရှင်ရဟန်းဖြစ်နေ၍ ဥပါသကာအရာ၌ မပါဝင်နိုင်ဟု ဆိုရပါမည်၊ အဘယ်ကြောင့်ဆိုသော်-

(က) ကသ္မာ ဥပါသကောတိ
(ခ) ရတနတ္တယဿ ဥပါသနတော။
(ဂ) သောဟိဗုဒ္ဓံ ဥပါသတီတိ ဥပါသကော၊ တထာ ဓမ္မံ သံဃံ။
(ဒီ၊ဋ္ဌ၊ ၁/၂၀၉)ဟု ဖွင့်ဆိုထာသောကြောင့်ပင် ဖြစ်ပါသည်၊

ယင်းပါဠိများအရ-
(က) အဘယ်ကြောင့် ဥပါသကာခေါ်သနည်း၊
(ခ) ရတနာသုံးပါးအား ဆည်းကပ်တတ်သော ကြောင့် ဥပါသကာ(ဥပါသိကာမ) ခေါ်ရပါသည်။

http://www.dhammadownload.com



(ဂ) ထို့အတူ တရားကို ဆည်းကပ် သံဃာကို ဆည်းကပ်တတ်သောကြောင့်၊ ဥပါသကာ (ဥပါသိကာမ) ခေါ်ရပါသည်ဟု ဥပါသကာ ခေါ်ဆိုရကြောင်းကို မိန့်ဆိုထားပါသည်။ ထို့ကြောင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူ မှန်လျှင် ဥပါသကာ (ဥပါသိကာမ)လည်းဖြစ်၍ ဗုဒ္ဓဘာသာလည်း ဖြစ်နိုင်ကြောင်းမှာ ထင်ရှားလှပါသည်ဘုရား။

ဤသည်ကိုထောက်၍ လူပုဂ္ဂိုလ်များကို အဆိုပါသံဃာ (၂)မျိုးတွင် စာရင်းမဝင်နိုင်ဟု ဆိုရပါသည်။

ဒါယကယကြီးဦးထင်နှင့် ယင်း၏တပည့် ယောဂီလူပုဂ္ဂိုလ်များကိုတော့ ဥပါသကာ (ဥပါသိကာမ)ဟု မခေါ်ဆိုထိုက်ပါ၊ မဆိုထိုက်ကြောင်းမှာ ယင်း၏ ဟောပြောချက်များကပင် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို အဟုတ်အတတ် မယုံကြည်မှုမှာ ထင်ရှားနေသောကြောင့်ပင် ဖြစ်ပါသည်ဘုရား။

အမှတ်(ဂ) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား-

(၃)နံပါတ် ကောက်ချက်နှင့်စပ်လျဉ်း၍၊ ဆက်လက်၍ တင်ပြလျှောက်ထားပါမည်ဘုရား၊

ယင်း (၃)နံပါတ်အရ၊ ကံကိုယုံကြည်၍ သရဏဂုံတည်သော သံဃာမှာ အပါယ်တံခါးပိတ်တယ်ဟု ဟောပြောချက်သည်လည်း အဓမ္မဝါဒ တစ်ရပ်ပင်ဖြစ်ပါသည်။ သရဏဂုံသည်-

http://www.dhammadownload.com



(၁) လောကီသရဏဂုံ၊ (၂) လောကုတ္တရာ သရဏဂုံအားဖြင့် နှစ်ပါးရှိရာတွင် လောကီသရဏဂုံသည် လောကုတ္တရာ သရဏဂုံကဲ့သို့ တပေါင်းတည်း နိဗ္ဗာန်ကိုသာ အာရုံပြုလျက် တပြိုင်နက် ပြီးပြည့်စုံနိုင်သည်မဟုတ်ပါ။ အမှန်မှာ- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် နှုတ်မြွက်ဆို၍ ဆောက်တည်မှသာ လောကီသရဏဂုံ ပြည့်စုံသူဟု ဆိုနိုင်ပါသည်။ ငါးပါးသီလနှင့် မပြည့်စုံပဲ လောကီသရဏဂုံနှင့် ပြည့်စုံရုံမျှဖြင့် အပါယ်တံခါး လုံးဝမပိတ်နိုင်သေးပါ။ လောကုတ္တရာ သရဏဂုံအရာ၌ တည်၍ အရိယာပုဂ္ဂိုလ်ဖြစ်မှသာ အရိယကန္တ ငါးပါးသီလနှင့် အစဉ်ထာဝရပြည့်စုံ၍ လောကုတ္တရာမဂ်-ဖိုလ်ဉာဏ်များဖြင့် သစ္စာ(၄) ပါးတို့ကို မျက်မှောက်ပြုနိုင်ပြီး အရဟတ္တဖိုလ် ဆိုက်ရောက်သည်အထိ ပြည့်စုံ လုံခြုံသောကြောင့် အပါယ်တံခါး လုံးဝပိတ်သည်ဟုသာ ဆိုနိုင်ပါသည်။ လောကုတ္တရာ သရဏဂုံသည်လည်း လောကီသရဏဂုံမတည်ဘဲ မရှိဘဲ ဘယ်သောအခါမှ တစ်စုံ တစ်ယောက်သောသူ၏ သန္တာန်၌ မတည်ရှိနိုင်သေးပါ၊ ထို့ကြောင့် လောကုတ္တရာ သရဏဂုံ တည်ရေးသည် လောကီသရဏဂုံ သီလသည်သာ မူလဘူတ အဓိကကျင့်စဉ် လုပ်ငန်းလမ်းမှန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် သုတ်မဟာဝါ ပါဠိတော်၌ မြတ်စွာဘုရားသည်-

(၁) ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
နတေ ဂမိဿန္တိ အပါယဘူမိံ ။
ပဟာယ မနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ-
(ဒီ / ၂ / ၂၀၄)ဟု ဟောကြားတော်မူခဲ့ပါသည်။

၎င်း အထက်ပါ ဘုရားဟော ဂါထာတော်များ၏အဓိပ္ပါယ်ကား-

http://www.dhammadownload.com



အကြွင်သူတို့သည် ရတနာသုံးပါးကို ကိုးကွယ်မှီခိုရာဟူ၍ ဆည်းကပ်ကုန်၏၊ ထိုသူတို့သည် သရဏဂုံကို တည်ဆောက်ခြင်း ဟူသော ကုသိုလ်စေတနာကြောင့် သေသည်၏ အခြားမဲ့၌ အပါယ် လေးပါးသို့ မလားမူ၍ နတ်ပြည်သို့လားရကုန်သဖြင့် များစွာသော နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစား စံစားရကုန်လတ္တံ့။ လူ့ပြည်၌ဖြစ်၍ လူတို့၏ စည်းစိမ်ချမ်းသာကို ခံစားရခြင်း၌ကား ဆိုဖွယ်ရာမရှိ၊ ကြိမ်ဖန်များစွာ ခံစားရကုန်၏ ဟူ၍လည်းကောင်း၊

(၂) (က) ယော စ ဗုဒ္ဓဉ္စ၊ သံဃဉ္စ သရဏံ ဂတော။ ပ။

(ခ) ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
(ဓမ္မပဒ၊ ဂါထာနံပါတ် - ၁၉၀) ယင်းဂါထာတော်များ၏ အဓိပ္ပါယ်မှာလည်း-

(က) အကြွင်သူသည် ရတနာသုံးပါးကို ဆင်းရဲကို ဖျောက်၍ ချမ်းသာကိုဆောင်ပေတတ်သော ဆရာဟူ၍ ဆည်းကပ်၏၊ ထိုသူသည် အရိယာသစ္စာလေးပါးတို့ကို ကောင်းစွာ ပညာဖြင့်မြင်၏။

(ခ) ထိုသရဏဂုံ ဆောက်တည်ခြင်းသည် ဘေးမရှိ၊ မြတ်၏။ သရဏဂုံဆောက်တည်ခြင်းကို စွဲ၍ ခပ်သိမ်းသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်၏ဟူ၍လည်း ဟောကြားတော် မူခဲ့ခြင်းဖြစ်ပါသည်။

ထိုသို့ဝဋ်မှ ထွက်မြောက်ခြင်းငှာ ဆောက်တည်သောသူသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုအံ့သောငှာ ကျင့်သည်ပင် မည်၏

http://www.dhammadownload.com



ဟု ကျမ်းဂန်များ၌ ဆိုသောကြောင့် သရဏဂုံ ဆောက်တည်ခြင်းသည် ပဋ္ဌာနာအားလျော်စွာ သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ အဂ္ဂ-သာဝကဆု၊ မဟာသာဝကဆု၊ ပကတိသာဝကဆုတို့တွင် အလိုရှိအပ်သောဆုနှင့် နိဗ္ဗာန်တိုင်အောင်သော လောကုတ္တရာအကျိုးကို ပြီးစေနိုင်သည်သာလျှင် ဖြစ်ပါသည်။ သို့သော်လည်း အထက်က ဖော်ပြခဲ့ပြီးသော ဒါယကယကြီးဦးထင် ဟောသော ကံကိုယုံကြည်၍ သရဏဂုံတည်သော သံဃာအမည်ခံ ပုဂ္ဂိုလ်မျိုးကား အပါယ်တံခါးပိတ်ဖို့ မဆိုထားဘိဦး လောကီသရဏဂုံ တည်သည်ဟုဆိုဖို့ပင် ဒုလ္လဘ-တစ်ခုဖြစ်နေပြန်ပါသည် ဘုရား။

ထို့ကြောင့် အမှတ်(၈) နိုင်ငံတော်သီးခြား ဝိနည်းမှုိရ် ဆရာတော်ကြီးများဘုရား၊ အထက်က ဖော်ပြခဲ့ပြီးသော ဒါယကာကြီးဦးထင်ရဲ့ သရဏဂုံသုံးပါးနှင့်ဆိုင်ရာ အယူဆ ဟောပြောချက်များသည် အဆိုပါ ဘုရားဟော ပါဠိတော် အဋ္ဌကထာဋီကာများ၌ ဟောကြားမိန့်ဆိုအပ်သော ထေရဝါဒ အယူအဆနှင့် လုံးဝဆန့်ကျင်နေသောကြောင့် အဆိုပါ တင်ပြလျှောက်ထားချက်များအရ အဓမ္မဝါဒဟု ဓမ္မဝိနယနှင့် အညီ ဆုံးဖြတ်ချက်ချပေးတော်မူပါရန် ရိုသေစွာ လျှောက်ထား စောဒနာကြပါသည် ဘုရား။

## စောဒနာ (၄)

အမှတ်(၈) နိုင်ငံတော် သီးခြားဝိနည်းမှုိရ် ဆရာတော်များ ဘုရား၊ ကုသိုလ်နှင့် အကုသိုလ်ဆိုင်ရာ စောဒနာလွှာ (၄)ပါ ဘုရား-

ဤစောဒနာလွှာနှင့် ပတ်သက်၍-

ဒါယကာကြီးဦးထင်၏ ကုသိုလ်နှင့် အကုသိုလ်ဆိုင်ရာ ဟောပြော

http://www.dhammadownload.com



ချက်များမှာ ၁၃၂၃-ခုနှစ်၊ ပြာသိုလဆန်း (၁၁-၁၂) ရက်နေ့ည၌ ဦးထင် ဟောပြောသော နိဗ္ဗာန်ရောက်ကြောင်းတရားတော် သက်သေခံ စာအုပ် နှာ-၁-၌ -

(က) "တရားနာရတဲ့ အကြောင်းခံလို့ တရားနာရတဲ့ အကျိုး ပေးတာ ကုသိုလ်ရတယ်လို့ မမှတ်နဲ့နော်၊ အဲဒီတော့ ကုသိုလ်ရတယ်လို့ ဆိုတာက ဒီတရားသည် အကြောင်း ကုန်တဲ့တရား၊ အကြောင်းမကုန်တဲ့တရားလို့ အဲဒီလို ကွာသွားမှ ကုသိုလ်ရတယ်လို့ခေါ်ရတယ်၊ အဲဒီတော့ ဘာပြုလို့ ကုသိုလ်ရသလဲဆိုတော့ အဲဒီရဲ့ လောဘ-ဒေါသ-ပေါက်ပွားတဲ့စိတ်ကလေးဟာ တခြားတစ်ပါး မသွားလို့ ဒီကပြောတာကို နားစိုက်ပြီးတော့ နား ထောင်နေတာကို သူ့အတွက် စိတ်ကလေး တခြား တပါးမသွားလို့ သူ့ကို လောဘ-ဒေါသ-မရှိဘူးလို့ ဆိုလို့ရတယ်၊ အဲဒီတော့ လောဘ-ဒေါသ-မရှိလို့ ကုသိုလ်ရတယ်လို့ ဆိုရတယ်၊ အဲ-အဲဒီကုသိုလ်မှ ပါရမီ ကုသိုလ်လို့ ခေါ်ရတယ်၊ အဲဒါသူ့ကို ပါရမီကုသိုလ်လို့ ခေါ်ရတယ်၊ နိဗ္ဗာန်ရောက်အောင်ပို့နိုင်တဲ့ ပါရမီ ကုသိုလ်လို့ ခေါ်ရတယ်၊ အဲဒီတော့ ဓမ္မတာနဲ့တရား နာနေကြတော့ ရှန်းရှန်းနဲ့လာတော့ ဘာကိုဟောလို့ ဟောမှန်းမသိ၊ အဲဒီလိုနဲ့သာ တရားပွဲတိုင်း လိုက်နေ ရတယ်၊ ဒီတော့ တရားနာကြတာ ကလေးတွေလည်း နာကြတာပဲ၊ လူကြီးတွေလည်း နာကြတာပဲ၊ အဲဒီလို

http://www.dhammadownload.com



သာ တရားနာတိုင်း ကုသိုလ်ရမယ်ဆိုရင်ဖြင့် လူတွေ လည်း ကြံကြဖို့ရာ မရှိကြတော့ဘူး၊ ဤကဲ့သို့ စသည် ဖြင့် ဟောပြောထားခြင်း၊

(ခ) ထို့ပြင် ဖေါ်ပြပါ သက်သေခံစာအုပ် နှာ-၃-၌လည်း- အဲဒီတော့ ကာမာဝစရ ကုသိုလ်ဆိုတာ ဘုရားတည် ကျောင်းဆောက်ကို ခေါ်တာမဟုတ်ဘူးတဲ့၊ ကာမာ- ဝစရ ကုသိုလ်ဆိုတာ ဘုရားတည် ကျောင်းဆောက်က ကာမာစဝရလို့ခေါ်တယ်၊ ကာမာစဝရ ကုသိုလ်ဖြစ်လို့ ရှိလျှင် အပါယ်လေးပါး မကျဘူး၊ ကာမာစဝရ ကုသိုလ် ဖြစ်လျှင် အပါယ် လေးပါးမကျဘူးတဲ့၊ ဒါဖြင့်ရင် ဘာလို့ ကာမာစဝရ ကုသိုလ်လို့ မဟုတ်ဘူးလို့ပြောရတုန်း မေးစရာရှိတယ်၊ သီရိဓမ္မာသောကမင်းကြီး အပါယ် လေးပါး ကျသွားတယ်ဗျ၊ အဲဒီတော့ သီရိဓမ္မာ သောကမင်းကြီး အပါယ်လေးပါး ဘာကြောင့်ကျ ကုသိုလ်မဟုတ်လို့ ကျတာ၊ ကုသိုလ်မဟုတ်လို့ကျတာ၊ ဤကဲ့သို့ စသည် ဖြင့် ဟောပြောထားခြင်း၊

(ဂ) ထို့ပြင် အဆိုပါစာအုပ် နှာ-၄-၌လည်း အကုသိုလ် ခေါ်တာလည်းပဲ ဓမ္မာဟော သိကြတဲ့အသိတွေကတော့ သူ့တကာ့ အသက်သတ်တာ၊ သူ့တကာ့ဟာ ခိုးတာ၊ သူတကာ့ဟာ လိမ်လည်ကောက်ကျစ်တာ၊ ဒါကိုသာ အကုသိုလ်လို့ ဓမ္မတာ ဒီလို သိလာကြတယ်၊ အဲဒီရဲ့ ဓမ္မတာအကုသိုလ်က သူတကာကို လိမ်လည်

http://www.dhammadownload.com



ကောက်ကျစ်တာဟုတ်လား၊ သူတကာကို မနာလို တိုရှည် ဖြစ်တာဆိုတာက နေ့တိုင်းရက်တိုင်း ဖြစ်တာ လည်း မဟုတ်ဘူးနော၊ နေ့တိုင်း ရက်တိုင်းဖြစ်တဲ့ အကုသိုလ် လည်းမဟုတ်၊ မလပ်အောင်ဖြစ်နေတဲ့ အကုသိုလ်ကို သာလျှင် ကြောက်ရတယ်လို့ အဲဒါ မလပ်ဖြစ်နေတဲ့ အကုသိုလ်ဟာ ဘယ်အကုသိုလ် တုန်းတဲ့၊ ဘယ်ဥစ္စာ ခေါ်တာတုန်း၊ မိမိကံဖြစ်တဲ့ စိတ်ကလေးကို ဘယ်အချိန် ဘယ်အနားနေတာ မသိတဲ့ဥစ္စာဟာ ဒလစပ် ဖြစ်နေတဲ့ အကုသိုလ်လို့ ခေါ်တယ်၊ အဲဒီ အကုသိုလ် ဟာ ကံဖြစ်တဲ့စိတ်ကလေး ဘယ်အချိန် ဘယ်အနား နေတာမသိတာ၊ အဲဒီ အကုသိုလ်ခေါ်တယ်၊ အဲဒီ အကုသိုလ်မှ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတားတဲ့ အကုသိုလ်ခေါ်တယ်-

ဟု ဤကဲ့သို့ စသည်ဖြင့် ဟောပြောထားခြင်း၊

ဤကဲ့သို့ ဟောပြောထားခြင်းများသည် ဘုရားဟော ထေရဝါဒ ပါဠိ ပိဋကတ်တော်များအရနှင့် ဆန့်ကျင်ဟောပြောသော အဓမ္မ အယူအဆများသာ ဖြစ်ပါသည်ဘုရား။

ရှင်းလင်းချက်

(က) တရားနာတိုင်း အကျိုးမရှိဘူးလို့သာ ဟောပြောသင့် ပါလျက် တရားနာရင် ကုသိုလ်မရဘူးလို့ ဟောပြော ခြင်းသည်လည်းကောင်း၊

(ခ) ကုသိုလ်မှန်သမျှ ပါရမီကုသိုလ်ချည်းသာ ဖြစ်နိုင်

http://www.dhammadownload.com



သည်ဟု ဟောပြောသင့်ပါလျက် လောဘ၊ ဒေါသ မရှိတဲ့ တရားနာခြင်းကိုသာ ပါရမီကုသိုလ်ဟု ဟော ပြောခြင်းသည် လည်းကောင်း၊

အောက်ဖော်ပြလတ္တံ့သော ဘုရားဟောပါဠိတော်များ အဋ္ဌကထာ ဋီကာများအရ ထေရဝါဒ အယူအဆနှင့် မညီညွတ်ကြောင်း တွေ့ရှိရ ပါသည်။

## အဋ္ဌသာလိနီ-ဋ္ဌ-၂၀၁-၌

ကထံ၊ ဒါနမယံ ပုညကိရိယာဝတ္ထု (လ) ဒိဋ္ဌိဇုကမ္မံ ပုညကိရိယ ာဝတ္ထုုံကို ဣမာနိ ဒသပုညကိရိယဝတ္ထူနိ နာမ ဟု မိန့်ဆိုချက်အရ၊ သင်း ပုညကိရိယဝတ္ထု (၁၀)ပါးတွင်-

သဝနမယံ၊ တရားနာခြင်းဖြစ်ပြီးသော- ပုညကိရိယာဝတ္ထု- ပုညကိရိယဝတ္ထုမည်၏ (ဝါ) ကောင်းမှုပြုထိုက်သော စီးပွားချမ်းသာ၏ တည်ရာ မည်၏ဟု မိန့်ဆိုချက်အရ တရားနာခြင်းသည် ဘာဝနာမယ ပုညကိရိယဝတ္ထု ခေါ်ရခြင်းကြောင့် တရားနာခြင်းသည် အမှန်ပင် ဘာဝနာမယ ကုသိုလ်ဖြစ်နိုင်ကြောင်း ထင်ရှားလှပါသည်။

## ထို့ပြင် အင်္ဂုတ္တရ-ပဉ္စကပါဠိတော်-ဒေ္ဌ-နှာ-၂၁၆-၌

ပဉ္စိမေ ဘိက္ခဝေ အာသံသာ ဓမ္မဿဝနေ။ကတမေ ပဉ္စ၊ အဿုတံ သုဏာတိ အစရှိသဖြင့် ဘုရားရှင် ဟောတော်မူသော ပါဠိတော်အရ၊

(၁) မကြားဖူးသည်ကို ကြားနာရခြင်း၊
(၂) ကြားဖူးပြီးသည်ကို စင်ကြယ်ရခြင်း၊
(၃) ယုံမှားသံသယကို လွန်မြောက်ပယ်ရှားနိုင်ခြင်း၊
(၄) အယူဖြောင့်မတ်ရခြင်း၊
(၅) တရားနာသူ၏ စိတ်ကြည်လင်ရခြင်းဟူ၍ တရားနာ

http://www.dhammadownload.com



ရသော အကျိုးငါးပါးကို ဘုရားရှင်ဟောတော်မူသော ကြောင့်လည်းကောင်း၊

ထို့ပြင် ဓမ္မပဒ၊ ဌ၂-နှာ-၃၅၂-၌ မိန့်ဆိုသော"ဓမ္မဿ ဒေသနာ ပိဝါစနမ္ပိ သဝနမ္ပိ မဟန္တံ" အရ-

တရားဟောပြော နာကြားခြင်းများသည် အကျိုးကြီး၏ဟု မိန့်ဆိုထားသောကြောင့်လည်းကောင်း၊ ဒါယကယကြီးဦးထင်၏ အထက်ဖော်ပြပါ ဟောပြောချက်များသည် ထေရဝါဒနှင့် မညီညွတ်ကြောင်း ထင်ရှားလှပါသည်။

ထို့ပြင် တရားနာရ၍ သစ္စာလေးပါးကို သိမြင်ခြင်း၊ သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်စသည် ဖြစ်နိုင်ကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်နိုင်ကြောင်းများသည် အောက်ပါ ဝတ္ထုသာဓကများအရ သိသာထင်ရှားသော သာဓကများပင်ဖြစ်ပါသည်။ ရဟန်းရှင်လူ အများပင် ဟောဖူး၊ ကြားဖူး၊ နာဖူးသော ဝတ္ထုသာဓကများပင် ဖြစ်ပါသည်။ တခြားဝတ္ထုသာဓကများလည်း ပါဠိ-ဋ္ဌ-ဋီကာများတို့၌ လည်း အများအပြားရှိပါသည်။

အမှတ်(၈) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်**ဆရာတော်**ကြီးများ ယင်း ဝတ္ထုသာဓကများကို အနည်းငယ် အမြွက်မျှသိသာရုံ တင်ပြ လျှောက် ထားပါရစေ-

အဋ္ဌသာလိနီ-ဆဋ္ဌ-နှာ-၁၇-၁၈-၌

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက လိုဏ်ဂူတစ်ခုမှာလဲ လင်းနို့သားငါးရာဟာ ရဟန်းများရဲ့ ရွတ်အံသရဇ္ဈာယ်သော အဘိဓမ္မာ

http://www.dhammadownload.com



တရား ဓမ္မဒေသနာတော်တွေကို ကြားနာရဖူးသောကြောင့် ယခု ဂေါတမဘုရားရှင် လက်ထက်တော်အခါမှာ လူ့ပြည်မှာ လူလာဖြစ်ကြ တာ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏တပည့် ရဟန်းငါးရာ ဖြစ်ကြ၍ အရှင်သာရိပုတ္တရာ အထံတော်မှာ အဘိဓမ္မာ (၇)ကျမ်းကို နာတိဝိတ္ထာရ နာတိသင်္ခေပနယ မကျယ်မကျဉ်း (မကျဉ်းမကျယ်) နည်းအားဖြင့် နာကြားသင်ယူနိုင်ကြ၍ အလွယ်တကူ နှုတ်ငုံ တတ်မြောက်ကြပြီး အဘိဓမ္မာဆောင် ရဟန်းများဖြစ်ကြကာ ရဟန်း ငါးရာတို့မှာ အာသဝေါကင်းကွာ ရဟန္တာတွေ ဖြစ်ကြရသည် ဟူလည်း မိန့်ဆိုထားပါသည်။

ထို့ပြင် ဝိမာန-ပါ-၇၃-၄-၂၀၀၊ ဝိသုဒ္ဓိမဂ္ဂ-၄-၁-ဆ၅-မှာ-၂၀၂- ၌လည်း-

မဏ္ဍူကဒေဝပုတ္တဝတ္ထု ဖားနတ်သားဘဝ သာဓကတစ်ခုလည်း ရှိပါသေးသည်၊ ယင်းဝတ္ထုမှာ ဘုရားရှင်သည် စမ္ပာမြို့တော်ကို အမှီပြု၍ သီတင်းသုံး နေထိုင်တော်မူစဉ်အခါက ဂဂ္ဂရာရေအိုင် အနီးအနား ကမ်းပေါ်တက်ရောက်၍ ဘုရားရှင်ရဲ့ တရားအသံတော် ကို အာရုံပြု နားစိုက်ထောင်နေစဉ်မှာ နွားကျောင်းသားတစ်ယောက် ၏ ဒုတ်နှင်တံဖြင့် အမှတ်တမဲ့ထောက်မိ၍ အူပေါက်၍ သေလေရာ အိပ်သော ယောကျ်ား နိုးသောအလားသို့ တာဝတိံသာ နတ်ပြည်မှာ တစ်ဆဲ့နှစ် ယူဇနာရှိသော ရွှေနိဗ္ဗာန်ပေါ်၌ နတ်သမီး တစ်ထောင် ခြံရံကာ နတ်စည်းစိမ် ချမ်းသာကြီးကို ရရှိပြီးနောက် လူ့ပြည်သို့ဘုရားရှင် တရားဟောတော်မူရာနေရာ ဂဂ္ဂရာ ရေအိုင်အနီးအနား တရား ပွဲတော်ကြီးသို့ နတ်ဗိမာန်နှင့်တကွ အခြံအရံ နတ်သမီး တစ်ထောင်

http://www.dhammadownload.com



နှင့်အတူ တရားနာနေသူ လူပရိသတ်များအား မြင်လောက်အောင် ကိုယ်ထင်ပြ၍ နတ်သားဘဝဖြင့် ထပ်မံ တရားနာကြသောအခါ ဖားနတ်သား အမျှုရှိသော နတ်သမီးတစ်ထောင်နှင့်တကွ တရားနာနေကြ သူလူပရိသတ် အများအပြား သောတာပတ္တိဖိုလ်သို့ ရောက်ကြကာ သစ္စာ-၄ပါးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုကြရပါသည်။

ဤအထက်က ဖော်ပြခဲ့သော ဝတ္ထုသာဓကများအရ ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်များသည် ထေရဝါဒနှင့်မညီညွတ်၊ အယူအဆ လွဲမှားသော အဓမ္မဝါဒဖြစ်နေပါသည်။

ယင်း စောဒနာ (၄)အချက်နှင့်စပ်လျဉ်း၍ ဒါယကာကြီးဦးထင်ရဲ့ ဟောပြောချက်ထဲတွင် သီရိမ္ဗာ သောကမင်းကြီးဟာ ကုသိုလ်မဟုတ်လို့ အပါယ်ကျရတယ်လို့ ဟောပြောချက်သည် သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်ကြီးကို ချီးမြှောက်သော သာသနာသမိုင်းမှာ အလွန်ထင်ရှား ကျော်ကြား၍ အထူးသဖြင့် သာသန ဒါယကကုသိုလ်ပြုလုပ်သည့် အရာမှာ စံနမူနာထား၍ ဟောကြားရသောသာဓကကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ ဒါယကာကြီးဦးထင်သည် သီရိဓမ္မာသောကမင်းကြီး ပြုလုပ်သမျှ အားထုတ်သမျှ ကုသိုလ်တွေဟာ ကုသိုလ်မဟုတ်လို့ အပါယ်ကြရသည်ဟု ယူဆဟောပြောချက်သည် သာသနာတော်ကြီးကို ချီးမြှောက်သောသဒ္ဓါတရား ဗုဒ္ဓဘာသာဝင်များမှာ ပျက်ပြားရုံတွင်မကဘဲ သီရိဓမ္မာသောကမင်းကြီး ပြုလုပ်သမျှ ကုသိုလ်တွေကို ကုသိုလ်မဟုတ် အကုသိုလ်တွေလို့ စွပ်စွဲယူဆ ဟောပြောရာ ရောက်နေပါသည်။ အမှန်မှာ သီရိဓမ္မာသောကမင်းကြီး

http://www.dhammadownload.com



သည် သေခါနီးဆဲဆဲမှာ လက်ထဲမှာရှိသော သျှစ်သျှားသီး (ဇီးဖြူသီး) ပိုင်းကို စွဲလမ်းမှု ဥပါဒါန်နှင့် မှုးမတ်များအပေါ် အမျက်ဒေါသထွက်၍ ဝိပ္ပဋိသာရ-နှလုံးမသာသော ဒေါမနဿ တဒင်္ဂလောဘ ဒေါသ အကုသိုလ်ဇောကြောင့် အပါယ်-၄ပါး-အပါအဝင် စပါးကြီးမြွေ ပြိတ္တာ ဖြစ်ရခြင်းသာဖြစ်ပါသည်။ အမှန်မှာ သီရိဓမ္မာသောကမင်းကြီး ပြုလုပ်သော ဘုရားတည်၊ ကျောင်းဆောက်၊ သားသမီး ရှင်ရဟန်းပြု စသော ကုသိုလ်ကြောင့် အပါယ်ဘုံရောက်ရခြင်း မဟုတ်ပါ။ အကယ်၍သာ အထက်ဖော်ပြပါ ကုသိုလ်များကို မပြုလုပ်သူဖြစ်ပါအံ့၊ အပါယ်ဘုံဘဝမှာ ကမ္ဘာပေါင်းများစွာ ဆင်းရဲခံရဖို့ရှိပါသည်၊ ယခုမူကား ထိုသို့ မဟုတ်ပါ။ အထက်ဖော်ပြပြီး အကုသိုလ်ဇောတဒင်္ဂကြောင့်သာ စပါးကြီးမြွေဘဝမှာ (၇)ရက်ကြာမျှသာ အာရုံပြုနှလုံးသွင်း မမှန်ကန်မှု အကြောင်းပြု၍ ဖြစ်ရခြင်းသာဖြစ်ပါသည်။ ထို့ကြောင့်ပင် သားတော် ရှင်မဟိန္ဒက ခမည်းတော်မင်းကြီး စပါးကြီးမြွေ ပြိတ္တာဘဝသို့ ရောက်နေ ကြောင်း တန်ခိုးဈာန်အဘိညာဉ်ဖြင့် သိရှိတော်မူကာ ခမည်းတော် တော်ခဲ့ဖူးသော စပါးကြီးမြွေပြိတ္တာကြီးထံ ကို ကြွရောက်၍ သုဂတိ ဘဝသို့ ပြန်ရောက်ရေးအတွက် သရဏဂုံငါးပါး သီလကို ဆောက်တည် စေရာမှ သားတော်ရှင်မဟိန္ဒပြန်အကြွမှာ မျက်စိကွယ်ရာသို့ ရောက်သောအခါ ထိုစပါးကြီးမြွေပြိတ္တာဘဝမှ စုတေပြီးနောက် လူ့ပြည် ရှင်မဟိန္ဒဆွမ်းခံရာ ရှင်မဟိန္ဒ၏ အလုပ် အကျွေးဖြစ်သော အမျိုးအိမ်မှာ လူလာဖြစ်ရ၍ ရှင်မဟိန္ဒ အထံ တော်တွင် တရားနာ ရှင်ပြု၍ ၇-နှစ် သားအရွယ်တွင်ပင် ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့တစ်ဘဝ နှစ်ဘဝခြားပြီး ရောက်ရပါသည်။ ဤကဲ့သို့ဖြစ်ရ ခြင်းသည် သီရိဓမ္မာသောကမင်းကြီး ဘဝတုန်းက ပြုဖူးသော ဒါန

http://www.dhammadownload.com



သီလစသော ကာမာဝစရကုသိုလ်တွေက ပဋ္ဌာန်းပစ္စည်းဆက် ထောက်ပံ့ကြသဖြင့် လည်းကောင်း၊ သားတော် ရှင်မဟိန္ဒမထေရ် တည်းဟူသော သပ္ပုရိသူပနိဿယကလျာဏမိတ္တ အမှီသဟဲကို ရရှိသောကြောင့်လည်းကောင်း ဖြစ်ရခြင်းဖြစ်ပါသည်။ ဒါယကာကြီး ဦးထင် ထင်မြင်ယူဆဟောပြောသလို ကုသိုလ်မဟုတ်လို့ အပါယ် ကျရသည်၊ သီရိဓမ္မာသောကမင်းကြီးပြုသမျှ ဒါနသီလစသော ကုသိုလ်တွေဟာ အကုသိုလ်အလုပ်တွေမို့လို့ အပါယ်ကျရသည်ဟု ဆိုတာမဟုတ်ပါ၊ ဒါကြောင့် သီရိဓမ္မာသောကမင်းကြီး ဝတ္ထုနှင့် စပ်လျဉ်း၍ ဒါယကာကြီးဦးထင်ရဲ့ ဟောပြောချက်များ သည်လည်း အဓမ္မဝါဒဖြစ် သည်ဟုဆိုရပါသည်။

တစ်ဖန် ယင်းဒါယကာကြီးဦးထင်ရဲ့ အထက်ကဖော်ပြခဲ့သော ဟောပြောချက်တွင် မိမိကံဖြစ်တဲ့စိတ်ကလေးကို ဘယ်အချိန် ဘယ်အနား နေတာမသိတဲ့ဥစ္စာဟာ ဒလစပ်ဖြစ်နေတဲ့အကုသိုလ်လို့ ခေါ်တယ်လို့ ဟောပြောပြီး ယင်းအကုသိုလ်မှ မဂ်၊ ဖိုလ်၊ နိဗ္ဗာနတား အကုသိုလ်ခေါ်ရတယ်လို့ ဟောပြောချက်မှာလည်း-

### နတ်ရွာနိဗ္ဗာန်ချမ်းမဂ်ဖိုလ်ကို မရအောင်တားမြစ်တတ်သော အန္တရာယ်-၅-မျိုး

(၁) ကမ္မန္တရာယ်--(က)အမိသတ်သူ (ခ) အဖကိုသတ်သူ (ဂ) ရဟန္တာ နှင့်ရဟန်းများကိုသတ်သူ (ဃ) သက်တော်ထင်ရှားရှိ ဘုရားနှင့် ယခုစေတီ့ရုပ်ပွားပုံတော်အမျိုးမျိုးကို ပြစ်မှား ဖျက်ဆီးသူ (င) သံဃာအချင်းချင်း ညီညွတ်မှုပျက်ပြား

http://www.dhammadownload.com



ကံကြီးကံငယ်ကွဲပြား အောင်သင်းခွဲသူဟူသော ကံကြီးငါးပါးကို ကျူးလွန်ပြီးသူ၊ (ဒေဝဒတ်၊ အဇာတသတ်မင်းတို့လို ပုဂ္ဂိုလ်မျိုးကိုဆိုရပါသည်။)

(၂) ဝိပါကန္တရာယ်--အဟိတ် ဒွိဟိတ်ပဋိသန္ဓေနေသူများ၊

(၃) အာဏာဝီတိက္ကမန္တရာယ်--ဘုရားပညတ် ဝိနည်းသိက္ခာပုဒ်တော်များကို ကျူးလွန်မိ၍ အာပတ်တစ်ခုခုသင့်ရောက်နေသူ (သင့်ပြီးသောအာပတ်ကို မကုစားသူ)

(၄) အရိယူပဝါဒန္တရာယ်--အရိယာပုဂ္ဂိုလ်တစ်ဦးဦးကို စွပ်စွဲပြစ်မှားမိသူ၊ (ကန်တော့ဝန်ချပါက ယင်းအန္တရာယ်ပပျောက်နိုင်ပါသည်။)

(၅) ကိလေသန္တရာယ် (နိယတမိစ္ဆာဒိဋ္ဌိ)--စွဲမြဲစွာမှားယွင်းသော အယူရှိနေသူ (မိစ္ဆာဒိဋ္ဌိကိုမစွန့်ပဲအမြဲယူထားသူ)

နိုင်ငံတော်သီခြားဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား-

ဤအထက်ကအန္တရာယ်-၅-မျိုးကို ထပ်မံ၍ အကျဉ်းချုပ်တင်ပြလျှောက်ထား ခွင့်ပြုတော်မူကြပါဘုရား။

(၁) ပဉ္စာနန္တရိယကံကြီးငါးပါးသည် ကမ္မန္တရာယ်မည်၏၊

(၂) နိယတမိစ္ဆာဒိဋ္ဌိသည် ကိလေသန္တရာယ်မည်၏၊

(၃) အဟိတ်, ဒွိဟိတ်ပဋိသန္ဓေတို့သည် ဝိပါကန္တရာယ်မည်၏၊

(၄) အရိယာပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ခြင်း၊ စွပ်စွဲခြင်းသည် အရိယူပဝါဒန္တရာယ်မည်၏၊

http://www.dhammadownload.com



(၅) စေတနာဖြင့်လွန်ကျူးအပ်သော အာပတ်(၇)ပုံသည် အာဏာ ဝီတိက္ကမန္တရာယ်မည်၏၊

ဤနတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်ကို မရအောင်တားမြစ်တတ်သော အန္တရာယ် ၅-မျိုးတို့ကို (ဥဒါန-ဋ္ဌ-၁၂၂။ ဣတိ-ဋ္ဌ-၁၂၁-ဝိ-၂-ပါ-၁၇၅။ ဋ္ဌ-၁၃၇။ ဝိသုဒ္ဓိ-ပ-၁၇၁၊)တို့၌ မိန့်ဆိုတော်မူထားကြပါသည်။

ဤဖော်ပြပါအန္တရာယ် ၅-ပါးရှိနေသူများသာ မဂ်တား၊ ဖိုလ်တား အကုသိုလ်ဖြစ်နိုင်ပါသည်။ ကုသိုလ်မှန်သမျှ မဂ်တား ဖိုလ်တား ကုသိုလ်မရှိပါ၊ နှေးနှေးနှင့်မြန်မြန် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်ချည်းပင် ဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ကဖော်ပြခဲ့သော ဒါယကာကြီးဦးထင်ရဲ့ မဂ်တား, ဖိုလ်တား, အကုသိုလ်ဖြစ်ပုံ ဟောပြောချက်သည် မဟာအမှားကြီးဖြစ်၍ အဓမ္မဝါဒ အယူအဆမျှသာ ဖြစ်ပါသည်။ ထို့ကြောင့်-

အမှတ်(၈)နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား- ဤစောဒနာ(၄)အချက်ပါ ဒါယကာကြီးဦးထင်ရဲ့ဟောပြောချက်အားလုံးသည် အဓမ္မဝါဒဖြစ်သည်ဟု ဆုံးဖြတ်ပေးတော်မူကြပါရန် တပည့်တော်များက ထေရဝါဒအယူရှိကြသော ရဟန်းရှင်အားလုံးတို့၏ ကိုယ်စား လျှောက်ထားစောဒနာကြပါသည်ဘုရား။

---

http://www.dhammadownload.com



## စောဒနာ (၅)

**ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာ စောဒနာလွှာ**

အမှတ် (၈)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား၊ ယခု တပည့်တော်များ တင်ပြလျှောက်ထားမည့် စောဒနာသည် ပဋိစ္စသမုပ္ပါဒ် နှင့်ပတ်သက်၍ စောဒနာတင်သွင်း လျှောက်ထားချက်ပါဘုရား-

ယင်းစောဒနာနှင့်သက်ဆိုင်သော ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်များမှာ-

**သက်သေခံတင်ပြထားသော စာအုပ် စာမျက်နှာ(၆)တွင်**

(က) သူတို့စာက ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ၊ အဲဒီလိုဟောတယ်၊ မှတ်ထား၊ မှတ်ထား၊ အဲဒါအမှတ်တွေ အမှတ်တွေ၊ သံသရာက ထွက်ပေါက်မဟုတ်ဘူး၊ သံသရာလည်ကြောင်း တရားတွေ ခေါ် တယ်၊ ဤကဲ့သို့ စသည်ဖြင့် ဟောပြောထားခြင်း၊

(ခ) ထို့ပြင် ယင်းစာအုပ် စာမျက်နှာ(၇)တွင်လည်း- ဝင်လေ လို့လည်း မဆိုရ၊ ထွက်လေလို့လည်းမဆိုရ၊ သိသိလို့လည်း မဆိုရ. ဟုတ် လား၊ လောကသဘာဝ၊ သိတာက သဘော တရား၊ ဟော-အဲဒါ လေးကိုမွေးပြီးတော့ သိနေပေါ့တဲ့ဆိုရင် ဟောအဲဒါကြောင့် လေဆိုတဲ့ပညတ်မရှိသည့်အတွက် သူ့ကိုဖဿပစ္စယာ ဖဿတဲ့၊ ဟော ဖဿပစ္စယာ ဖဿ

http://www.dhammadownload.com



လို့ခေါ်တယ်၊ ကံပြတ်သွားပြီမဟုတ် လားလို့၊ အဲဒါကြောင့် အရိယာအရှင်သူမြတ်တွေနိဗ္ဗာန်ဝင်သွား ကြတဲ့ပုဂ္ဂိုလ်တွေ ဘယ်ကစသွားတုန်း၊ အဲဒီကစသွားတာပါ၊ အဲဒီကစသွားတာ ပါတဲ့ဟုတ်လား၊ အဲဒီတော့ ရှေ့ရှောက်အကျိုး တရားလေး တွေလည်း ပါသွားလိမ့်မယ်နော၊ စောစောစီးစီးကလည်း အပြစ်မတင်ကြနဲ့အုံး၊ အဲဒါကြောင့် ဖဿပစ္စယာ ဖဿ ဖြစ်အောင်ဆရာကောင်းရှာပြီးတော့ ဆရာဆိုတာ အဲဒီရဲ့ ဖဿပစ္စယာ ဖဿဖြစ်အောင်ပေးနိုင်တဲ့ ဆရာကောင်း အရိယာနဲ့ တွေ့မှသာလျှင် ခင်ဗျားတို့ ရကြမယ်တဲ့။

(ဂ) အဲဒီရဲ့ ဖဿပစ္စယာဖဿလို့ခေါ်တာဟာ စာလိုပြောတော့ "ကာယာနုပဿနာ"လို့ခေါ်ပါတယ်တဲ့၊ ကာယာနုပဿနာ လို့ခေါ်ပါတယ်၊ စာအုပ်ထဲမှာ ကာယာနုပဿနာဆိုတာ နာမည်သာပါပါတယ်တဲ့၊ နာမည်သာပါပါတယ်။

(ဃ) နုပဿနာဖြစ်အောင် ပုထုဇဉ်ချင်းမပေးနိုင်ပါဘူးတဲ့၊ နုပဿနာ ဖြစ်အောင် ပုထုဇဉ်ချင်း မပေးနိုင်ပါဘူးတဲ့၊ အရိယာနဲ့ တွေ့မှသာ လျှင်နုပဿနာ ဖြစ်အောင် ပေးနိုင်ပါတယ်၊ အဲဒါကြောင့် နုပဿနာဖြစ်မှသာလျှင် အကြောင်းတရား ဖြစ်မှအကျိုးတရား နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်တဲ့။
ဤကဲ့သို့ စသည်ဖြင့် ဟောပြောထားခြင်း၊
ယင်းဟောပြောချက်များတွင် စောဒနာနှင့်ဆိုင်ရာဆိုလိုရင်းကို ကောက်ချက်ချပါက-

http://www.dhammadownload.com



(၁) ဘုရားဟော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ဖဿပစ္စယာ ဖဿဟု ကမောက်ကမလုပ်၍ ဟောပြောထားကြောင်း၊

(၂) ဖဿပစ္စယာဖဿဖြစ်သည်ကို "ကာယာနုပဿနာ"ခေါ်ဆိုကြောင်း၊

(၃) အရိယာပုဂ္ဂိုလ်များမှသာ နုပဿနာဖြစ်အောင် ကမ္မဋ္ဌာန်းနည်း ပေးနိုင်ကြောင်း၊

(၄) ပုထုဇဉ်ကမ္မဋ္ဌာန်းဆရာမရှိနိုင်ဟု ဆိုလိုရာရောက်နေကြောင်းများကို အဓိကအချက်များအဖြစ်ဖြင့် တွေ့ရှိရပါသည်။ ယင်းအချက်များမှာ အဓမ္မဖြစ်နေကြောင်းမှာလည်း ထင်ရှားလှပါသည်ဘုရား။

**ရှင်းလင်းချက်**

၁။ နံပါတ်အချက်နှင့်ပတ်သက်၍၊ ထေရဝါဒပါဠိတော်များစွာ၌-

(က) အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာဖဿော၊ ဖဿပစ္စယာ ဝေဒနာ-စသည်ဖြင့် အဝိဇ္ဇာ ကြောင့် သင်္ခါရ၊ သင်္ခါရကြောင့်ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ် ရုပ်ကြောင့်သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာဖြစ်ကြောင်းကို လည်းကောင်း။

(ခ) စက္ခုံ့ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ-စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



ဒေသနာတော် အကြောင်းတရားများကိုစွဲ၍ အကျိုးတရားတို့ အကြောင်းအကျိုးဆက်စပ်၍ ဖြစ်ပေါ်နေပုံကို သဗ္ဗညုတ ဉာဏ်တော်အာရုံဖြင့် ဒေသနာတော်အစုံအစုံတို့ဖြင့် ထေရဝါဒပါဠိတော်အဋ္ဌကထာ ဋီကာအဖုံဖုံတို့၌ ဟောပြော မိန့်ဆိုထားသည်မှာ အထင်အရှား ရှိပါသည်။

ယင်း(ခ)အရ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းသည် ပစ္စုပ္ပန် အခိုက်အတန့် ဒွါရ-၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါးတို့ ဖြစ်ပေါ်လာသောအခါ ဖဿတရား၊ ဝေဒနာတရား စသည်များ အကြောင်းအကျိုး ဆက်စပ်ပေါ်လာပုံကို တိတိ ကျကျ ဘုရားရှင် ညွှန်ကြားဟောကြားထားသောကြောင့် ဝိပဿနာအရာ၌ အကြွမ်းဝင်လှလို့ ဝိပဿနာ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဟု ခေါ်ဆိုပါက လွဲစရာပင်မရှိနိုင်ပါ။

ယင်း (ခ)အရ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းမှာ စက္ခုဒွါရ မျက်စိပေါက်၌-

(၁) စက္ခုပသာဒခေါ် မျက်စိအကြည်ရုပ်

(၂) ရူပါရုံခေါ် အဆင်းအမျိုးမျိုး
ယင်းရုပ်တရား ၂-မျိုးဖြစ်မှုကို အကြောင်းသမူအစွဲပြု၍၊

(၃) စက္ခုဝိညာဏ်ခေါ် မြင်သိမှုသဘော နာမ်တရား(စိတ်) တစ် မျိုးဖြစ်ပေါ်ရပြီး ယင်းဖော်ပြပြီးတရား(၃)မျိုးတို့၏ ပေါင်းဆုံမှုရှိသောကြောင့် ဖဿခေါ် တွေ့ထိမှု သဘော

http://www.dhammadownload.com



တရားများ ဖြစ်ရသည်။ တွေ့ထိမှုသဘော ဖဿဖြစ်ပေါ် လာမှုကြောင့် ဝေဒနာခေါ် ခံစားမှု သဘောတရား အမျိုးမျိုးတွေ ဖြစ်လာကြရသည်ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ သည်။ ဤ၌ သောတဒွါရစသော ကျန်ဒွါရအာရုံ ဝိညာဏ် ဖြစ်ပေါ်ပုံနှင့် ဖဿတရား၊ ဝေဒနာတရားများ ဖြစ်ပေါ်ပုံများကို ကျယ်မည် စိုး၍ ဆက်လက်တင်ပြ မလျှောက်ထား ကြတော့ပါ၊ ဤမျှဖြင့် လည်း ဖဿတရားဖြစ်ပေါ်လာပုံကို ရှင်းပြချက်ဖြင့် လုံလောက်သည်ဟု ယူဆမိကြပါသည်။

ဤရှင်းလင်းတင်ပြလျှောက်ထားချက်အရ ပဋိစ္စသမုပ္ပါဒ် နယ ဒေသနာ၌ ဖဿတရားကြောင့်သာ ဝေဒနာတရားများ အကြောင်း အကျိုးဆက်စပ်၍ ဖြစ်ပေါ်နေကြောင်းမှာ ထင်ရှားလှပါသည်။ ပဋိစ္စ သမုပ္ပါဒ် နယဒေသနာတော်အရမှာ ဖဿကြောင့် ဖဿဖြစ်တယ်လို့ ဆိုလို့ မရနိုင်ပါဘုရား။

ဤကား (၁) နံပါတ် ကောက်ချက်အရ-

ဘုရားဟော ပဋိစ္စသမုပ္ပါဒ် နယဒေသနာတော်ကြီးကို ဘုရားရှင် ဟောကြားတော်မူချက်နှင့် အလွဲကြီးလွဲ၊ အမှားကြီးမှားအောင် ဒါယကာ ကြီးဦးထင်က ကမောက်ကမ ဟောပြောပြသထားသည်မှာ အမွေ ဝါဒပင် ဖြစ်ပါသည်။

၂။ နံပါတ်ကောက်ချက်အရ ဖဿပစ္စယာဖဿကို ကာယာ နုပဿနာဟု ခေါ်ဆိုနိုင်ကြောင်းမှာ-

ကာယေတိ ရူပကာယေ ရူပကာယောတိ ဟိ ဣဓ

http://www.dhammadownload.com



အင်္ဂပစ္စင်္ဂါနံ ကေသာဒီနဉ္စ ဓမ္မာနံ သမူဟဋ္ဌေန ဟတ္ထိ ကာယ ရထကာယာ ဒယော ဝိယ ကာယောတိ အဓိပ္ပေ တော။

ကုစ္ဆိတာ ကေသာဒယော ဣတိ ကုစ္ဆိတာနံ အာယောတိ ကာ ယော ကာယာနုပဿီတိ ကာယံ အနုပဿနသီလော၊ ကာယံ ဝါ အနု ပဿမာနော။ ဝိဘင်္ဂေ ပန အနုပဿီတိ ဧတ္ထ မတကာ အနုပဿနာ။ ယာ ပညာ ပဇာနနာ၊ ပ၊ သမ္မာဒိဋ္ဌိ၊ အယံ ဝုစ္စတိ အနုပဿီတိ။ (မ-ဋ္ဌ။၁။ ၂၄၆၊ ၂၄၉)

ဤပါဠိများဖြင့် (၁) ကာယာနုပဿနာ (၂)ကာယာနုပဿီ ၂-မျိုး ခေါ်ဆိုရပုံများမှာ ကာယအရ ရူပကာယ ရုပ်တရား အပေါင်းကို အင်္ဂါကြီးငယ်ဖြစ်ကုန်သော ဆံပင်စသောတရားတို့ ၏ အပေါင်းအစု ဟူသော အနက်သဘောကြောင့် ဟတ္ထိကာယ-ဆင်အပေါင်း၊ ရထ ကာယ-ရထားအပေါင်း စသည်တို့ကို ကာယဟုပေါ်ဆိုရသလို ဤ ကာယာနုပဿနာပုဒ်၌ ကာယဟု ခေါ်ဆိုရသည်ကိုလည်းကောင်း၊ စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်ကုန်သော ဆံပင်စသည်တို့၏ ဖြစ်ရာတည်ရာ ဖြစ်သောခန္ဓာကို ကာယ(ကိုယ်)ဟု ခေါ်ဆိုရသည်ကိုလည်းကောင်း၊ ယင်းရူပကာယကို အဖန်ဖန်ရှုတတ် (သိမြင်တတ်)သော သမ္မာ ဒိဋ္ဌိပညာကို အနုပဿနာဟု ခေါ်ဆိုရသည်ကို လည်းကောင်း၊ ယင်းသမ္မာဒိဋ္ဌိ ပညာနှင့်ပြည့်စုံသူကို အနုပဿီပုဂ္ဂိုလ်ဟု ခေါ်ဆို ရသည်ကို လည်းကောင်း ဤကဲ့သို့ အသီးသီး ခေါ်ဆိုရပါသည်။ ဤ၌ဆိုလိုသည်မှာ ကာယာနုပဿနာပုဒ်၌-

(၁) ကာယအရ- ရူပကာယ ရုပ်တရားအပေါင်း၊

(၂) အနုပဿနာအရ- ယင်းရူပကာယကို အဖန်ဖန်ရှုတတ်သော သမ္မာဒိဋ္ဌိပညာ၊

http://www.dhammadownload.com



(၃) အနုပဿီအရ- သမ္မာဒိဋ္ဌိပညာနှင့် ပြည့်စုံသူ

ဤကဲ့သို့ ခေါ်ဆိုရ၍ ဖဿပစ္စယာဖဿကိုကာယာနုပဿနာဟု မခေါ်ဆိုနိုင်ဟု ဆိုလိုပါသည်။ ထို့ကြောင့် ဖဿပစ္စယာဖဿကို ကာယာနုပဿနာဟု ဟောပြောခြင်းသည် အမှပင် ဖြစ်ပါတော့သည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား-
ယင်းဝေဒနာလွှာတွင်-ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောထားသော ကောက်ချက် (၃) နံပါတ်နှင့် (၄)နံပါတ်တို့အရ-

(၁) အရိယာပုဂ္ဂိုလ်ဖြစ်မှ နုပဿနာဖြစ်အောင် ကမ္မဋ္ဌာန်းနည်းပေးနိုင်သည်ဟု ဟောပြောထားခြင်း၊

(၂) ပုထုဇဉ်ကမ္မဋ္ဌာန်း ဆရာမရှိဟု ဆိုရာရောက်နေသည်ကို ဟောပြောထားခြင်း၊ ယင်း ဟောပြောချက်များသည် အောက်ဖော်ပြ လတ္တံ့ပါ ထေရဝါဒ ကျမ်းစကားများနှင့်မညီ၊ ဆန့်ကျင်သော ဟောပြောချက်များ ဖြစ်နေပါသည် ဖြစ်ကြောင်းမှာ-

ပါရာဇိကဏ် - ဋ္ဌ - ပ - ဆဋ္ဌ - နှာ (၂၁) ၌-
"ဧဝံ ဝိသုဒ္ဓသီလေန ပန။ လ။ ဗုဒ္ဓပုတ္တာသ သန္တိကေဉဂ္ဂ-
ဟေတဗ္ဗံ"အစရှိသည်ဖြင့် မိန့်ဆိုထားသည်နှင့်အညီ-

(၁) ရဟန္တာ

(၂) အနာဂါမ်

(၃) သကဒါဂါမ်

http://www.dhammadownload.com



(၄) သောတာပန်

(၅) အာနာပါန စတုတ္ထဈာန်ရသူ

(၆) ပါဠိတော်အဋ္ဌကထာ၌ မတွေ့ဝေ သိနိုင်သော စာပေ ကျမ်း ဂန်တတ် ဆရာကောင်း ဆရာမြတ်ဟူ၍ ကမ္မဋ္ဌာနာစရိယ- ကမ္မဋ္ဌာန်းဆရာ ၆-ယောက်ကို ဖော်ပြပါရှိသည်ကို ထောက်၍လည်းကောင်း၊

ထို့ပြင် ဝိသုဒ္ဓိမဂ္ဂ-ဋ္ဌ-ပ-ဆဋ္ဌ-နှာ-၉၄-၌လည်း-

တသ္မာ သစေ ခီဏာသဝံ လဘတိ။ ဣစ္စေတံ ကုသလံ၊ နော စေ လဘတိ၊ အနာဂါမိသကဒါဂါမိသောတာပန္နဈာနလာဘိပုထုဇ္ဇန တိပိဋကဓရ ဒွေပိဋကဓရေသု ပုရိမဿ ပုရိမဿ သန္တိကေ၊ ဧကပိဋကဓရေ အသတိ ယဿ ဧကသင်္ဂီတိပိ အဋ္ဌကထာယ သဒ္ဓိံ ပဂုဏာ၊ အယဉ္စ လဇ္ဇီ ဟောတိ၊ တဿ သန္တိကေ ဂဟေတဗ္ဗံ- စသည်ဖြင့် မိန့်ဆိုတော်မူကာ ကမ္မဋ္ဌာနဒါယက ကလျာဏမိတ္တ ပုဂ္ဂိုလ်များကို ညွှန်ပြထားပါသည်။ ယင်းညွှန်ပြထားသော ပုဂ္ဂိုလ် များတွင်-

(၁) ဈာနလာဘီ လောကီဈာန်ရပုထုဇဉ်ပုဂ္ဂိုလ်၊

(၂) တိပိဋကဓရ (ဒွိပိဋကဓရ)ဧကပိဋကဓရ တစ်ခုသောသံဂီတိကို လည်း အဋ္ဌကထာနှင့်တကွ လေ့လာသင်ကြားဖူးသော လဇ္ဇီ ပုထုဇဉ်ပုဂ္ဂိုလ်များဖြစ်ကြသော ကမ္မဋ္ဌာနာစရိယ-ကမ္မဋ္ဌာန်း နည်းပေးနိုင်သူများတွင် ပါဝင်နေသော အကြောင်းကို ထောက်ဆ၍လည်းကောင်း၊ အထက်ကဖော်ပြပြီး ဒါယကာ ကြီး ဦးထင်ရဲ့ ဟောပြောချက်တွင်ပါ ကောက်ချက်(၃)

http://www.dhammadownload.com



(၄)တို့အရ ဟောပြောထားချက်များသည် ထေရဝါဒ အယူအဆများနှင့် လွဲမှားနေသောကြောင့် အဓမ္မဝါဒ အယူအဆများသာ ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဤသို့ ရှင်းလင်းဖော်ပြခဲ့ပြီးသော ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်များသည် အဓမ္မဝါဒများဖြစ်သည်ဟု ဆုံးဖြတ်ပေးတော်မူပါရန် ရိုသေစွာလျှောက်ထား စောဒနာကြပါသည်ဘုရား။

## ဒွါရဝိမုတ်ဆိုင်ရာ စောဒနာလွှာ(၆)

အမှတ်(၈)နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဤစောဒနာလွှာနှင့်ပတ်သက်၍ ရှေးဦးစွာ ဒါယကာကြီး ဦးထင်ရဲ့ဒွါရဝိမုတ်ဆိုင်ရာ ဟောပြောချက်ကို အနည်းငယ်မျှ ထုတ်ဖော်တင်ပြလျှောက်ထားပါမည်။

ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်မှာ-

သက်သေခံစာအုပ်စာမျက်နှာ (၁၆/က)တွင် ယောကျ်ားတွေ၊ မိန်းမတွေ၊ နေ့လည်၊ ည၊ ငါ့ဟာ၊ သူ့ဟာ မလုပ်တတ်တာ အဲဒါဒွါရဝိမုတ်ခေါ်ပါတယ်၊ အဲဒါ ဒွါရဝိမုတ်ဖြစ်မှ ပညတ်လွတ်ပါတယ်၊ အဲဒါ ပညတ်လွတ်မှ ပရမတ်ခေါ်ပါတယ်၊

ဤကဲ့သို့ စသည်ဖြင့် ပေါက်ကရ ဝေဖန်ဟောပြောထားသည်ကို တွေ့ရှိရပါသည်ဘုရား။

ထွန်တုံး (၆)

http://www.dhammadownload.com



ယင်းဟောပြောချက်ကို ရှင်းလင်းဖော်ပြလျှောက်ထားရမှာပင် "ယိုသူမရှက် မြင်သူရှက်"ဆိုသော စကားလိုဖြစ်နေပါ၍ ယင်းဒွါရဝိမုတ္တ (ဒွါရဝိမုတ်)ဆိုင်ရာနှင့် ပတ်သက်၍၊ ထေရဝါဒ အယူအဆကို တင်ပြ လျှောက်ထားကြပါမည်။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၊ ပကိဏ္ဏကပရိစ္ဆေဒ၊ ဒွါရသင်္ဂဟ ၌

ဧကူနဝီသတိ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ဒွါရဝိမုတ္တာနိ။

**အနက်ကား။** ။ ဧကူနဝီသတိ၊ တစ်ခုယုတ် နှစ်ဆယ်သော စိတ်တို့သည်။ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန၊ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတို့၏ အစွမ်းအားဖြင့်။ ဒွါရဝိမုတ္တာ နိနာမ၊ ဧကန် ၆- ဒွါရ မလွတ်သော စိတ်တို့မည် ကုန်၏။

**အဓိပ္ပါယ်ကား။** ။ တစ်ခုယုတ်နှစ်ဆယ်သောစိတ်တို့သည် (၁) ပဋိသန္ဓေကိစ္စ၊ (၂) ဘဝင်ကိစ္စ၊ (၃) စုတိကိစ္စတပ်သဖြင့် ဧကန် ၆ ဒွါရမှ လွတ်သော စိတ်တို့မည်ကုန်၏။

ယင်းပါဠိ၌ ဒွါရဝိမုတ်စိတ်တစ်ခုယုတ်နှစ်ဆယ်အရမှာလည်း အဆိုပါအဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာဒွါရသင်္ဂဟ၌ပင်-

တတ္ထ ဒွေ ဥပေက္ခာသဟဂတသန္တီရဏာနိ စေဝ အဋ္ဌ မဟာ ဝိပါကာနိ စ နဝရူပါရူပဝိပါကာနိစေတိ ဧကူနဝီသတိ စိတ္တာနိ၊ ပဋိသန္ဓိဘဝင်္ဂစုတိကိစ္စာနိ နာမ။

ယင်းပါဠိအရ-

(၁) ဥပက္ခာသဟဂုတ်သန္တီရဏ နှစ်ခု

(၂) မဟာဝိပါက်စိတ်ရှစ်ပါး

http://www.dhammadownload.com



(၃) မဟာဂ္ဂုတ်ဝိပါက်စိတ် ကိုးပါးအားဖြင့် ဒွါရဝိမုတ်စိတ် တစ်ခုယုတ်နှစ်ဆယ် (၁၉)ကို အရကောက်ယူရပါသည်။

ယင်းတစ်ခုယုတ်နှစ်ဆယ်သောစိတ်တို့ကို ဒွါရဝိမုတ်ခေါ်ရခြင်း အကြောင်းကို (အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ၁၂၈)၌ -

"စက္ခာဒိဒွါရေသု အပ္ပဝတ္တနတော မနောဒွါရသင်္ခါတ ဘဝင်္ဂတော အာရမ္မဏန္တရဂ္ဂ ဟနဝသေန အပ္ပဝတ္တိတော စ ပဋိသန္ဓာဒိဝသေန ပဝတ္တာနိ ဧကူနဝီသတိ ဒွါရဝိမုတ္တာနိ"

ဟု မိန့်ဆိုထားပါသည်။

ယင်းဋီကာပါဠိအရ စက္ခုအစရှိသော ဒွါရတို့၌ ဝါ စက္ခု သောတ ဃာန ဇိဝှါကာယ-ဟု ဆိုအပ်သော ၅-ဒွါရတို့၌ မဖြစ်သော ကြောင့်လည်းကောင်း၊ မနောဒွါရဟု ဆိုအပ်သော ဘဝင်မှ အာရုံ ဝာစ်ပါးကို ယူသည်၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် လည်း ကောင်း ပဋိသန္ဓေအစရှိသော သုံးကိစ္စတို့၏ အစွမ်းအားဖြင့် ဖြစ်နေသော တစ်ခုယုတ်နှစ်ဆယ်သော စိတ်တို့သည် ဒွါရဝိမုတ္တ (ဒွါရဝိမုတ်) ၆ ဒွါရမှလွတ်သော စိတ်တို့မည်၏ဟု မိန့်ဆိုသောကြောင့် ဖော်ပြပြီး တစ်ခုယုတ်နှစ်ဆယ်တို့သည် မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောဘဝင် စိတ်ပေါက် ဟူသော ဒွါရ ၆-ပါးမှ လွတ်၍ဖြစ်သော စိတ်တို့ဟူ၍ ခေါ်ဆိုရ ပါသည်။

ဤအထက်ဖော်ပြပါ ထေရဝါဒအယူအဆကို ထောက်ဆ ပါလျှင် ဒါယကာကြီး ဦးထင်ဟောပြောသော ဒွါရဝိမုတ်ခေါ်ဆိုရပုံ ဟောပြော ချက်မှာ မဟာအမှားတော်ကြီး ဖြစ်ပါ၍ အဓမ္မဝါဒ ဖြစ်ကြောင်းကို ထင်ရှားသိသာလှပါသည်ဘုရား။

http://www.dhammadownload.com



အမှတ် (၈) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဒါယကာကြီး ဦးထင် ဟောပြောသော ဒွါရဝိမုတ်ဆိုင်ရာ အယူအဆဟောပြောချက်များကို အမေ့ဝါဒဟု ဆုံးဖြတ်ချက်ချပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားစောဒနာကြပါသည်ဘုရား။

## စောဒနာ (၇)
## နာမ်ရုပ်တရား (နာမ်မည်ပုံ) ဆိုင်ရာ
## စောဒနာလွှာ (၇)

အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဒါယကာကြီး ဦးထင် ဟောပြောသော နာမ်ရုပ်တရားနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။

### ဒါယကာကြီးဦးထင် ဟောပြောချက်များ

(က) လောဘ, ဒေါသမရှိလို့ နာမ်တရားလို့ ခေါ်ရတယ်၊

(ခ) အဲဒီစိတ်ကလေးမှာ လောဘ, ဒေါသမရှိလို့ နာမ်တရားဖြစ်နေလို့ လေကို ရုပ်တရားလို့ ခေါ်ရတယ်၊ ဒီအတိုင်း နာမ်တရားမဟုတ်ဘူးနော်၊ ဒီအတိုင်း နာမ်တရားမဟုတ်ဘူး၊

(ဂ) သိတဲ့စိတ်ကလေးမှာ လောဘ, ဒေါသမရှိမှ နာမ်တရားခေါ်တယ်၊

(ဃ) သိတဲ့စိတ်ကလေးမှာ လောဘ, ဒေါသမရှိလို့ နာမ်တရား

http://www.dhammadownload.com



ဖြစ်မှ မြင်သမျှ ကြားသမျှ ရုပ်တရားလို့ခေါ်တာ။
(ဒါယကာကြီး ဦးထင်၏ သက်သေခံစာအုပ် နှာ-၄၈/၄၉)မှ

၎င်းအထက်ပါ ဟောပြောချက်တွင်-

(၁) လောဘ, ဒေါသမရှိသောကြောင့် နာမ်တရားလို့ ခေါ်ရကြောင်း၊

(၂) လောဘ, ဒေါသမရှိသော နာမ်တရား ဖြစ်သောကြောင့် (လေ)ကို ရုပ်တရားလို့ ခေါ်ရကြောင်းဟု နာမ်တရားမည်ပုံနှင့် နာမ်ရုပ်ခေါ်ရကြောင်းဟု နာမ်တရားမည်ပုံ, နာမ်ရုပ်ခေါ်ရပုံ အကြောင်းများကို ဟောပြောသင်ကြား ထားသည်ကို လေ့လာဖတ်ရှု တွေ့ရှိရပါသည်။

ယင်းဟောပြောချက်တွင် ထေရဝါဒကျမ်းဂန်များ၌ ဟောကြားမိန့်ဆိုချက် အယူအဆများနှင့် ပြဒါးတလမ်း သံတလမ်းလို ဖြစ်နေသည်ကို အောက်ဖော်ပြလတ္တံ့ပါ ကျမ်းဂန်များအရ သိနိုင်ပါသည်။

## ရှင်းလင်းတင်ပြလျှောက်ထားချက်ပါဘုရား

ရုပ်တရားဆိုင်ရာ ဘုရားဟော ဓမ္မသင်္ဂဏီပါဠိ ဆဋ္ဌ နှာ-၂၅၀- ၌

(က) ကတမေ ဓမ္မာရူပိနော (အမေးပါဠိ)
အဘယ်တရားတို့သည် ရုပ်မည်ကုန်သနည်း (မေး)

(ခ) စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ ဣမေ ဓမ္မာ ရူပိနော။ (အဖြေပါဠိ)

မဟာဘုတ် (၄)ပါး၊ မဟာဘုတ် (၄)ပါးတို့ကို စွဲ၍ဖြစ်သော ဥပါဒါရုပ် ၂၄-ပါး=၎င်း ၂၈-ပါး တရားတို့သည် ရုပ်မည် ကုန်၏။ (ဖြေ)

http://www.dhammadownload.com



တစ်ဖန်နာမ်တရား ပိုင်းဆိုင်ရာ ဖော်ပြပြီး ပါဠိတော်၌ပင်

(က) ဇ ကမေ ဓမ္မာ အရူပိနော။ (အမေးပါဠိ)
အဘယ်တရားတို့သည် နာမ်မည်ကုန်သနည်း။ (အမေး)-

(ခ) ဝေဒနာက္ခန္ဓော။လ။ ဝိညာဏက္ခန္ဓော အသင်္ခတာ စ ဓာတု။
ဣမေ ဓမ္မာ အရူပိနော (အဖြေပါဠိ)

၁။ ဝေဒနာက္ခန္ဓာ -ခံစားမှုဝေဒနာ စေတသိက်တရားစု

၂။ သညာက္ခန္ဓာ -မှတ်သားမှုသညာ (တရားစု)

၃။ သင်္ခါရက္ခန္ဓာ -ပြုပြင်မှုဝေဒနာနှင့်သညာ စေတသိက် ၂-ပါးမှ ကျန်စေတသိက်ငါးဆယ်တရားစု

၄။ ဝိညာဏက္ခန္ဓာ-အာရုံကိုသိတတ် (ကြံစည်တတ်) သော အကျဉ်းအားဖြင့် စိတ်-၈၉-ခု အကျယ် ၁၂၁-ပါး (နာမ်) တရားစု ဤနာမ်ခန္ဓာ တရား ၄-ပါးနှင့်

၅။ အသင်္ခတ နိဗ္ဗာန်တို့သည် နာမ်မည်ကုန်၏ (၆၂)

ဤပါဠိတော်အရ ရုပ်တရားအရနှင့် နာမ်င ျားများအရ သရုပ်တရား ကိုယ်များမှာ ထင်ရှား သိသာလှပါသည်၊ အထူးရှင်းလင်း တင်ပြလျှောက်ထားရန်ပင် မလိုတော့ပါဘုရား။

အမှတ် (ဂ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ဘုရား-

ရုပ်နှင့်နာမ်မည်ခြင်း အကြောင်းကို ဆက်လက်ရှင်းလင်း တင်ပြ လျှောက်ခွင့်ပြုတော်မူကြပါဘုရား-

http://www.dhammadownload.com



ဖော်ပြပြီး ဓမ္မသင်္ဂဏီပါဠိတော်ကြီး၏အဖွင့် အဘိဓမ္မာပိဋက အဋ္ဌသာလိနီအဋ္ဌကထာ (၁) စိတ္တုပ္ပါဒကဏ္ဍ၊သုတ္တန္တိကဒုကမာတိကာ ပဒဝဏ္ဏနာ ဆဋ္ဌ နှာ-၉၄-၌ ဖွင့်ဆိုတော်မူခဲ့သည်မှာ-

(က)နာမကရဏဋ္ဌေန၊ နမနဋ္ဌေန၊ နာမနဋ္ဌေ စ နာမံ။ (နာမ်မည်ပုံ အကြောင်း ဖွင့်ဆိုချက်)

(ခ) ရုပ္ပနဋ္ဌေန ရူပံ= (ရုပ်မည်ပုံအကြောင်း ဖွင့်ဆိုချက်) အထက်ဖော်ပြပါ (က)အရ နာမသဒ္ဒါကို-

(၁) နမတီတိ နာမံ၊ နမတိမတ္တာဟိ နာမံ ကတ္တုအဓိကရဏသာဓနဟု ဝိဂ္ဂြိုဟ်ပြု၍ အာရုံသို့ ညွတ်တတ်၊ ကိုင်းတတ်၊ ရှိုင်းတတ်သောကြောင့် လည်းကောင်း၊ အာရုံရှိရာ သို့ ညွတ်ကိုင်းရှိုင်းရာ ကိုင်းရှိုင်းကြောင်း ဖြစ်သောကြောင့်လည်းကောင်း နာမ်ဟု ခေါ်ရ၏။ ယင်းနာမ်အရ စိတ် စေတသိက်တရား အားလုံးရ၏။

ထို့ပြင်နာမသဒ္ဒါကို-

(၂) နာမေတီတိ နာမံ- (ဟေတုကတ္တုသာဓန) ဝိဂ္ဂြိုဟ်ဆိုရ၍ အာရုံသို့ညွတ်စေ ကိုင်းစေတတ်သောသတ္တိကြောင့် နာမ်ဟုခေါ်ရ၏။ အဘိဓေယျတ္ထ အရကောက်မှာ အသင်္ခတဓါတ် (နိဗ္ဗာန်) နာမ်တရားအုပ်စုထဲမှ ခွဲခြားပြီး သီးခြားကောက်ယူရသည်။ ဤ၌ အနည်းငယ်ရှင်းလင်းပြပါဦးမည်ဘုရား။ နိဗ္ဗာန်ကို နာမ်တရားအုပ်စုထဲတွင် ပါဝင်ကောက်ယူထားသော်လည်း စိတ်စေတသိက် နာမ်

http://www.dhammadownload.com



တရားများကဲ့သို့ အာရုံသို့ ညွှတ်တတ် (သိတတ်) သောကြောင့် နာမ်ဟု အမည်တပ်ခေါ် ရခြင်း မဟုတ်ပါဘုရား၊ အမှန်မှာ-နိဗ္ဗာန်ကို နာမ်ဟုခေါ်၍ နာမ်တရားအုပ်စုထဲမှာ ပါဝင်နေခြင်းမှာ နိဗ္ဗာန်သည်ပရမတ်အစစ် ခေတ်အနှစ်ဖြစ်၍ ပညတ်တရားကဲ့သို့ ရုပ်နာမ်တရားအုပ်စုမှ အလွတ်ကြဉ်ဖယ်ထားလို့ မဖြစ်ပါ။ သို့အတွက် မဂ်စိတ်-ဖိုလ်စိတ် (မဂ်ဉာဏ်-ဖိုလ်ဉာဏ်) အာရမ္မဏိက အကျိုးပစ္စယုပ္ပန္နဓမ္မတရားများကို နိဗ္ဗာန်ဟူသော အာရုံပစ္စည်းတရားက မိမိသို့ညွှတ်စေတိုင်းစေ ရှိုင်းလာစေတတ်သော သဘောရှိသော ရှိပါသည်၊ ဆိုလိုရင်းမှာ (နိဗ္ဗာန်သည် သူရှိရာသို့ မဂ်စိတ် ဖိုလ်စိတ် (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်) များကို ပစ္စက္ခ မျက်မှောက်ထင်ထင် တွေ့မြင်သိရှိရသောကြောင့် နိဗ္ဗာန်အာရုံက အာရမ္မဏိက ဇော် အနေဇော် အာရုံပြုနိုင်သော လောကီ လောကုတ္တရာ စိတ်များကို သူရှိရာသို့ အာရုံပြုသောအားဖြင့်ဖြစ်ပေါ် မှုကို အကြောင်းပြု၍ နိဗ္ဗာန်ကို နာမ်ဟု ခေါ် ရခြင်း ဖြစ်ပါသည်။

ဤအယူအဆများမှာ ဖော်ပြပါ ဗုဒ္ဓဝါဒခေါ် ရသော ထေရဝါဒ အယူဖော်ပြသော ကျမ်းအဆိုအရ ဖြစ်ပါသည်။

ထို့ကြောင့် အထက်က ဖော်ပြခဲ့ပြီးသော ဒါယကာကြီး ဦးထင်ရဲ့ နာမ်တရားနှင့် နာမ်တရားခေါ် ရပုံ ဟောပြောချက်နှင့် ပြဒါးတလမ်း သံတလမ်း ဖြစ်နေသည်ကို တွေ့ရှိရပါသည်ဘုရား။

http://www.dhammadownload.com



ထို့ပြင် ရုပ်တရားမည်ပုံ အကြောင်းမှာလဲ-
အဋ္ဌသာလိနီ-ဌ-နှာ-၂၅၀-၌-

(က) ရုပ္ပနဋ္ဌေန ရူပံ၊
အဘိဓမ္မတ္ထဝိဘာဝနိဋီကာ ၇၅-၌လည်း-

( ခ) ရုပ္ပတီတိ ရူပံ၊ သီတုဏှာဒိဝိရောဓိ ပစ္စယေဟိ ဝိကာ-
ရမာ ပဇ္ဇတီ၊ အာပါဒိယတီတိ ဝါ အတ္တော-

စသည်ဖြင့် ရုပ်မည်ပုံများကို သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိဟူသော ဘုရားဟောပါဠိတော် သာဓကပြ၍ ကျယ်ဝန်းစွာ ဖွင့်ဆိုထားပါ သည်ဘုရား။

ယင်းအဋ္ဌကထာ၊ ဋီကာကျမ်းများအရ ရုပ်တရားမည်ပုံ အကြောင်း အရာများကို တင်ပြလျှောက်ထားပါက အတိဝုတ္တ ဒေါသနှင့် နိရတ္ထက ဒေါသ သင့်ဖို့သာရှိ၍ ရုပ်တရားနှင့်ပတ်သက်၍ အကျယ်မတင်ပြ မလျှောက်ထားတော့ပါ၊ ရုပ္ပတီတိရူပံ-ဟူသော ကတ္တု သာဓက ဝိဂြိုဟ် အရ အအေး၊ အပူအစရှိသော ဝိရောဓိ-ဆန့်ကျင်ဖက် အကြောင်း တို့ကြောင့် ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်တတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုတို့၌ရှိသော နာမ်တရားလို မသိမကြံစည်တတ်သော ရုပ်ဝတ္ထုတရားစုကို ရုပ်ဟုအမည်တပ် ခေါ်ကြရပါသည်။ အကျဉ်းချုပ် မှတ်ရန်မှာ မသိလျှင်ရုပ်၊ သိလျှင် နာမ်။ မသိတတ်သော တရားစုမှန် သမျှ ရုပ်ဟုခေါ်ရပြီး သိတတ် (ကြံစည်တတ်) သော နာမ်အမည်ခံ စိတ်စေတသိက်တရားစုကို နာမ်ဟုခေါ်ရပါသည်။ နိဗ္ဗာန်ကိုတော့ သိတတ် ကြံစည်တတ်လို့ နာမ်ဟု ခေါ်ရခြင်းမဟုတ်ပဲ၊ အာရမ္မဏိက ပစ္စုပ္ပန် တရားများကို သူ့စီသို့ညွတ်စေ (အာရုံပြုစေ)တတ်သော

http://www.dhammadownload.com



သဘောရှိလို့ နာမ်ဟု အမည်တပ်၍ ပညတ်တရားများထက် အမည်ထူးတပ်၍ ခေါ်ရပါသည်၊ သို့ရာတွင် နိဗ္ဗာန်မှာ နာမ်ထူး(ရုပ်ထူး) ရှိသည်ဟုလည်း မယူဆနိုင်ပါ။ အကယ်၍ ယူဆပါက ထေရဝါဒနှင့် မညီညွတ်သော အယူအဆဝါဒသာလျှင် ဖြစ်ပါသည်။

ထို့ကြောင့် ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောသင်ပြချက် များ၌ နာမ်တရားနှင့် နာမ်မည်ခြင်း အကြောင်းပြချက်မှာ အဓမ္မဝါဒ အယူအဆဖြစ်နေသည့် အပြင် ရုပ်တရားဖြစ်သော "လေ"ကို လည်းလောဘ၊ ဒေါသမရှိသော နာမ်တရားဖြစ်နေလို့ ရုပ်တရားလို့ ခေါ်ရကြောင်း ဟောပြောထားခြင်းသည် လောဘ၊ ဒေါသမရှိသော နာမ်တရားဖြစ်သောကြောင့် နာမ်တရားလို့ ခေါ်ရသည်ဟု ရုပ်တရားမည်ခြင်း အကြောင်းတစ်ရပ်ကို သာဓက၊ အာဂမယုတ္တိများနှင့် သဘာဝယုတ္တိများ ကင်းမဲ့စွာ ထင်မိထင်ရာ ဟောပြောချက်များ ဖြစ်ပါ၍ အဓမ္မဝါဒသာ ဖြစ်ကြောင်းကို ဝိနိစ္ဆယ ချပေးတော်မူကြပါဘုရား။

## စောဒနာ (၈)

## ဉာဏဝိပဿနာနှင့် သီလ သမာဓိ ပညာ

## စောဒနာလွှာ (၈)

အမှတ် (၈) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား၊ ဒါယကာကြီးဦးထင် ဟောပြောသော သမထ ဝိပဿနာနှင့် သီလ သမာဓိ ပညာဟောပြောမှုဆိုင်ရာ စောဒနာချက်ပါဘုရား-

**ဒါယကာကြီးဦးထင် ဟောပြောချက်များ**

(က) အဲဒီ မိမိခန္ဓာကိုယ်ကြီး အသုဘကြီးမြင်ရတာက ဝိပဿနာတဲ့၊

http://www.dhammadownload.com



(ခ) ဗဟိဒ္ဓ အသုဘက သမထတဲ့၊

(ဂ) နှာသီဝ ဝင်လေထွက်လေ တိုးထိတာ သိနေတာက သီလ သမာဓိတဲ့၊

(အဲဒါကြောင့် သမထလည်း ကိုယ်လုပ်လို့မဖြစ်ဘူးဗျ၊ ဝိပဿနာလည်း ကိုယ်လုပ်လို့ မဖြစ်ဘူး) ကိုယ်လုပ်လို့ဖြစ်တာက သီလသမာဓိကိုသာ ဖြစ်တယ်နော၊ အဲဒါကြောင့် သီလသမာဓိ ပညာလို့ဟောတာ၊

(ဦးထင်၏ သက်သေခံတင်ပြစာအုပ်၊ စာမျက်နှာ-၁၁-မှ)

(ဃ) မိမိခန္ဓာကိုယ်ကြီး တဖွားဖွားနဲ့ပျက်တာ မြင်သိတာက "ဝိပဿနာ"တဲ့၊ ဝိဆိုတာ ထူးတာ၊ ပဿနာဆိုတာ မြင်တာ၊ လူဖြစ်လာတဲ့ အချိန်ကစပြီး ဒီလိုမမြင်ခဲ့ဖူးဘူး၊ အခု ဒီတရားအားထုတ်မှ မြင်ရတာ၊ အဲဒါကြောင့် ဝိ-ဆိုတာ ထူးတာ၊ ပဿနာဆိုတာ မြင်တာတဲ့ ခန္ဓာကိုယ်ကြီး မီးပန်းတွေ ထွန်းထားသလို တဖွားဖွားနဲ့ပျက်တာ မြင်တာ သိတာက "ဝိပဿနာ"တဲ့။

(င) ဉာဏ်နဲ့ ဝိပဿနာနဲ့ ပေါင်းစပ်မှ ဝိပဿနာဉာဏ်တဲ့၊ (ဦးထင်၏ သက်သေခံစာအုပ်၊ စာမျက်နှာ-၃၀ မှ )

(စ) မိမိခန္ဓာကိုယ်ကြီး မီးပန်းများ ထွန်းထားသလို တဖွားဖွား၊ ပျက်တာ မြင်သိကတည်းက စာလိုခေါ်တဲ့ "သီလဝိသုဒ္ဓိ" ဖြစ်ခဲ့ပြီးသားကိုး (ယင်းစာအုပ်၊ စာမျက်နှာ-၁၄-မှ )

(ဆ) အကြောင်းတရား အရပ်နဲ့တူတဲ့ အကြောင်းတရား မိမိ ခန္ဓာကိုယ်ကြီး မီးပန်းတွေထွန်းထားသလို ပျက်တာ မြင်သိ

http://www.dhammadownload.com



မှ အဲဒီ တဖွားဖွားနဲ့ ပျက်တာမြင်သိတာ "ပညာ" ခေါ်တယ်။

(ဇ) အဲဒီ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ "ဉာဏ်"ခေါ်တယ်၊ အဲဒီပညာနဲ့ ဉာဏ်နဲ့ပေါင်းမှ "ပညာဉာဏ်"လို့ ခေါ်တာ၊

(ဈ) လောကုတ္တရာမှာ ဉာဏ်မပါဘူး၊ ဉာဏ်မရှိဘူး၊ လောကီမှာ ဉာဏ်ရှိတာ၊ (ယင်းစာအုပ်၊ စာမျက်နှာ-၃၀/၃၁ မှ)

(ည) ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ ၂၂၇-သွယ်သော သိက္ခာပုဒ်သီလ၊ အဲဒီသီလတွေဟာ အကျိုးသီလလို့ ခေါ်တယ်နော (လ၊) အဲဒီ သီလတွေ လုပ်ရတယ်၊ ပုထုဇဉ်တွေ လုပ်ရတယ်တဲ့။

(ဋ) ဒါဖြင့် ဘယ်လိုလူများလုပ်ရတုန်း ဆရာရယ်လို့ မေးစရာရှိတယ်၊ သမ္ပာ သမ္ဗောဓိဆုကို လိုလားတဲ့ပုဂ္ဂိုလ်များ လုပ်ရတယ်တဲ့၊ ဘာပြုလို့ သမ္ဗာသမ္ဗောဓိဆု လိုချင်တဲ့ ပုဂ္ဂိုလ်များ လုပ်ရတုန်းလို့ မေးစရာရှိတယ်၊ ကံမလုံတော့ကို သူတို့က သံသရာလည်တယ်တဲ့၊ သူတို့ အဲဒီသီလက သည် သီလစောင့်စည်းတော့ ကံမလုံတော့ သံသရာ လည်တယ်တဲ့ ဟုတ်လား၊ သံသရာ ရှည်လျားအောင် လည်မှ သူတို့ ဆုကြီးပန်က ပါရမီပြည့်သတဲ့၊ ပါရမီပြည့်မှ ဘုရား ဖြစ်တယ်တဲ့၊ အဲဒါကြောင့် ဆုကြီးပန်များလုပ်တဲ့ သီလခေါ်တယ်။

http://www.dhammadownload.com



(၄) အဲဒါကြောင့် အကြောင်းသီလက စောင့်စည်းပေါ့ဆိုရင် အကျိုးသီလက ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ ၂၂၇-သွယ်သော သိက္ခာပုဒ်သီလ အကုန် လုံးပါတယ်။

(ယင်းစာအုပ်၊ စာမျက်နှာ ၂၆/၂၇ မှ)

သင်းအထက်ပါ ဟောပြောချက်များတွင် လိုရင်းချုပ်ကို ခြုံငုံ၍ တင်ပြလျှောက်ထားရသော်-

(၁) သမထနှင့်ဝိပဿနာ ခေါ်ဆိုပုံများ လွဲမှားနေ ကြောင်း၊

(၂) သီလ သမာဓိ ခေါ်ဆိုပုံလည်း လွဲမှားနေပြီး ယင်း သီလ သမာဓိကိုသာ ကိုယ်လုပ်လို့ဖြစ်နိုင်ကြောင်း၊ သမထနှင့် ဝိပဿနာ ကိုယ်လုပ်လို့ မဖြစ်နိုင်ကြောင်း၊

(၃) ပညာနှင့်ဉာဏ်ကိုလည်း နှစ်မျိုးခွဲ၍ ဟောပြောထား ကြောင်း၊

(၄) လောကုတ္တရာမှာ ဉာဏ်မပါ (ဉာဏ်မရှိ) လောကီမှာ ဉာဏ်ရှိကြောင်းကိုလည်း ဟောပြောထားကြောင်း၊

(၅) ငါးပါးသီလစသော သီလများကိုလည်း အကျိုး သီလဟုပြောပြီး ယင်းသီလများကို သမ္မာသမ္ဗောဓိ ဆုကြီးပန် ပုထုဇဉ်များသာ လုပ်ရကြောင်းများကို ဟောပြောထားသည့် လိုရင်းအချက်များကို ကောက် ချက်ချ၍ ယူနိုင်ပါသည်ဘုရား။

http://www.dhammadownload.com



ယင်းဟောပြောချက်များ အားလုံးကို ခြုံငုံ၍ စောဒနာကြပါမည်ဘုရား၊ သို့ရာတွင် ယင်းဟောပြောချက်များကို စောဒနာပြုရမှာပင် "ယိုသူမရှက်၊ မြင်သူရှက်"ဆိုတဲ့ စကားကဲ့သို့ ရှက်စရာပင် ကောင်းလှပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤ၌ တင်ပြလျှောက်ထားပြီးသော ဟောပြောချက်များသည် အရူးချီးပန်းစကားမျိုးလို ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။ သို့ဖြစ်လင့်ကစား သာသနာတော်မှာ မလိုလားအပ်သော အဓမ္မဝါဒများပပျောက်ပြီး အမှန်တရား ဓမ္မဝါဒတွေပြန့်ပွားရေးကို ရှေးရှု၍လည်းကောင်း အမှန်တရားကိုလိုလားနာယူ ကျင့်ကြံအားထုတ်လိုသူ ရဟန်းရှင်လူတို့အတွက် ငဲ့ကွက်သောစိတ်ထားဖြင့်လည်းကောင်း၊ စောဒနာများကို တင်ပြလျှောက်ထားကြပါမည်ဘုရား။

အထက် တင်ပြလျှောက်ထားခဲ့ပြီးအတိုင်း ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်များသည် ထေရဝါဒ ပိဋကတ်ကျမ်းဂန် အဆိုအရပ်ရပ်နှင့် မညီသောကြောင့် မဟာအမှားကြီးများပင် ဖြစ်နေသည်ကို သိရှိရပြန်ပါသည်။ မှန်ပါသည်။သမထနှင့်ဝိပဿနာ လုပ်ငန်းစဉ် တရားများကို အားထုတ်ကြသူတိုင်း သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိစသော ဝိသုဒ္ဓိ(၇) ပါးတို့ကို အစဉ် အတိုင်း အားထုတ်ပွားများကြရပါသည်။ ထို့ကြောင့် သမ္မော/ ၄/ဆ၄/ နှာ ၅၃-၌ "သီလဝတော ဟိ ကမ္မဋ္ဌာန ဘာဝနာ ဣဇ္ဈတိ။ဟိသစ္စံ၊ မှန်၏။ သီလဝတော။ သီလရှိသူအား။ ကမ္မဋ္ဌာန ဘာဝနာ၊ သမထ ဝိပဿနာ ကမ္မဋ္ဌာန်းဘာဝနာသည်။ ဣဇ္ဈတိ၊ ပြည့်စုံ၏"ဟု မိန့်ဆိုတော် မူပါသည်။

ဤ၌ ဘာဝနာဟူသည်"ဘာဝီယတိ ဝဍ္ဎိယတီတိ ဘာဝနာ၊ သမာဓိဧဝ ဘာဝနာ သမာဓိဘာဝနာ၊ သမာဓိဿ ဝါ ဘာဝနာ ဝဍ္ဎနာ

http://www.dhammadownload.com



သမာဓိဘာဝနာ" (ပဋိသံ-၄-၁၆) နှင့်အညီ ပွားများ အပ်သောကြောင့် ဘာဝနာဟု ခေါ်ဆိုနိုင်ပြီး သမာဓိကိုပွားများပါလျှင် သမာဓိဘာဝနာ ခေါ် သမထလုပ်ငန်းဟု ခေါ်ရပါသည်။ သမထနှင့် ဝိပဿနာ (၂)မျိုး တို့တွင် သမထခေါ်ရပုံကို လည်းကောင်း၊ ဝိပဿနာခေါ်ပုံကို လည်းကောင်း ပဋိသမ္ဘိဒါ-မဂ္ဂ-၄-ဆ၄-နှာ-၁၁၆၌-

(က) သမထော စ ဝိပဿနာ စာတိ ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတိ ဝိနာသေတီတိ သမထော။ သမာဓိဿေတံ နာမံ။

(ခ) "အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာယေတံ နာမံ"

ဟု မိန့်ဆိုထားပါသည်။

ဤ၌ (က) ပါဠိဖြင့် ကာမစ္ဆန္ဒစသော ဆန့်ကျင်ဘက်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် သမထမည်၏၊ အရကောက်သော် သမာဓိ (ဧကဂ္ဂတာစေတသိက်) ကို ကောက်ရပါသည်။

(ခ) ပါဠိဖြင့် အနိစ္စ-အစရှိသည်၏ အစွမ်းအားဖြင့် အထူးထူး အပြားပြားကုန်သော အခြင်းအရာတို့ဖြင့် သဘောတရားတို့ကို ရှုမှတ် တတ်သောကြောင့် ဝိပဿနာမည်၏။ အရကောက်သော် ပညာ စေတသိက်ကို ကောက်ရပါသည်။

(၁) သမထဘာဝနာဟူသည် မိမိ၏ ပွားများအားထုတ်သူ၏ စိတ်၏ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်းကို ငြိမ်သက်တည်ကြည် လာမှုကြောင့် လောဘစသော ကိလေသာတို့ကို တဒင်-

http://www.dhammadownload.com



ပဟာန်စသော ပဟာန်တို့ဖြင့် ငြိမ်းစေတတ်သော ဗုဒ္ဓါနုဿ-တိ စသော သမထကမ္မဋ္ဌာန်းတို့ကို ပွားများရသော အကျင့်လမ်းစဉ်ဖြစ်ပါသည်။

(က) နိဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့်လည်းကောင်း၊ တနည်းအားဖြင့် အဝိဇ္ဇာ နီဝရဏမှတပါး ကျန်သော နီဝရဏတရားများကို ငြိမ်းစေတတ်သော ဈာန်အင်္ဂါငါးပါးနှင့်တကွ ကာမာဝစရမဟဂ္ဂုတ်ကုသိုလ်တို့သည် ခဏိက၊ ဥပစာရ၊ အပ္ပနာဘာဝနာအဖြစ်သို့ရောက်၍ နီဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့် နည်းမှန် လမ်းမှန် ကျမ်းဂန်နှင့်ညီသော သမထအလုပ်ဟု ခေါ်ဆိုရပါသည်။

(၂) တဖန် ဝိပဿနာဘာဝနာခေါ် ဝိပဿနာလုပ်ငန်းဟူသည် ဘုံသုံးပါး၌ဖြစ်သော ဖြစ်ပျက်သဘောရှိသော ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို အနိစ္စအမြဲမရှိ၊ ဒုက္ခဆင်းရဲ၏၊ အနတ္တအနှစ်သာရမရှိ မခိုင်မြဲဟုသိသဖြင့် တွယ်တာခြင်း ကင်းသည်ဖြစ်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားတို့ကိုဖြစ်စေ၊ ရောက်စေတတ်ပါသည်။ ဤဝိပဿနာ ဘာဝနာကို အနိစ္စာဒိဝ သေန ဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ၊ အနိစ္စာနုပဿနာဒိကာ ဘာဝနာ ပညာ တဿာ ကမ္မဋ္ဌာနံသာ ယေဝ ဝါ ကမ္မဋ္ဌာ နန္တိ ဝိပဿနာ ကမ္မဋ္ဌာန (အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာ-၂၆၇) ၌ မိန့်ဆိုသောစကားအရ အနိစ္စ-အစရှိသော

http://www.dhammadownload.com



အထူးထူးသော အခြင်းအရာအားဖြင့် ရှုမှတ်တတ်သော အနိစ္စာ နုပဿနာစသည်ကို ရှုမှတ်သိမြင်သော ပညာ စေတသိက်ကိုပင် ဝိပဿနာခေါ်ဆိုရ၍ ထိုဝိပဿနာ ပညာသည်သာလျှင် အားထုတ်မှုတည်ရာ ကမ္မဋ္ဌာန ကမ္မဋ္ဌာန်းမည်၍ နှစ်ရပ်ပေါင်းသော် ဝိပဿနာ ကမ္မဋ္ဌာန်း ဟူ၍လည်းကောင်း၊ ဝိပဿနာဘာဝနာဟူ၍ လည်း ကောင်း၊ ဝိပဿနာလုပ်ငန်းဟူ၍လည်းကောင်း အသီးသီး ခေါ်ဝေါ်ဟောပြောကြားခြင်း ဖြစ်ပါသည်ဘုရား။

ထို့ပြင် အဋ္ဌသာလိနီ-ဌ-၁၇၅ ၌-

(၁) ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတီတိ သမ- ထော၊

(၂) အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ၊ ပညာစေသာ အတ္ထတော- ဟု မိန့်ဆိုထားသောကြောင့် သမထနှင့်ဝိပဿနာ အရဝတ္ထုကို ပညာ စေတသိက်ကိုသာ တရားကို ကောက်ယူရပါသည်။

သို့ဖြစ်ပါ၍ သမထအကျင့်နှင့် ဝိပဿနာအကျင့်သည် အာရုံ ပြုမှုသာ ကွဲပြားပြီး သမာဓိတရားရမှုနှင့် အသိဉာဏ်ပညာဖြစ်မှုမှာ အတူတူပင်ဖြစ်ပါသည်။ သမထအလုပ်သည် ပညတ်အာရုံကို အာရုံပြု ၍ အားထုတ်ရသော နည်းလမ်းဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိ စသော သမထကမ္မဋ္ဌာန်း (၄၀)တို့ကို အားထုတ်သောအခါ ပညတ် အာရုံကိုသာ အဓိကထား၍ ပွားများရကြောင်း ထင်ရှားပါသည်။

ကာန်ကုံ (၈)

http://www.dhammadownload.com



ဝိပဿနာအလုပ်ကား ရုပ်နာမ်ပရမတ် သဘောများကိုအာရုံ ပြု၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတင်၍ ရှုမှတ်ပွားများရပါသည်။ ဆိုလိုသည်မှာ သမထအာရုံကား ပညတ်အာရုံ၊ ဝိပဿနာအာရုံကား ပရမတ်အာရုံပင်ဖြစ်ပါသည်။ သမထနှင့်ဝိပဿနာ အလုပ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိ၍ ကင်းကွာမှုမရှိ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်ပါးလုံးကို ပွားများပါလျှင် လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ကေန်ရနိုင်ပါသည်။ နည်းမှန်လမ်းမှန် ကျမ်းဂန်များနှင့်အညီ ဆရာကောင်းထံမှ နည်းခံအားထုတ်ပါက မဂ်၊ဖိုလ်၊ နိဗ္ဗာန်ကို မရောက်နိုင်သော သမထဝိပဿနာမရှိဟု မှတ်ယူရပါသည်။ သို့သော် သမထဘာဝနာသည် သမထဝိပဿနာနှင့်ကင်း၍ ပြုလုပ်အားထုတ်နိုင်သော်လည်း ဝိပဿနာဘာဝနာကိုကား သမထဘာဝနာနှင့်ကင်း၍ အားထုတ်မှုမဖြစ်နိုင်ပါ။ ဆိုလိုသည်မှာ သမထဘာဝနာဖြင့် သမာဓိတရားကို ပွားများပြီးမှသာ ဝိပဿနာဘာဝနာဖက်သို့ဦးတည်၍ အားထုတ်ရပါသည်။ သမထဘာဝနာကို ကျော်လွှားပြီး ဝိပဿနာဘာဝနာသက်သက်ကိုကား အားထုတ်ရန်မသင့်ဟု ဆိုလိုပါသည်။

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား-

ဤ ဝိပဿနာကျင့်စဉ်နှင့် စပ်လျဉ်း၍ ဥပရိပဏ္ဏာသ ပါဠိတော်-၃၂၄ ၌ ဗုဒ္ဓ၏ ဝိပဿနာကျင့်စဉ်ကို ဘုရားရှင် ကိုယ်တော် တိုင်လမ်းညွှန်ဟောကြားခဲ့သည်မှာ အခါတပါးက မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် အနာထပိဏ်သူဌေး၏ နှစ်လုံးမွေ့လျော်ရာ ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် ကာလ၌ အရှင်

http://www.dhammadownload.com



ရာဟုလာကို "တံကိံ မညတိ ရာဟုလ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ၊ ယံ ပနာနိစ္စံ ဒုက္ခံ ဝါတံသုခံ ဝါ တိ၊ ဒုက္ခံ ဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ၊ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ"အစရှိသဖြင့် စူဠရာဟုလော ဝါဒသုတ္တန်ကို ထုတ်ပြန်၍ ဝိပဿနာကျင့်စဉ်ကို လမ်းညွှန်ဟောကြား တော်မူခဲ့ပါသည်။ ထိုစူဠရာဟုလောဝါဒသုတ္တန် ၌လာသော ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ ခန္ဓာ (၅)ပါး၊ ဝေဒနာ (၃)ပါးတို့ကို ဘုရားရှင်က တစ်ခုစီတစ်ခုစီ အသီးသီး မေးခွန်းထုတ်ဖော် ဟောတော် မူခဲ့သည်ကို အကျဉ်းချုံးပေါင်းရုံး၍ သိလွယ်ရုံသာ ဖော်ပြလျှောက် ထားကြပါမည်ဘုရား။

ရာဟုလာ၊ ငါဟောကြားမည့် ထိုတရားကျင့်စဉ်ကို သင်သည် ဘယ်လိုအောက်မေ့သနည်းဟု စသည်ဖြင့် မေးခွန်းထုတ်ဖော် ပြီးနောက် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ခေါ်ဆိုရသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)ပါးတို့သည်-

(၁) မြဲသလား၊ မမြဲသလား၊

(၂) ဆင်းရဲလား၊ ချမ်းသာလား

(၃) မမြဲ ဆင်းရဲဖောက်ပြန်သော သဘောရှိသော မျက်စိ စသောတရား (၆)ခုကို ဤမျက်စိ စသည်သည် ငါ့မျက်စိ စသည်ဖြစ်သည်၊ ငါဖြစ်သည်၊ ငါ၏ အတ္တ ဖြစ်သည်ဟု ဤကဲ့သို့ရှုမှတ်ခြင်းသည် သင့်ပါရဲ့လားဟု ဘုရားရှင်က မေးခွန်းထုတ်ရာ ရာဟုလာက (၁) မမြဲပါ ဘုရား၊ (၂) ဆင်းရဲပါဘုရား၊ (၃) ငါသည်မျက်စိ၊ မျက်စိ

http://www.dhammadownload.com



သည် ငါ၊ မျက်စိသည် ငါ၏အတ္တဟု ရှုမှတ်ခြင်းငှာ မသင့်ပါ ဘုရားဟု စသည်ဖြင့် ဖြေဆိုပါသည်။

ထို့နောက် ဆက်လက်၍ စက္ခုသမ္ဖဿ စသည်ကြောင့်ဖြစ် သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ခန္ဓာတရားများနှင့် သုခဝေဒနာ စသော ဝေဒနာ (၃)ပါးတို့ကိုလည်း ဤနည်းတူ ဘုရားရှင်က မေးခွန်း ထုတ်၍ ရှင်ရာဟုလာက ဖြေဆိုပါသည်။

ထို့နောက် "ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော စက္ခုသ္မိမ္ပိ နိဗ္ဗိန္ဒတိ" စသည်ဖြင့် စက္ခုစသော ဒွါရ (၆)ပါးစသည်တို့၌ နိဗ္ဗိန္ဒဉာဏ် ဝိမုတ္တိဉာဏ်ဖြစ်ပေါ်ရ၍ ခီဏာဇာတိ ပဋိသန္ဓေကုန်ခမ်း ကျင့်လမ်းပြီးမြောက် ပြုစရာကုန်ဆုံး ဘဝဇာတ်ရုပ်သိမ်းရာ နိဗ္ဗာန် ချမ်းသာကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပေါက်၍ ရောက်ရကြောင်းကို ဘုရားရှင်သည် ရှင်ရာဟုလာအား ဝိပဿနာကျင့်စဉ် လမ်းညွှန်ချက်ကို ဟောမြွက် နည်းပေးထားသည်ကို တွေ့ရှိရပါသည်ဘုရား။

ထို့ပြင် အံ၊ ၁၊ ၆၂-၌ သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာ ဆိုင်ရာများကို ဘုရားရှင်ဟောတော်မူခဲ့သည်မှာ-

(က) ဒွေ့ မေ ဘိက္ခဝေ ဓမ္မာ ဝိဇ္ဇာဘာဂိယာ၊ ကတမေ ဒွေ၊ သမထော စ ဝိပဿနာ စာတိ၊

(ခ) သမထော ဘိက္ခဝေ ဘာဝိတော ကမတ္ထ မနု ဘောတိ၊ စိတ္တံ ဘာဝိယတိ၊ စိတ္တံ ဘာဝိတံ ကမတ္ထမနုဘောတိ၊ ယော ရောဂေါ သော ပဟီယတိ။

(ဂ) ဝိပဿနာ ဘိက္ခဝေ ဘာဝိတာ ကမတ္ထ မနုဘောတိ၊ ပညာဘာဝီယတိ၊ ပညာဘာဝိတာကမတ္ထမနုဘော

http://www.dhammadownload.com



ရာဟုလာကို "တံကိံ မညတိ ရာဟုလ စက္ခု နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ၊ ယံ ပနာနိစ္စံ ဒုက္ခံ ဝါတံသုခံ ဝါ တိ၊ ဒုက္ခံ ဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနု တံ သမနုပဿိတုံ၊ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ"အစရှိသဖြင့် စူဠရာဟုလော ဝါဒသုတ္တန်ကို ထုတ်ပြန်၍ ဝိပဿနာကျင့်စဉ်ကို လမ်းညွှန်ဟောကြား တော်မူခဲ့ပါသည်။ ထိုစူဠရာဟုလောဝါဒသုတ္တန်၌လာသော ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဏ် (၆)ပါး၊ ခန္ဓာ (၅)ပါး၊ ဝေဒနာ (၃)ပါးတို့ကို ဘုရားရှင်က တစ်ခုစီတစ်ခုစီ အသီးသီး မေးခွန်းထုတ်ဖော် ဟောတော် မူခဲ့သည်ကို အကျဉ်းချုံးပေါင်းရုံး၍ သိလွယ်ရုံသာ ဖော်ပြလျှောက် ထားကြပါမည်ဘုရား။

ရာဟုလာ၊ ငါဟောကြားမည့် ထိုတရားကျင့်စဉ်ကို သင်သည် ဘယ်လိုအောက်မေ့သနည်းဟု စသည်ဖြင့် မေးခွန်းထုတ်ဖော် ပြီးနောက် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန ခေါ်ဆိုရသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် (၆)ပါးတို့သည်-

(၁) မြဲသလား၊ မမြဲသလား၊

(၂) ဆင်းရဲလား၊ ချမ်းသာလား

(၃) မမြဲ ဆင်းရဲဖောက်ပြန်သော သဘောရှိသော မျက်စိ စသောတရား (၆)ခုကို ဤမျက်စိ စသည်သည် ငါ့မျက်စိ စသည်ဖြစ်သည်၊ ငါဖြစ်သည်၊ ငါ၏ အတ္တ ဖြစ်သည်ဟု ဤကဲ့သို့ရှုမှတ်ခြင်းသည် သင့်ပါရဲ့လားဟု ဘုရားရှင်က မေးခွန်းထုတ်ရာ ရာဟုလာက (၁) မမြဲပါ ဘုရား၊ (၂) ဆင်းရဲပါဘုရား၊ (၃) ငါသည်မျက်စိ၊ မျက်စိ

http://www.dhammadownload.com



သည် ငါ၊ မျက်စိသည် ငါ၏အတ္တဟု ရှုမှတ်ခြင်းငှာ မသင့်ပါ ဘုရားဟု စသည်ဖြင့် ဖြေဆိုပါသည်။

ထို့နောက် ဆက်လက်၍ စက္ခုသမ္ဖဿ စသည်ကြောင့်ဖြစ် သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ခန္ဓာတရားများနှင့် သုခဝေဒနာ စသော ဝေဒနာ (၃)ပါးတို့ကိုလည်း ဤနည်းတူ ဘုရားရှင်က မေးခွန်း ထုတ်၍ ရှင်ရာဟုလာက ဖြေဆိုပါသည်။

ထို့နောက် "ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော စက္ခုသ္မိမ္ပိ နိဗ္ဗိန္ဒတိ" စသည်ဖြင့် စက္ခုစသော ဒွါရ (၆)ပါးစသည်တို့၌ နိဗ္ဗိန္ဒာဉာဏ် ဝိမုတ္တိဉာဏ်ဖြစ်ပေါ်ရ၍ ဒီဃဇာတိ ပဋိသန္ဓေကုန်ခမ်း ကျင့်လမ်းပြီးမြောက် ပြုစရာကုန်ဆုံး ဘဝဇာတ်ရုပ်သိမ်းရာ နိဗ္ဗာန် ချမ်းသာကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပေါက်၍ ရောက်ရကြောင်းကို ဘုရားရှင်သည် ရှင်ရာဟုလာအား ဝိပဿနာကျင့်စဉ် လမ်းညွှန်ချက်ကို ဟောမြွက် နည်းပေးထားသည်ကို တွေ့ရှိရပါသည်ဘုရား။

ထို့ပြင် အံ၊ ၁၊ ၆၂-၌ သမထဘာဝနာနှင့် ဝိပဿနာ ဘာဝနာ ဆိုင်ရာများကို ဘုရားရှင်ဟောတော်မူခဲ့သည်မှာ-

(က) ဒွေ မေ ဘိက္ခဝေ ဓမ္မာ ဝိဇ္ဇာဘာဂိယာ၊ ကတမေ ဒွေ၊ သမထော စ ဝိပဿနာ စာတိ၊

(ခ) သမထော ဘိက္ခဝေ ဘာဝိတော ကမတ္ထ မနု ဘောတိ၊ စိတ္တံ ဘာဝိယတိ၊ စိတ္တံ ဘာဝိတံ ကမတ္ထမနုဘောတိ၊ ယော ရာဂေါ သော ပဟီယတိ။

(ဂ) ဝိပဿနာ ဘိက္ခဝေ ဘာဝိတာ ကမတ္ထ မနုဘောတိ၊ ပညာဘာဝီယတိ၊ ပညာဘာဝိတာကမတ္ထမနုဘော

http://www.dhammadownload.com



တိ၊ ယာ အဝိဇ္ဇာ၊ သာ ပဟီယတိ။

(ဃ) ရာဂူပက္ကိလိဋ္ဌံ ဝါ ဘိက္ခဝေ စိတ္တံ န ဝိမုစ္စတိ၊ အဝိဇ္ဇူပက္ကိလိဋ္ဌာ ဝါ ပညာ န ဘာဝီယတိ။ ။ဣတိခေါ ဘိက္ခဝေ ရာဂဝိရာဂါ စေတောဝိမုတ္တိ၊ အဝိဇ္ဇာဝိရာဂါပညာ ဝိမုတ္တီတိ-

ဟူ၍ ဘုရားရှင် ဟောတော်မူခဲ့ ပါသည်။

## က-ခ-ဂ-ဃ ပါဠိတော်များ မြန်မာပြန်

(က) ရဟန်းတို့ အဝိဇ္ဇာ ဘာဂိယတရားတို့သည် ဤနှစ်ပါးတို့တည်း၊ အဘယ်နှစ်ပါးတို့နည်း၊ သမထ လည်းကောင်း၊ ဝိပဿနာလည်းကောင်း ဤနှစ်ပါးတို့ပင်တည်း။

(ခ) ရဟန်းတို့ သမထကိုပွားများအပ်သော် အဘယ်သို့သော အကျိုးခံစားရသနည်း။
စိတ်ကို ပွားများအပ်၏၊ စိတ်ကို ပွားများအပ်သော် အဘယ်သို့သောအကျိုးကို ခံစားရသနည်းဟူမူ အကြင်သူသည် တပ်မက်နှစ်သက်ခြင်း ရာဂသည် ရှိ၏၊ ထိုတပ်မက်နှစ်သက်ခြင်းရာဂကို ပယ်အပ် ပယ်သတ် နိုင်ခြင်း အကျိုးရှိ၏။

(ဂ) ရဟန်းတို့ ဝိပဿနာကို ပွားများအပ်သည်ရှိသော် အဘယ်သို့သောအကျိုးကို ခံစားရသနည်း။
ဝိပဿနာပညာကို ပွားများအပ်၏၊ ဝိပဿနာပညာကို ပွားများအပ်သော် အဘယ်သို့သောအကျိုးကို

http://www.dhammadownload.com



ခံစားရသနည်း၊ အကြောင်းသိမှု အဝိဇ္ဇာသည် ရှိ၏၊ ထိုအဝိဇ္ဇာကို ပယ်အပ် ပယ်နိုင်၏။

(ယ) ရဟန်းတို့ ရာဂဖြင့် ညစ်နွမ်းသောစိတ်သည် ကိလေသာမှ မလွတ်နိုင်၊ အဝိဇ္ဇာဖြင့် ညစ်နွမ်းသောပညာကို မပွား များအပ်။
ရဟန်းတို့ ဤသို့လျှင် ရာဂကင်းခြင်းသည် စေတော ဝိမုတ္တိမည်၏၊ အဝိဇ္ဇာကင်းခြင်းသည် ပညာဝိမုတ္တိ မည်၏။

ဤသမထနှင့် ဝိပဿနာတို့အရ အံ-၂-၄၊၂၆၌ ဖွင့်ဆိုပြထား သည်မှာ-

(၁) သမထောတိ စိတ္တေကဂ္ဂတာ၊

(၂) ဝိပဿနာတိ သင်္ခါရပရိဂ္ဂါဟကဉာဏံ၊

(၁) မြန်မာပြန်။ ။ဧကဂ္ဂတာသမာဓိခေါ် စိတ်၏ အာရုံတစ်ခု၌ တည်ငြိမ်နေမှု သည် သမထမည်၏။

(၂) မြန်မာပြန်။ ။ရုပ် နာမ်သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှု၍ သိမ်းဆည်း ပိုင်းခြားသိသော ဉာဏ်သည် ဝိပဿနာမည်၏။

ဤသို့သာ သမထဝိပဿနာ ကွဲပြားကြပါသည် ဘုရား။

ဤစောဒနာတွင်ပါ ဒါယကာကြီး ဦးထင်ရဲ့ပြောပြော ချက်တွင် သီလသမာဓိကို တပေါင်းတည်း ယူထားခြင်းသည်-

http://www.dhammadownload.com



စေတသိကံ သီလံ နာမ ပါဏာတိပါတာဒီဟိ ဝိရမန္တဿ ဝိရတိ။ (ဝိသုဒ္ဓိမဂ်-ဋ ပ-ဆဋ္ဌ-နှာ-၇၁) နှင့်အညီ သီလအရ ဝိရတိ စေတသိက်များကိုသာ အရကောက်ရပြီး သမာဓိအရ ဧကဂ္ဂတာ စေတသိက်ကို ကောက်ယူရ၍ သီလသမာဓိကို တပေါင်းတည်း ဆိုထားခြင်းသည် လည်ကောင်း၊ ဤသီလဝိသုဒ္ဓိကို ဟောထားခြင်းသည် လည်းကောင်း အဓမ္မများပင်ဖြစ်ပါသည်။

ထို့ပြင် သမထနှင့်ဝိပဿနာ တရားတို့ကိုလုပ်လို့ ဖြစ်နိုင်ကြောင်းမှာ-

(က) ကုသလဿုပသမ္ပဒါ (ဒီ / ၂ / ၄၂ / ဓမ္မပဒ ၄၁)

(ခ) အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။
(ဓမ္မပဒ ၃၀။)

(ဂ) သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ (ဝိသုဒ္ဓိမဂ် ဋ၊ ပ၊ ၇၁)

(ဃ) (တဿာနေန) ဗောဓိမဏ္ဍေ ဝီရိယပါဒေဟိ သီလပထဝိယံ ပတိဋ္ဌာယ သဒ္ဓါဟတ္ထေန ကမ္မက္ခ ယကရံ ဉာဏံ ဖရသုံ ဂဟေတွာ(သဗ္ဗေ အရာဟ- တာတိ အရာနံ ဟတတ္တာပိ အရဟံ)

ဝိသုဒ္ဓိမဂ် ဋ၊ ပ၊ ၁၉၂) ဤအထက်ပါ ပါဠိအဋ္ဌကထာ သာဓကေများအရ၊

http://www.dhammadownload.com



(က) ကုသိုလ်မှန်သမျှနှင့် ပြည့်စုံရမည်ဟု ဘုရားရှင် ဩဝါဒတော်ရှိခြင်း၊

(ခ) ကောင်းမှုကို မြန်မြန်လုပ်ကြ၊ မကောင်းမှုမှ စိတ်ကို တားမြစ်ပါ၊ ကောင်းမှုလုပ်သူ၏ စိတ်သည် ပျင်းရိဖင့်နွဲ့ အချိန်ဆွဲနေတတ်သည်၊ စိတ်သည် မကောင်းမှု၌ ပျော်မွေ့တတ်သည်။ ဆိုလိုသည်မှာ ကုသိုလ်ကို ပြုလုပ်သောအခါ မည်သည့်ကုသိုလ်မဆို ရွေးချယ်မနေဘဲ ကြုံလာလျှင် "ငါရှေ့က ငါရှေ့က"ဟု မြန်မြန်လုပ်သင့်ကြောင်း၊ ကုသိုလ်၏ကို လုပ်သူသည် ပျင်းရိဖင့်နွဲ့ နေ၍ အချိန်ဆွဲကာ နေ့ရွှေ့ ညရွှေ့ လုပ်တတ်သဖြင့် မြန်မြန်လုပ်သင့်သည်ဟု ဟောကြားတော်မူခဲ့ခြင်း၊

(ဂ) တိဟိတ်ပဋိသန္ဓေနှင့်ယှဉ်သော ကမ္မဇပညာ ရှိသောသူသည် သမထဝိပဿနာ၏ ဥပနိဿယပါဒကဖြစ်သော ကုသိုလ်သီလ၌ ကောင်းစွာဖြည့်ကျင့်သောအားဖြင့် မြဲစွာ တည်ရှိ၍ သမာဓိကိုလည်းကောင်း၊ ဝိပဿ နာကိုလည်းကောင်း ပွားစေရမည်ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ခြင်း၊

(ဃ) ဗောဓိမဏ္ဍိုင်၌ ဝီရိယလုလ္လခြေတော်တို့ဖြင့် သီလမြေကြီး၌ရပ်တည်၍ သဒ္ဓါလက်တော်ဖြင့် ကမ္မဝဋ်ကို ကုန်ခမ်းအောင်ပြုပြတ်သော ဉာဏ်တော်ပေါက်ဆိန် (ပုဆိန်)ကို မြဲစွာ ကိုင်တော်မူ၍ အလုံးစုံသော သံသရာစက်၏ အကန့် အကွက်တို့ကိုလည်းကောင်း၊ ကိလေသာရန်ခပင်းတို့ကို မယွင်းသတ်ဖြတ် ပယ်သတ်အပ်သော ကြောင့် မြတ်စွာဘုရားသည် အရဟံဂုဏ် တော်နှင့် ပြည့်စုံ၏ဟု ဖွင့်ဆိုတော်မူထားခြင်းစသော ဤမျှသော ပါဠိ

http://www.dhammadownload.com



အဋ္ဌကထာ သာစေ မျှလောက်နှင့်ပင် လုံလောက် သော သာစေ ဖြစ်၍ ဤစောဒနာလွှာပါ ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက် အားလုံးသည် အဓမ္မဝါဒ ဖြစ်ကြောင်းမှာ ထင်ရှားလှပါသည်ဘုရား။

ဆက်လက်၍ အထူးတင်ပြလျှောက်ထားလိုသည်မှာ လောကုတ္တရာ မှာ ဉာဏ်မပါ (ဉာဏ်မရှိ) လောကီမှာ ဉာဏ်ရှိ၏ဟု ဟောပြောချက် သည် အဓမ္မဖြစ်နေကြောင်းမှာ-

> နိဗ္ဗာန်ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန- သစ္ဆိကာတဗ္ဗံဟူသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ ပါဠိအရ လောကုတ္တရာနိဗ္ဗာန်တရားကို မဂ်ဉာဏ် လေးပါးဖြင့် မျက်မှောက်ပြုအပ်သော တရားဟု ဆိုရ သဖြင့် လောကုတ္တရာမှာ ဉာဏ်မပါ (ဉာဏ်မရှိ) ဟု ဟောပြောထားခြင်းမှာ အလွန်လွဲမှားသော အယူ အဆဖြစ်ပါသည်ဘုရား။

နိုင်ငံတော်ဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား-

ဤစောဒနာလွှာ၌ တင်ပြဖော်ပြခဲ့ပြီးသော ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်များသည် အထက်ပါ ရှင်းလင်းတင်ပြ လျှောက်ထားခဲ့ သည့်အတိုင်း အဓမ္မဝါဒများ ဖြစ်နေပါ၍ နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများက အဓမ္မဝါဒဟု ဆုံးဖြတ်ချက် ချပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားစောဒနာကြပါသည်ဘုရား။

-------------------

http://www.dhammadownload.com



## စောဒနာ (၉)
## အင်္ဂုလိမာလရဟန္တာဖြစ်ပုံ ဟောပြောမှု၌
## စောဒနာလွှာ (၉)

အမှတ် (၇) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား- အင်္ဂုလိမာလရဟန္တာဖြစ်ပုံ ဟောပြောမှုနှင့် ပတ်သက်၍ စောဒနာ ပါဘုရား။ ယင်းအင်္ဂုလိမာလရဟန္တာဖြစ်ပုံကို ဒါယကာကြီး ဦးထင်ရဲ့ ဟောပြောချက်မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

အဲဒီတော့ ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုသည် မဂ်တရား ဖိုလ်တရား မတားဘူးဟုတ်လား၊ မနောကံ သောင်းကျန်းမှု မဂ်တရား ဖိုလ်တရား တားတယ်လို့ဆိုတာ ဦးထင်က ဘယ်လိုဟာ အကိုးအကား လုပ်ပြောတာတုန်းတဲ့၊ အင်္ဂုလိမာလ ကြည့်လေ အင်္ဂုလိမာလကြီးဟာ သည်ကာယကံ သောင်းကျန်းမဝစီကံ သောင်းကျန်းမှု မရှိဘူးလား၊ တကထဲ လူတွေလက်ညှိုးတွေ လိုက်ဖြတ်နေတဲ့ဥစ္စာ၊ ဒါထက်သောင်းကျန်းရအုံးမှာလား၊ ဟော မြတ်စွာဘုရားနဲ့တွေ့တော့ သူ့ မနောကံ မသောင်းကျန်းလို့ မြတ်စွာဘုရား ပြောတဲ့ဥစ္စာ နားလည် တာမဟုတ်လား၊ ဟုတ်ကြရဲ့လား၊ မနောကံ မသောင်းကျန်းလို့ မြတ်စွာ ဘုရားပြောတာတွေ နားလည်လို့ ရဟန္တာဖြစ်သွားတာ စသည်ဖြင့် သက်သေခံ စာအုပ်၊ စာမျက်နှာ-၄၉-၌ ဟောပြောထားသည်ကို တွေ့ရှိ ရပါသည်ဘုရား။

ယင်းဟောပြောချက်များတွင်-

(၁) ကာယကံသောင်းကျန်းမှု-ဝစီကံသောင်းကျန်းမှုဟာ သီလဝိပတ္တိ အရာ၌ မတည်ကြောင်း၊

http://www.dhammadownload.com



(၂) မနောကံသောင်းကျန်းမှုသည်သာ သီလဝိပတ္တိအရာ၌ တည်ကြောင်းကို ယူဆပြီး ဟောပြောထားခြင်းသာ ဖြစ်သည်ကို တွေ့ရှိရပါသည်။

အမှန်မှာ ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်း ကျန်းမှုမှာ သီလဝိသုဒ္ဓိမဖြစ်တော့၍ သီလဝိပတ္တိအရာ၌ တည်နိုင်ပါသည် ဘုရား၊ အဘယ်ကြောင့်ဆိုသော်-

ကာယကမ္မ ဝစီကမ္မာနိ သိ လေတိ သမာဒပေတီတိ သီလံ ဟု ဝစနတ္ထ ပြုသင့်သောကြောင့် ကာယကံ ဝစီကံ ဒုစရိုက်တရားများကို ရှောင်ကြဉ်၍ စောင့်ထိန်းသော ကိုယ်နှုတ်အကျင့်သီလများ ဖြစ်ပါသည်။ မနောကံသည် ငါးပါးသီလ စသည်တို့နှင့် မသက်ဆိုင်၊ သီလဝိသုဒ္ဓိသီလ ရှိသူဖြစ်အောင် ကျင့်မှုမှာ ဝိနည်းဒေသနာတော်အရ ဖြစ်ပါသည်။ မနောကံဖြင့် ပြစ်မှားကျူးလွန် ပြုလုပ်ပြောဆိုမှုများသည် သီလပျက်စီးမှုနှင့် မဆိုင်ပါ၊ မနောကံသီလကို အဘိဓမ္မာဒေသနာတော်အရ အကုသိုလ်ဆိုင်ရာ မနောကံကို မဖြစ်စေရန်သာ ပဟာတဗ္ဗတရားအနေဖြင့် စောင့်ထိန်းမှုပြု၍ ပယ်အပ် ပယ်သင့်ပါသည်။ ဤ၌ အင်္ဂုလိမာလ ရဟန္တာဖြစ်ပုံကို ထေရဝါဒကျမ်းဂန်၌ လာသည်အတိုင်း ဆက်လက်တင်ပြ လျှောက်ထားကြပါမည်ဘုရား။

အင်္ဂုလိမာလရဟန္တာလောင်းဖြစ်မည့် အင်္ဂုလိမာလအမျိုးသားသည် တိပိဋကပဋိသမ္ဘိဒါနှင့်ပြည့်စုံသော ပစ္ဆိမဘဝိကကျွတ်တန်းဝင်ရမည့် ဘဝဖြစ်သော်လည်း ပုထုဇဉ်အဖြစ်၌ ရှိနေသေးစဉ် အကောင်းအဆိုး ဖြစ်သော ကာယကံ ဝစီကံတွေကို ပြုလုပ်ဖို့ရာ အကြောင်းရှိပါက ပြုလုပ်ပြောဆိုမိမည်မှာ မည်သူမျှ မငြင်းနိုင်ပါ၊

http://www.dhammadownload.com



သို့သော်လည်း ဘုရားရှင်တည်းဟူသော ကလျာဏမိတ္တ မိတ်ဆွေကောင်း၊ ဘုရားရှင်တည်းဟူသော သပ္ပုရိသူပနိဿယ ဆရာကောင်းကို အမှီသဟဲပြု၍ အမိရင်းမိခင်အား လက်ညှိုးဖြတ်ယူရန် အလိုက်တွင် ဘုရားရှင်နဲ့တွေ့၍ မာတုဃာတက ကံကြီးကို (ဝါ) မင်္ဂတားဖိုလ်တား ကာယကံကြီးကို ကာယကံမြောက် မရောက်သေး၍သာ ရဟန္တာဖြစ်သွားရခြင်း ဖြစ်ပါသည်။

(၁) ရဟန္တာဖြစ်နိုင်သော ပါရမီမျိုးစေ့ပါလာပြီး ဂေါတမဘုရားထံမှာ ကျွတ်တမ်းဝင် ဗုဒ္ဓသာဝကလောင်းဖြစ်ခြင်း၊

(၂) ပစ္စုပ္ပန်ပုထုဇဉ်ဘဝရှိနေစဉ်မှာ မာတုဃာတက အမိသတ်သော မင်္ဂတား ဖိုလ်တား အကုသိုလ် ပါဏာတိပါတ ပဉ္စာနန္တရိယကံကြီးကို ကာယကံမြောက် မလွန်ကျူးမိခြင်း၊

(၃) ဘုရားရှင်တည်းဟူသော ကလျာဏမိတ္တသပ္ပုရိသူပနိဿယ စက်ကြီးကို ရရှိခြင်း၊

(၄) သဒ္ဓမ္မဿဝန- ဘုရားရှင်ထံတော်မှ သူတော်ကောင်း တရားတော်များကို နာကြားရခြင်း၊

(၅) ယောနိသော မနသိကာရ- ဘုရားရှင် ဟောကြားသည့်အတိုင်း အသင့်နှလုံးသွင်းမိခြင်း-

စသောအကြောင်းများကြောင့်အင်္ဂုလိ-မာလ ရဟန္တာဖြစ်သွားရခြင်းသာ ဖြစ်ပါသည်။ မှန်ပါသည်။

ဤအရာမျိုးမှာ ဥပဃာတကကံ၊ ဥပစ္ဆေဒကကံ အကျိုးပေးနှင့် သက်ဆိုင်ကြောင်းကို အောက်ပါအဋ္ဌကထာ စကားအရ ထင်ရှားလှပါသည်။

http://www.dhammadownload.com



ဥပဃာတကံ ပန သယံ ကုသလမ္ပိ အကုသလမ္ပိ သမာနံ အညံ ဒုဗ္ဗလကမ္မံ ဃာတေတွာ တဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ။ ဧဝံ ပန ကမ္မေန ကတေ ဩကာသေ တံ ဝိပါကံ ဥပ္ပန္နံ နာမ ဝုစ္စတိ။ဥပစ္ဆေဒကန္တိပိ ဧတဿေဝ နာမံ။ တတြာယံ နယော ကုသလကမ္မဿ ဝိပစ္စနကာလေ ဧကံ အကုသလကမ္မံ ဥဋ္ဌာယ တံ ကမ္မံ ဆိန္ဒိတွာ ပါတေတိ။ အကုသလကမ္မဿပိ ဝိပစ္စန ကာလေ ဧကံ ကုသလကမ္မံ ဥဋ္ဌာယ တံ ကမ္မံ ဆိန္ဒိတွာ ပါတေတိ။ ဣဒံ ဥပစ္ဆေဒကံ နာမ။တတ္ထ အဇာတသတ္တုနော ကမ္မံ ကုသလစ္ဆေဒကံ အဟောသိ, အင်္ဂုလိမာလတ္ထေရဿ အကုသလစ္ဆေဒကန္တိ။ (အံ-ဋ္ဌ-၂-၁၁၀/၁၁၁)

ဤအဋ္ဌကထာပါဠိများ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ဥပဃာတကကံဟူသည် အနီးအနား ဖြစ်ပေါ်လာတတ်သော ကောင်းကျိုး၊ ဆိုးကျိုးထို ၂-မျိုးကို ဖြတ်တောက်၍ မိမိက ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ ဖြစ်နေခဲ့သော် တစ်ပါးသော အားနည်းသော ဒုဗ္ဗလကံကိုဖြတ်တောက်၍ ထိုကောင်းကံ၊ ဆိုးကံ၏ ကောင်းကျိုး ဆိုးကျိုးကိုတားမြစ်၍ မိမိ၏အကျိုးပေးခွင့် ပြုတတ်ပါသည်။ ဤကဲ့သို့ ကံကပြုအပ်ပြီးသော အခွင့်အခါမှ ထိုကံ၏အကျိုးများသည် ဥပ္ပန္န မည်သောကောင်းကျိုး ဆိုးကျိုးဖြစ်ပြီး၏ဟု ဆိုအပ်ပါတော့သည်။ ယင်းဥပဃာတက ကံအမည်သည်လည်း ဥပစ္ဆေဒကကံ၏ အမည်ဟု

http://www.dhammadownload.com



လည်း သိရပါသည်၊ ထို့ကြောင့် ကုသိုလ်ကံ၏ အကျိုးပေးရာကို လည်း တစ်ခုသောအကုသိုလ်ကံကို ဖြတ်တောက်၍ ကောင်းကျိုး များကို ကျရောက်စေနိုင်ပါသည်။

အကုသိုလ်ကံ၏ အကျိုးပေးရာ ကာလမှာလည်း တစ်ခုသော ကုသိုလ်ကံကို ဖြတ်တောက်၍ ဆိုးကျိုးများကို ကျရောက်စေနိုင် ပါသည်။ ဤကဲ့သို့အကျိုးပေးခြင်းသည် ဥပဃာတကကံ ခေါ်ရသော ဥပစ္ဆေဒက ကံ အကျိုးပေးမည်၏ဟု အဋ္ဌကထာ၌ မိန့်ဆိုထားပါသည်။ ဤအကျိုး ပေးပုံနှင့် ပတ်သက်၍ ယင်းအဋ္ဌကထာဆရာမြတ်ကပင် ဆက်လက်၍ ဖော်ပြပြီးအတိုင်း-

အဇာတသတ်မင်းအား ကာယကံမြောက် အဖသတ်သော ပိတုဃာတက ပါဏာတိပါတ ပဥ္စာနန္တရိယကံကြီးကို ကျူးလွန်ပြီး ဖြစ်နေ သောကြောင့် ဘုရားရှင်နှင့်တွေ့၍ တရားနာကြားရ၍ ဘုရားရှင်ကို ပုထုဇဉ်ပုဂ္ဂိုလ်ထဲတွင် အလွန်အကဲ ကြည်ညိုသူ ဖြစ်ငြား သော်လည်း မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ရစေနိုင်သော တိဟိတ် ကုသိုလ်ကို ဖြတ်တောက် ခံရ၍ တစ်မဂ် တစ်ဖိုလ်ပင် မရနိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် မဂ်တား ဖိုလ်တား အကုသိုလ် ပါဏာတိ-ပါတကံကြီးကို ကာယကံမြောက် ကျူးလွန်ပြီးသူ ဖြစ်သောကြောင့် ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစေတနာ နှင့်ပတ်သက်၍ အင်္ဂုလိမာလ မထေရ်မှာကား ယင်းအဇာတသတ်ကဲ့သို့ ကာယကံမြောက် မာတုဃာတကကံကြီးကို မလွန်ကျူးရသေးမီ ဘုရားရှင် ကယ်မ ခွင့်ရခဲ့ပါသည်။ (ဝါ) ဘုရားရှင်က တားမြစ်ပေးမှုရရှိခဲ့သူဖြစ်၍ မဂ်တား၊ ဖိုလ်တား အကုသိုလ် ပါဏာတိပါတ မာတုဃာတကကံကြီး မထိုက်

http://www.dhammadownload.com



ခဲ့ပါ။ ထိုကဲ့သို့ မဂ်တား ဖိုလ်တား အကုသိုလ်ကံကြီး မထိုက်သော ကြောင့် အင်္ဂုလိမာလမထေရ်၏ ပစ္စုပ္ပန်ပုထုဇဉ်ဘဝ ဖြစ်နေစဉ် အခိုက် အတန့်မှာ "ဆရာကုန်ရှုံးတော့ တသံသရာလုံး မှောက်ရသည်" ဆိုရိုး စကားကဲ့သို့ ဆရာပေါင်းမှား၍ ဆရာစကားကို မြေဝယ်မကျ နားထောင်မိကာ ဆရာအတွက် လက်ညှိုးတစ်ထောင် ရရှိရန် လူတွေရဲ့ လက်ချောင်းများကို ဖြတ်ယူသော ပဏ္ဍာနန္တရိယကံ မဟုတ်သော မဂ်တား ဖိုလ်တားမဟုတ်သော ပါဏာတိပါတ အကုသိုလ်မျှ လောက်သာ ကျူးလွန်ခဲ့ပါသည်။ ထိုမျှသော ပစ္စုပ္ပန် အကုသိုလ်ကံကို ဖြတ်တောက်၍ မဂ်ဉာဏ်လေးဆင့် ဖိုလ်ဉာဏ် လေးဆင့် အမြင့်သို့ ရောက်ကာ ရဟန္တာဖြစ်သွားရခြင်းသာ ဖြစ်ပါသည် ဘုရား။

နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးဘုရား-

ဤစောဒနာချက်များသည် တိမ်သယောင်ယောင်နဲ့ နက်နဲ ခက်ခဲသော ပြဿနာတစ်ရပ်ပင်ဖြစ်သည်ဟု တပည့်တော်များ သတိပြု မိကြပါသည်။ ဟောပြောသူက တိမ်တိမ်အလွယ်နဲ့ ဟောပြော၍ နာကြားသူများကလည်း လွယ်လွယ်နဲ့ လက်ခံနိုင်သော အယူအဆမျိုး ဖြစ်နေပါသည်။ ဤဟောပြောချက်များသည် သီလဝိသုဒ္ဓိအရာ၌ အလိုရှိ အပ်သော အဓိသီလသိက္ခာကျင့်စဉ်ကြီးနှင့် အလွဲကြီး လွဲမှားနေပါသည်။

အထက်ဖော်ပြခဲ့ပြီးသော ရှင်းလင်းချက်များအရ မေးစရာတော့ရှိပါ သည်။ အင်္ဂုလိမာလမထေရ်သည် ဒုဿီလအဖြစ်၌ တည်၍ ရဟန္တာ ဖြစ်ပါသလား၊ သို့မဟုတ် သီလဝန္တ အဖြစ်၌တည်၍ ရဟန္တာဖြစ်ပါ သလားလို့ မေးစရာရှိပါသည်။ မေးလဲမေးသင့်ပါသည်။ အဖြေမှာ

http://www.dhammadownload.com



ပါဠိတော်လာ ဂါထာတွင် ပဟာယပါပံ၊ ငါသည်မကောင်းမှု ဒုစရိုက်ကို စွန့်၍ (ဝါ) မပြုလုပ်၊မပြောဆို မကြံစည်တော့ဘဲ ရှောင်ကြဉ်ပါတော့ အံ့ဟု စိတ်ဖြင့်ဆောက်တည်လိုက်ရုံဖြင့် အင်္ဂုလိမာလ အမျိုး သားမှာ အလိုလို သီလဝိသုဒ္ဓိအရာ၌တည်၍ သီလဝန္တ ဖြစ်သွားသည်မှာ ထင်ရှား သိနိုင်ပါသည်။ ဒါကြောင့် အင်္ဂုလိမာလမထေရ်အလောင်း သည် ဘုရားရှင်နဲ့ တွေ့ပြီးနောက်မှာ သီလဝန္တပုဂ္ဂိုလ်ဖြစ်ကာ ဘုရား ရှင်ထံတော်မှာ တရားနာယူပြီး မှန်ကန်စွာနှလုံးသွင်းမှု ကျင့်ကြံမှုရှိ၍ ရဟန္တာအထိဖြစ်သွားရ ခြင်းဖြစ်ပါသည်ဘုရား။ ဒါယကာကြီးဦးထင်ရဲ့ ယူဆဟောပြောသလို ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်း မှုမှာ မဂ်တား၊ ဖိုလ်တား၊ အကုသိုလ်မဟုတ်ဘူး၊ မနောကံ သောင်းကျန်းမှုသည်သာ မဂ်တား၊ ဖိုလ်တား အကုသိုလ်ဖြစ်တယ်လို့ အင်္ဂုလိမာလဝတ္ထုကို အကိုးအကား သာဓကပြု၍ ဟောပြော ထားခြင်းသည် ဖော်ပြပြီး ထေရဝါဒအဋ္ဌကထာ စကားနှင့် မညီ ကြောင်း တွေ့ရှိရပါသည်။ ဤ၌ ကာယကံမှု ဝစီကံမှု ပြုလုပ်ပြောဆို သောအခါမှာ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"အရ ပြုလုပ်ချင် ပြောဆိုချင်သော စိတ်ခေါ် မနောကံတိုက်တွန်းမှု မပါဘူးလားလို့မေးရင် မနောကံ ပါသည်ဟုပင် ဖြေဆိုရပါသည်။ သို့ပေမဲ့ မနောကံသောင်းကျန်းမှု သည် ဝိနည်းဒေသနာတော်အရ အဓိသီလသိက္ခာနှင့် မသက်ဆိုင် ၍ မဂ်တား၊ ဖိုလ်တား ဖြစ်လောက်အောင် အပြစ်မရှိနိုင်ဟု ဆိုရပါ သည်။ ထို့ကြောင့် ရဟန်းတော်များမှာ မနောဒွါရေ အာပတ္တိ နာမ နတ္ထိလို့ မနောဒွါရမှာ မနောကံ သောင်းကျန်းမှုကြောင့် အာပတ် အပြစ်မရှိဟု ဆိုရပါသည်။ အကယ်၍ မနောကံသောင်းကျန်း မှုကြောင့်သာ လူရော ရှင်ရော သီလသိက္ခာပုဒ် ကျိုးပေါက်ပျက်စီး၍

http://www.dhammadownload.com



ဒုဿီလဟု ဆိုမည်ဆိုပါက တစ်သာသနာတော် လုံးတွင် သီလဝန္တ ရဟန်းရှင်လူများမှာ ကမြင်းနီရဲ့ မျက်ချေးလို ရှားနေမည်မှာ အမှန် ပင်ဖြစ်ပါသည်။ ကမြင်းနီ မျက်ချေးကမှ ရှာနိုင်ရင် ရနိုင်စရာရှိပြီး သီလဝန္တပုဂ္ဂိုလ်မှာကား လားလားမျှ တွေ့နိုင်စရာ မရှိတော့ပါ။ ဒါကြောင့် ဒါယကာကြီးဦးထင်ရဲ့ အင်္ဂုလိမာလရဟန္တာ ဝတ္ထုကို အကိုး အကားပြု၍ ကာယကံ၊ ဝစီကံ၊ မနောကံသောင်းကျန်းမှုကြောင့် မဂ်တား ဖိုလ်တား အကုသိုလ်ဖြစ်၊ မဖြစ်နှင့် ဟောပြောချက် အားလုံ သည် အဓမ္မဝါဒ လုံးလုံးချည်းဖြစ်နေကြောင်းကို ထင်ရှားသိလောက် ပါပြီဘုရား။

နိုင်ငံတော်ဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား၊ ဤစောဒနာ တွင်ပါ ဒါယကာကြီးဦးထင်ရဲ့ ဟောပြောချက်အားလုံးကို အဓမ္မဝါဒဟု ဆုံးဖြတ်ချက်ချပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားစောဒနာကြ ပါသည်ဘုရား။

## စောဒနာ (၁၀)
## ဗုဒ္ဓဘာသာခေါ်ပုံနှင့် ဘုရားနှင့်နီးစွာနဲဆိုင်ရာ စောဒနာလွှာ

အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးများ ဘုရား-

ယင်းစောဒနာနှင့်ပတ်သက်၍ ဒါယကာကြီးဦးထင်ဟောပြော ခဲ့သော သက်သေခံစာအုပ်၊ စာမျက်နှာ (၅၇/က)တွင် ဗုဒ္ဓဆိုတာ ဘုရား၊ ဘာသာဆိုတာ အယူ၊ အဲဒါမှ ဗုဒ္ဓဘာသာ တိုင်းပြည်လို့ ခေါ်ပါတယ်၊ အဲဒါကြောင့် ဘုရားနဲ့တွေ့အောင် ရှာကြပါ၊ ဘုရားက

ထွန်တုံး (၈)

http://www.dhammadownload.com



ဦးထင်တိုက်လာလို့ ဘုရားနဲ့မတွေ့ဘူး၊ ဦးထင်နဲ့ သာတွေ့မယ်၊ ဟော ဘုရားက ဘယ်မှာတုန်း၊ ဘုရားက နိဗ္ဗာန်မှာ ရှိတယ်၊ ဟော ဘာပြုလို့ နိဗ္ဗာန်မှာ ပြောရပါတုန်း၊ ခန္ဓာကိုယ်ကြီး တဖွားဖွားနဲ့ ပျက်တာမြင်လို့ (၁) ခန္ဓာကိုယ် ကုန်ဆုံးရာ နိဗ္ဗာန်၊ (၂) ကုသိုလ်-အကုသိုလ် ချုပ်ငြိမ်း ရာနိဗ္ဗာန်၊ (၃) ခန္ဓာငါးပါး ချုပ်ဆုံးရာ နိဗ္ဗာန်၊ (သုညတနိဗ္ဗာန်)၊ (၄) ပြုပြင်ခြင်းမှကင်းသော အသင်္ခတဓါတ် မြတ်သောနိဗ္ဗာန်၊ ဒါကြောင့် ဘုရားက နိဗ္ဗာန်မှာ ရှိတယ်။ တဖွားဖွားပဲ ပရမတ်၊ ဒီပရမတ်ပဲဘုရား၊ ဒါကြောင့် ဘုရားနိဗ္ဗာန်မှာ ရှိတယ်။

ဤကဲ့သို့ စသည်ဖြင့် ဟောပြောသင်ပြထားသည်ကို တွေ့ရှိရပါသည်။

ယင်းဟောပြောချက်တွင်-

(က) ဗုဒ္ဓဘာသာခေါ်ထားပုံ၊

(ခ) ခန္ဓာကိုယ်ကြီးတဖွားဖွားနဲ့ ပျက်တာမြင်လို့ နိဗ္ဗာန်မှာ ခန္ဓာကိုယ်ကုန်ဆုံးရာ နိဗ္ဗာန်စသည်ဖြင့် အကြောင်းပြုလျက် ဘုရားက နိဗ္ဗာန်မှာရှိတယ်၊

(ဂ) "တဖွားဖွားပဲပရမတ်၊ ယင်းပရမတ်ကိုပဲ ဘုရား" ဟုဆိုပြီး ဘုရား နိဗ္ဗာန်မှာရှိတယ်ဟု ဆိုလိုရင်းဖြစ်သည်ဟု ကောက်နုတ်ချက် ယူနိုင်ပါသည်။

**ရှင်းလင်းချက်**

(က) အရ ဗုဒ္ဓဘာသာဟူသည် ဗုဒ္ဓ-ဘုရားရှင်၏။ ဘာသာ-ဟောတော်မူအပ်သောစကား။ ထိုဘုရားစကားတော်ကို လိုက်နာသော (ဘုရား- တရားတော်ကို ယုံကြည်၍ ကိုးကွယ်

http://www.dhammadownload.com



သော) ပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူဟု ရှေးရှေး ကျမ်းပြုဆရာတော်ကြီးများက ဗုဒ္ဓဘာသာအရ ဆိုရိုးစကား ပြုထားခဲ့ပါသည်။ ယင်းစကားရပ်သည်သာ အဘိဓာန် ကျမ်းလာ ဂါထာနံပါတ် (၁၀၅) ( ။ ။ )

ဘာသိတံ လပိတံ ဘာသာ၊
ဝေါဟာရော ဝစနံ ဝစော။
ဥတ္တိ ဝါစာ ဂိရာ ဝါဏီ။
ဘာရတီ ကထိတာ ဝစီ။

ဟူသော စကားပရိယာယ်သဒ္ဒါ (၁၃)ပုဒ်တွင် စကားဟောဘာသာ သဒ္ဒါတိုက်ရိုက် မိန့်ဆိုချက်နှင့် ညီညွတ်လှပါသည်၊ အရပ်စကား၊ ဇာတ်စကား၊ သဘာဝစကားအဖြစ်ဖြင့် ပြောဆိုရိုးဖြစ်သော ဗုဒ္ဓ-ဆိုတာ ဘုရား၊ ဘာသာ-ဆိုတာ အယူ ဆိုပြီး ဘုရားအယူကို ဗုဒ္ဓဘာသာ ခေါ်ဆိုကြောင်း ပြောဆိုရိုးပြုကြခြင်းသည် ဝေါဟာရတ္ထအဓိပ္ပါယ် အနေဖြင့် ပြောဆိုရိုး ပြုနိုင်သော်လည်း သဒ္ဒါအနေဖြင့် ဘာသာ သဒ္ဒါကို အယူဟု မြန်မာပြန်ဆို ရေးသားဟောပြော၊ ပြောဆိုနေကြ ခြင်းသည် မဟာအမှားစကား များသာ ဖြစ်ပါသည်။ ယင်းဗုဒ္ဓဘာသာ ခေါ်ပုံ စောဒနာချက်နှင့်ပတ်သက်၍ အောက်ဖော်ပြလတ္တံ့သော ဗုဒ္ဓ ဘာသာဝင်တိုင်း နားလည်ရမည့် သိမှု၊ကျင့်မှုတို့နှင့် ပြည့်စုံမှသာ ဗုဒ္ဓ ဘာသာစင်စစ်ကေန် ဖြစ်နိုင်သည်ဟု တပည့်တော်တို့ လက်ခံယုံကြည် ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ရမည့် သိမှုများကို ထေရဝါဒ က အောက်ပါအတိုင်း သတ်မှတ်လမ်းညွှန်ခဲ့ကြပါသည်။

(၁) ရှေးဦးစွာ သရဏဂုံသီလ ၃-ပါးကို နားလည်ကျင့်သုံးဆောက် တည်ရမည်။

http://www.dhammadownload.com



(၂) သရဏဂုံ သီလတည်လျှင် ငါးပါးသီလကိုလည်း စောင့်ထိန်းရမည်။

(၃) ဒုစရိုက်(၁၀)ပါးကိုရှောင်၍ သုစရိုက်ကိုလည်းဆောင်ရမည်။ (ရှောင်ရန် ၁၀-ပါး၊ ဆောင်ရန် ၁၀-ပါးဟု အကျဉ်းချုပ်မှတ်ပါ)။

(၄) ဒါန သီလ ဘာဝနာစသော ပုညကြိယာဝတ္ထု ၁၀-ပါးကို နားလည် ရမည်။ ပြုလည်းပြုကျင့်ရမည်။

(၅) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ နတ်စသော ပရလောက(နောက်ဘဝ) အကြောင်းကိုလည်း နားလည်ရမည်။

(၆) ဩကာသမှစ၍ ငါးပါး၊ ရှစ်ပါးသီလများကို ခံယူကျင့်သုံးကြရမည်။

(၇) မေတ္တာစသော ဗြဟ္မစိုရ်တရားကိုလည်း နားလည်ရမည်။

(၈) ရတနာ ၃-ပါးအကြောင်းကို နည်းနည်းပါးပါးမှစ၍ များနိုင်သမျှ များအောင်သိဖို့ရန်လည်း လေ့လာရမည်။

(၉) လူတို့ကျင့်ဖွယ် အတော်များစွာပါသော မင်္ဂလသုတ် အဓိပ္ပာယ်ကိုလည်း အတော်အတန် နားလည်ရမည်။

(၁၀) ကံ,ကံ၏ အကျိုးကိုလည်း ထိုက်တန်သမျှ နားလည်ရမည်။

ဤမျှအထိ နားလည်လျှင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များအတွက် ပြည့်စုံလုံလောက်သော်လည်းထိုထက်စွမ်းနိုင်လျှင်သံသရာအကြောင်း ကောင်းကောင်းသိဖို့ရာ တစ်ဆင့်တက်၍-

http://www.dhammadownload.com



(၁၁) နာမ်ရုပ်တို့၏ အဖြစ်အပျက်ကိုလည်း နားလည်ရမည်။

(၁၂) သံသရာ ကျင်လည်ရပုံ(ပဋိစ္စသမုပ္ပါဒ်)နှင့် သံသရာမှ ထွက်မြောက် ပုံကိုလည်း နားလည်ရမည်။

(၁၃) ဤ၌ ရှေးပညာရှိတို့စပ်ဆိုထားခဲ့သော-

"ယော စ ဗုဒ္ဓဉ္စ၊ ဓမ္မဉ္စ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မ ပညာယ ပဿတိ"

ဟူသော ဓမ္မပဒဂါထာပါဠိအရ-

ဗုဒ္ဓဘာသာ ခေါ်ဆိုရပုံကို စပ်ဆိုခဲ့သည်မှာ "ဗုဒ္ဓဘာသာဆိုတာ ဘယ်လိုလဲရယ်လို့ ဘာသာခြားတွေက မေးကြလိမ့်မယ်၊ အဖုံဖုံသစ္စာလေးပါးနှင့် သဗ္ဗညုတဉာဏ်အာရုံ၊ ဘုရားကိုလည်းယုံ၊ သံဃာကိုလည်းယုံ၊ ကိုးကွယ်မှုသရဏဂုံ၊ ငါးပါးသီလလုံ၊ အပါယ်တံခါးပိတ်လို့ ကုန်၊ အဲဒါမှ ဗုဒ္ဓဘာသာ စစ်စစ်ရယ်လို့ယုံဟု စပ်ဆိုထားခဲ့ကြပါသည်။

ဤကဲ့သို့ ရှေးပညာရှိကြီးများက ညွှန်ကြားသတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများကို သင်ကြားပေးရန် ညွှန်ကြားပြဋ္ဌာန်းပေး၍ တစ်နိုင်ငံလုံး ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားလျက်ရှိကြောင်းကို တွေ့မြင်ကြားသိရ၍တပည့်တော်များ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်ဝတို့အတွက် အားတက်ဝမ်းမြောက်မိကြပါသည်ဘုရား။

**ဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား--**

ဘုရားက နိဗ္ဗာန်မှာရှိတယ်ဟူသော ဟောပြောမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ လျှောက်ထားချက်ပါဘုရား။

http://www.dhammadownload.com



အထက်ဖော်ပြ လျှောက်ထားပြီးခဲ့သော ဒါယကာကြီးဦးထင်ရဲ့ ဟောပြောချက်ထဲတွင် ဘုရားက နိဗ္ဗာန်မှာရှိတယ်၊ တဖွားဖွားပဲ၊ ပရမတ်ပဲ၊ ဒီပရမတ်ပဲဘုရား၊ ထို့ကြောင့် ဘုရားနိဗ္ဗာန်မှာရှိတယ်ဟု မဟုတ်မဟတ် အကြောင်းဇာတ်ဖြင့် ယုတ္တိကင်းမဲ့စွာ ဟောပြော ထားချက်များသည် အောက်ဖော်ပြလတ္တံ့ပါ ဋီကာများ၌လာသော စကားရပ်များနှင့် မဆက်စပ်ကြောင်း တွေ့ရှိရပါသည်။

ဋီကာများ၌- "ကော ဗုဒ္ဓေါ ကိရ အနန္တဂုဏာဓိဝါသောခန္ဓသန္တာနော တဿ သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာ ဗုဒ္ဓေါတိ ပညတ္တတ္တာ၊" "တထာ ဟိ ဝုတ္တံ" "သီလက္ခန္ဓာဒီသု" "အတ္ထတော ပန ပါရမိတာ ပရိဘာဝိတော သယမ္ဘုညာဏေန သဟ ဝါသနာယ ဝိဟတဝိဒ္ဓတ္ထနိရာဝ သေသေ ကိလေသေ မဟာကရုဏာသဗ္ဗညုတညာဏာဒိအပရိမေယျဂုဏဂဏာဓာရော ခန္ဓသန္တာနော ဗုဒ္ဓေါတိ "အတ္ထဝိသေသော ဗုဒ္ဓေါ နာမာ စေ သတ္တံ၊ သောပိ ပန ခန္ဓသန္တာ-နောယေဝ (မဏိသာရမဥ္ဇူသာဋီကာ၊၄)၌ မိန့်ဆိုထားသောကြောင့် ဘုရားဆိုသည်မှာ ပါရမီ အပေါင်းတို့ဖြင့် ထုံအပ်သော သယမ္ဘုညာဏ်ဖြင့် ဝါသနာနှင့်တကွ အလုံးစုံ သောကိလေသာတို့ကို ဖျက်ဆီးတော်မူအပ်သော မဟာကရုဏာ သဗ္ဗညုတညာဏ် အစရှိသော မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်း၏ တည်ရာ ဖြစ်တော်မူသော ခန္ဓာအစဉ်ကို ဘုရားဟု ခေါ်ဆိုရပါသည်။

သို့ဖြစ်၍ ဘုရားဟူသော စကားသည် ပရမတ်စကားလော၊ ပညတ် စကားလော၊ ပညတ်အရာဖြစ်၍ ပညတ်စကားသာ ဖြစ်ပါသည်။ပရမတ်စကားမဖြစ်နိုင်ပါ။ဒါ့ကြောင့် ပညတ်တရား ခေါ်ဆို

http://www.dhammadownload.com



ရသည်။ပရမတ်ခန္ဓာတော် အစဉ်ကိုအကြောင်းသမ္မ အစွဲပြု၍ ဘုရားဟု ပညတ်ခေါ်ဝေါ် ရခြင်း ဖြစ်ပါသည်။ ပရမတ်ဘုရားဟူသည် မည်သို့သောနည်းဖြင့် မခေါ်ဆိုနိုင် ကြောင်းမှာ ထင်ရှားလှပါသည်။ ခေါ်လည်းမခေါ်နိုင်ပါ။ ဘုရားဂုဏ်တော်များကို ရည်မှန်းထား၍ ဘုရားကိုယုံကြည် ကိုးကွယ်ပူဇော်ရသောကြောင့် ဂုဏ်တော်ဘုရားဟု ခေါ်ဆိုလိုက ခေါ်ဆိုနိုင်ပါသည်။ ဒကာကြီးဦးထင် ဟောပြောသလို "တဖွားဖွားပဲ ပရမတ်၊ ဒီပရမတ်ပဲဘုရား၊ ဒါကြောင့် ဘုရားနိဗ္ဗာန်မှာ ရှိတယ်"ဟု ဆိုပါက သက်တော်ထင်ရှား ရှိတော်မူသော ဘုရားရှင် ဝိပါက်ကမ္မဇ ရုပ်အကြွင်းရှိသေး၍ သဉပါဒိသေသနိဗ္ဗာန်ကို အာရုံပြုနိုင် စံမြန်းတော်မူနိုင်သော်လည်း အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသောဘုရားမှာ ဝိပါက်ကမ္မဇ ရုပ်ခန္ဓာ အကြွင်းမရှိ ချုပ်ငြိမ်းပြီးသောကြောင့် ပရမတ်ခန္ဓာတော်အစဉ်ကို အကြောင်းသမ္မ အစွဲပြု၍ ဘုရား နိဗ္ဗာန်မှာရှိတယ်ဟု ယူဆဟောပြောလို့ မဖြစ်နိုင်တော့ပါ။

"နိဗ္ဗာန်မှာ ဘုရားရှိတယ်ဟု ယူဆဖို့လည်း မဖြစ်နိုင်ပါ။ အကယ်၍ယူဆဟောပြောပါက ခန္ဓာငါးပါးအကြွင်းမဲ့ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်မအိုရာ မနာရာ၊ မသေရာ အဇာတိ၊ အဗျာဓိ၊ အမရဏာသဘောများမရှိနိုင်တော့ပါ။ နိဗ္ဗာန်မှာပရမတ် (အမတ)ဘုရား၊ (ခန္ဓာဘုရား) ရှိနေဦးမည်ဆိုပါကလည်းဘုရားဖြစ်ပြီးနောက် နိဗ္ဗာန်ရောက်သော်လည်း ဇာတိ-ဇရာ-ဗျာဓိ-မရဏာဖြစ်-အို၊နာ၊သေ သဘောများများစားစား တွေ့ကြုံရပါလိမ့်မည်။ ဒီလိုလည်း မဖြစ် နိုင်ပါ။ ဒါကြောင့် ဒါယကာကြီးဦးထင်ရဲ့ "ဘုရားနိဗ္ဗာန်မှာ ရှိတယ်"ဟု ယူဆဟောပြောထားခြင်းသည် ထေရဝါဒဋီကာကျမ်းလာ စကားရပ်နှင့်မညီ-မဟုတ် မဟုတ်သောအကြောင်းဇာတ်ဖြင့် ယုတ္တိကင်းမဲ့သောစကား များသာ ဖြစ်၍ အမွေဝါဒပင် ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



**နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား--**

ဤစောဒနာလွှာပါ ဒါယကာကြီးဦးထင်ရဲ့ဟောပြောချက်အားလုံးကိုအဓမ္မဟု ဆုံးဖြတ်ပေးတော်မူပါရန်ရိုသေစွာ လျှောက်ထား စောဒနာကြပါသည်ဘုရား။

## နိဗ္ဗာန်စောဒနာ(၁၁)

အမှတ်(၈)နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား--

နိဗ္ဗာန်စောဒနာလွှာ(၁၁)ပါဘုရား--

ယင်းစောဒနာလွှာနှင့် ပတ်သက်၍ ဒါယကာကြီးဦးထင်ရဲ့ ဟောပြောတင်ပြမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ဒါယကာကြီးဦးထင် ဟောပြောတင်ပြချက်များ

(က) အသိဆိုတာ နိဗ္ဗာန်မှာရှိတယ်တဲ့၊ အသိဆိုတာ နိဗ္ဗာန်မှာရှိတယ်။ (ဦးထင်၏စာအုပ်၊နှာ-၅-မှ)

(ခ) နိဗ္ဗာန်မှာ ရုပ်နာမ်ရှိတယ်လို့ အဲဒီလိုဟောတယ်။ အဲဒီတော့ စာသမားတွေကတော့ ရုပ်နာမ်နှစ်ပါး ချုပ်ရာ နိဗ္ဗာန်၊ သူတို့သိတာက ဒီရုပ်ကိုသာ သိတာကိုး။ အဲဒီတော့ အဲဒီခန္ဓာကိုယ်ကြီး မီးပန်းတွေထွန်းထားတာ တဖွားဖွားနဲ့ ပျက်တာ မြင်သိတော့ အဲဒီရုပ်ကြီးရှိသလား။ အဲဒါကြောင့် သမုတိရုပ် ခေါ်တယ်တဲ့အဲဒါက သမုတိရုပ်နာမ်နှစ်ပါး ချုပ်ဆုံးမှ အရိယသစ္စာဆိုတဲ့ ရုပ်နာမ်နှစ်ပါး မြင်ရတယ်တဲ့။ အဲဒါ ခန္ဓာကိုယ်ကြီး မီးပန်းတွေထွန်းထားတာ တဖွားဖွားနဲ့ ပျက်တာမြင်သိတာက ရုပ်တရား၊ သိတဲ့အသိက နာမ်တရား၊ အရိယာသစ္စာဆိုတဲ့ ရုပ်နာမ်နှစ်ပါးခေါ်တယ်၊

http://www.dhammadownload.com



အဲဒါကိုပဲ တဖွားဖွားပျက်တာကိုပဲ နိဗ္ဗာန်လို့ခေါ်တယ် အဲဒီ နိဗ္ဗာန် ရုပ်နာမ်နှစ်ပါးရှိတယ်တဲ့။ ဘာလုပ်မဲ့ ရုပ်နာမ်နှစ်ပါး ရှိရတုန်းတဲ့ ဘဝမကုန်သေးတော့ကို သမုတိသစ္စာနယ်ထဲ မယ် ပြန်လာရလိမ့်အုံးမယ်တဲ့။ ရုပ်နာမ်နှစ်ပါးနဲ့ ပြန်နေရ လိမ့်ဦးမယ်တဲ့၊ ဝဋ်ကောင်ကြီးကမကုန် သေးပဲကိုး။ ဝဋ်က အတိတ်ကပြုလာခဲ့တဲ့ဝဋ်က ပြန်နေရဦးမယ်၊ ပြန်နေရလို့ပဲ ကျုပ်ရောက်ခဲ့လို့ ကျုပ်အခုပြောနေတာ။ ပြန်ပြောနေ ရတာပဲ မဟုတ်လားလို့ ဟုတ်လား၊ အဲဒါကြောင့်မို့လို့ သူ့ကို ပြန်လာတဲ့နိဗ္ဗာန်ခေါ်တယ်တဲ့။ သူပြန်လာတဲ့ နိဗ္ဗာန် ခေါ်တယ်။ အဲဒါကြောင့် ပြန်လာတဲ့နိဗ္ဗာန်မှာ ရုပ်နာမ် နှစ်ပါးရှိတယ်။ ဟော-မှတ်ထားကြနော်၊ပြန်လာတဲ့ နိဗ္ဗာန် ခေါ်တယ်။ ပြန်လာတဲ့နိဗ္ဗာန်မှာ ရုပ်နာမ်နှစ်ပါး ရှိတယ်တဲ့။

(ဦးထင်၏စာအုပ်၊ နှာ-၁၇-မှ)

(ဂ) အတိတ်က ဝဋ်ပြုလာခဲ့တဲ့ ဝဋ်ကောင်ကြီးက ရှိနေ တာမို့လို့ ပြုပြင်နေရသေးတယ် စိတ်မှာတော့ ဘာမှ ပြုပြင်စရာ မရှိတော့ဘူးတဲ့။ အဲဒါကြောင့်သူ့ကို သခ်တ နိဗ္ဗာန်လို့ အမည်နာမပေးရတယ်။ ခန္ဓာကိုယ်ကြီး မီးပန်း တွေ ထွန်းထားသလို တဖွားဖွားနဲ့ ပျက်တာ မြင်သိတာက အသခ်တနိဗ္ဗာန်လို့ အမည်နာမပေးရ---

(ဦးထင်၏စာအုပ်၊ နှာ-၁၆-မှ)

**နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား--**

ဤအထက်ပါ ဟောပြောချက်များတွင် လိုရင်းမျှ ထုတ်ပြရသော်-

http://www.dhammadownload.com



(၁) နိဗ္ဗာန်မှာ အသိရှိကြောင်း၊
(၂) နိဗ္ဗာန်မှာ ရုပ်နာမ်နှစ်ပါးရှိကြောင်း၊
(၃) နိဗ္ဗာန်မှာ ပျက်မှုရှိကြောင်း၊
(၄) နိဗ္ဗာန်ကို-
(က) သခ်တနိဗ္ဗာန်
(ခ) အသခ်တနိဗ္ဗာန်ဟု (၂)မျိုး ယူထားကြောင်းများကို ဟောပြောထားသည်ကိုကောက်ချက်ချလို့ရပါသည်။

အထက်ဖော်ပြပါ ဒါယကာကြီး ဦးထင်၏ဟော ပြောချက်များသည် ဖော်ပြလတ္တံ့ပါ ဘုရားဟော ထေရဝါဒပါဠိတော်များအရ အဓမ္မဝါဒ အယူအဆ ဖြစ်နေပါသည်။

## ရှင်းလင်းတင်ပြလျှောက်ထားချက်

(က) နိဗ္ဗာန်သည် "သန္တိလက္ခဏံ နိရောဓသစ္စံ" (အဘိ-ဌ-၂-၇၉)ပါဠိနှင့်အညီ အေးငြိမ်းသောလက္ခဏာ ရှိသည့် အငြိမ်းဓာတ်ဟု ဆိုရပါသည်။

(ခ) ယင်းနိဗ္ဗာန်သည် ထူးသောမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့ဖြင့်သာ သိအပ်၍ ပကတိမျက်စိဖြင့် မြင်ကောင်းသော လက္ခဏာ မရှိ ပုံတူဥပမာလည်း ပြစရာမရှိပါ ဖြစ်မှုအစ အပိုင်းအခြားမရှိသလို ပျက်မှုအဆုံး အပိုင်းအခြားလည်း မရှိပါ။

(ဂ) ရုပ်နာမ်သင်္ခါရ တရားများမှာမူ အဖြစ်ဥပါဒ်ရှိ၍ အပျက်ဘင်လည်း ရှိကြပါသည်။ထို့ကြောင့်-သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ်၊ ဆဋ္ဌ-နှာ ၁၃၅ ဘုရားရှင် ဟောကြားတော်မူအပ်သော-

http://www.dhammadownload.com



(ဃ) ဝိညာဏံအနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ-
၊အစရှိသော ပါဠိတော်အရ-

(၁) နိဗ္ဗာန်၌ ဖြစ်မှုပျက်မှုလည်း မရှိနိုင်ပါ၊ ဖြစ်မှု ပျက်မှု မရှိနိုင်၍ အသိရှိသည်ဟု မည်သို့ ဆိုနိုင်ပါအံ့နည်း။ အသိရှိက ဖြစ်ပျက်ရမည့် ဓမ္မတာလည်း ရှိရပါတော့မည်။ ထိုသို့ကား မရှိနိုင်ပါ။

(၂) တစ်ဖန် (က)ဥပ္ပါဒေါ သင်္ခါရာ (ခ)အနုပ္ပါဒေါ နိဗ္ဗာနံ (ဂ)ပဝတ္တံ သင်္ခါရာ (ဃ)အပဝတ္တံ နိဗ္ဗာနံ-ဟု ပဋိသမ္ဘိဒါ မဂ် ပါဠိတော်၊ ၁၅ အရ နိဗ္ဗာန်နှင့် သင်္ခါရ တရားတို့မှာ မိုးနဲ့မြေကြီးပမာ ကွာခြားလှပါသည်။ ကွာခြားပုံမှာ-

(က/ဂ)ဖြစ်ပေါ်ခြင်းသဘော၊ မပြတ်စပ်၍ ဖြစ်နေသော သဘောသည် ရုပ်နာမ်သင်္ခါရမည်၏။

(ခ/ဃ)အပြစ်ကင်းသော အငြိမ်းဓာတ်သာရှိသည်။ မပြတ်စပ်၍ ဖြစ်သည့် ရုပ်နာမ်မှ ကင်းသောသဘောသည် နိဗ္ဗာန် မည်၏။

ထို့ပြင် သီလက္ခန်ပါဠိတော်၊ ကေဝဋ္ဋသုတ် ၂၁၃ ၌ -

ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
ဧတ္ထ ဒီဃဉ္စ ရဿဉ္စ၊ အဏုံ ထူလံ သုဘာသုဘံ။
ဧတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ၊
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ-

ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။(ဒီ-၁၊ ၂၁၃)

http://www.dhammadownload.com



## ယင်းပါဠိတော်၏ လိုရင်းမြန်မာပြန်

(၁) ထူးမြတ်သော အရိယာမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ရသော နိဗ္ဗာန်သည် မြင်အပ်မြင်ကောင်းသော အဆင်းအရောင်မရှိခြင်း၊

(၂) ဖြစ်၊ တည်၊ ပျက် ဟူသောအပိုင်းအခြားမရှိခြင်း၊

(၃) ခပ်သိမ်းသော ကမ္မဋ္ဌာန်းတို့မှသက်ဝင်ရန် ဆိပ်ကမ်းလည်း ရှိခြင်း၊

(၄) နည်းလမ်းမှန်စွာ အားထုတ်လျှင် မည်သည့်အရပ်၌မဆို နိဗ္ဗာန်ကို သိနိုင်သောကြောင့် ခပ်သိမ်းသောအရပ်မျက်နှာတို့၌လည်း ထင်ရှားရှိခြင်း၊

(၅) ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း တောက်ပခြင်း၊

(၆) နိဗ္ဗာန်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဣန္ဒြိယဗဒ္ဓကိုယ်ခန္ဓာ ဣန္ဒြေနှင့်စပ်သော ဓာတ်ကြီးလေးပါးသည် အကြောင်းကင်းသည်ဖြစ်၍ ဆောက်တည်မရဘဲချုပ်ငြိမ်းခြင်း၊

(၇) နိဗ္ဗာန်၌ ရှည်,တို,ငယ်,ကြီး ပုံသဏ္ဌာန်အဆင်းအရောင်ရုပ် မရှိခြင်း၊

(၈) တင့်တယ်၊ မတင့်တယ်၊ လှပ၊ မလှပ၊ ဣဋ္ဌ၊ အနိဋ္ဌ၊ အာရုံများ နိဗ္ဗာန်၌ မရှိခြင်း၊

(၉) နိဗ္ဗာန်၌ ညွတ်မှု၊ သိမှု နာမ်တရား ဖောက်ပြန်ပြောင်းလဲမှု ရုပ်တရား အကြွင်းမဲ့ဖြစ်ခြင်း မရှိသောအားဖြင့် ချုပ်ခြင်း၊

http://www.dhammadownload.com



(၁၀) နိဗ္ဗာန်၌ စုတိစိတ်နှင့် အဘိသင်္ခါရ ဝိညာဏ်ဟူသော ဝိညာဏ် ၂-ပါး၏ ကုန်ဆုံးပျက်စီးလျက် ချုပ်ကွယ်ခြင်း၊ မဖြစ်ပေါ်လာဘဲ ချုပ်ကွယ်ခြင်းကြောင့်ဆိုအပ်ပြီးသော ဥပ္ပါဒိန္နကရုပ်နာမ်တရား အလုံးစုံသည် နိဗ္ဗာန်၌တစ်ဖန် အသစ် မဖြစ် ပေါ်လာတော့ဘဲ ချုပ်ကွယ်ခြင်း၊

ဤအထက်ပါ စကားရပ်အားလုံးကို ခြုံငုံ၍ဆိုရသော် ပရိနိဗ္ဗာန် စုတိစိတ် ချုပ်ပျက်သောကြောင့် လက်ရှိနာမ်တရားအလုံးစုံ ချုပ်ကွယ် ပြတ်စဲ၍ အကျိုးပေးနိုင်သော အဘိသင်္ခါရဝိညာဏ်မရှိသော ရုပ်နာမ် အသစ် ထပ်မံမဖြစ်တော့ဘဲ ချုပ်ကွယ်ပြတ်စဲသောကြောင့် မီးစာကုန် ဆီခမ်းသော မီးတောက်၏ ကွယ်ပျောက်ခြင်းကဲ့သို့ ရုပ်နာမ် အလုံးစုံပင် နိဗ္ဗာန်အငြိမ်းဓာတ် ထင်ရှားရှိသည့်အတွက် ထိုအငြိမ်း ဓာတ်ကိုမှီ၍ ချုပ်ငြိမ်းကွယ်ပျောက် ပြတ်စဲသွားသည်ဟု ဆိုရပါသည်။ သို့အတွက် နိဗ္ဗာန်၌ မြေရေလေမီး ဓာတ်ကြီး ၄-ပါးမရှိတော့သဖြင့် ယင်းတို့၏ အဆင်းတန်ဆာအမွှန်းတင်များ ဖြစ်ကြသော မျက်စိ၊ နား၊နှာခေါင်း၊ လျှာ၊ကိုယ်ဟူသော ဥပါဒါရုပ် (ဓာတ်ကြီး လေးပါးကို မှီဖြစ်သော) ရုပ်များလည်း မရှိနိုင်တော့ပါ ထို့ကြောင့် ရုပ်တရားများ ပူးပေါင်း စုဝေးမှုဆိုင်ရာ အရှည်,အတို,အငယ်,အကြီး,လှတယ်, မလှဘူး ဟူသော ပုံသဏ္ဍာန်အားလုံးသည်လည်း ဘာမျှမရှိ ရုပ်နှင့်တွဲဖက် ရသောစိတ် စေတသိက်အားလုံးသည် ငြိမ်းရတော့သည်သာဖြစ်ပါ သည်။ ထို့ကြောင့် နိဗ္ဗာန်၌ ရုပ်နာမ်နှစ်ပါး ရှိသည်ဟုလည်းမဆိုရ ပျက်မှုရှိသည်ဟု ဆိုဖို့ကား ဆိုဖွယ်ရာ လုံးဝမရှိနိုင်ပါ အကယ်၍ ဆိုခဲ့သော "ယုန်ချိုလိပ်မွေး၊ ပုဇွန်သွေး"ဆိုစကားလို ဆိုသာဆို အပို စကား လူ့အန္ဓပညာမဲ့စကား အမွေများသာ ဖြစ်နိုင်ပါတော့သည်။

http://www.dhammadownload.com



**နိဗ္ဗာန်၏သင်္ခတ,အသင်္ခတဆိုင်ရာ ရှင်းလင်းချက်**

ထို့ပြင်-

(၁) နိဗ္ဗာန်သည် အသင်္ခတတစ်မျိုးတည်းသာ ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ သို့ဖြစ်၍ သင်္ခတနိဗ္ဗာန်ဟု မည်သို့ဆိုနိုင်ပါအံ့နည်း။ အကယ်၍ ဆိုခဲ့သော်-

(က) သင်္ခတာဓမ္မာ

(ခ) အသင်္ခတာဓမ္မာ ဟူသောဘုရားဟော (ဓမ္မသင်္ဂဏီပါဠိတော် ဆဋ္ဌ-နှာ ၂၁၉)နှင့် မညီတော့ပါ။ ယင်းပါဠိတော်အရ-

(က) သင်္ခတာဓမ္မာပုဒ်အရ စိတ်စေတသိက် ရုပ်ဟူသော ပရမတ္ထတရား သုံးပါးအားလုံးတို့အရ ကောက်ယူရပါသည်။

(ခ) အသင်္ခတာဓမ္မာပုဒ်အရ နိဗ္ဗာန်ဟူသော ပရမတ်တရား တစ်မျိုးတည်းသာ အရကောက် ယူရ၍ နိဗ္ဗာန်မှန်သမျှသည် အသင်္ခတံ-ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်း တရား (၄)ပါးတို့ ပြုပြင်စရာမရှိသော အသင်္ခတသင်္ခတိသုခနိဗ္ဗာန ဓာတ်ဟု ဆိုနိုင်ပါသည်ဘုရား။

**နိုင်ငံတော် သီးခြားဝိနည်းခုံရုံး ဆရာတော်ကြီးများဘုရား--**

အထက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ပြီးသော ဘုရားဟော ထေရဝါဒ ကျမ်းဂန်များနှင့် မညီသော ဒါယကာကြီးဦးထင်၏ နိဗ္ဗာန်

http://www.dhammadownload.com



နှင့်ပတ်သက်၍ ဟောပြောချက်အားလုံးသည် အဓမ္မဝါဒ အယူအဆ တစ်မျိုးဖြစ်နေပါ၍ အဓမ္မဝါဒဟု ဆုံးဖြတ်ချက် ချပေးတော်မူကြပါရန် ရှိသေစွာ တင်ပြလျှောက်ထား စောဒနာကြပါသည်ဘုရား။

----------

http://www.dhammadownload.com



# နိဂုံး

## နိဂမနကထာပါဘုရား

အမှတ်(၈)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

အထက်ဖော်ပြပါအတိုင်း ထွန်တုံးလက်ကျန်အမည်ခံဒါယကာကြီး ဦးထင်၏ ဟောပြောချက်များသည် မြတ်စွာဘုရား၏ တရားစစ်-တရားမှန်၊ ပိဋကတ်ဓမ္မက္ခန် တရားတော်များကို လူအများ ထင်ယောင်ထင်မှားဖြစ်အောင် အရှုပ်ချေးပန်း ဟောပြောထား ခြင်းသာဖြစ်ပါသည်၊ ဘုရားဟောထေရဝါဒ ပိဋကတ် ကျမ်းဂန် များနှင့်လည်း မညီညွတ်၍ အဓမ္မအယူအဆ မျိုးဖြစ်ကြောင်းကိုလည်း အဆိုပါ စောဒနာများဖြင့် စိစစ်တင်ပြလျှောက်ထား စောဒနာကြပြီး ဖြစ်ပါသည်။ သို့ရာတွင် နိဂုံးချုပ်အားဖြင့် တင်ပြလျှောက်ထား လိုသည်မှာ-

ဗုဒ္ဓဘာသာ ထွန်းကားသည့် ဤပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တွင် စစ်မှန်သော ထေရဝါဒ ပိဋကတ်တော်များရှိပါ၍ ဘုရားစစ် ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်၊ ပဋိယတ္တိ-ပဋိပတ္တိ လုပ်ရပ်အမှန်တရားတွေကို ပညာရှိ ရဟန်းရှင်လူများက သင်ကြားပြသဟောပြော၍ မဂ်-ဖိုလ်-နိဗ္ဗာန်-တရားထူး-တရားမြတ်များကို ရရာရကြောင်း ဖြစ်သော ပါရမီကုသိုလ်မျိုးများ ပြန့်ပွားအောင် ဆောင်ရွက်နေကြ၍ ယင်းအမှန်တရားတွေကို လက်ခံယုံကြည်သူ ဓမ္မဝါဒီပုဂ္ဂိုလ်များရှိနေသလို ထို့အတူ ဘုရားဟော ထေရဝါဒ ပိဋကတ် ကျမ်းဂန်များနှင့် မညီညွတ်သော အဓမ္မအယူအဆများကို ဟောပြော သင်ပြကြသူ ရဟန်းရှင်လူ ဆရာများ လည်းရှိကြ၍ ယင်းအဓမ္မဝါဒီ

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့၏ အမွေ့ဝါဒများကိုလည်း ဆရာစွဲ၊ အဖွဲ့အသင်းစွဲ၊ တရားစွဲ အနေဖြင့် အစွဲဥပါဒါန်ပြုတ်အောင် လုပ်နေကြသော်လည်း အသဲအမဲ စွဲစွဲလန်းလန်း လက်ခံကျင့်သုံးနေကြသူ အမွေ့ဝါဒပုဂ္ဂိုလ်များသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော် အစိုးရတို့က ဓမ္မစက်-အာဏာစက်များဖြင့်ဖော်ထုတ်တားမြစ်နေသည့် ယခုလို အခါသမယ၌လည်း နိုင်ငံတော်အတွင်းမှာ အနည်းနှင့်အများ ရှိနေကြပါသေးသည်။ သို့ဖြစ်ပါ၍ ယင်းအမွေ့ဝါဒီ ပုဂ္ဂိုလ်များဆီသို့ အခွင့်အခါရခိုက်မှာ ဆရာတော်ဘုရားကြီးများ၏ မျက်မှောက်မှ တစ်ဆင့် ကရုဏာဆင့် မေတ္တာကွန့်လျက် အောက်ဖော်ပြလတ္တံ့ပါ ရှေးဆရာတော်ကြီးများ၏ ဆုံးမစာများကို တင်ပြလျှောက်ထား၍ နိဂုံးချုပ်ကြပါမည်ဘုရား။

## ဆုံးမစာများ

**ဆုံးမစာ (၁)**

(က) ဆိုမိန့်ဟုတ်ရာ၊ စေ့စေ့နာလော့၊ သဒ္ဒါပရမတ်၊ မနူးနပ်ဘဲ၊ လူတတ်ဇာစ်ဆူ၊ ငါကောဟူ၍၊ အယူတွေဆန်း၊ မရဲလွန်း နှင့်၊ ကျမ်းတဲ့ဂန်တဲ့၊ မရွံ့စသား၊ လေးမြတ်ပါမှ၊ ပညာတိုးပွား၊ အကျိုးများလိမ့်၊ လေးပါးပင်လယ်၊ နက်ဝှန်းကျယ်ကို၊ ယုန်ငယ်သေးကွေး၊ မလောက်လေးမူ၊ သေဘေးမနှောင်း၊ မြဲမကောင်းတည်း၊ ခါကောင်းသမယ၊ နဝမတဲ့၊ ဘဂအခိုက်၊ မကြိုက်စသား၊ ကြိုက်ခဲ့ပါလည်း၊ သမ္မာမဝင်၊ မိစ္ဆာယုဉ်က၊ လူတွင်လုံးလုံး၊ အဖြစ်ရှုံး၏၊ ထုံးဟောင်းတန္တိ၊ ကျမ်းအညီ နှင့်၊ဂမ္ဘီရဓာတ်၊ ပရမတ်ကို၊ အတတ် တွေးတော၊ မဟော ပြောနှင့်၊သဘောသကာ၊ မိမိဉာဏ်နှင့်၊ မတန်မရာ၊ နက်နဲ

http://www.dhammadownload.com



စွာကို၊ အရာမသိ၊ မရိပ်မိဘဲ၊ ဟုတ်လိနိုးနိုး၊ ဆင်ကန်း တိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ အကြံဆန်းမှု၊ ပရမ်းပတာ၊ စိတ် သညာဖြင့်၊ ထင်ရာ ထင်မိ၊ မှားခေါင်ထိ၍၊ ဒိဋ္ဌိဒိမြစ်၊ စုံးစုံး နစ်သည်၊ လူဖြစ်ဤ၌တွင်ဆုံးသတည်း။

ဤဆုံးမစာသည် လယ်တီဆရာတော်ဘုရားကြီး ရေးသားခဲ့သော ဆုံးမစာဖြစ်ပါသည် ဘုရား။

**ဆုံးမစာ (၂)**

(ခ) မှိဝဲသမှု၊ ဆရာပြုမှု၊ ဗဟုသုတ၊ ဂုဏပညဝန်၊ သီလဝန်မှ၊ သားမွန်လည်ရွဲ၊ ဆည်းကပ်မြဲလော့၊ မှိဝဲများရာ၊ အလေ့ ပါ၍၊ မင်္ဂလာအသံ၊ ပဏ္ဍာဝလျှင်၊ နိစ္စစောင့်မှတ်၊ ဂီရိ ဒတ်ဟု၊ ပညတ်မည်တွင်၊ ခြေခွင်ယောကျ်ား၊ မြင်းထိန်း သွားသို့၊ ကားရား ကွကွ၊ မလှနင်းချက်၊ အသွားပျက်၍၊ စက်နိဿယ၊ ပုဂ္ဂလဟု၊ ပါပဝါဒီ၊ အမှီမကောင်း၊ ယှဉ်မိ ပေါင်းက၊ အလောင်းတို့လျက်၊ ကျင့်ကောင်းပျက်၍၊ တိမ်နက်မရှု၊ ကြည်ညိုမှုလည်း၊ ပြုမလိမ္မာ၊ ဖြစ်တတ်စွာခဲ့၊ ဗာလာဗာလီ၊ ဉာဏ်မမီတို့၊ အလဇ္ဇီညစ်၊ ဒုဿီဖြစ်ကို၊ မစစ် ဆင်ခြင်၊ တဏှာခင်၍၊ ကျွမ်းဝင်သောအား၊ ကြည်ညို ငြားက၊ တောသားအလိုက်၊သဒ္ဓါမိုက်ရှင့်၊ စရိုက်မွေးယှက်၊ မောမှုဘက်၍၊ မနက်မနဲ၊ လူ့ခပဲကား၊ နှိုက်နည်းရေးရာ၊ မယှိစွာဘူး၊ ဝိပလ္လာသ၊ ဖောက်ပြန်ကလည်း၊ မောဟ လွှမ်းပြီး၊ အယူသည်း၍၊ စပါးကြီးချက်ငြိ၊ ဟူတုံဘိသို့၊ အဝီစိသွား၊ အကျင့်မှားကို၊ မြစ်တားမရ၊ ဆုံးမမနာ၊ ရှိတတ်စွာခဲ့၊ ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်း

http://www.dhammadownload.com



မည်ကာ၊ ယူမိစ္ဆာနိုက်၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်
တတ်၏၊ ပရမက်အရာ၊ မလိမ္မာဘဲ၊သဒ္ဓါနှံ့နည်း၊ ပညာ
ကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်းခွ၊ ထိပ်ဆူးပါးကြွရှင့်၊
မီးပြသမား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လျှုဝတ္ထု
ကို၊ စွန့်ပြုမလွှတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊ အမြှောက်သော
ဟူ၏၊ အယူဖောက်လွဲ၊ မိစ္ဆာစွဲ၏၊ လိပ်ခဲငှားများ မြဲမြံစွာ
လျက်၊ သတ္တဝါတစ်ယောက်၊ ယူမှားမှောက်ကို၊ သိန်း
လောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြားခြေချွတ်၊
ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊
မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်လွဲ၍၊ ငရဲခံလိမ့်
မည်သောကြောင့်-(၁၅၀)

ဤဆုံးမစာ(၂)သည် မဟာသုတကာရီမဃဒေဝလင်္ကာသစ်
ပုဒ်ရေ -၃၁၉ ၌ မန်လည်ဆရာတော်ဘုရားကြီး ရေးသားဆုံးမခဲ့သော
ဆုံးမစာ ဖြစ်ပါသည်။

## အပြီးသတ် အာသီသလင်္ကာ

၁။ သာသနာမြတ်၊ ပရိယတ်၊ ချိန်မှတ်သိကြပါ၊
၂။ ပဋိပတ်မှာ၊ ချိန်စရာ၊ ပရိယတ်သာအမှန်ရှိ၊
၃။ ပရိယတ်ညီ၊ ပေါ်ပါပြီ၊ ပဋိဝေဓသော၊
၄။ သွာက္ခာတဂုဏ်၊ လွန်ပြည့်စုံ၊ ယုံယုံမှတ်ကြပါ၊
၅။ ပရိယတ်လွဲ၊ အမှားပဲ၊ အမြဲရှောင်ကြပါ၊
၆။ သံဃမွေ၊ သေနင်္ဂ၊ ညီမျှစိုးအုပ်လာ၊
၇။ မိစ္ဆာမွေ၊ ကွယ်ပျောက်ရ၊ သိကြခုချိန်ခါ၊
၈။ မိုးရေမှန်အောင်၊ ကျင့်ကြံဆောင်၊လူ့ဘောင်ပျော်စရာ၊

http://www.dhammadownload.com



၉။ ရဟာန်းရှင်လူ၊ အုပ်စိုးသူ၊ ကြည်ဖြူချမ်းသာစေ၊
၁၀။ စောဒကများ၊ မေတ္တာထား၊ ရေးသားတင်ဆက်ပေ။
နိုင်ငံတော် သီးခြားဝိနည်းမှုရုံ ဆရာတော်ကြီးများဘုရား၊
ဤစောဒနာလွှာ နိဂုံးခါးပတ် အပြီးသတ်ပါပြီဘုရား။

**စောဒနာလွှာတင်ပြဆက်ကပ်ကြသူများ**

၁။ မြောင်ဆရာတော် ဘဒ္ဒန္တကောသလ္လ
စစ်ကိုင်းတိုင်း။

၂။ ပခုက္ကူဆရာတော်
ဘဒ္ဒန္တဝိစာရဓမ္မသာမိ
မြောက်ဥက္ကလာပ၊ ရန်ကုန်တိုင်း။

၃။ ဥက္ကံဆရာတော် ဘဒ္ဒန္တအာသဘ
မြောက်ဥက္ကလာပ၊ ရန်ကုန်တိုင်း။

**သက်သေခံ တင်သွင်းဆက်ကပ်ခြင်း**

အမှတ်(၇)နိုင်ငံတော်သီးခြားဝိနည်းမှုရုံ ဆရာတော်ကြီးများဘုရား-

အောက်ပါသက်သေခံ စာအုပ် စာရွက် စာတမ်း၊ ဖိုင်၊ တိတ်ခွေများကို သက်သေအဖြစ် တင်သွင်းဆက်ကပ်ကြပါသည် ဘုရား။

၁။ မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ၏ အန္တေဝါသိက ဖြစ်တော်မူသော ရေစကြိုမြို့ ဘိုအိုးဆရာတော်ဘုရားကြီး ဦးဥတ္တမ။ ၎င်းဆရာတော်ဘုရားကြီးနှစ်ပါးတို့၏

http://www.dhammadownload.com



အန္တေဝါသိကဖြစ်တော်မူသော စစ်ကိုင်းတိုင်း မြောင်မြို့နယ်၊ ကျောင်းဖြူကျေးရွာ၊ ထွန်တုံးလက်ကျန် ဆရာကြီးဦးထင်၊ ကိုယ်တိုင်အားထုတ်၍သိတော်မူသောနိဗ္ဗာန် ရောက်ကြောင်း တရားတော် တိုက်မူစာအုပ် ၁-အုပ်။

၂။ စစ်ကိုင်းတိုင်း မြောင်းမြို့နယ်၊ ကျောင်းဖြူကျေးရွာ ထွန်းဟုံး လက်ကျန်ဆရာကြီး (ဦးထင်)၏ ကိုယ်တွေ့ တွေ့ကြုံခံစားခဲ့ရသော အတ္ထုပ္ပတ္တိများစာအုပ်၊ တိုက်မူ ၁-အုပ်၊

၃။ ထွန်တုံးလက်ကျန် ဦးထင်၏ ဖိုင်တွဲ ၁-တွဲ၊

(က) စာမျက်နှာ ၁-မှ ၇၂-ထိ၊

( ခ) ဓာတ်ပုံစာရွက်နှင့် အလံပါစာအုပ် ပါရှိသည်။

၄။ ဦးထင်ကိုယ်တိုင် ဦးထင်အသံဖြင့် ဟောပြော အသံသွင်း တိတ်ခွေ ၄-ခွေ၊

**သက်သေခံတင်ပြသော စောဒကများ**

၁။ ဦးကောသလ္လ

၂။ အရှင်ဝိစာရဓမ္မသာမိ

၃။ ဦးအာသဘ

နေ့စွဲ။ ၃-၇-၈၅

**စစ်ဆေးခြင်း-**

၇။ စောဒကဖြစ်သူ - ဦးကောသလ္လ
ဦးဝိစာရဓမ္မသာမိ

http://www.dhammadownload.com



အပိုဒ်-

(၃၅)

(၃၆) (က) (ခ)

အား မိမိသီလကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စောဒက ပုဂ္ဂိုလ် ထွက်ဆိုချက်မှာ--

နံနက် ၀၈း၀၀ နာရီတွင် ရုံးတော်သို့ ကြွရောက်တော်မူကြောင်း မှတ်တမ်း၌အသီးသီးလက်မှတ်ရေးထိုးကြပါသည်။

သဘာပတိ ဆရာတော်ကြီးများ၏ ရုံးတော်ဖွင့်ဩဝါဒကထာနှင့် သဘောထား ကြေငြာချက်၊ သာသနာရေးဦးစီးဌာန၏ သဘောထား ထွက်ချက်မှတ် လျှောက်ထားချက်များကို နာယူကြပါသည်။

ထို့နောက် ထွန်ကုံးလက်ကျန်(ဦးထင်)၏ဝါဒသည် အဓမ္မဝါဒသာ ဖြစ်ကြောင်း စောဒနာလွှာစာတမ်းကို နိဒါန်းအပါအဝင် စောဒနာလွှာ အမှတ်(၁)မှ(၄)ထိ နံနက်ပိုင်းတွင် ဖတ်ကြားတင်သွင်းကြပါသည်။

နေ့လယ်ပိုင်းတွင်ကျန်ရှိနေသော စောဒနာလွှာ (၅)မှ (၁၁)ထိ စာတမ်းကို တင်သွင်းဖတ်ကြားရာ ညနေ(၃)နာရီတွင် စောဒနာ တင်သွင်းခြင်း ပြီးဆုံးသွားပါသည်။

စောဒနာလွှာများ ဖတ်ကြားတင်သွင်းအပြီးတွင် ၎င်းနှင့် ပတ်သက် သော တိတ်ခွေ၊ စာရွက်စာတမ်း၊ စာအုပ်များကို သက်သေခံ အဖြစ် တင်သွင်းပါသည်။

http://www.dhammadownload.com



ရုံးချိန်ကို ညနေ(၃း၁၀)နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။
စုဒိတကဖြစ်သူ-

အပိုဒ်

(၃၅) ဦးညိုမောင်

(၃၆) ဦးသံလုံး

တို့အား မိမိသီလကို ဆင်ခြင်အောက်မေ့ရန် သတိပေးပြီးနောက် စုဒိတက ပုဂ္ဂိုလ်က ထွက်ဆိုသည်မှာ-

နံနက် ၀၈း၀၀-နာရီတွင် ရုံးတော်သို့ ရောက်ရှိကြောင်းကို မှတ်တမ်း၌ အသီးသီး လက်မှတ်ရေးထိုးကြပါသည်။

သဘာပတိဆရာတော်ကြီး၏ ရုံးတော်ဖွင့် ဩဝါဒါကထာနှင့် သဘောထားကြေညာချက်၊ သာသနာရေးဦးစီးဌာန၏ သဘောထားလျှောက်ထား ချက်များကို နာယူကြပါသည်။

ထို့နောက် သဘာပတိဆရာတော်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများရှေ့မှောက်၌ ဤသီးခြားဝိနည်းမှုခိုင်ရုံး

---

မှတ်ချက်။ ။(၁) လူပုဂ္ဂိုလ်ဖြစ်ပါက အပိုဒ်(၃၆)အရ လိုက်နာဆောင်ရွက် စေပြီးနောက်ထွက်ဆိုချက်ကို ရယူရမည်။

(၂) နေ့စဉ်အမှုစစ်ဆေးပြီးတိုင်း နိုင်ငံတော် သီးခြားဝိနည်းမှုခိုင်ရုံးအဖွဲ့ မှုခင်းစစ်ဆေးမှုကို ရပ်ဆိုင်းကြောင်းနှင့် မည်သည့်နေ့သို့ ချိန်းဆိုကြောင်း ကြေငြာပြီးလျှင် စစ်ဆေးချက်၏ အဆုံး၌ ရေးမှတ်ထားရမည်။

http://www.dhammadownload.com



အဖွဲ့အမှတ်(၈)ဖြင့် စစ်ဆေးမည်ကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားခြင်းသည် မှန်ကန်ပါသလားဟု မေးမြန်းရာ မှန်ကန်ကြောင်း ၂-ဦးစလုံးက ထွက်ဆိုကြပါသည်။

ထို့နောက် စောဒကများ၏ စောဒနာတင်သွင်းခြင်းကို နားထောင်မှတ်သားကြပါသည်။

စောဒကများ စောဒနာတင်သွင်းမှုပြီးဆုံးသောအခါ သဘာပတိဆရာတော်ကြီး၏စောဒနာချက်များနှင့်ပတ်သက်၍ပြန်လည်သောနေ့ပြုလိုပါသေးသလားဟု မေးမြန်းရာ ပြန်လည် သောနေ့ခြင်းမပြုပါ။သို့ပါသော်လည်းတပည့်တော်များ အနည်းငယ် လျှောက်ထားခွင့်ပြုပါရန် လျှောက်ထားပြီး ထွန်တုံးလက်ကျန် (ဦးထင်)နှင့်ပတ်သက်သော စာတမ်းကို ဖတ်ကြားလျှောက်ထားပါသည်။

ထိုစာတမ်းနှင့်ပတ်သက်၍ သီးခြားဝိနည်းခိုရ်အဖွဲ့မှ မိမိတို့နှင့်သက်ဆိုင်ခြင်းမရှိပါ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်သာသက်ဆိုင် ပါသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားရန်၊ မိမိတို့အဖွဲ့ အနေဖြင့် ထွန်တုံး လက်ကျန် (ဦးထင်)၏ဟောပြောချက်များနှင့် ပတ်သက်၍ ဓမ္မ-အဓမ္မစိစစ်ဖို့ရန် တာဝန်ရှိ၍ ထိုစာတမ်းကို လက်မခံပါကြောင်း ပြန်လည်မိန့်ကြားလိုက်ပါသည်။

ထို့နောက် စောဒကများ၏ စောဒနာချက်နှင့်ပတ်သက်၍ ပြန်လည်၍ သောနေ့မပြုလိုကြောင်းကို စာရွက်ပေါ်တွင် လက်မှတ်အသီးသီးရေးထိုးပါသည်။

---

မှတ်ချက်။ ။ လူပုဂ္ဂိုလ်ဖြစ်ပါက [illegible] ဆောင်ရွက်စေပြီး နောက် ထွက်ဆိုစေသည်။

http://www.dhammadownload.com



## ပဋိညာဉ်ဝန်ခံချက်များ

နေ့စွဲ။ ၁၉၈၅-ခုနှစ်၊ ဇွန် - ၂၇ - ရက်

**ပဋိညာဉ်ပြုခြင်း**

၁။ ဦးထင်၏ ထွန်တုံးလက်ကျန်ဝါဒနှင့်ပတ်သက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၈)၏ ဓမ္မ(သို့မဟုတ်) အဓမ္မဝိနိစ္ဆယကို ခံယူမည်ဖြစ် ကြောင်း ပဋိညာဉ်ပြုပါသည်။

**စာရွက်စာတမ်း တိတ်ခွေများ**

၂။ ဦးထင်၏ထွန်တုံးလက်ကျန်ဝါဒနှင့် ပတ်သက်၍ ရေးသား၊ ဟော ကြားခဲ့သော စာအုပ်များ၊ စာရွက်စာတမ်းများ၊ တိတ်ခွေများ၏ စာရင်း မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) စာအုပ်များ | (၂) အုပ် |
| (ခ) စာရွက်စာတမ်းများ | (၂) စောင် |
| (ဂ) တိတ်ခွေများ | (မရှိ) ခွေ |

လောလောဆယ် လက်ဝယ်ရရှိ၍ တင်ပြနိုင်သောစာအုပ်များ၊ စာရွက်စာတမ်းများ၊ တိတ်ခွေများနှင့် ယင်းတို့၏ စာရင်းကို ပူးတွဲဆက် ကပ်ပါသည်။

**သက်ဝင်ယုံကြည်သူများ**

၃။ ဦးထင်၏ထွန်တုံးလက်ကျန်ဝါဒနှင့် ပတ်သက်၍ သက်ဝင်ယုံကြည် သူများ၏စာရင်း (စုစုပေါင်း) မှ အောက်ပါအတိုင်းဖြစ်ပါသည်-

http://www.dhammadownload.com



(က) သံဃာတော်များ (မရှိ) ပါး
( ခ) လူပုဂ္ဂိုလ်များ (၃၄၅) ဦး

လောလောဆယ် စာရင်းပြုစုရရှိသော ပုဂ္ဂိုလ်များ၏စာရင်းကို ပူးတွဲ ဆက်ကပ်ပါသည်။

ချေပခြင်း

၄။ ဦးထင်၏ထွန်တုံးလက်ကျန်ဝါဒနှင့် ပတ်သက်၍ ချေပပြောဆိုပါမည် (သို့မဟုတ်) ချေပပြောဆိုခြင်းမပြုပါ၊ ထိုကဲ့သို့ ချေပပြောဆိုခြင်း (သို့မဟုတ်) ချေပမပြောဆိုခြင်းကို ပြုရန် ဤဝါဒ၌ သက်ဝင်ယုံကြည်သူများက အောက်ပါအတိုင်း သဘောတူဆန္ဒပြုခဲ့ကြပါသည်-

(က) သံဃာတော်များ (မရှိ) ပါး
( ခ) လူပုဂ္ဂိုလ်များ (၃၄၅) ဦး

လောလောဆယ် စာရင်းပြုစုရရှိသော ပုဂ္ဂိုလ်များ၏စာရင်းကို ကိုယ်တိုင်ရေးထိုးထားသော လက်မှတ်များနှင့်အတူ ပူးတွဲ၍ဆက်ကပ်ပါသည်။

-------------

http://www.dhammadownload.com



## လက်မှတ်များ

ပုံ-----------
(ဦးညိုမောင်)
ဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့
အိမ်အမှတ်-၂၇၆၊ အမှတ်(၆) ကွေ့ကြီးရပ်
မြင်းခြံမြို့၊ မန္တလေးတိုင်း၊

ပုံ-------------
(ဦးသံလုံး)
ဒုတိယဥက္ကဋ္ဌ၊ သာသနာ့အကျိုးတော်ဆောင်အဖွဲ့
အမှတ်-၃၇၇၊ အောင်ချမ်းသာရပ်ကွက်၊
သံလျက်မော်အနောက်၊မန္တလေးအနောက်တောင်
မြို့နယ်၊ မန္တလေးတိုင်း၊

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ရှေ့မှောက်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးပါသည်။

(၁) ပုံ-------------(ဦးအာဒိစ္စရံသီ)

(၁) ပုံ-------------(ဦးကိတ္တိ)

(၁) ပုံ-------------(ဦးကုမာရ)

(၈) ပုံ-------------(ဦးဇာနုတ္တရ)

(၈) ပုံ-------------(ဦးတိက္ခသာရ)

(၉) ပုံ-------------(ဦးပညိန္ဒ)

http://www.dhammadownload.com

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ် (၈)

# ထွန်တုံးလက်ကျန်ဦးထင်ဝါဒ

# ဝိနိစ္ဆယ

၁၃၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃) ရက်
၁၉၈၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်

http://www.dhammadownload.com



## နိဒါန်း
## ဓမ္မကထိကလေးမျိုး

၁။ ဤသာသနာတော်၌တရားဟောဆရာအချို့သည် တရားအနည်းငယ်ကို ဟောသည်။ သို့သော် သူ၏ တရားသည် အကျိုးစီးပွားနှင့် မစပ်ခြင်း။

၂။ တရားဟောဆရာ အချို့သည် တရားအနည်းငယ်ကို ဟောသည်။ သို့သော်သူ၏တရားသည် အကျိုးစီးပွားနှင့် စပ်ခြင်း။

၃။ တရားဟောဆရာအချို့သည် တရားများစွာကို ဟောသည်။ သို့သော် သူ၏တရားများသည် အကျိုးစီးပွားနှင့် မစပ်ခြင်း။

၄။ တရားဟောဆရာအချို့သည် တရားများစွာကို ဟောသည်။ သို့သော်သူ၏ တရားသည် အကျိုးစီးပွားနှင့် စပ်ခြင်း။ (အံ-၁၊ ၄၅၅)

ဤ ၄-ဦးတို့တွင် အမှတ် (၂)နှင့် အမှတ် (၄)တို့မှာ တရားဟောကောင်း ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ကျန် (၂)ဦးတို့ကား တရားဟောမကောင်းကြပေ၊ ထွန်တုံးလက်ကျန်ဦးထင်ကား မည်သို့သော ပုဂ္ဂိုလ်ဖြစ်သင့်သည်ဟု ဆုံးဖြတ်ချက်ဖြင့် ထင်ရှားပေမည်။

## ရန်သူများ မဟုတ်ကြခြင်း

ဦးထင်သည် မည်သို့သော တရားဟောဆရာပင်ဖြစ်စေ၊ အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်များ၏ ရန်သူ

http://www.dhammadownload.com



မဟုတ်ပေ။သာသနာတော် အညစ်အကြေး အပြစ်ဘေးများ ကင်းဝေးအောင် စေတနာဖြင့်ဆောင်၍ စောဒနာကြသော စောဒက ပုဂ္ဂိုလ်များသည်လည်း ဦးထင်၏ရန်သူမဟုတ်သလို ဝိနည်းဓိုရ်ဆရာ တော်များ၏ဆွေမျိုးလည်းမဟုတ်ကြ။ ဆိုခြင်းဆိုလျှင် အားလုံးပင် အဖဘုရားရှင်၏သာသနာတော်အေးရိပ်မှာ ကိလေသာ ချွေးသိပ်နားခိုကြသော အရိပ်ခိုသူချင်းများသာ ဖြစ်ကြပါသည်။ အရိပ်ခိုသူချင်း တစ်ဦးနှင့်တစ်ဦး အဆင်ချောစေရန် တတိယတစ်ဦးက မနေသာ၍ ဝင်ပြောရသလို ဝိနည်းဓိုရ် ဆရာတော်များကလည်း ဤသဘော အတိုင်းပင် သာသနာတော် စင်ကြယ်သန့်ရှင်း အပြစ်ကင်းရေးကို ရှေးရှုကာ ဆောင်ရွက်ကြရပါမည်။

## အမှားမြင်လျှင် ဘုရားရှင်ပင်မနေသာခြင်း

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် ဝါဒမှားတွေကို လိုက်လံဟောပြောပြသနေသော အရှင်သာတိနှင့် စပ်၍ ဘုရားရှင်သည် ရဟန်းတော်များအား အရှင်သာတိ ရှေ့မှာပင်-

ရဟန်းတို့- ကေဝဋ္ဋ၏သား သာတိရဟန်းသည် ဝါဒမှားကို အမှန်လုပ်ပြီး လိုက်လံဟောပြောပြသနေ၏၊ ဤဟောပြောပြသခြင်းသည် အပြစ်များလှ အပြစ်ကြီးလှ၏။ ကြီးပုံကား- မိမိက ဝါဒမှားယူမိသဖြင့် ငါဘုရားကိုလည်း စွပ်စွဲနှိပ်စက်ရာရောက်၏။ မိမိကိုယ်တိုင်ကိုလည်း တူးဖြိုဖျက်ဆီးရာရောက်၏။ မကောင်းမှု အကုသိုလ်တွေလည်း များစွာတိုးပွား၏။ မဂ်ဖိုလ်မပြီး အချည်းနှီး ဖြစ်သောရဟန်း-သင့်အား နေ့ညဥ့်ရှည်ကြာ အကျိုးမဲ့ ဆင်းရဲများစွာ ဖြစ်တော့မည်။ ဤသို့ မိန့်တော်မူလိုက်သည်။ (မ-၁၊ ၃၂၆)

http://www.dhammadownload.com



အမှားမြင်လျှင် ဘုရားရှင်ပင် ကြောင့်ကြမဲ့နေတော် မမူသည့် နည်းတူ အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များက လည်း သာသနာတော်အတွက် နှောင့်ယှက်ထိပါးလာသော ဘေးရန် များကို အင်အားစုံလင် စစ်မြေပြင်၌ စစ်ဆင်ပြင်းထန် တစ်ဘက်ရန်ကို နလံမထူအောင် ဗျူဟာအတတ် တစ်ဘက်ကမ်းခပ်သည့် တပ်မတပ်ဦး ဗိုလ်ချုပ်မှူးသည် အထူးပြင် ဆင်တိုက်ပွဲဝင်သကဲ့သို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်မှ ပေးအပ်ထားသော တာဝန်ကို အားသွန်ထမ်းလျက် ဆောင်ရွက်တော်မူကြရပေသည်။

**မှုခင်းပေါ် လာပုံ တစ်မျိုးတစ်ဖုံ အဖြစ်ကြုံလာခြင်း**

ထွန်တုံးလက်ကျန်ဦးထင်၏ ဓမ္မအဓမ္မ ဝိဝါဒါဓိကရုဏ်းဖြစ်လာ ပုံမှာ အခြားသော ကျောက်သဘော်၊ ကျောက်ပုံ၊ လူသေလူဖြစ် စသည် တို့နှင့် လုံးဝမတူဘဲ မူလစုဒိတကဖြစ်ထိုက်သော ဦးထင်မှာ ကွယ်လွန် သွားပေပြီ။ သို့သော်လည်း ဦးထင်၏ တိုက်တွန်းညွှန်ကြားချက်အတိုင်း တပည့်ဖြစ်သူ မြင်းခြံမြို့၊ ဦးညိုမောင်။ မန္တလေးမြို့၊ ဦးသံလုံး၊ နတ္တလင်းမြို့၊ ဦးဟန်ရွှေတို့က-

- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး
- နိုင်ငံတော်သမ္မတကြီး
- ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊
  ညွှန်ကြားရေးမှူးချုပ်
- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အသီးသီးတို့ထံစာအုပ်၊ စာတမ်း၊ ဖိုင်တွဲ၊ တိပ်ခွေစသည်များကို ဆက်ကပ်ခဲ့၍ဓမ္မအဓမ္မစစ်ဆေးပေးတော်မူနိုင်ရန်ဗုဒ္ဓဓမ္မရေးရာ

http://www.dhammadownload.com



သန့်ရှင်းဆုံးဖြတ်ရေးအတွက် တင်ပြ လျှောက်ထားလာသဖြင့် ဝိဝါဒါဓိကရုဏ်းပေါ် ပေါက်လာရပါသည်။

## သဒ္ဓါပညာညီစွာ ဖြစ်မှကောင်းကျိုးရခြင်း

ယခုမှုခင်း၌လည်း စုဒိတကအဖြစ် တာဝန်ယူနေကြရသော ဦးညိုမောင်၊ ဦးသံလုံး၊ စသည်တို့မှာ ကြည်ညိုကြသူများပင်ဖြစ်သည်ဟု ဝိနည်းမိုရ်ဆရာတော်များက ထင်မြင်ယူဆကြပေသည်၊ သို့သော်-

၁။ ယုံကြည်မှုသဒ္ဓါတရားအားကောင်းပြီး၊ အသိပညာနည်းသူ၏ ကြည်ညိုအားကိုးခြင်းမျိုးသည် မကြည်ညို မမြတ်နိုးထိုက်သူကို ဆရာတင်၍ ကြည်ညိုအားကိုးမိ ခြင်းကြောင့် အကျိုးမပြီး အချည်းနှီးဖြစ်တတ်ပေသည်။

၂။ တွေးခေါ်ကြံစည်မှု အသိပညာတွေက အားကောင်းပြီး၊ ယုံကြည်မှုသဒ္ဓါအားသေးပါကလည်း အကျိုးမများပေ။ သဘောတရားရေးဆရာကြီးအမည်ခံပြီး ကောက်ကျစ်စဉ်းလဲသော အနေအထားသို့ ရောက်သွားတတ်ပေသည်၊ ဆေးကြောင့်ဖြစ်သောရောဂါ။ ဥပမာကဲ့သို့ အကုရခက်လှပေသည်။

၃။ သဒ္ဓါပညာ ညီစွာထားပြီးဖြစ်ပေါ်သော ကြည်ညိုအားကိုးမှုမျိုးသာ လမ်းမှန်ရောက်၍ အကျိုးရနိုင်ပေသည်။

အထက်ပါသုံးမျိုးတွင် ဦးထင်၏ ဥပဓိပုံသဏ္ဌာန် ဟန် အမူအရာ (ဓါတ်ပုံအရ သိရပုံ) နှင့် ပြောဆိုသုံးနှုန်းပုံ စကားအသုံးအနှုန်း (ယင်း၏စာပေနှင့်တိပ်ခွေ)များသည်၊ ဦးညိုမောင်၊ ဦးသံလုံး စသော

http://www.dhammadownload.com



တပည့်များအတွက် အဖက်ဖက်မှ မစားရဝမခန်း အရမ်း ကြည်ညိုဖွယ် ရာ ဖြစ်နေကြသည်ဟု ဆိုနိုင်ပေသည်။အကြောင်းကား-ဦးယင် ကိုယ်တိုင် မည်သည့်ပရိယတ်မှ အဟုတ်အဟတ် မတတ်သလို တပည့် များမှာလည်း မတတ်ဖသိ နားမလည် ကြခြင်းကြောင့် ပင်ဖြစ်ပေသည်။

"မှား - မှားမှန်းသိ၊ လူတော်ဖြစ်နိုင်၏
မှားလျက်နှင့်ပင်၊ မှန်တယ်ထင်၊ လူရှော်ဖြစ်မည်ပင်"

ဟု ဓမ္မပဒလာသော ဒေသနာပမာ ဖြစ်နေကြရှာသည်ဟု ဆိုရပေမည်။

**ဝိနည်းမိုရ်ဆရာတော်များစေတနာတရားထားရှိခြင်း**

(က) မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်ရကြောင်း သူတော်ကောင်းတရား (ပရိယတ်-ပဋိပတ်-ပဋိဝေဓ) သာသနာမြတ် (၃) ပါးသည် နှစ်ရှည်များ မြောင် ငါးထောင်သချာ မကာသာအောင် ရန်ဘယာမဖက် နှောင့်ယှက်မမြင် လွန်သန့်စင်ကာ အမြင်သန့်သန့် တည်တံ့တော်မူနိုင်ပါစေ။

( ခ) အပါယ်လေးရွာ ရောက်ကြောင်းသာသည့် မသမာညစ် ဆိုး အပြစ်မျိုးမှန်သမျှ မကျန်ရအောင် ကွယ်ပကုန်ဆုံး ပျက်ပြုံးပါစေ၊ တောင်းဆုတော်ချွေချလျက်၊ ထောက် ထား ဖွယ်ရာ သဒ္ဓါအားကြီး ပညာနည်း ကြကုန်သော စုဒိတကခေါ်ဆို များပုဂ္ဂိုလ်တို့ အပေါ်ဝယ်-

၁။　နိုးကပ်သွန်သင် ပြုပြင်လိုလားသော မေတ္တာ တရား၊

၂။ ကိုယ်နှင့်ဗျိုင်းတာ၊ ကြင်နာဆပွား၊ ကရုဏာ　တရား၊

http://www.dhammadownload.com



ဤ-၂-ပါးကို ဝိနည်းမိုရ်ဆရာတော်များသည် ကြီးမားစွာ စေတနာထားရှိကြလျက် "ခံတွင်း၌ သားရိုးစူး၍ ထွန့်ထွန့်လူးငိုနေသော သားငယ်ကို မိခင်သည် မေတ္တာကရုဏာတရားကြီးမားစွာဖြင့် ငိုနေသည်ကို အရေးမယူနိုင်တော့ဘဲ ခံတွင်းကိုဖြဲ သားရိုးကို အတင်း ပင်ဆွဲသည့်ပမာ" အလွဲလမ်းသို့ စမ်းတဝါးဝါး သွားနေကြသူများဗိုလ်လူကို လမ်းမှန်သို့ရောက် ခရီးပေါက်အောင် စောင့်ရှောက်ကယ်တင် (ဝိနိစ္ဆယချ၍) ခေါ်ငင်ကြခြင်းသာ ဖြစ်ပါသည်။

## ပရိယတ္တိသာသနာလိုရင်းဖြစ်ရခြင်း

သာသနာတော်သုံးရပ် တည်တံ့တိုးပွားရေးအတွက် နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ပရိယတ္တိသာသနာတော်သာ လိုရင်းဖြစ်သည်။ ပညာရှင်သည် ပရိယတ်အလုပ် အားထုတ်ပြီးလျှင် ပဋိပတ္တိ ပဋိဝေဒ သာသနာတော်နှစ်ရပ်ကိုလည်း ဖြည့်ကျင့်ကြိုးစား ပွားများအားထုတ်နိုင်မည်သာ ဖြစ်သည်။ (ဒီ-ဌ-၃၊ ၈၂)

ဤသို့ ဗုဒ္ဓဘာသိတ ပိဋကတ်စာပေများက တိကျစွာဆိုပါလျက် ပညာနည်းသူအချို့က ပဋိပတ်အလုပ်လုပ်ရာမှာ ပရိယတ်မလို၊ ပရိယတ်သမားများ စာခံတတ်သည်. . . စသည်ဖြင့် ပြောဆိုဟောပြောတတ်ကြသူများသည် အမြင့်ဆုံးသော သာသနာ့သူပုန်၊ သာသနာ့ခိုးသူကြီးများပင် ဖြစ်ကြသည်။ (အဘိ-ဌ-၃၊ ၄၅၇)။

ထို့အတူပင် ဦးထင်ကလည်း သာသနာတော်(၃)ရပ်ကို ကမောက်ကမ အဘိဓမ္မတ္ထအရ ကောက်ပြပြီး စာတတ်ရုံမျှ ပရိယတ္တိ သာသနာမခေါ်၊ လူ့ပြည်မှာ ပိဋကတ်-၃-ပုံမရှိ စသည်ဖြင့် ပရိယာတ်နှင့်စပ်ယှဉ်သော ပြောဆိုသုံးနှုန်းမှုများကို စောဒနာမှုဆိုင်ရာ အမှတ် ၁-၂၊ တို့၌ တွေ့ရှိရပေသည်။

http://www.dhammadownload.com



ကျော်ကာ မသင့်မလျော်သည်များကို ကြံမိ၍ ရှုးသွပ်ဖောက်ပြန် စိတ်မမှန်ခြင်း၊ ပင်ပန်းခြင်းသို့ ရောက်သွားနိုင်သည်။

ဓမ္မအဓမ္မနှစ်ပါးတွင် ဗုဒ္ဓဘာသိက ဘုရားဟော ပိဋကစာပေနယ်ကို ပစ်ပယ်ကျော်လွှားကာ တပါးပါးသော အဓမ္မ အဖို့အစုဝါဒထူးတစ်ခုခုကို လက်ကိုင်ထားပြီး ဟောပြောပြသကြလျှင် ငါတို့သည် လောက၌ အယူဝါဒအထူးအဆန်းတစ်ခု ထူထောင်သူများအနေဖြင့် ထင်ရှားလိမ့်မည်၊ ဤသို့ ကျော်ကြားလို၍ ဝါဒအထူးအဆန်းများထွင်ကာ ဟောပြောပြသ ငြင်းခုံကြကုန်၏။ (မ-ဋ္ဌ-၃။၃၁)။

ဤသို့လျှင် အဋ္ဌကထာအရှင်သည် ဗုဒ္ဓသာသနာတော်၏ အနာဂတ်ရေးကို မျှော်တွေးကာ ရေးသားတော်မူခဲ့ခြင်းကား ဤဝါဒနှင့်ပတ်သက်၍ ဖြစ်ရပ်စုံလင် အံဝင်ခွင်ကျဖြစ်ကာ မှန်ကန်လှကြောင်း ပေါ်လွင်နေပြန်ပေသည်။

တိကအင်္ဂုတ္တိုရ် ဉာတသုတ္တန်ဆိုင်ရာ မှတ်သားဖွယ်ရာ ဤသို့လာရှိသည်တို့တွင် သာသနာတော်အား မလျော်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့၌ သူတစ်ပါးကို ဆောက်တည်ကျင့်သုံးစေသူသည် လူနတ်အများ စီးပွားမဲ့ဖို့၊ ဆင်းရဲဖို့၊ အကျိုးမဲ့ဖို့ ကျင့်သူမည်သည်ဟု မိန့်တော်မူပြီး ယင်းစကား၏အဖွင့်ကို အဋ္ဌကထာဆရာကလည်း သာသနာတော်အား မလျှော်မှု၌ ဆောက်တည်ကျင့်သုံးစေသည်ဟူသော အဓိပ္ပါယ်မှာ ကမ္မဋ္ဌာန်းကို ယွင်းပျက်စီးစေ၍ ဟောပြောပြသခြင်းပင်၊ (ကမ္မဋ္ဌာန်း အမှားပေးခြင်းပင်) ဟု ပီပြင်စွာ မိန့်ဆိုဖွင့်ပြတော်မူသည်။

http://www.dhammadownload.com



စာသင်စာချ ပရိယတ္တိကို အလေးမမူလျှင် ဘုရားရှင် ကြည်ဖြူတော်မမူ၍ ဤသို့မိန့်တော်မူရာတွင်-

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး နောက်ဆုံး မိန့်ခွန်းတော်၌ "ငါဘုရား ဟောကြားသတ်မှတ် ပညတ်တော်မူအပ်သော ဓမ္မဝိနယပိဋကတ်သုံးဖြာ သာသနာတော်သည် သင်ချစ်သားတို့၏ ဆရာဘုရားပင်" ဖြစ်ပေသည်။ ဤသို့ မိန့်တော်မူချက်အရ ဗုဒ္ဓ၏ ဒေသနာတော်သည် ဓမ္မက္ခန္ဓာ ၈၄၀၀၀ (ရှစ်သောင်းလေးထောင်)ကို အရေးထားသောဝါဒဖြစ်၍ ထွန်းတုံးလက်ကျန်ဦးထင်၏ဝါဒမှာ မည်သို့သော အယူဝါဒဖြစ်ကြောင်းကို စောဒနာလွှာနှင့် စိစစ်သုံးသပ်ချက်များတွင် ပေါ်လွင်ထင်ရှားစွာ သိနိုင်ပေလိမ့်မည်။

ပရိယတ္တိကို လေးလေးစားစား အရေးမထားခဲ့လျှင်အကုသိုလ် အပြစ်များ ဖြစ်ပွားတတ်သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ သုတ္တန်တရားတော်၌ အယူအဆမှား၍ ဘုရားရှင်အလိုတော်မသိဘဲ တလွဲအလုပ် အားထုတ်မိသော် မိစ္ဆာအယူဝါဒအတွင်း သက်ဆင်းရောက်သွားနိုင်သည်။(ဒီ ၁၄-၂၃)

၂။ ဝိနည်းဒေသနာတော်၌ ဒေသနာနည်းပကျ ဆရာနည်းမရလျှင် ဘုရားခွင့်ပြုတော်မူသည့် ပိုးဖဲကပ္ပိပါ အထိအတွေနှင့် ဘုရားခွင့်ပြုတော်မမူသော မာတုဂါမ အထိအတွေကို တန်းတူထား၍ ပြစ်မှားမိကာ သီလမဲ့သူဖြစ်သွားနိုင်သည်။

၃။ အဘိဓမ္မာအရာ၌လည်း ယူဆကြံစည်မှုများ ဘောင်

http://www.dhammadownload.com



ထို့ကြောင့် သဒ္ဓါတရားသင့်သလောက် အားကောင်း၍ ဆင်ခြင်မှုပညာ ခေါင်းပါးသူများ (အထူးသဖြင့် အမျိုးသမီး ခပ်များများ) သည် အားကိုးမှားကာ ဓမ္မအစီးအပွား နလံမထူနိုင်အောင် ဆုံးရှုံး၍ တစ်သံသရာလုံး စုံးစုံးမြုပ်နိုင်ကြသည်ကို သတိပြုသင့်လှပေသည်။

## ပိဋကတ်တော်မှတ်ကျောက် အတုပျောက်လိမ့်ခြင်း

အန္တရာယ်ဟူသမျှတွင် ဓမ္မန္တရာယ်ခေါ် တရားအတုဒန္တရာယ် သည် သာသနာဖျက်ရေး၌ အလေးနက်ဆုံး ခရီးအရောက်ဆုံး အန္တရာယ်ဖြစ်သည်။ "ရွှေတုမပေါ်သေးသမျှ ရွှေစစ်မပျောက်၊ လောက မှာ ရွှေတုသာပေါ်လာလျှင် ရွှေစစ်ပျောက်ရတော့သည်။ ထိုနည်းတူပင် တရားတု မပေါ်သေးသမျှ တရားစစ်မပျောက်နိုင်၊ လောကမှာ တရားတုပေါ်လာလျှင် တရားစစ်ကွယ်လိမ့်မည်" ဤသို့လျှင် သာသနာတော်နောင်ရေးကို ဘုရားရှင်သည် မဟာကဿပအား နိမိတ်ပေး မိန့်ကြားတော်မူခဲ့သည်။ ထိုမိန့်တော်မူတိုင်းပင် ဘုရားရှင် မရှိပြီးနောက် နှစ်တစ်ရာကျော်လောက်တွင် အတုများ ပေါ်ပေါက်လာ ခဲ့သည်။

ထိုပေါ်လာသော တရားအတုများကို ဒုတိယသံဃာယနာ ဟူသော ပရိယတ္တိမှတ်ကျောက်တွင် သေချာစွာတင်၍ ပျောက်စေခဲ့ သည်။ ထို့ကြောင့် ပြဿနာအဓိကရုဏ်းများ ဖြေရှင်းရေးအတွက် အကောင်းဆုံးလက်နက်မှာ ပရိယတ္တိဟူသော ပိဋက(၃)ပုံပင် ဖြစ် သည်။ ပရိယတ်ကို ပုတ်ခတ်စော်ကားခြင်းသည် သာသနာကွယ် ကြောင်း အလုပ်ပင်တည်း။ ရေဗူးမီးလောင်က ရေမကျန်ရစ်တော့ သည့်ပမာ ပရိယတ်ကိုနှောင့်ယှက်ပစ်ပယ် ပုတ်ခတ်စော်ကားပါက

http://www.dhammadownload.com



ပဋိပတ်, ပဋိဝေဓ သာသနာ(၂)ရပ်တို့ကိုပါ ကွယ်ပအောင် ပုတ်ခတ်စော်ကားရာ ရောက်ပေသည်။

**မြန်မာနိုင်ငံတော်သာသနာ့ဘုန်းကံ ဤသို့ကောင်းကျိုးပေါ်ပြန်**

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူပြည်သားအများတို့သည် နိုင်ငံတော်အစိုးရ ဦးစီးမှုအောက်ဝယ် ဗုဒ္ဓသာသနာတော်ဘက်ဆိုင်ရာ အဖြာဖြာကို အခါမလပ် ပြုစုချီးမြှောက်အပ်ရာ ယခုအခါမှာမူ အထက်မြက်ဆုံး အထိရောက်ဆုံး သာသနာပြုနည်းဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းကာ လုပ်ထုံးလုပ်နည်းအသင့်ဖြင့် အမြင့်ဆုံးသာသနာတော်ကို ပူဇော်ချီးမြှောက်နေရကားမျှော်မှန်း၍မရနိုင်သော သာသနာ့ဘေးရန် ခလုပ်ကန်သင်းတို့သည် အမြစ်အရင်းပါမကျန် မြုပ်ဆင်းပြိုကွဲ ယိုင်လဲပျက်စီးသွားကြမည့် ကောင်းကျိုးများ ခံစားရရှိကြပေသည်။

တတိယသံဃာယနာမတင်မီအချိန်တွင် သာသနာတော်၌ ရဟန်းတစ်ပါး အုန်းမှုတ်ခွက်ငယ်တစ်ခု ခိုးယူခဲ့မှု အဓိကရုဏ်းနှင့်စပ်၍ အဘိဓမ္မာဆောင် ဝေါဒတ္တမထေရ်က "သုဒ္ဓ"ဟု အဆုံးအဖြတ်ပေးသဖြင့် ပရိသတ်များကျေနပ်၍ တစ်ခဲနက် ကောင်းချီးပေးကြသည်။ ထိုကောင်းချီးပေးသံကို စေတီရှိခိုးရန်လာသော ဘာတိယမင်းကြား၍ "ငါ့လက်ထက် ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ လူများဆိုင်ရာ ပြဿနာသည် ဤအရှင်မြတ်ဆုံးဖြတ်တိုင်း တည်စေ၊ မင်းအမိန့်တော်" ဟု ဥပဒေအမိန့်သံ ထုတ်ပြန်လိုက်သည်။ (ဝိ-႒-ပ၊ ၂၆၇)။

သာသနာတော်နှစ်-၂၀၀ (နှစ်ရာ)ကျော် ဓမ္မာသောကမင်းတရားကြီးလက်ထက် သာသနာတော်၌ လာဘ်အလွန်ပေါများသဖြင့် တိတ္ထိတို့သည် သာသနာမကြည်ညိုသော်လည်း လာဘ်အတွက်ရဟန်း

http://www.dhammadownload.com



ပြုကြပြီး၊ မူလယူမြဲမိစ္ဆာအယူကိုသာယူ၍ သာသနာတော်ကို ပူးသတ်လုံးထွေး ဖျက်ဆီးရေးပြုကြသည်။ ထိုအခြေအနေကို ရဟန်းကောင်းများသိကြ၍ ယင်းတို့နှင့်အတူ ဥပုသ်ပဝါရဏာ မပြုကြ၊ အသောကာရုံကျောင်းတိုက်၌ (၇) နှစ်ကြာမျှ သံဃာ့ကံပြုပွဲ ရပ်စဲသွားသည်။ အသောကမင်းကြီးကိုယ်တိုင် ယင်းအဓိကရုဏ်းကို အမြန်ငြိမ်းအောင် ပြုလုပ်၍ သာသနာ့ရန်ဆူး ရန်ငြောင့်များကို သုတ်သင်ကာ မင်းအာဏာဖြင့် သာသနာတော်သန့်ရှင်းရေး အကူအညီ ပေးခဲ့သည်။

ထိုဆိုပြီးခဲ့ရာ ပမာထားယူ အလားတူသာလျှင် ဘုန်းရှိန်ကံမြင့် သာသနာတင့်ရာ မိမိတို့မြန်မာနိုင်ငံမှာလည်း ပေါ်လာသော ဘေးရန်များကို ရာဇဓမ္မနှစ်ဌာနဖြင့် ကျနပီပြင် ကုန်စင်အောင် ပြုပြင်ပယ်ရှားနိုင်ခဲ့သည်များကို ဆင်ခြင်စဉ်းစား အခြေခံထား၍ ဤထွန်တုံးလက်ကျန် ဆရာကြီး ဦးထင်၏ဝါဒကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စောဒကတို့၏တင်လွှာ (စုဒိတကများက မချေပကြသဖြင့်) မူရင်းအဓိကရုဏ်းဖြစ်ရာ စာအုပ်စာတမ်း ဖိုင်တွဲ အချက်အလက်များကို ကြည့်ရှုကာ ဘုရားဟောပါဠိအဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရတို့ဖြင့် အသေးစိတ်ညှိနှိုင်းလျက် စိစစ်သုံးသပ်ကာ အဆုံးအဖြတ်ပေး တော်မူကြကုန် အံ့သတည်း။

--------------------

http://www.dhammadownload.com



ရတနတ္တယ ပဏာမနှင့် ပဋိညာဉ်

(က) ဝုတ္တံ အမေ့ဝါဒီ ဟိ၊
ဝိစာရေတွာန ဒေသကံ။
ဝါဒန္တရ ဝိသဇ္ဇန္တံ။
နမာမ ရတနတ္တယံ။ ။

(ခ) မဟာသံဃနာယကာနံ၊
အာဏာယ ဘာရဟာရကာ။
နိစ္ဆာနံ ဂမိတွာန၊
ဝိသုံဝ ဝိနယံ ဓရာ။ ။

(ဂ) ထွန်တုံး လက်ကျန်တိ ပါကဋော၊
ဦးထင်တိ တုစ္ဆဝါဒကော။
တဿ ဝါဒေ ဝိစိနိယ၊
ကာဟာမ ဒါနိ နိစ္ဆယံ။ ။

အမေ့ဝါဒီဟိ--သဘာဝမှန်၊ တရားသံကို၊ ဉာဏ်မမီကြ၊ ယူမှားကြသည့်၊ အမေ့ဝါဒီ၊ အလီလီတို့သည်။ ဝုတ္တံ-မမှန်တရား၊ ပြောအပ်ငြားတုံ၊ ဝါဒစုံကို။ ဝိစရေတွာန--ထူးဆန်းထွေလာ၊ နည်းဝေဆာဖြင့်၊ သေချာသိပ်သည်း၊ စိစစ်ပြီး၍။ဝါဒန္တရဝိသဇ္ဇန္တံ--ဝါဒထူးထွေ၊ ခွဲခြမ်းဝေ၍၊ အဖြေမှန်ပြ၊ စွမ်းနိုင်ထသော။ ရတနတ္တယံ--သဗ္ဗညုရှင်၊ ဘုရားသခင်နှင့်၊ ဆယ်အင်တရား၊ ရှစ်ပါးအရိယာ၊ မြတ်သံဃာဟု၊ ရတနာသုံးပုံ၊ အလုံးစုံကို။ နမာမ--ကိုယ်နှုတ်-စိတ်-အား၊ သုံးပါးညွတ်ကာ၊ ရှိခိုးကြပါကုန်၏။

http://www.dhammadownload.com



(နတ္ထာ)--ဝါဒန္တရ၊ နည်းစုံပြ၍၊ မြွက်ဟဟောကြား၊ မြတ်ဘုရား နှင့် တရားသံဃာ၊ ရတနာကို၊ ညွတ်ကာရိုကြိုး၊ ရှိခိုးပြီး၍။

(ခ) မဟာသံဃနာယကာနံ--နိုင်ငံတော်သံဃမဟာနာယက၊ ဖွဲ့မှုချုပ်ပြီး၊ မဟာထေရ်ဆရာတော်ဘုရားကြီးတို့၏၊ အာဏာယမ္မာစမ္မ၊ ဆုံးဖြတ်ကြရန်၊ စာမိန့်သံဖြင့်၊ ထုတ်ပြန်လေသော်၊ စေခိုင်းတော်မူသဖြင့်၊ ဘာရဟာရကာ--ဗဟိုသံဃာ့၊ ဝန်ဆောင်ကြမှု၊ ဝိသေသထုတ်ဖော်၍၊ "နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်"မှု တာဝန်ကို၊ ကြေပွန်အောင်ဆောင်ရွက်ကြကုန်သော ဝိသုံဝဝိနယံရော--"နိုင်ငံတော်သီးခြားဝိနည်းမှိုင်ရဲ့"ခေါ်ဆိုပညတ်၊ အမှတ်ရှစ်တွင်၊ အဖွဲ့စဉ်အပ်ကုန်သော။ (မယံ)-သံလျှင်မြို့နယ်၊ စီးဆင်းသွယ်သည်၊ မြစ်ငယ်ပဲခူး၊ကမ်းနဖူးတွင်၊ ဖါးကူးအနောက်ရွာ၊ ရပ်ဌာနဘ၌၊ တည်ပါတုံငြား၊ ဘုရားသုံးဆူ၊ ကျောင်းတော်ငူမှ၊ "ဘဒ္ဒန္တဝဏ္ဏသာရာ"ထေရ်မဟာကိုသဘာပတိ၊တင်မြှောက်ဘိ၍၊တိပိဋကရေ့ထေရအပါ၊ ဓမ္မာစရိယ၊ ဘွဲ့စုံရထား၊ ငါးပါးစုံညီ၊ မဟာထေရ်သမုတ်၊ အကျွန်ုပ်တို့သည်။

(မယန္တိ ပါဌသေသော၊ ကာဟာမာတိ ကြိယာပဒေ သမ္ဗန္ဓော။)

နိစ္ဆဌာနံ--သီရိမင်္ဂလာ၊ ကုန်းမြေသာတွင်၊ အပရာဂေါယာန၊ ကျောင်းဆောင်မဝယ်၊ ခမ်းမသတ်မှတ်၊ ပေါ်ဆုံးထပ်၌၊ ဆုံးဖြတ်ရာခေါ်၊ တရားရုံးတော်သို့။

ဂမိတ္ဝာန--နိုင်ငံတော်--သံဃ၊ မဟာနာယကကို ဂါရဝပြုကာ၊ ဝိနည်းမှိုင်ရဲ့ဆရာနှင့် စောဒကာရှိ၊ စုဒိတကာ၊ ပုဂ္ဂလာတို့၊ ဆရာတကာ၊ စုံညီစွာဖြင့်၊ များစွာပရိသတ်၊ ရောက်ပြီးလတ်၍။

http://www.dhammadownload.com



(ဂ) ထွန်တုံးလက်ကျန်တိပါကဋ္ဌော--ထွန်တုံးလက်ကျန်၊ ယူဝါဒံကို၊ နိုင်ငံတော်တွင်၊ အဆန်းထွင်၍၊ အစဉ်ကျော်ပြု၊ ထင်ပေါ်မှုကို အလိုရှိသော။ ဦးထင်တိ-ဦးထင်က္ကတိ နာမ-ကော--စစ်ကိုင်းတိုင်းဝယ်၊ မြောင်မြို့နယ်တွင်၊ ရေလယ်ကျွန်းမှာ၊ ကျောင်းဖြူရွာ၌၊ ဆရာ(ဦးထင်)၊ နာမည်တွင်ပါ၊ ဒါယကာသည်။

တုစ္ဆဝါဒကော--မိမိကိုယ်မှာ၊ အရိယာဟု၊ သူတကာပြောကြား၊ ဘ,ဘုရား၏၊ တရားလမ်းစဉ်၊ နည်းသစ်ထွင်၍၊ အမြင်မှောက်မှား၊ အချည်းနှီးသောစကားကို၊ သူများစိတ်တွင်၊ အမှန်ထင်အောင်၊ သံယောင်ပြုလေ၊ ဟောတတ်ပေ၏။

တဿ--ထွန်တုံးလက်ကျန်၊ နည်းမမှန်ကို၊ အမှန်စကား၊ ပြောကြားလေပြီး၊ ထိုဆရာကြီး၏၊ ဝါဒေ--ပြောဟောသမျှ၊ ဝါဒအဖုံဖုံ၊ စကားစုံတို့ကို။ ဝိစိနိယ-စက်တွင်ရိုက်ထား၊ စာအုပ်များနှင့် ပြောကြားသံတွေ၊ ကက်ဆက်ခွေကို၊ ရက်ရှည်လများ၊ စိစစ်ထား၍။ဒါနိ-က္ကဒါနိ--နိုင်ငံတော် သံဃမဟာနယက၏၊ စေသမျှတာဝန်၊ အတန်တန်ကို၊ ဓမ္မကွန်အရ၊ ညှိနှိုင်းဆ၍၊ ရေးကြပြီးပါ၊ ဤချိန်ခါ၌။

နိစ္ဆယံ--ဓမ္မာဓမ္မ၊ မငြင်းရအောင်၊ ပိဋကနိကာယ်၊ ကျမ်းသွယ်သွယ်မှ၊ တကယ်တိကျ၊ ထုတ်နုတ်ကြ၍ ထေရဝါဒ၊ ညီညွတ်စွာဖြင့်၊ များစွာကျမ်းဂန်၊ ပြည့်စုံမှန်လျက်-မှန်မမှန်ဟု၊ ဆုံးဖြတ်ခြင်းအမှုကို။ ကာဟာမ-လေးဖြာဂတိ၊ ကင်းလွတ်ဘိ၍၊ ထိမိသေချာ၊ စေတနာဖြင့်၊ မေတ္တာရှေ့ပွား ကရုဏာထား၍၊ ရေးသားသမျှ၊ ပြုကြပါကုန်အံ့။ ။

http://www.dhammadownload.com



## စောဒနာလွှာ (၁)

ပိဋကတ်သုံးပုံဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက်

(က) တရားပေါက်ရောက်မှ ပိဋကတ်သုံးပုံ အစစ်ပိုင်တယ်၊

( ခ) တရားမပေါက်ရောက်ရင် ဘယ်လောက်ပဲ ကျမ်းတွေ တတ်နေနေ ပိဋကတ်သုံးပုံ အစစ်မပိုင်ဘူး၊

(ဂ ) လူပြည်မှာ ပိဋကတ်သုံးပုံမရှိဘူး-

ဟူသောအထက်ပါ (က) (ခ) (ဂ) ကောက်ချက်သုံးခုကို စောဒက ဆရာတော်များကလည်း ပါဠိတော် အဋ္ဌကထာတို့ဖြင့် ကိုးကားလျက် အထောက် အထား ခိုင်မာစွာဖြင့် စောဒနာတော် မူသွားကြပါသည်။

ဤကောက်ချက်သုံးခုကိုပင် ပေါင်းရုံးသုံးသပ်ရသော်-- ဘုရားရှင်ဟောတော်မူသော ပိဋကတ်တော်ကိုပင် အစစ်, အတု,ခွဲခြားမှု ပြုထားလိုသော သဘော ထင်ရှားပေါ်လွင်နေပါသည်။

သူ၏အလိုကား---တရားထူးမရလျှင် ပိဋကတ်မပိုင်၊
တရားထူးရမှသာ ပိဋကတ်ပိုင်၏-

ဟုဆိုလိုဟန် တူပါသည်။

ဦးထင်၏စာအုပ် (၁၇/၁၈) နံပါတ်တွင် ပိဋကတ်ခေါ်ပုံကို ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျုပ်ဖြစ်သလို လေးခါဖြစ်ပေါ့ဆိုရင် ဘဝကုန်ပြီတဲ့၊ ဘဝကုန်ပြီတဲ့၊ အဲဒီတောဘဝကုန်ပေါ့၊ ဒီစိတ်နဲ့ဒီကိုယ် ကျုပ်ဖြစ်သလို တဖွားဖွားနဲ့ လေးခါဖြစ်ရတယ်။

http://www.dhammadownload.com



အဲဒီလိုလေးခါဖြစ်ပြီးပြီဆိုရင်တဲ့ ဒီစိတ်နဲ့ဒီကိုယ်ဟာ မနေချင်တဲ့အချိန် ထွက်သွားလိုက်တာဘဲ၊ ဒီစိတ်နဲ့ဒီကိုယ် ကျူပ်ဖြစ်သလို တဖွားဖွားနဲ့ လေးခါဖြစ်ရတယ်၊ အဲဒီလို လေးခါ ဖြစ်ပြီးပြီဆိုရင်တဲ့ ဒီစိတ်နဲ့ဒီကိုယ်ဟာ မနေချင်တဲ့အချိန် ထွက်သွားလိုက်တာဘဲ၊ တဖွားဖွားနဲ့ ပျက်မနေရတော့ဘူး၊ အဲဒါကြောင့်မို့လို့ ပြန်မလာရတော့ဘူး၊ ကျူပ်ဖြစ်သလို လေးခါ ဖြစ်ပြီးတဲ့နောက်ကို ဒီစိတ်နဲ့ထွက်သွားပေါ့တဲ့ဆိုရင် ပြန်မလာ တော့ဘူး။

အဲဒီ ဒါ့ကြောင့် ပြန်မလာတဲ့နိဗ္ဗာန်မှာ နာမ်ရုပ်ရှိတယ်၊
နာမ်ကလေးက ဘာမှမလုပ်တတ်လို့ ရုပ်တရား
ခေါ်တယ်တဲ့၊
ဘာမှမလုတ်တတ်လို့ သူ့ကို ရုပ်တရားလို့ခေါ်တယ်၊

အဲဒါကြောင့် ပြန်မလာတဲ့နိဗ္ဗာန်မှာ နာမ်ရုပ်ရှိတယ်တဲ့၊ ပြန်မလာတဲ့ နိဗ္ဗာန်မှာ ရုပ်နာမ်နှစ်ပါးရှိတယ်တဲ့၊ ပြန်မလာတဲ့နိဗ္ဗာန်မှာ နာမ်ရုပ်ရှိတယ်တဲ့၊ သဘောကွဲကြပလား-

အဲ,အဲဒါကြောင့်မို့လို့ အဲသည်လိုသိတာကိုပဲ၊ ပိဋကသုံးပုံလို့ ခေါ်ရတယ်၊

အဲဒီလိုသိမှ ပိဋကတ်သုံးပုံလို့ခေါ်ရတယ်၊ ပိဋကသုံးပုံအစစ်ဟု ခေါ်ရတယ်ဟုလည်းကောင်း။

ဒါဖြင့် ဟိုစာအုပ်ထုတ်ထားတာ ပိဋကတ်သုံးပုံမဟုတ်လား၊ ဟုတ်တယ်တဲ့၊ သမုတ်ထားတဲ့ ပိဋကတ်သုံးပုံတဲ့၊ သမုတ်ထားတဲ့ ပိဋကတ်သုံးပုံတဲ့၊ မှတ်ထားနော် ၊ သမုတ်တဲ့ပိဋကတ်သုံးပုံထက်

http://www.dhammadownload.com



စာအုပ်တွေက ခုကျူပ်ပြောနေတာက မသမုတ်ရဘဲနဲ့သိတဲ့ ပိဋကတ်သုံးပုံတဲ့၊ အဲဒါက သူ့ဟာသူပြန်မလာတဲ့နိဗ္ဗာန် ရောက်နေပေါ့။ ဥစ္စာကိုပြီးတော့ပေါ့မဟုတ်လား၊

> ပိဋကသုံးပုံက ပြန်မလာတဲ့ ဟိုဘက်ကို ရေးသေးသလားဗျ၊ အဲဒါကြောင့် တရားပေါက်ရောက်မှ ပိဋကတ်သုံးပုံအစစ် ပိုင်တယ်တဲ့၊ တရားမပေါက်ရောက်ရင် ဘယ်လောက်ပဲ ကျမ်းတွေ တတ်နေနေ ပိဋကတ်သုံးပုံ အစစ်မပိုင်ဘူး၊
>
> အဲဒါကြောင့် စောစောက လူ့ပြည် ပိဋကတ်သုံးပုံမရှိဘူးဟု လည်းကောင်း-

စသည်ဖြင့် ဖော်ပြထားပါသည်။

သူဆိုထားချက်များဖြင့်ပင် ဦးထင်သည် ပိဋကတ်ဆိုသော စကားလုံးနှင့် ပိဋကတ်အဓိပ္ပါယ်ကိုပင် နားလည်ဟန်မတူပေ၊ ထိုသို့ နားမလည်သောကြောင့်ပင် မိမိထင်မြင်ရာ တရားပေါက်မှ ပိဋကတ်သုံးပုံပိုင်တယ်စသည်ဖြင့် "လေဖမ်း,ဒန်းစီး" ထင်မိထင်ရာ ဆိုထားမိဟန် တူပါသည်။

ပိဋကတ်ဆိုသည်မှ - ဘုရားရှင်ရွှေလက်ထက်တော်ကမူ ဓမ္မနှင့် ဝိနယအမည် နှစ်မျိုးဖြင့်သာ တည်ရှိခဲ့ပါသည်။

> "ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"

ဟု ပရိနိဗ္ဗာန်စံတော်မူခါနီး ကာလ၌ပင် ဓမ္မ-ဝိနယ အမည်ဖြင့်သာ ဟောပြမိန့်မြွက်တော် မူခဲ့ပါသေးသည်။

http://www.dhammadownload.com



ကျမ်းဂန်များတွင် တရားထူးရသော ပုဂ္ဂိုလ်များကိုဖော်ပြရာ၌-

(က) သုက္ခဝိပဿကပုဂ္ဂိုလ်

(ခ ) ဈာန်ရ ဈာနလာဘီပုဂ္ဂိုလ်

(ဂ ) ဝိဇ္ဇာဉာဏ်ရ တေဝိဇ္ဇပတ္တပုဂ္ဂိုလ်

(ဃ) အဘိညာဉ်ရ ဆဠဘိညပုဂ္ဂိုလ်

(င )ပဋိသမ္ဘိဒါဉာဏ်ရ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်-

ဟူ၍ ပုဂ္ဂိုလ်ထူးတို့ကို ဂုဏ်ထူးဖြင့် ယှဉ်တွဲလျက် ချီးကျူးခဲ့သည်ကိုသာ တွေ့ရှိရပါသည်။

ထိုသို့ တရားထူးရသော ပုဂ္ဂိုလ်များတွင်သော် လည်းကောင်း၊ တရားထူးမရသော ပုဂ္ဂိုလ်များတွင်သော် လည်းကောင်း၊ ပိဋကတ်တစ်ပုံဆောင် နှစ်ပုံဆောင်, သုံးပုံဆောင်, နိကာယ်ဆောင်, အဘိဓမ္မာဆောင်, ဝိနည်းဆောင်, သုတ္တန်ဆောင် စသည်ဖြင့်လည်း သူတို့ဆောင်ထားသော မြတ်စွာဘုရား၏ စကားတော်များအရ ဂုဏ်ထူးဖြင့် ချီးကျူးသတ်မှတ် ပိုင်းခြားခဲ့ပါသည်။ ဦးထင်ပြောသကဲ့သို့ တရားပေါက်ရောက်မှ ပိဋကတ် အစစ်ပိုင်သည့်သဘောများ အလျဉ်းငင်မတွေ့ရှိရပေ။

သို့သော် တရားပေါက်ရောက်ခြင်းဆိုတဲ့ အာသဝေါကုန်ခန်းရဟန်းကိစ္စပြီးသည်နှင့် တစ်ပါတည်းပါလာသည့် အရှင်စူဠပဏ် အစရှိသော ပဋိသမ္ဘိဒါ ဉာဏ်ထူးရ ပုဂ္ဂိုလ်ထူးများတော့ ပေါ်ထွက်ခဲ့ဖူးပါသည်။ ဤပုဂ္ဂိုလ်မျိုးကို ပဋိသမ္ဘိဒါပတ္တရဟန္တာ တို့သော်မှလည်း

http://www.dhammadownload.com



မြတ်စွာဘုရား ဟောကြားတော်မူထားခဲ့သည့် ဓမ္မဝိနယခေါ် ပိဋကတ်တော်အတိုင်း သဝေမတိမ်း နားလည်ကြရပါသည်

ပိဋကတ်သုံးပုံ အစစ် အတု ကွဲပြားခြင်းကိုလည်း ခွဲခြားခြင်းရှိသည် မဟုတ်ပေ၊ ကွဲပြားလည်း မကွဲပြားကြပေ၊ မြတ်စွာဘုရားသခင် မဟာပရိနိဗ္ဗာန်စံတော် မူပြီးနောက်မှသာ အရှင်မဟာကဿပမထေရ် မြတ်ကြီးက သုဘဒ်ရဟန်းကြီး၏ မလျော်ကန်သောစကားကို အကြောင်းပြု၍ မြတ်စွာဘုရား၏ မိမိအပေါ်၌ ဆောင်ရွက်ချက် ကျေးဇူးသုံးမျိုးတွင်-

(၁) မြတ်စွာဘုရားသခင်သည် ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို တန်ခိုးတော် (၃၅၁၆)သုံးထောင် ငါးရာတစ်ဆယ့်ခြောက်ပါးသော ပြာဋိဟာတို့ကို ပြတော်မူလျက် ချွေချွတ်စဉ်က ကျွန်မ (ပြည့်ဝ) အလောင်းမှ တစ်တုမ္ဗ (တစ်ပြည် သားခန့်)ရှိသော ပိုးလောက်များကို ခါလျက်ခွာယူ၊ ပံသုကူသင်္ကန်းအဖြစ် ကောက်ယူတော်မူပြီး လျှော်ဖွတ်ချုပ်ဆိုး၍ ဘုရားရှင်ကိုယ်တော်တိုင် သုံးဆောင် တော်မူခဲ့သော ဝေနေယျ ကြာသတ္တဝါများတို့၏ ကိုးကွယ်ပူဇော်ရာ ပရိဘောဂစေတီ ထိုက်တော်မူသော သင်္ကန်းတော်ကြီးကို မိမိ သင်္ကန်းနှင့် လဲလှယ်ဝတ်ရုံခွင့် ပေးတော်မူခဲ့ခြင်း၊

(၂) မိမိ၏ ဓုတင်တေရသ်ဆောင်လတ်သည်ကို ငါဘုရားဓုတင်တေရသ်အကျင့်မြတ်ဆောင်သလို ကဿပလည်း ငါကဲ့သို့ဆောင်သည်ဟူသော ဘုရားရှင်၏ ဓုတင်အကျင့်နှင့် တန်းတူရည်တူ ဓုတင်အကျင့်ရှိသည်ကို ထုတ်ဖော်ချီးကျူးတော်မူခြင်း၊

http://www.dhammadownload.com



(၃) ငါဘုရားသည် သမာပတ်ရှစ်ပါးဖြင့် အမြဲတစေ ဝင်စားနေနိုင်သကဲ့သို့ ကဿပလည်း သမာပတ်ကို ဝင်စား၍ နေနိုင်သည်ဟု သမာပတ်ဝင်စားမှုကိုလည်း ကိုယ်တော်မြတ်နှင့် ထပ်တူညီတူ ထားတော်မူခြင်းဖြင့် ချီးကျူးတော်မူခြင်း၊

ဤသို့သော ဂုဏ်ရည်များဖြင့် ချီးမြှောက်တော်မူခဲ့သည် ကျေးဇူးတော်တို့ကို မျှော်ခေါ်ထောက်ထားကာ ဘုရားရှင်သည် ကိုယ်တော်နှင့် မိမိကို ဤကဲ့သို့ ထပ်တူညီတူရည်တူပြု၍ ချီးမြှောက်ခြင်းသည် ဘုရားရှင် မရှိသည့်နောက် သာသနာတော်ကို စောင့်ရှောက်ခြင်းဟူသော ဓမ္မဝိနယ ကို သံဂါယနာတင်ခြင်းမှတစ်ပါး အခြားကြွေးမြီပြေလည်အောင်ဆပ်မှု မည်သည် မရှိတော့ချေဟု ဆုံးဖြတ်လျက်-

ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယာမ
ပုရေ အဓမ္မော ဒိပ္ပတိ၊ ဓမ္မော ပဋိဗာဟိယျတိ။
ပုရေ အဝိနယော ဒိပ္ပတိ၊ ဝိနယော ပဋိဗာဟိယျတိ။
ပုရေ အဓမ္မဝါဒိနော ဗလဝန္တော ဟောန္တိ ဓမ္မဝါဒီ
ပုရေ အဝိနယဝါဒိနော ဗလဝန္တော ဟောန္တိ၊
ဝိနယဝါဒိနော ဒုဗ္ဗလာ ဟောန္တိ။
ပုရေ အဝိနယဝါဒိနော ဗလဝန္တော ဟောန္တိ၊
ဝိနယဝါဒိနော ဒုဗ္ဗလာ ဟောန္တိ။

ယခုအခါသာသနာတော်ဝယ် မသူတော်တရား မထွန်းကားမီ၊ သူတော်တရား မကွယ်ပြောက်သေးမီ(ဝါ) တားဆီးနှောင့်ယှက်ခြင်း မခံရသေးမီ၊ သူတော်ကောင်း အင်အား မနည်းသေးမီ၊ သူယုတ်မာ အင်အား မများသေးမီ၊ ဘုရားရှင်အဆုံးအမ မဟုတ်သော တရားများ

http://www.dhammadownload.com



မထွန်းကားသေးမီ၊ မြတ်စွာဘုရားရှင် အဆုံးအမတရားတော်များ တားဆီးနှောင့်ယှက်ခြင်း မခံရသေးမီ၊ မြတ်စွာဘုရားရှင် အဆုံးအမ တော် မဟုတ်သော တရားများ အားမကြီးသေးမီ မြတ်စွာဘုရားရှင် အဆုံး အမတော်များအား မနည်းသေးမီ ဓမ္မဝိနယကို သင်္ဂါယနာတင်ရ ပါကုန်မူကား ကောင်းလေစွဟု အကြံရသဖြင့် စည်းဝေးရွေးကောက်လာ ခုနစ်သိန်းသော (၇၀၀၀၀၀)သော သံဃာတော်တို့အား သံဂါယနာ တင်မည့်အကြောင်း လျှောက်ထားကာ ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇရဟန္တာ အရှင်မြတ်ငါးရာ (၅၀၀) ရွေးကောက်လျက် သံဂါယနာ တင်တော်မူခဲ့ကြပါသည်။

ထိုသို့ သံဂါယနာတင်တော်မူကြသော အခါမှာဘုရားရှင် သက် တော်ထင်ရှားရှိတော်မူစဉ် အန္တောဝီထိ၊ မဇ္ဈေဝီထိ၊ ဗာဟိရဝီထိ၊ မဟာမဏ္ဍလ၊ မဇ္ဈိမမဏ္ဍလ၊ အန္တောမဏ္ဍလ ခရီးသုံးကြောင်းအဝန်း သုံးပါးဖြင့် ဒေသစာရီ ကြွချီတော်မူကာ အရပ်ဒေသ အသီးသီး၌ လူနတ်ဗြဟ္မာ သတ္တဝါ အများတို့အား အကြောင်းအားလျော်စွာ ဟော ဖော်ညွှန်းပြ ဆုံးမတော်မူခဲ့သော စကားတော်များကို ရွေးချယ် စိစစ်ပြီးလျှင် ပြန့်ကြဲနေသော ဘုရားစကားတော်တွေကို မန်းသီတန် ဖြင့် သီကုံးထား သည့်နှယ်၊ ဤတရားတော်စုကား ဝိနည်းတော်ဟုတစု၊ ဤတရားတော်တို့ကား သုတ္တန်တရား တော်ဟုတစု၊ ဤတရား တော်တို့ကား အဘိဓမ္မာတရားတော် ဟု တစ်စု၊ ဤသို့တူရာတူရာ ပေါင်းစုပြီးခါမှ ပိဋကဟူသော ခြင်းတောင်းတည်းထည့်၍၊ တစ်စုစီ တစ်စုစီ သံဃာတော် ငါးရာ (၅၀၀)တို့၏ သဘောတူညီသော အဖြစ် သံပြိုင်ရွတ်ဆို သံဂါယနာ တင်ပြီးခါမှ သုတ္တန္တပိဋက ဝိနယ ပိဋက၊

http://www.dhammadownload.com



အဘိဓမ္မပိဋကဟု သုတ်-ဝိနည်း၊ အဘိဓမ္မာပိဋကတ် သုံးပုံ နှင့်ကား မည်သို့သောနည်းနှင့်မျှ ဖြစ်ပုံလည်းမတူ သဘောအလို အယူအဆ ခြင်းလည်း ဆက်စပ်၍ မရနိုင်သောကြောင့် မည်သို့ သောနည်းဖြင့် ဦးထင်၏ ဆိုလိုသော ပိဋကတ်သုံးပုံ အစစ်ဆိုသည်မှာ ဓမ္မဟု ဆိုနိုင် ပါအံ့နည်း၊ မဆိုနိုင်ပုံကား-

ကောက်ချက် (ယ) ၌-

ဟိုထုတ်ထားတဲ့စာအုပ်တွေဟာ ပိဋကတ်သုံးပုံတော့ ဟုတ် တယ်။

ဒါပေမဲ့သမုတ်ထားလို့ ဖြစ်နေတဲ့ ပိဋကသုံးပုံ ဟူရာ၌လည်း မှန်ပါ ၏၊ ပထမသင်္ဂါယနာမှ-

(၁) သုတ် တရားတော်ထည့်ရန် ခြင်းတောင်းတစ်ခု၊
(၂) ဝိနည်း တရားတော်ထည့်ရန် ခြင်းတောင်းတခု၊
(၃) အဘိဓမ္မာ တရားတော်ထည့်ရန် ခြင်းတောင်းတစ်ခု၊

ဟုခြင်းတောင်းသဖွယ်တရားတော်တွေ ရွေးချယ်ခဲ့သောကြောင့် သုတ္တန္တပိဋက၊ ဝိနယပိဋက၊ အဘိဓမ္မာပိဋကဟူသောအမည် ဖြစ်ပေါ် လာရာ၊ ဦးထင်ဆိုသည့်အတိုင်းပင် သမုတ်ထားသော ပိဋက မှန်ပါသည်၊ သို့သော် ဦးထင်ယူဆသော အဓိပ္ပာယ်နှင့်ကား ဆက် စပ်၍ မရနိုင်ပေ။

ဦးထင်၏ လူ့ပြည်၌ ပိဋကသုံးပုံ မရှိဘူး ဆိုသည့်စကားမှာလည်း ဦးထင်၏ အယူအဆအရသာဖြစ်နေပါသည်၊ အမှန်မှာသင်ကြား

http://www.dhammadownload.com



ပို့ချနေကြသော ပရိယတ္တိလုပ်ငန်းကြီးကား ဗုဒ္ဓသာသနာထွန်းကားရာ ဒေသ ဖြစ်သော သီရိလင်္ကာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာဟု ဆိုအပ်သော ထေရဝါဒငါးနိုင်ငံ၌ကား ကြီးမားလှ မဟုသာဟာဖြင့် ကြီးစားနေကြသည်ကို အထင်အရှားတွေ့မြင် နိုင်ပါသည်။သို့ဖြစ်ပါ၍ ဦးထင်၏ပြင်းကွက်ပေါ်ထွက် ရှင်းချက်ဖော်ရန် မလိုတော့ပေ။

ဦးထင်သည် "မရဲဘဲနှင့် ကွဲပြီး" ဆိုသလို မိမိပိုင်နိုင်ခြင်း မရှိသော အသုံးအနှုန်းများဖြင့် အသင့်ယုတ္တိကင်းမဲ့စွာဆိုသော သြစိတျဟီန ဒေါသ၊ အပြစ်လွှန်လွှန် ကဲကဲ မှားယွင်းစွာ ဆိုသော အတိဝုတ္တဒေါသ အပြစ်များ သင့်လောက်အောင် သုံးစွဲထားသူတစ်ယောက်ဖြစ် ကြောင်းကိုလည်း-

"တရားမပေါက်ရင် ကျမ်းတွေဘယ်လောက်

တတ်နေနေ၊ ပိဋကသုံးပုံ အစစ် မပိုင်ဘူး၊

လူ့ပြည်မှာ ပိဋကသုံးပုံ မရှိဘူး"-

ဟူသော စကားများဖြင့်ပင် သိသာထင်ရှား လောက်ပေသည်။

ထိုသို့မိမိ မပိုင်ရာကို အချွတ်ချွတ် အယွင်းယွင်း အလွဲလွဲ အချော်ချော် တင်ပြခြင်းကို တွေ့ရှိရကား၊ ဦးထင်၏ ဟောပြောချက်များသည် မမှန်မသက်ဝင်၊ အမှေပင်ဖြစ်ကြောင်းကို ဝိနည်းမိုရ်ဆရာတော် အားလုံးက ယူဆတော်မူကြသည်။

http://www.dhammadownload.com



## စောဒနာလွှာ(၂)

## သာသနာ(၃)ရပ်ဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက်

ဦးထင်၏ သာသနာဆိုင်ရာ ဟောပြောချက်များသည် ထင်ရာမြင်ရာများကိုသာဖြစ်၍ ဘာသတီတိ ဘောက် ဟူသကဲ့သို့ သဘာဝယုတ္တိ, အာဂမယုတ္တိ, ကင်းမဲ့သော ဩစိတျဟီန ဒေါသ၊ ဝိရောဓိဒေါသ, သင့်သော စကားလုံးများဖြင့်သာ ပေါကြွယ်များ ဝနေပါသည်။

ဥပမာ- သာသနာသုံးရပ်ဆိုတာ

(၁) စာမတတ်တတ် တတ်တတ်အရိယာတွေ့အောင်ရှာတတ်တာ ပရိယတ္တိသာသနာ ခေါ်ပါတယ်၊

(၂) ပဋိပတ္တိသာသနာ အရိယာဖြစ်ကာ ပြောတတ်တာ၊

(၃) ပဋိဝေဓသာသနာ၊ ပုထုဇဉ်တွေ၊ မသိတာ သိတာ၊

အဲဒါမှ သာသနာ တတ်နိုင်ပါတယ်တဲ့။

စသောစကား များကိုကြည့်လျှင် သိသာထင်ရှားလှပါသည်။

သာသနာတော်ဟူသည်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမတော်ဟူ၍ အနက်အဓိပ္ပာယ်ရှိပေသည်။

ယင်းသာသနာတော်သည်-

သင်ကြားလေ့လာမှု၊ ပရိယတ္တိ သာသနာ၊
လိုက်နာကျင့်သုံးမှု၊ ပဋိပတ္တိ သာသနာ၊
ထိုးထွင်း သိမြင်အကျိုးခံစားမှု၊ ပဋိဝေဓ သာသနာ၊

ဟူ၍ သုံးမျိုးသော အခြင်းအရာဖြင့် တည်ရှိနေပါသည်။

သာသနဒ္ဒီတိယာ ပန ပရိယတ္တိပမာဏံ (ပါထိကဝဂ္ဂဋ္ဌကထာ-နှာ-၈၂) နှင့် အညီ ယင်းသို့သော အခြင်းအရာဖြင့် တည်ရှိနေသော

http://www.dhammadownload.com



သာသနာတော် သုံးရပ်တို့တွင် သင်ကြားလေ့လာမှု ပရိယတ္တိ သာသနာတော်သည် မူရင်းပဓာနကျ၍ အလွန်အရေးပါလှပါသည်။ သင်ကြား လေ့လာမှု ပရိယတ္တိ သာသနာထင်ရှား တည်ရှိနေမှသာလျှင် ယင်းပရိယတ္တိသာသနာတော် လာရှိသည့်တရားတော်များကို တတ်သိနားလည်နိုင်ကြပြီး လိုက်နာကျင့်သုံးမှု ပဋိပတ္တိသာသနာ ဖြစ်ပေါ်တည်ရှိနိုင်၍ လိုက်နာကျင့်သုံးမှု ပဋိပတ္တိသာသနာ ထင်စွာ ဖြစ်ပေါ်မှသာလျှင် ယင်းလိုက်နာကျင့်သုံးမှု ပဋိပတ္တိသာသနာကြောင့် တရားတော်ကို ထိုးထွင်းသိမြင်အကျိုး ခံစားရမှု ပဋိဝေဓသာသနာတော် မြတ်တည်ရှိပေသည်။

ဦးထင်၏ သာသနာမှာ **ယုတ်တန်း မှတ်တန်း** ဟူသကဲ့သို့ဖြစ်၍ **ဓမ္မ၊ အဓမ္မတွင် ဓမ္မဘက်၌ အလေးပေး၍** အဓမ္မဘက်သို့ အလေးသာနေသည်ကို တွေ့ရှိရပေသည်။

စာတတ်ရုံမျှဖြင့် ပရိယတ္တိသာသနာလို့ မခေါ်နိုင်ဘူးလား ဆရာရဲ့

စာတတ်ရုံဖြင့် ပရိယတ္တိသာသနာခေါ်မယ်ဆိုရင်အောင်မောင်းတို့ စာမတတ်ဘူးလားကွဲ့၊ တတ်ပါတယ်ဆရာရယ်၊ ဒါကို ပရိယတ္တိ သာသနာခေါ်မလားကွဲ့၊ မခေါ်နိုင်ပါဘူးဆရာရယ်၊ စသည် (ဦးထင်စာအုပ် စာမျက်နှာ-၉၇ (ပ)။

ဦးထင်သည် "ငါထင်တာ ငါပြော ဘယ်သူကော အရေးစိုက်စရာရှိသလဲ" ဟူသော သဘောပေါ်လွင်လှပါသည်။

(၁) ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် (၅)လကြာရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက်ထက် ဝေဘာရ

http://www.dhammadownload.com



တောင်နံပါး စရည်းပင်ပေါက်ရာ လိုဏ်ဂူဝ၌ အရှင်မဟာကဿပထေရ် အကြီးအမှူးပြု၍ တေဝိဇ္ဇ, ဆဠဘိည ပဋိသမ္ဘိဒါပတ္တ ရဟန္တာ (၅၀၀) ငါးရာတို့ဖြင့် တင်တော်မူခဲ့သော ပထမသင်္ဂါယနာ၊

(၂) ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်နှစ် (၁၀၀) တစ်ရာအကြာ ဝေသာလီပြည် ကာလာသောကမင်းလက်ထက် အရှင်မဟာ ယသထေရ် အကြီးအမှူးပြု၍ ရဟန္တာ (၇၀၀) ခုနှစ်ရာတို့ဖြင့် တင်တော်မူခဲ့သော ဒုတိယ သင်္ဂါယနာ။

(၃) ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်နှစ်ပေါင်း (၂၃၅) နှစ်ရာသုံးဆယ့် ငါးနှစ်အကြာ ပါဋလိပုတ်ပြည် ဓမ္မာသောကမင်း လက်ထက် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿထေရ် အကြီးမှူးပြု၍ ရဟန္တာ (၁၀၀၀) တစ်ထောင်တို့ဖြင့် တင်တော်မူခဲ့သော တတိယသင်္ဂါယနာအားဖြင့် နှုတ်ငုံဆောင် သင်္ဂါနာယသုံးတန်၊

(၄) ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်နှစ်ပေါင်း (၄၅၀) လေးရာငါးဆယ်အကြာ လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်း လက်ထက် အရှင်မဟာဓမ္မရက္ခိတထေရ် အကြီးအမှူးပြု၍ ရဟန္တာ(၅၀၀)ငါးရာတို့ဖြင့် တင်တော်မူခဲ့သော ပေါတ္ထကီအာရုဠှရာ သင်္ဂါယနာ၊

http://www.dhammadownload.com



(၅) ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်နှစ်ပေါင်း (၂၄၁၅) နှစ်ထောင်လေးရာ တစ်ဆယ့်ငါးနှစ် အကြာ မြန်မာနိုင်ငံ ရတနာပုံနေပြည်တော် မင်းတုန်းမင်းတရားကြီး လက်ထက် ဒက္ခိဏာရာမ ဘုရားကြီးတိုက် တိပိဋကဓရ ဘဒ္ဒန္တဇာဂရထေရ် အကြီးအမှူးပြု၍ သံဃာတော် (၂၄၀၀) နှစ်ထောင့်လေးရာတို့ဖြင့် တင်တော်မူခဲ့ သော ကျောက်ထက်အက္ခရာ သင်္ဂါယနာ၊

(၆) ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း (၂၅၀၀) အကြာ ရန်ကုန်နေပြည်တော် သီရိမင်္ဂလာ ကမ္ဘာအေးကုန်း မြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် မန္တလေးမြို့၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတ ညောင်ရမ်းဆရာတော်ကြီး အမှူးပြု၍ သံဃာတော်(၂၅၀၀) နှစ်ထောင့်ငါးရာတို့ဖြင့် တင်တော်မူခဲ့သော ဆဋ္ဌပုံနှိပ်စက် သင်္ဂါယနာ၊

ဤခြောက်တန်တို့ဖြင့် သတ်မှတ်ပိုင်းခြားခဲ့သော ပရိယတ္တိ သာသနာခေါ် လေ့လာသင်ကြားမှုများကို ယခုကာလ ဆို, က, ရေး,တီး (အဆို, အက, အရေး, အတီး)ဟုဆိုသော အဆို အက အတီး အမှုတ်တို့တွင် ကဗျာလွတ်အက ထွင်သလို ဦးထင်ကလည်း စာလွတ်ပေလွတ် ပရိယတ္တိ ထွင်လိုဟန်လက္ခဏာ ရှိနေကြောင်းကို လည်း လေ့လာတွေ့ရှိရပါသည်။

ဦးထင်၏ဝါဒကမ္ဘွအစမ္ဘွ စိစစ်ဆုံးဖြတ်ရမည့် ဝိနည်းမိုရ် ဆရာတော်များမှာ ဦးထင်၏ စာလွတ်, ပေလွတ်ဖြစ်သော စကားများ

http://www.dhammadownload.com



အတွက် ပိဋကတ်တော်လာ အာဂမအရဖြင့် ဖော်ပြနိုင်ဘို့ရာ ကျမ်းဂန်လာ သာဓကတင်ပြဖို့ပင် အခက်အခဲတစ်မျိုးနှင့် ရင်ဆိုင်တိုး နေကြရပါသည်။ သို့ရာတွင် ဘုရားရှင်၏ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး တာဝန်တော်ဖြစ်သည့်အလျောက် ဖြစ်နိုင်သမျှ, ရရှိ နိုင်သမျှ သာဓက အာဂမတို့ကို ကြိုးစားရှာဖွေ၍ ဖော်ထုတ်တင်ပြ ရှင်းလင်းပေးကြမည်သာ ဖြစ်ပါသည်။

ဥဒါန်းပါဠိတော် ပိဏ္ဍောလသုတ်၌-

အနူပဝါဒေါ, အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

(၁) အနူပဝါဒေါ၊ တစ်စုံတစ်ယောက်ကိုမျှ နှုတ်ဖြင့် မစွပ်စွဲခြင်း။

(၂) အနူပဃာတော၊ တစ်စုံတစ်ယောက်ကိုမျှကိုယ်ဖြင့် မညှဥ်းဆဲခြင်း။

(၃) ပါတိမောက္ခေစ သံဝရော၊ ပါတိမောက္ခသီလ၌ လုံခြုံစွာစောင့်စည်းခြင်း။

(၄) မတ္တညုတာ စ ဘတ္တသ္မိံ၊ အစားအစာ၌ အတိုင်းအရှည်ကို သိခြင်း။

(၅) ပန္တဉ္စ သယနာသနံ၊ ဆိတ်ငြိမ်သောကျောင်း အိပ်ရာနေရာ၌ နေခြင်း၊

http://www.dhammadownload.com



(၆) အဝိစိတ္တေစအာယောဂေါ၊ လွန်ကဲသော စိတ်၌ အားထုတ်ခြင်း၊(တစ်နည်း) ထူးချွန်လွန်ကဲသော စိတ်၌ အားထုတ်ခြင်း၊

ဤသည်ကား ဘုရားရှင် အဆူဆူတို့၏ အဆုံးအမ သာသနာတော်ပေတည်း-ဟုလာသော သာသနာအရနှင့်လည်း ဦးထင်၏ သာသနာ သည် ဆက်စပ်၍ ရနိုင်စရာ အကြောင်းမရှိ၍ ဦးထင်၏ သာသနာအရမှာ ဦးထင်၏ အတ္တနောမတိ ထင်မိထင်ရာ ပြောဆိုသော အယူအဆ ဖြစ်နေပေသည်၊ သို့ဖြစ်ပါသောကြောင့် ဦးထင်၏ သာသနာမှာ အဓမ္မ သဘောရောက်သောသာသနာဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## စောဒနာအမှတ်(၃)

### သရဏဂုံ ၃-ပါးဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက်

သရဏဂုံ ၃-ပါးနှင့် ပတ်သက်၍ စောဒကဆရာတော်များက ကောက်ချက်သုံးမျိုး ထုတ်လျက်-

(၁) သရဏဂုံမဖြစ်ဘဲ ဖြစ်နိုင်သည့်အရာကို အာဂမပါဠိထုတ်ညို၍ လည်းကောင်း၊

(၂) သံဃာစောဒနာချက်အရလည်း သံဃာမဖြစ်နိုင်ဘဲ ဦးထင်၏ သံဃာသည် သံဃာမမည်နိုင်ဖြစ်ပုံကို သဘာဝယုတ္တိနှစ်မျိုး ညို၍ လည်းကောင်း၊

(၃) ကံယုံကြည်၍ သရဏဂုံတည် ပုဂ္ဂိုလ်ကိုလည်း ကံကိုယုံရုံမျှဖြင့် သရဏဂုံမဖြစ်၊ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်မှုကို

http://www.dhammadownload.com



နှုတ်ဖြင့် မြွက်ဆိုမှသာ သရဏဂုံဖြစ်နိုင်သည်ကို အာဂမယုတ္တိ ညှို၍ လည်းကောင်း ရှင်းလင်းပြဆိုထားပါသည်။

ယင်းရှင်းလင်းတင်ပြချက်ကို ဝိနည်းမိုရ်ဆရာတော်များ သုံးသပ် ဆင်ခြင်ပြီးလျှင် စောဒကဆရာတော်ကို စောဒနာခြင်းမပြုဘဲ ခြွင်း ချန်၍ ကြွင်းကျန်ခဲ့သော စောဒကဆရာတော်များ၏ စောဒနာ ခဲ့သော စောဒနာ အချက်များနှင့်လည်း လျော်ကန်သော အချက်များကိုသာ ဆက်လက်၍ သုံးသပ်ရပါမည်။

ဦးထင်သည် ဦးထင်ဆိုသည့်အတိုင်း သရဏဂုံယူဆပုံမှာ ကံ ယုံကြည်တဲ့ စိတ်ကိုပဲ သရဏဂုံသုံးပါး တည်တယ်လို့ ခေါ်ပါတယ်တဲ့ ဟု ဆိုထားပါသည်။

ဦးထင်စာအုပ်နှာ ၃၂-၃၃ ၌ ဆိုထားသည်များကို အကျဉ်းချုံး၍ တင်ပြလျှင်-

မဟာသောတာပန်ဖြစ်၍ ကံသစ်မရှိ၊ ကံဟောင်းသာရှိ၍ ဘဝ အပိုင်းအခြားရသောကြောင့် သံသရာအနန္တက ပြုလာတဲ့ ကောင်းမှု မကောင်းမှုတွေစု၍ အကျိုးပေးသော်လည်း ကောင်းကျိုးကိုလည်း ဝမ်း မသာ၊ ဆိုးကျိုးကိုလည်း စိတ်မဆင်းရဲတော့ဘူး၊ ငွေတစ်သိန်းရမယ် ဆိုတောင်မသွားတော့ဘူး၊ ကံကိုယုံမင့်ကိုးဗျ ဟုဆိုထားပါသည်။

ပိဋကတ်တော်လာသရဏဂုံနှင့် သရဏဂုံယူကြပုံကား ခုဒ္ဒပါဠ ပါဠိတော်၌-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

http://www.dhammadownload.com



ဒုတိယမ္ပိ- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ- ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ- သံဃံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ- ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ- သံဃံ သရဏံ ဂစ္ဆာမိ၊

သရဏတ္တယံ-ဟု သရဏဂုံ အမျိုးအစားကိုလည်းကောင်း၊

ပါရာဇိကဏ်ပါဠိတော်ဝေရဉ္ဇကဏ္ဍ-နှာ(၇)၌

ဧဝမေဝံ ဘောတော ဂေါတမေန အနေကပရိယာယေန ဓမ္မော ပကာသိတော၊ ဧသာဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံဘဝံ ဂေါတမော ဓာရေတု၊ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ-

အရှင်ဂေါတမသည် တစ်ပါးမကများလှစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ပြတော်မူအပ်ပါ၏။ ထိုတရားတော်ကို နာယူရသော တပည့်တော်သည် မြတ်စွာဘုရားနှင့်တကွ တရားတော် သံဃာတော်များကိုပါ ကိုးကွယ်ပါ၏။ ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တရား သံဃာရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်သော ဥပါသကာဟု အရှင်ဂေါတမ အသိအမှတ်ပြုတော်မူပါဟု လည်းကောင်း၊ ထေရဝါဒ ပိဋကတ် တော်လာစာပေကျမ်းဂန်များစွာတို့၌ လာရှိပါသည်။

ဤသရဏဂုံ ယူပုံများနှင့်မတူသော ဦးထင်၏ သရဏဂုံကား “ကံကို ယုံကြည်တဲ့စိတ်ကိုပဲ သရဏဂုံတည်တဲ့ပုဂ္ဂိုလ်” လို့ ဆိုထားမှု

http://www.dhammadownload.com



သည် ဦးထင်၏ စာလွတ်ပေလွတ် ဆိုထားကြောင်း အရာရာမှာပင် ပေါ်လွင်ထင်ရှားလှပါသည်။

ဆက်လက်ပြီး ရှေ့နောက်မညီဖြစ်ပုံကို လေ့လာဆန်းစစ်၍ ပြရမည်ဆိုသော် "ကံကိုယုံတဲ့စိတ်"ဟု- စိတ်ကို ဦးစွာဆိုထားလျက် သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်ဟု- စိတ်တရားမှပြန်၍ ပုဂ္ဂိုလ်ကို ညွှန်ပြထားသည်မှာလည်း မျက်လှည့်အတတ်ဖြင့် လှည့်ပတ်ထားသကဲ့သို့ ဖြစ်နေပြန်သည်။ မည်သို့ပင် လှည့်ပတ်စေကာမူ မြင်တွေ့ရသူများသည် နဂိုပုံမှန် အတိုင်း မြင်ရသောကြောင့် ဦးထင်၏လှည့်ကွက် လှည့်စရာမရောက် နိုင်တော့ဘဲ-

ဝိကာရာကတိအာဒိဟိ၊ အတ္တနော ထ ပရဿဝါ။
ဟာသော နိဒ္ဒါ သမလသျ၊ မုစ္ဆာဒိ ဗျဘိစာရိဘိ။
ပရိပေါသေ သိယာ ဟာတော၊ ဘိယျောတ္တိဘုတီနံ သော။

ဟူသော သုဗောဓာလင်္ကာရ ကျမ်း(ဂါထာ-၃၅၈။) အဆိုအရ ရယ်ဖွယ်အဖြစ်မျိုးတို့သာ ဆိုက်ရောက်သွားပေတော့သည်။

ကံကိုယုံကြည်တဲ့စိတ်ကို ကျမ်းဂန်၌ဆိုပုံကား-

ကမ္မဿကတညာဏန္တိ ဣဒံ ကမ္မံ သကံ၊ ဣဒံ နော သကန္တိ ဇာနနပညာ။

ဤကံသည် မိမိကိုယ်ပိုင်ကံ၊ ဤကံသည် မိမိကိုယ်ပိုင်ကံမဟုတ်ဟု သိသော ပညာကို "ကမ္မဿကတာဉာဏ်"ဟု ဆိုပါသည်။ သရဏဂုံတည် သောစိတ်ဟု မဆိုရဟု မှတ်ရမည်။

(အဲဒီ သရဏဂုံတည်တဲ့ပုဂ္ဂိုလ်ပဲ သံဃာလို့ခေါ်တယ်) ဟူရာ၌ သရဏဂုံသည်-

http://www.dhammadownload.com



(၁) အတ္တသန္နိယျာတနသရဏဂုံ၊
(၂) တပ္ပရာယန သရဏဂုံ၊
(၃) သိဿဘာဝူပဂမန သရဏဂုံ၊
(၄) ပဏိပါတ သရဏဂုံ-

ဟူ၍ လေးမျိုးရှိရာ၏။

ထို(၄)မျိုး၏အနက်အဓိပ္ပါယ်မှာ-

(၁) ဘုရား တရား သံဃာ ရတနာသုံးပါးသို့ မိမိကိုယ်အားအပ်နှင်းခြင်း၊
(၂) ဘုရား တရား သံဃာ ရတနာသုံးပါးသာ ကိုးကွယ်လဲလျောင်းပုန်းအောင်းမှီခိုရာအဖြစ်ရှိခြင်း၊
(၃) ဘုရား တရား သံဃာ ရတနာသုံးပါးသို့ တပည့်အဖြစ်ဖြင့်ကပ်ရောက်ခြင်း၊
(၄) ဘုရား တရား သံဃာ ရတနာသုံးပါးသာ အမွန်အမြတ်ထားခြင်းဟု ဆိုပါသည်။

ထိုသရဏဂုံများနှင့် ဦးထင်၏ "ကံကိုယုံတဲ့စိတ်ကိုပဲ သရဏဂုံသုံးပါးတည်တယ်" ဟူသော စကားနှစ်ရပ်ကို ဆက်စပ်ဖွယ်ရာရှိနိုင်ပါအံ့နည်း မရှိနိုင်ဟုသာ ဆိုရပေမည်။

ဦးထင်၏ ပြောဟောချက်တွင်-

အဲဒီလို "သရဏဂုံတည်တဲ့ပုဂ္ဂိုလ်ပဲ သံဃာလို့ခေါ်ပါတယ်"တဲ့၊ အဲဒါမှ မသမုတ်ရတဲ့သံဃာတဲ့၊ သူ့ဘာသာ သူဖြစ်နေတဲ့ သူလုပ်လို့ သူဘာသာ သူဖြစ်နေတဲ့ သံဃာလို့ခေါ်သတဲ့၊ ဘယ်သူမှ မသမုတ်ရတော့ ဘူး၊ အဲ, အဲဒါ မသမုတ်တဲ့သံဃာခေါ်သတဲ့ ဟူ၍-

http://www.dhammadownload.com



သရဏဂုံနှင့်ဆက်စပ်ပြီး သူလိုချင်သော သံယာကို ဖော်ထုတ်ဖွင့်ဆို ထားပြန်သည်။ ကဗျာလွတ်အကကို နှစ်ခြိုက်ပုံရသော ဆရာကြီး ဦးထင်သည် သံယာကိုလည်း စာလွတ်ပေလွတ် သံယာအဖြစ် သူ့ အကြိုက် တီထွင်ဖန်တည်းလိုက်ပြန်ပါသည်။

စာပေလာသံယာများမှာ-

(က) သံသုဋ္ဌ ကိလေသေ ဟနတီတိ သံယော၊ ကောင်းစွာ (ဝါ)အပြတ် ကိလေသာတို့ကို ပယ်သတ် တတ်သော ကြောင့် သံယာမည်၏။ ဤဝိဂြိုဟ်အရ အရိယာ သံယာ ကိုသာ ယူရမည်။

(ခ) ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံယော။ အယူသီလ တူမျှသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သော ကြောင့် သံယာမည်၏။ ဤဝိဂြိုဟ်ဖြင့်လည်း အရိယာ သံယာကိုပင် ယူအပ်၏။

အရိယာများမှာ အဘယ်မျှဝေးကွာသော အရပ်၌နေရ စေကာမူ၊ နိယတဖြစ်သော အယူသီလတူမျှကြသည်ဖြစ်ရာ အနီးကပ်ပေါင်း ထားအပ်သကဲ့သို့ ဖြစ်၍ ဒိဋ္ဌိသီလသာမညေန သံဟတောဟုဆိုရ သည်။ ဤဝစနတ္ထဖြင့် ပုထုဇဉ်သံယာကိုလည်း ယူနိုင်ကြောင်း ဗြဟ္မာယုသုတ် ဘိက္ခုသံယေန အဖွင့်ဋီကာ အဆိုရှိနေသည်။ရှိပုံကား-

ဒိဋ္ဌိသီလသာမညသင်္ဃာတသင်္ခါတေနာတိ
ဧတ္ထ နိယတော သမ္မောဓိပရာယနော။
အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော

http://www.dhammadownload.com



ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သဉ္စိစ္စပါဏံ
ဇီဝိတာဝေါရောပေယျာတိ နေတံ ဌာနံ
ဝိဇ္ဇတီတိ အာဒိဝစနတော ဒိဋ္ဌိသီလာနံ
နိယတသဘာဝတ္တာ သောတာပန္နောပိ
အညမညံ ဒိဋ္ဌိသီလသာမညေန သံဟတာ၊
ပဂေဝ သကဒါဂါမိအာဒယော တထာရူပါယ
ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊
တထာရူပေဟိ သီလေဟိ သီလသာမညဂတော
ဝိဟရတီတိ ဝစနတော ပုထုဇ္ဇနာနမ္ပိ ဒိဋ္ဌိသီလသာမညေန
သံဟတဘာဝေါ လဗ္ဘတိယေဝ။ (မ-ဋီ-၃-၁၆၆)

ဒိဋ္ဌိသီလသာမညသင်္ဃာတ သင်္ခါတေန-ဟူသော ဤစကား ရပ်၌ မဂ္ဂနိယာမအားဖြင့် မြဲ၏၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာ ရှိ၏။ မဂ်ဉာဏ်နှင့်တွေ့ဆုံသော သောတာပန်ပုဂ္ဂိုလ်သည် စေတနာ ဖြင့် စေ့ဆော်၍ သတ္တဝါကို အသက်မှ ချေခွင်းရာ၏-ဟူသော ဤ အကြောင်းသည် ဖြစ်နိုင်သော အကြောင်းမဟုတ်၊ ဖြစ်နိုင်သော အခွင့် မဟုတ်၊ ဤသို့သော အကြောင်းမျိုး မဖြစ် မရှိနိုင်။

ဤသို့ အစရှိသော စကားဟောကြားတော်မူသောကြောင့် ဒိဋ္ဌိ-သီလတို့၏ မြဲသောသဘောရှိသည်၏ အဖြစ်ကြောင့် သောတာပန် ပုဂ္ဂိုလ်တို့တွင် အချင်းချင်း အယူသီလ တူမျှကြသည်အဖြစ်ဖြင့် ပေါင်း အပ်ကုန်၏။

သကဒါဂါမ်စသည်တို့မှာ ပြောစကား မရှိပေ၊ ထိုသို့သဘော ရှိသော ဉာဏ်အမြင်ဖြင့် ဉာဏ်အမြင်တူမျှသည်၏ အဖြစ်သို့ ရောက် လျက်နေ၏။

http://www.dhammadownload.com



ထိုသို့သဘောရှိသော သီလတို့ဖြင့် သီလတူမျှသည်၏ အဖြစ်သို့ ရောက်လျက်နေ၏-ဟု ဟောတော်မူသောကြောင့် ပုထုဇဉ်တို့လည်း အယူသီလတူမျှသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သည်၏ အဖြစ်ကို ရအပ်သည်သာတည်း။

- သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော။
  အညီအညွတ် စတုဝဂ်စသော ကံသို့ ကောင်းစွာ ကပ်ရောက်အပ်သောကြောင့် သံဃာမည်၏။ဤ ဝစနတ္ထကား-သံဃာအားလုံးသိမ်းကြုံးမိသော ဝစနတ္ထဖြစ်၏။
- ဒက္ခိဏေယျသံဃာတွင် ပါဝင်သော သောတာပန်စသော ဘိက္ခုမှာ ဤသမဂ္ဂကမ္မကို ကပ်ရောက်ပါဝင်နိုင်သည်သာ ဖြစ်သည်။

ထို့ကြောင့်-

တတ္ထ သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော၊
အယမေဝ ဝစနတ္ထော သဗ္ဗသံဃသာဓာရဏော- ဟု ဝိနယာလင်္ကာရဋီကာဆို၏။
သမဂ္ဂံ ကမ္မံ စသော ဤဝစနတ္ထကား သံဃာ အလုံးစုံနှင့် ဆက်ဆံ၏။
သံဃောတိ ပုဂ္ဂလသမူဟဝစနံ၊ သံဃောတိ ဣမိနာ ပန ပဒေန ကိဉ္စာပိအဝိသေသတော ပုဂ္ဂလသမူဟော ဝုတ္တော၊ အထ ခေါ်သော ဒက္ခိဏေယျသံဃော သမ္မုတိ သံဃော စာတိ ဒုဝိဓော ဟောတိ။

http://www.dhammadownload.com



တတ္ထ ဒက္ခိဏေယျသံဃောတိ အဋ္ဌ အရိယပုဂ္ဂလ-
သမူဟော ဝုစ္စတိ။
သမ္မုတိသံဃောတိ အဝိသေသေန ဘိက္ခုသမူဟော၊
သော ဣဓ အဓိပ္ပေတော။ (ကခါ-၄-၈၅)

ဤ၌ဒက္ခိဏေယျ သံဃာ၊ သမ္မုတိသံဃာ ခွဲခြားသည်မှာ သုတ္တန်ဒေသနာတော်နည်း၊ ဝိနည်းဒေသနာတော်နည်း ခွဲခြားခြင်း ဖြစ်သည်။

ဒက္ခိဏေယျသံဃာသည် သုတ္တန်သံဃာဖြစ်၍ ၎င်းသည် ဝိနည်းသံဃာ့ကံများ ပြီးမြောက်အောင် မဆောင်ရွက်နိုင်ပါ၊ သံဃာ့ကံများကိစ္စပြီးစီးအောင် ဆောင်ရွက်နိုင်သော သံဃာများကား ခုဒ္ဒသိက္ခာအရ-

စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ၊ ဒသဝီသတိ ဝဂ္ဂိကော။
တိရေက ဝီသတိဝဂ္ဂေါ၊ ပဉ္စသံဃာ ဝိဘာဝိတာ။

ဟူသည့်အတိုင်း-

(၁) စတုဝဂ္ဂသံဃာ၊
(၂) ပဉ္စဝဂ္ဂသံဃာ၊
(၃) ဒသဝဂ္ဂသံဃာ၊
(၄) ဝီသတိဝဂ္ဂသံဃာ၊
(၅) အတိရေကဝီသတိဝဂ္ဂသံဃာ-

ဤငါးမျိုးသော သံဃာများသာ ဝိနည်းဒေသနာတော် နည်းအားဖြင့် ခွဲခြားသော သံဃာများဖြစ်၍ ဆိုင်ရာဆိုင်ရာ သံဃာ့ကံများပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြပါသည်။

http://www.dhammadownload.com



ထိုသံယာနှစ်မျိုးတွင် ဦးထင်ဖန်တီးသော မသမုတ်ရသော သံဃာကား ဒက္ခိဏေယျသံဃာဟု ဆိုရမှာလည်း ဒက္ခိဏေယျ သံဃာတွင် ဇဟိဘိက္ခုအဖြစ်ဖြင့် ရဟန်းအဖြစ်ရယူသော ပုဂ္ဂိုလ်များ၊ သရဏဂုံဖြင့် ရဟန်းအဖြစ်ရယူသော ပုဂ္ဂိုလ်များ၊ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်ရယူသော ပုဂ္ဂိုလ်များ အားလုံး ပါဝင်နိုင်သောကြောင့် ဆိုရန်မလွယ် ဖြစ်နေပါသည်။

## ပုထုဇဉ်ရဟန်းမြင့်မြတ်ပုံ

သာဓက။ ။မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်ဝယ် သီတင်းသုံးနေတော်မူစဉ် သာကီဝင်တို့အတွင်း အငြင်းပွားစရာတစ်ခု ဖြစ်ပေါ်လာသည်မှာ ပထမဦးစွာဖြစ်ပေါ်လာသော သောတာပန်က နောက်မှဖြစ်လာသော သောတာပတ္တိမဂ်ရောက်လာသော သောတာပန်ထက် တရားအားဖြင့် ကြီး၏၊ ထို့ကြောင့် နောက်မှဖြစ်ပေါ်လာသော သောတာပန်ရဟန်းက ပထမဖြစ်သော သောတာပန်လူပုဂ္ဂိုလ်အား ရှိခိုးခြင်း ပြုရမည်ဟုဖြစ်၏၊ ထိုစကားကို ပိဏ္ဍပါတ်ခုတင်ဆောင်ရဟန်းတစ်ပါးကြား၍ ဘုရားရှင်အားလျှောက်ထား၏။ ဘုရားရှင်က-

အညာဇဝ ဟိ အယံ ဇာတိ၊

ပူဇနေယျ ဝတ္ထလိင်္ဂံ။ (သုတ္တနိပါတ၊ဠ။ ၂၆၂)

အရိယာဇာတ်က တစ်မျိုးတစ်ခြား၊ ပူဇော်ထိုက်သော ဝတ္ထုအသွင်အပြင်က တစ်မျိုးတစ်ခြားဟု ဟောထားသည်။

http://www.dhammadownload.com



အနာဂါမိပိ စေ ဘိက္ခဝေ ဂိဟိ ဟောတိ၊ တေန တဒဟု
ပဗ္ဗဇိတဿာပိ သာမဏေရဿ အဘိဝါဒနာဒီနိ ကာတဗ္ဗာနေဝ။
(သုတ္တနိပါတ-ဋ္ဌ-၂၆၂)

ရဟန်းတို့၊ လူပုဂ္ဂိုလ်သည်၊ အနာဂါမ်ဖြစ်နေစေကာမူ ထိုအနာဂါမ် လူက ထိုနေ့ ရှင်ဖြစ်လာသော သာမဏေကိုပင်သော်လည်း ရှိခိုးမှု စသည်တို့ကို ပြုသင့်ထိုက်ပေသည်။

အရိယာဇာတ်ကတစ်မျိုး၊ ပူဇော်ထိုက်သောရဟန်းသာမဏေ အသွင်အပြင်က တခြားဖြစ်သည်။ ထိုအသွင်ကပူဇော်ထိုက်သော ဝတ္ထု ဖြစ်၍ အသွင်လိုက် ဆောင်ထားရသော ရဟန်း သီလ၊ ရှင်သီလ တွေကို လူနှင့် မတန်မရာ မယှဉ်အပ်ပေ။

လူအနာဂါမ်ဖြစ်ဦး အလွန်အားဖြင့် (၁၀)ပါး သီလသာတည်း၊ သာမဏေ ရဟန်း သီလဆိုသည်မှာ အများအစားတည်း၊ ဤသီလကို ဆောင်ထားနိုင်သော ရဟန်းသာမဏေအသွင်ကလည်း ရှေးဘုရား ပစ္စေကဗုဒ္ဓါ အရိယာသံဃာတို့၏တံခွန် အလွန်မြတ်သောအသွင်ဖြစ်၏၊ အသွင်တူဆောင်ထားသော ရဟန်းအချင်းချင်းမှာပင် ထိုသီလကို ရှေးဦးဆောင်ထားသော ရဟန်းသည် အရိယာမဟုတ်စေကာမူ နောက်မှဖြစ်သော အရိယာရဟန်း၏ ရှိခိုးခြင်းကို ခံရခြင်းမှာ ရဟန်း သီလက ပဓာနဖြစ်သည်၊ တရားက ပဓာနမဟုတ်ဟု အထင်အရှား ပြနေပေသည်။

ထိုအချက်ကို သာကေခိုင်လုံစေရန်၊ မိလိန္ဒပဉှာ သေဋ္ဌဓမ္မ ပဉှာကို အတိုအကျဉ်း လိုရင်းထုတ်၍ ပြပါအံ့။

http://www.dhammadownload.com



မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို မေး၏၊ အရှင်ဘုရား နာဂသိန် တရားကမြတ်သည်ဟုလည်း ဘုရားကဟောပါသည်၊ လူသော တာပန်က ရဟန်းသာမဏေကို ရှိခိုးရ၏ဟုလည်း ဘုရားက ဟောပါ သည်။ ဤစကားနှစ်ခုမှာ တစ်ခုမှန်လျှင် တစ်ခုမှားမည်ဖြစ်၍ ဤ နှစ်ဖက်အစွန်းထွက်သော စကားကို အရှင်ဘုရား ဖြေကြားတော်မူ ပါဟု လျှောက်ထား၏။

မင်းကြီး၊ ဤစကားနှစ်ရပ် ဘုရားရှင် ဟောတော်မူအပ်သည်မှာ မှန်ပါ၏။ ထိုသို့ဟောရာ၌ အကြောင်းရှိပါ၏၊ အကြောင်းကား အဘယ်ပါနည်း၊ ရဟန်း၏ ရှစ်ခိုးပူဇော်မှုကိုခံထိုက်သော ရဟန်း အဖြစ်ကို ပြုတတ်သောတရားက (၂၀)နှစ်ဆယ်၊ အသွင်အပြင်က နှစ်မျိုးဖြစ်ပါသည်။

တရားနှစ်ဆယ်ကား-

- (၁) မြတ်သောတရား၌ မွေ့လျော်ခြင်း၊
- (၂) မြတ်သော ဥပုသ်ပြုမှု အမြဲနိယာမရှိခြင်း၊
- (၃) မြတ်သော ဆွမ်းခံမှု စသော အကျင့်ရှိခြင်း၊
- (၄) ကောင်းမွန်စွာ ဝတ်ရုံနေထိုင်ခြင်း၊
- (၅) ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊
- (၆) ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်း၊
- (၇) သည်းခံခြင်း၊
- (၈) ကောင်းသော အမှု၌ မွေ့လျော်ခြင်း၊
- (၉) တစ်ပါးတည်းအဖြစ်ကို ကျင့်ခြင်း၊
- (၁၀) တစ်ပါးတည်းအဖြစ်၌ မွေ့လျော်ခြင်း၊

http://www.dhammadownload.com



(၁၁) တစ်ကိုယ်တည်း ကိန်းအောင်းခြင်း၊
(၁၂) အကုသိုလ်မှ ရှက်ခြင်း၊
(၁၃) အကုသိုလ်မှ ကြောက်ခြင်း၊
(၁၄) လုံ့လဝီရိယ မမေ့မလျော့ခြင်း၊
(၁၅) အကျင့်သိက္ခာကို ဆောက်တည်ခြင်း၊
(၁၆) ပါဠိသင်ခြင်း၊
(၁၇) အဋ္ဌကထာသင်ခြင်း၊
(၁၈) သီလစသော အကျင့်၌ မွေ့လျော်ခြင်း၊
(၁၉) တွယ်တာမှုကင်းခြင်း၊
(၂၀) သိက္ခာပုဒ်တို့ကို ဖြည့်ကျင့်ခြင်း-

တို့ ဖြစ်ပါသည်။

အသွင်နှစ်ပါးကား-

(၁) ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ရုံခြင်း၊
(၂) ခေါင်းတုံးမှုပြုခြင်း-

တို့ဖြစ်ပါသည်။

ထိုနောက် ရှိခိုးပူဇော်ထိုက်သည်ဟု နှလုံးသွင်းရမည့်အချက်များ ဆက်လက်ပြဆိုသည်မှာ-

ထိုပုထုဇဉ်ရဟန်းသည် ရဟန္တာတို့နှင့် တူသည်၏ အဖြစ်သို့ ရောက်၏။ ထိုအခွင့် ငါ့မှာမရှိ ထိုပုထုဇဉ်ရဟန်းသည် မြတ်သော ပရိသတ်သို့ ကပ်ရောက်ရသည်ဖြစ်၏၊ ငါကား ထိုသို့သော အရပ် မကပ်ရောက်ရ။

http://www.dhammadownload.com



-ထိုပုထုဇဉ်ရဟန်းကား ပါတိမောက်ပြမှုကို ကြားနာဖို့ရာ အခွင့် ရ၏၊ ငါ့မှာ ထိုသို့ကြားနာခြင်းငှာ အခွင့်မရ။

-ထိုပုထုဇဉ်ရဟန်းသည် တစ်ပါးသော လူပုဂ္ဂိုလ်တို့ကို ရှင်ရဟန်း ပြုပေးနိုင်၏၊ မြတ်စွာဘုရား သာသနာကို တိုးပွားအောင် ပြုနိုင်၏၊ ငါကား တိုးပွားအောင် မပြုနိုင်။

- ထိုပုထုဇဉ်ရဟန်းအား ပမာဏရှိ များလှဘိသော သိက္ခာပုဒ်တို့၌ အလုံးစုံကျင့်နိုင်၏။ ငါကား ထိုသိက္ခာပုဒ်တို့၌ မကျင့်နိုင်။

- ထိုပုထုဇဉ်ရဟန်းသည်၊ ရဟန်းအသွင်အပြင်သို့ ကပ်ရောက်ရ၏၊ ဘုရားအလိုတော်၌တည်၏၊ ငါကား ထို ရဟန်း အသွင် အပြင်နှစ်ပါးမှ ဝေးကွာလှသည့်အဖြစ် ရောက်နေရ၏။

- ရဟန်းသည် ထူထပ်သော ချိုင့်ကြားမွေးရှိ၏၊ မျက်ကွင်း မကွင်း၊ တန်ဆာမဆင်သူ၊ အစဉ်လိမ်းအပ်သော သီလနံ့သာရှိသူ ဖြစ်၏။ ငါကား ဝတ်စားတန်ဆာဆင်မှု ပြုပြင်မှု၌ မွေ့လျော်သည် ဖြစ်၏။ မင်းကြီး၊ စင်စစ်သော်ကား ရဟန်းအဖြစ်သိတတ်သော တရား နှစ်ဆယ်၊ ရဟန်းအသွင်နှစ်ပါး ဤတရားတို့သည် ပုထုဇဉ် ရဟန်းအား ထင်ရှားရှိကုန်၏။ ထိုရဟန်းသာ ထိုတရားကို ဆောင်၏၊ တစ်ပါးသူတို့ကိုလည်းတရားတို့ကို ဆောင် ကျင့်စေ၏။

- ငါ့အား ထိုတရားများ ဆိုက်ရောက်လာခြင်းလည်းမရှိ၊ သူ တစ်ပါးကို သင်ပေးနိုင်ခြင်းလည်းမရှိ။ မင်းကြီး၊ မင်းသားသည် ပုရောဟိတ်ထံ၌ အတတ်သင်၏၊ မင်းကျင့်တရား သင်ကြား

http://www.dhammadownload.com



၏၊ ထိုမင်းသား နောင်မင်းဖြစ်သောအခါ "ငါ့အား အတတ်သင်ပေးသူ" ဟု ဆရာပုရောဟိတ်ကိုရှိခိုး၏။မင်းကြီး ထို့အတူ ရဟန်းသည် သင်ကြားပေးတတ်သူ၊ ရဟန်းအဆက် အသွယ်ကို ဆောင်သူဟု သောတာပန်ဒကာက ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်းငှာ ထိုက်၏။

မင်းကြီး၊ ယခုပြဆိုမည့်အကြောင်းဖြင့် ရဟန်းအဖြစ်၏ ကြီးမြတ်သည်၏အဖြစ် သူမတူအောင် ပြန့်ပြောသည်၏ အဖြစ်ကို သိပါလေ။

ထိုအကြောင်းကား-

မင်းကြီး၊ သောတာပန် ဉပါသကာသည် ထိုနေ့ပင် အရဟတ္တဖိုလ်ရောက်ရသည်ဖြစ်ပါအံ့၊ သူ့အဖို့ လမ်းနှစ်ပါးမှတစ်ပါး အခြား မရှိ၊ ထိုနေ့ပင် ပရိနိဗ္ဗာန်စံသော်စံ၊ ရဟန်းပြုသော်ပြုရသည်။

မင်းကြီး၊ ရဟန်းအဖြစ်သည် မတုန်လှုပ်၊ ဘိက္ခုဘူမိသည်မြတ်၏၊ အလွန်မြင့်လျက်ရှိ၏။ ဤအချက်ဖြင့်ရဟန်းအသွင်အပြင်သည် မြတ်သည်ဖြစ်၍ ထိုအသွင်ကသာ ရဟန္တာအဖြစ်ကို ဆောင်ထားနိုင်၏၊ လူ့အသွင်က ညံ့သည်ဖြစ်၍ ဆောင်မထားနိုင်။ ထို့ကြောင့် ထိုအသွင် ရှိနေသော ပုထုဇဉ်ရဟန်းကို မလေးမစား အရေးမထား မပြုထိုက် မပြောထိုက်ဟု သိစေသည်။

ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခုတိ
သင်္ချံ ဂစ္ဆတိမေဝ။

(ဒီ-၅-၂၊ ၃၄၆)

http://www.dhammadownload.com



တရားကျင့်သူမှာ နတ်ပြဟ္မာပင်ဖြစ်စေ၊ လူပင်ဖြစ်စေ ရဟန်းဟု ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်ရ၏။ ဤသတိပဋ္ဌာန် အဋ္ဌကထာ လာစကားအရ ဘိက္ခုမှာ သုတ္တန်ရဟန်းသာ ဖြစ်၏။

လယ်တီဆရာတော်၏ ရဟန်းသုံးစား ခွဲထားချက်ကို ဆက်လက် တင်ပြပါဦးအံ့၊ နိုင်ငံတွင်း ပုစ္ဆာပေါင်းချုပ် ဆပဂံ ပုစ္ဆာအဖြေတွင်-

ဉတ်ကမ္မဝါစာဖြင့် ဖတ်ရွတ်သမုတ်၍ဖြစ်သော သမ္မုတိရဟန်း သည် လာဠုဒါယီမထေရ်ကြီးတို့ကဲ့သို့ အလွန်ပင်ပညာနည်းလှစွာ သောသူပင်ဖြစ်ငြားသော်လည်း ဝိနည်းရဟန်း ပေတည်း။ ထိုဝိနည်း ရဟန်း သည်လည်း မြတ်စွာဘုရား၏ ဉတ်ကမ္မဝါစာဖြင့် ရဟန်းဖြစ်ရ လေသောကြောင့် မြတ်စွာဘုရား၏ သမ္မုတိသားတော်မည်၏။ ထိုသမ္မုတိရဟန်း သည် အရိယာအစစ်သို့ ရောက်သောအခါ ပရမတ် ရဟန်းမည်ပြန်၏။ မြတ်စွာဘုရား၏ပရမတ္ထသားတော် အစစ်လည်း မည်၏။ သမ္မုတိသံဃာ ပရမတ္ထသံဃာလည်း ဤအတူပင်မှတ်။ ဤ ကား ဝိနည်းရဟန်းတည်း။

သုတ္တန်ရဟန်းဆိုသည်ကား ဆိုခဲ့ပြီးသော ဝိနည်းပညတ်တော် အစွမ်းဖြင့် သမ္မုတိရဟန်းဖြစ်ပြီးသော "နမုဏ္ဍကေန သမဏော" ဟူ သော ဟတ္ထကမထေရ်၊ အဿဇိပုနဗ္ဗသုက စသောရဟန်းတို့ကဲ့သို့ လောဘ တထောင်ထောင်၊ဒေါသ မောဟတထောင်ထောင် ရုန့်ရင်း ကြမ်းတမ်းသောကာယကံ ဝစီကံမနောကံ အပြည့်နှင့်နေသော သူတို့ ကို သုတ္တန်ပရိယာယ်အလိုအားဖြင့် သမဏဟု မဆိုအပ်ကုန်။ လူပုံထု ဇဉ်ပင် ဖြစ်ငြားသော်လည်း ကိလေသာတရားတို့ ငြိမ်သက်၍ ကာန္တေ (၆)ပါး ဒွါရသုံးပါးငြိမ်သက်ကြပါမူကား သမဏဟူ၍ပင် ဆိုရ၏။ ဤကား သုတ္တန်ရဟန်းတည်း။

http://www.dhammadownload.com



ပရမတ်ရဟန်းဆိုသည်ကား သုဒ္ဓေါဒနမင်းကြီး၊ သန္တတိအမတ်ကြီး ဟို့ကဲ့သို့ မင်းမြောက်တန်ဆာ ဆင်ယင်လျက်ရှိသော လူပင် ဖြစ်ငြား သော်လည်း နတ်ပင်ဖြစ်ငြားသော်လည်း သိကြားဗြဟ္မာပင် ဖြစ်ငြား သော်လည်း အရိယမဂ်ရသောအခါကစ၍-

သမဏော - သမဏလည်းမည်၏၊

ဗြာဟ္မဏော- ဗြာဟ္မဏလည်းမည်၏၊

ဘိက္ခု - ဘိက္ခုလည်းမည်၏။

ထိုသုံးပါးသောရဟန်းတို့တွင် အဘိဓမ္မာရဟန်း သုတ္တန်ရဟန်း အစစ်ပင် မဖြစ်တတ်သော်လည်း၊ ဝိနည်းရဟန်းဟုဆိုအပ်သော သမ္မုတိရဟန်း သမ္မုတိသံဃာဖြစ်ပေလျှင်ပင် အခိုက်အတံ့အားဖြင့် တစ်ခုသော နှစ်ခုသော သုံးခုသော သိက္ခာပုဒ်(ငယ်) တို့ကို ကျူးလွန်မှု ဖြင့် အလဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်စေဦးတော့ အလျှုခံမြတ်တွင် ပါဝင်ပေ သည်သာ ဖြစ်၏။

အလဇ္ဇီရဟန်း ဒုဿီလရဟန်းဟူသော ရဟန်းစုသည် ဝိနည်း သိက္ခာပုဒ်နှင့်စပ်၍ဖြစ်ရသော အရာဖြစ်လေရကား ဝိနည်းရဟန်း အရာ၌သာ ရှိပေသည်။

သုတ္တန် အဘိဓမ္မာရဟန်းတို့မှာ အလဇ္ဇီဟူ၍မရှိ ဒုဿီလဟူ၍ မရှိကြပေ။

ဤဆိုခဲ့သော စကားရပ်များအရ-

သံဃာဆိုသည်မှာ ရဟန်းအပေါင်းတည်း၊ အရိယာပင်ဖြစ်စေ လူပုဂ္ဂိုလ်ကား သံဃာမဖြစ်နိုင်၊ အရိယာလူပုဂ္ဂိုလ်ကို သောတာပန် စသည်ဖြင့်လည်းကောင်း၊ အရိယာသာဝကဟု လည်းကောင်း၊ အရိယာဟုလည်းကောင်း သာမညအရာသလာရှိပေသည်၊ သံဃာဟု မခေါ်နိုင် မဖြစ်နိုင်။

http://www.dhammadownload.com



ဤထောက်ထားချက်အားလုံးနှင့် တိုက်ဆိုင်ညှိနှိုင်းသည့်ရှိသော် ဦးထင်၏ သံယာမှာ ဦးထင် တီထွင်ဖန်တီးလိုက်သော သံဃာသာ ဖြစ်စရာ ရှိပေသည်တကားဟု ဝိနည်းမိုရ်ဆရာတော်များက ထင်မြင်ယူဆတော်မူကြသည်။

## စောဒနာလွှာအမှတ် (၄)

## ကုသိုလ် အကုသိုလ်နှင့်ဆိုင်ရာ စောဒနာလွှာကိုသုံးသပ်ချက်

ကုသိုလ် အကုသိုလ်နှင့်ဆိုင်ရာ စောဒနာလွှာတွင်တရား နာရင် ကုသိုလ်မရဘူး၊လောဘ ဒေါသမရှိတဲ့တရားနာခြင်းကို ပါရမီကုသိုလ်ဖြစ်သည် ဟူသော ဦးထင်၏ဟောပြောချက်များကို ကြောင်းကျိုးဆက်ဖော်ပြလျက် အထောက်အထား မြောက်များစွာဖြင့်စောဒကဆရာတော်များက စောဒနာတော်မူခဲ့ကြသည်မှာ မှတ်သား စရာပင် ဖြစ်ပါ၏။

ဤ၌ စောဒကဆရာတော်များ၏ စောဒနာချက်နှင့်တကွ တင်ပြထားသော တရားတိတ်ခွေ၊ စာအုပ်စာတန်းများမှ သုံးသပ်စရာရှိသည်များကို ကျနစေ့ငု အချိန်ရှိသရွေ့ သေချာစွာကြည့်ရှုဆင်ခြင်၍ သုံးသပ်ခြင်းကို ပြုပေအံ့-

ဦးထင်သည် ပိဋကတ်သုံးပုံ၊ သာသနာသုံးရပ်၊ သရဏဂုံသုံးမျိုးတို့တွင် “ဣဒမေဝ သစ္စံ၊ မောဃမညံ” ငါ့အယူအဆသာအမှန်၊ ငါ

http://www.dhammadownload.com



မပြောတဲ့ အခြားသဘောတွေကား အမှားဟူသော အယူအဆဖြင့် ထင်သလို ပြောဆိုခဲ့သည်ကို တွေ့မြင်သိရှိပြီး ဖြစ်သည်။

ယခုလည်း ကုသိုလ်ကို တစ်မျိုးတစ်ဖုံဆိုထားပြန်သေး၏။ထို ဆိုထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) တရားနာရတဲ့အကြောင်းခံရလို့ တရားနာရတဲ့ အကျိုး ပေးတာ ကုသိုလ်ရတယ်လို့ မမှတ်နဲ့နော်၊

(၂) အဲဒီတော့ကုသိုလ်ရတယ်လို့ ဆိုတာက သည်တရား သည် အကြောင်းကုန်တဲ့တရား၊အကြောင်းမကုန်တဲ့ တရားလို့ အဲဒီလိုကွဲသွားမှ ကုသိုလ်ရတယ်လို့ ခေါ်ရ တယ်၊

(၃)အဲဒီတော့ ဒီကပြောတာကို နားစိုက်ပြီးတော့ နား ထောင်နေတာကို (လ) လောဘ ဒေါသမရှိလို့ ကုသိုလ် ရတယ်လို့ ဆိုရတယ်၊

(၄) အဲဒီလို ကုသိုလ်မှ ပါရမီ ကုသိုလ်လို့ခေါ်ရတယ်၊ (လ) ကလေးတွေလည်း နာကြတာပဲ၊ လူကြီးတွေလည်း နာကြ တာပဲ၊

(၅) အဲဒီလိုသာ တရားနာတိုင်း ကုသိုလ်ရတယ်ဆိုရင်ဖြင့် လူတွေလည်း ကျန်ကြဖို့ရာ မရှိကြတော့ဘူး-စသည်တို့ ဖြစ်ကြသည်။

http://www.dhammadownload.com



ယင်းကုသိုလ်အယူအဆမှာလည်း ထေရဝါဒအယူအဆဖြင့်-ကုသိုလ်သဘာဝကိုနားလည်ထားပြီးကြသူများအဖို့မှာ ဆန့်ကျင်ဘက်သာ ဖြစ်ရပါသည်။

အထက်ပါအချက်(၅)ချက်နှင့် ပတ်သက်ရာတွင်-

(၁) အမှတ်အရ-တရားနာရတဲ့အကြောင်းခံလို့ တရားနာရတဲ့အကျိုးပေးတာကို ကုသိုလ်ရသည်ဟု မမှတ်ရလျှင်-ပြန်ဘက်အကုသိုလ်ရတယ်လို့ မှတ်ရမလားဟု ယူဆမေးမြန်းဖွယ် ရှိနေပေသည်။

(၂) အမှတ်အရ- အဲဒီတော့ကုသိုလ်ရတယ်လို့ဆိုတာကသည်တရားသည်-

(က) အကြောင်းကုန်တဲ့တရား--လို့

(ခ ) အကြောင်းမကုန်တဲ့တရား--လို့

(ဂ ) အဲဒီလိုကွဲသွားမှ - ကုသိုလ်ရတယ်ဟုခေါ်ရတယ်ဟုဆိုရာ၌လည်း အကြောင်း(ကုန်-မကုန်) မကွဲဘဲနာနေလျှင်-ကုသိုလ်မရဟူသောအဓိပ္ပါယ် ပေါ်ထွက်လာသဖြင့် ပြန်ဘက် အကြောင်းမကွဲ တရားနာလို့ကုသိုလ်မရလျှင်-အကုသိုလ် ရမှာ ပေါ့ဟုသာ အလိုလို ယူဆဖွယ် အဓိပ္ပာယ်ပေါ် ထွက်ပြန်သည်။

(၃) အမှတ်အရ--ဒီကပြောတာကိုနားစိုက်ပြီးတော့နားထောင်နေတာကို သူ့အတွက် စိတ်ကလေးတခြား တစ်ပါးမသွားလို့ သူကိုလောဘဒေါသမရှိဘူးလို့ ဆိုရတယ်။ အဲဒီတော့ လောဘ ဒေါသ

http://www.dhammadownload.com



မရှိလို့ ကုသိုလ်ရတယ်လို့ဆိုရတယ်-ဟု ပြောထား ပါသည်။

ဦးထင်၏ ဟောပြောချက်များကို သုံးသပ်ရပါမူ တရားကို နားစိုက် နာနေသောကြောင့် စိတ်ကလေးတခြားတပါးမသွားဟူရာ၌-

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။

ယေ စိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ-

ဟူသော ဓမ္မပဒ စိတ္တဝဂ် သံယရက္ခိတ ဘာဂိနေယျတ္ထေရဝတ္ထုလာ (၃၇)ဂါထာ အရနှင့်ဆိုသော် တရားကိုနားစိုက်၍နာရုံမျှဖြင့် စိတ် ကလေးတခြား တစ်ပါးသွား မသွားလိုမူ ယေ စိတ္တံ သံယမိဿန္တိ ပါဠိဖြင့်ပင်- စိတ်ကို စောင့်စည်းထိန်းကွပ်မှုရှိမှသာလျှင် သွားမည် မဟုတ်ပေ၊ သို့မဟုတ်ပါက ဒူရင်္ဂမံ-ဆိုသည့်အတိုင်း လူကသာ တရားနာစိုက်နေသလို ရှိသော် လည်း စိတ်ကလေးက ဝေးဝေး နီးနီး မိမိရောက်ဖူးသည်ဖြစ်စေ၊ မရောက်ဖူးသည်ဖြစ်စေ၊ တရစပ် ပြေးသွား နေမည်မှာဓမ္မတာဖြစ်၍ ဦးထင်၏ ပြောဟောချက်သည် တစ်ထစ်ချ လက်ခံနိုင်ဖွယ်ရာရှိသော ဟောပြောချက် မဖြစ်နိုင်သော ကြောင့် တွေးတောဒွိဟ သံသယဖြင့် ပြွမ်းတီးသော ဟောပြောချက်သာဖြစ် နေပါသည်။

သူ့ကိုလောဘ ဒေါသမရှိဘူးလို့ဆိုရတယ်၊ ဘယ်သူ့ကိုလဲ သူကမည်သူ့ကိုညွှန်သလဲ၊ တရားကို နားစိုက်ထောင်နေတဲ့သူကို ညွှန် တယ်၊ ဒါဖြင့် အဲဒီဦးထင်ရဲ့ စကားပေါ် လွင်အောင် အဓိပ္ပာယ် ပေါ် လွင်အောင် အဓိပ္ပာယ်ဖြောင့်၍ ဖော်ရလျှင်-

http://www.dhammadownload.com



(တရားကို နားစိုက်ထောင်နေသူမို့ လောဘ ဒေါသ မရှိဘူးဆို ရတယ်) ဟူ၍ဆိုစရာ ဖြစ်လာပြန်သည်။ အမှန်ပင် တရားနားစိုက် ထောင်နေသူအား လောဘ ဒေါသမရှိတော့ဘူးလား-ဟု စဉ်းစားသော် သတ္တဝါတို့အား လောဘ ဒေါသ စသော ကိလေသာတရားတို့သည်-

(၁) ဝီတိက္ကမကိလေသာ၊
(၂) ပရိယုဋ္ဌာနကိလေသာ၊
(၃) အနုသယကိလေသာ-

ဟူ၍ သုံးမျိုးသုံးစား အကြမ်း အနုအားဖြင့် ကိန်းနေတတ်ပါသည်။

ထိုတရားတို့၏ စင်ကြယ်ရာ စင်ကြယ်ကြောင်း လက်နက်ကောင်း များကို လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းကြီး၌ ပြထား ဆိုထားပါသည်၊ ထိုကျမ်းကြီး၏ စာမျက်နှာ(၂-၃-၄) တို့၌ အောက်ပါ အတိုင်း ပြဆိုထားသည်မှာ-

(က) ကိလေသာ အသိုက်အအုံကြီး သုံးမျိုး၊ ဤကိုယ်ခန္ဓာ၌ ကိလေသာ အသိုက်အအုံသည်-

(၁) ဝီတိက္ကမဘုံကြီးတစ်ပါး၊
(၂) ပရိယုဋ္ဌာန ဘုံကြီးတစ်ပါး၊
(၃) အနုသယဘုံကြီးတစ်ပါး-

ဟူ၍ ဘုံကြီးသုံးပါးရှိ၏။

ထိုသုံးပါးတွင်-

(၁) ကာယကံ ဝစီကံ နှစ်ပါးသည် ဝီတိက္ကမဘုံကြီး ဝီတိက္ကမနိုင်ငံကြီး၊ ဝီတိက္ကမတိုက်ကြီး မည်၏။

http://www.dhammadownload.com



(၂) မနောကံစုသည်- ပရိယုဋ္ဌာနဘုံကြီး၊ ပရိယုဋ္ဌာန နိုင်ငံကြီး၊ ပရိယုဋ္ဌာနတိုက်ကြီး မည်၏။

(၃) ကံသုံးပါး အဖြစ်သို့မရောက်မူ၍ အနမတဂ္ဂ ဘဝ သံသရာတစ်ခွင်၌ ကိုယ်ခန္ဓာအစဉ်မှာ အမြဲ နိစ္စ ထာဝရ တည်ထောင်ကိန်းဝပ် စည်ကားပွားစည်း ၍နေသော အသိုက်အအုံကြီးသည် အနုသယ အုံကြီး၊ အနုသယနိုင်ငံကြီး၊ အနုသယတိုက်ကြီး မည်၏ဟု လည်းကောင်း။

(ခ) သာသနာသုံးရပ်-

(၁) အဓိသီလသာသနာ အဓိသီလသိက္ခာသည် ကိလေသာတို့၏ ဝီတိက္ကမဘုံကြီး နိုင်ငံကြီးကို ဖျက်ဆီးရန် လက်နက်မျိုးတည်း၊

(၂) အဓိစိတ္တသာသနာ အဓိစိတ္တသိက္ခာသည် ပရိ ယုဋ္ဌာနဘုံကြီး၊ နိုင်ငံကြီးကို ဖျက်ဆီးရန် လက် နက်မျိုးတည်း၊

(၃) အဓိပညာသာသနာ အဓိပညာသိက္ခာသည် အနုသယ ဘုံကြီး၊ နိုင်ငံကြီးကို ဖျက်ဆီးရန် လက်နက်မျိုးတည်း ဟုလည်းကောင်း မိန့်ဆို ထားပါသည်။

ထိုအကြမ်း အနုသော ကိလေသာတို့၏ တည်ရာကိန်းရာနှင့် တကွ ဖျက်ဆီးရန် လက်နက်ကိုပါ ညွှန်ပြထားပါသည်။ ဤ လယ်တီ ဆရာတော်ညွှန်ပြချက်ဖြင့် ကိလေသာသုံးစား ဖျက်ဆီးရန် လက်နက်

http://www.dhammadownload.com



မှာ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ်သာ ဖြစ်ကြောင်း သိနိုင်ပါသည်။

တရားနားစိုက်ထောင်နေသောကြောင့် စိတ်ကလေး တခြားတစ်ပါးမသွား၍ လောဘ ဒေါသမရှိနိုင်ခြင်း မဟုတ်ကြောင်းဖြင့် ဣတိဝုတ် ပါဠိတော်၊ ဧကနိပါတ်၊ ဒုတိယဝဂ်၊ ပထမသေခသုတ်၌ ဘုရားရှင်သည်-

> သေခဿ ဘိက္ခဝေ ဘိက္ခုနော အပ္ပတ္တမာနသဿ အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနဿ ဝိဟာရတော "အဇ္ဈတ္တိကံ အင်္ဂန္တိ" ကရိတွာနာညံ ဧကင်္ဂမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ဗဟုပကာရံ၊ ယထယိဒံ ဘိက္ခဝေ ယောနိသော မနသိကာရော။ ယောနိသော ဘိက္ခဝေ ဘိက္ခု မနသိကာရောတော အကုသလံ ပဇဟတိ ကုသလံ ဘာဝေတိ-

ဟု ဟောတော်မူထားပါသည်။

ယင်းပါဠိတော်၏ လိုရင်းကောက်ချက်မှာ အသင့်အတင့် နှလုံးသွင်း နေထိုင်သော် အကုသိုလ်ပယ်နိုင်၊ ကုသိုလ်ပွားနိုင်၏ဟု ဆိုလိုပါသည်။

ဤသည်ကို ထောက်ပြန်ကလည်း ကုသိုလ်ဖြစ်ပွားမှုမှာ ဦးထင်၏ အလိုအတိုင်း နားစိုက်ထောင်ပြီး စိတ်ကလေးတခြားတစ်ပါး မသွားဘဲ လောဘ ဒေါသ မရှိ၍ ကုသိုလ်ရခြင်း မဟုတ်ကြောင်းဖြင့် အောက်ပါ ပိဋကတ်တော်အရ ဖော်ပြရာ၌လည်း-

> ယောနိသော မနသိကရော နာမ ဥပါယမနသိကာရော ပထမနသိကာရော အနိစ္စေ အနိစ္စန္တိ ဝါ ဒုက္ခေ ဒုက္ခန္တိ ဝါ

http://www.dhammadownload.com



အနတ္တာနိ အနတ္တာတိ ဝါ အသုဘေအသုဘန္တိ ဝါ မနသိကာ ရော။

(ဒီ-ဋ-၂၊ ၃၆၈)

ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာဓမ္မာ ပရိဟာယန္တိ။

(အံ - ၁၊ ၁၂)

ယောနိသော မနသိကာရခေါ် အသင့်အတင့် နှလုံးသွင်းမှုကြောင့် သာ ဖြစ်ကြောင်း ဟောထားပါသည်။

ယင်းကုသိုလ်နှင့် ပတ်သက်၍ ဓမ္မပဒပါဠိတော်၌လည်း-

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။

တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။ ။

စိတ်ဖြင့်ကြည်လင်စွာ ပြောမှု ပြုမှု ဟူသမျှ ချမ်းသာရာ ရနိုင် ကြောင်း၊ ကုသိုလ်ပွားနိုင်ကြောင်းဟု လည်းကောင်း၊

မနောပုဗ္ဗင်္ဂမာဓမ္မာ၊မနောသေဋ္ဌာ မနောမယာ။

မနသာ စေ ပဒုဋ္ဌေန၊ဘာသတိ ဝါ ကရောတိဝါ။

တတော နံ ဒုက္ခမန္ဝေတိ။ စက္ကံဝ ဝဟတော ပဒံ" ။

စိတ်ပြစ်မှား၍ဖြစ်သော ပြောမှု လုပ်ကိုင်ဆောင်ရွက်မှုတို့သည် ဆင်းရဲ ရရာရကြောင်းသာ ဖြစ်ကြောင်းဟုလည်းကောင်း အသီးသီး ဖော်ပြထားပါသည်။

ဘွန်တုံး (၁၃)

http://www.dhammadownload.com



ယင်းသို့ ဖေါ်ပြထားခြင်းကြောင့် ကုသိုလ် အကုသိုလ်ဖြစ်ကြောင်း, မဖြစ်ကြောင်းမှာ ယောနိသောမနသိကာရ၊ အယောနိသောမနသိကာရသာဖြစ်ကြောင်း ဘုရားဟောပြတော်မူခြင်းဖြစ်ပါသည်။

(၄)အမှတ်အရ -"အဲဒီ ကုသိုလ်မှ ပါရမီကုသိုလ်လို့ ခေါ်ရတယ်တဲ့" ဟူသော ဦးထင်၏ပြောဟော ချက်ကို ဆက်လက် သုံးသပ်ရာ၌လည်း အရင်းလဲက အဖျားထင်းဖြစ်ဟူသကဲ့ ကုသိုလ်မည်ပုံမှာ ရေရာ သေချာမှု မသိရှိ ပါဘဲနှင့် ပါရမီဖြစ်သည့် ကုသိုလ်မျိုးသည် မည်သို့ ဖြစ်နိုင်ဦးမည်နည်း၊ ဖြစ်နိုင်စရာရှိသေးသည်ဟု စဉ်းစားရန် မလိုတော့ပေ။

(၅)အမှတ်အရ-တရားနာတိုင်း ကုသိုလ်ရမည် ဆိုရင်ဖြင့် လူတွေလည်း ကျန်ဘို့ရာ မရှိတော့ဘူး၊ ဘာဖြစ်လို့၊ ကုသိုလ်ရလို့ဟု သုံးထားရာ၌လည်း၊ ကုသိုလ်နှင့် ကျွတ်တမ်းဝင်ခြင်းကို သဘောတူ အဓိပ္ပါယ်တူ ယူဆသုံးနှုန်းထား သည်ကို တွေ့ရ သောကြောင့် ဦးထင်စကားကို အဖြောင့်ယူရ သော်-

တရားနာတိုင်းကျွတ်တမ်းဝင်ကြမယ်ဆိုရင်လူတွေ ကျန်ဖို့ရာ မရှိဘူး၊ အခုတော့ကျွတ်တမ်း မဝင်ကြလို့သာ ကျန်တာပေါ့-ဟု ဖြောင့်ယူ၍ ရပါသည်။

ဦးထင်သည်တရားနာယူတိုင်း ကျွတ်တမ်းဝင်ရမည်ဟူသော တရားသေ ဆုံးဖြတ်ချက် ချထားသူဖြစ်လေသလော၊ သို့မဟုတ်-မည်သို့သော ပုဂ္ဂိုလ်ဖြစ်လေသနည်းဟု စဉ်းစားရာတွင်-

> ကတမော စ ပုဂ္ဂလော နေယျော ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော၊ ယောနိသော မနသိကရောတော

http://www.dhammadownload.com



ကလျာဏမိတ္တော သေဝကော ဘဇတော ပယိရုပါသတော
ဇဝံ အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ၊ အဃ ဝုစ္စတိ
ပုဂ္ဂလော နေယျော။

(အဘိ-၃၊ ၁၄၇)

ပုဂ္ဂလပညတ်၊ အင်္ဂုတ္တိုရ်တို့၌ လာသော ဥဃ္ဃဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျ၊ ပဒပရမ ဟူသော ပုဂ္ဂိုလ်လေးမျိုးလေးစားတွင် နေ့နှစ်မျိုးသာ တရားနာယူရင်း ကျွတ်တမ်းဝင်နိုင်သည်ကို တကယ်ပင်မသိ လေ၍ လော၊ သိသော်လည်း မိမိဟောပြောချက်နှင့် အံဝင်ဂွင်ကျ မဖြစ် သဖြင့် ရှောင်လွှဲလို၍ပင် ဆိုလေသလောဟု ဦးထင်အား သို့လော သို့လော တွေးတောဒွိဟ ရှိရမည်သူ တစ်ယောက်ပင် ဖြစ်ကြောင်းကို စဉ်းစားရပေသည်။ ထို့ကြောင့် ဦးထင်၏ (၅)အမှတ်အရ ပြောဟော ချက်သည် မဟုတ်မမှန်ကြောင်းကို အထက်ပါ ပိဋကတ်တော်အရ တရားနာသူတိုင်း ကျွတ်တမ်းဝင်ရမည်ဟူသော စကားဖြင့် ထင်ရှား ပါသည်။

ဦးထင်ဟောချက်စာမျက်နှာ (၃) တွင် "ကာမာဝစရ ကုသိုလ် ဆိုတာ ဘုရားတည်၊ ကျောင်းဆောက်ကို ခေါ်တာမှတ်ဘူး၊ ဘုရား တည် ကျောင်းဆောက်က (ကာမာဝစရလို့ ခေါ်တယ်)-

ကာမာဝစရ ကုသိုလ်ဖြစ်လို့ရှိလျှင် (အပါယ်လေးပါးမကျဘူး)၂ တဲ့၊ ဒါဖြင့်ရင်ဘာလို့မဲ့ ကာမာဝစရကုသိုလ်မဟုတ်ဘူး ပြောရ တုံး၊ မေးစရာရှိတယ်၊ သိရိဓမ္မာသောကမင်းကြီး အပါယ် လေးပါးကျသွားတယ်ဗျ၊ အဲဒီတော့ သိရိဓမ္မာ သောက မင်းကြီး အပါယ်လေးပါးဘာကြောင့် (ကုသိုလ် မဟုတ်လို့

http://www.dhammadownload.com



ကျတာ)၂ အဲဒါကြောင့် ကုသိုလ်မဟုတ်တာ ထင်ရှားတယ်ဟု ပြောထားပါသည်။

ထိုပြောဟောချက်ကိုဖြောင့်ကြည့်ရသော်ဘုရားတည်ကျောင်း ဆောက်ကမ္ဘာနှင့်ချီ၍ အုံ့အားသင့်လောက်အောင် လှူခဲ့သော အလှူရှင် သီရိဓမ္မာသောကမင်းကြီး အပါယ်ကျရခြင်းသည် သူလှူခဲ့သော အလှူတွေမှာ ကာမာဝစရ ကုသိုလ်မဟုတ်ဘဲ ကာမာဝစရ သာဖြစ်နေ၍ကျခြင်းဖြစ်သည်။ ကာမာဝစရကုသိုလ်ဆိုလျှင် အပါယ် မကျရဟု ဆိုလိုကြောင်း ထင်ရှားလှပါသည်။

ဤသည်ကို ထောက်ဆရပြန်သော် ဦးထင်ကား "ထင်မိထင်ရာ" ပြောတတ်သူဟုသာ ဆိုရပေမည်။

ရှင်းပါဦးအံ့- ကာမာဝစရနှင့် ကာမာဝစရကုသိုလ်မှ ကွဲကွဲပြားပြား ခွဲခြားနားမလည်ဘဲနှင့် မိမိထင်ရာကို တင်ပြရဲသော ပုဂ္ဂိုလ်ထူးဟု ဆိုရပေမည်။ ကာမာဝစရနှင့် ကာမာဝစရကုသိုလ်ကိုမူ စာပေသင်စ ပထမပြန်ဝင်ကြမည့် စာသင်ကလေးများပင် အခက်အခဲမရှိ သိသော စကား ဖြစ်ပေသည်။

ဤမျှလောက်ကို ထောက်ရှုက စာပေကျမ်းဂန် ထေရဝါဒ ပရိယတ္တိဓမ္မကွန်နှင့် ပြောင်းပြန်ဆန့်ကျင် "အံမဝင် ခွင်မကျ" ရှိလှသည်ကို ချင့်တော်မူ၍သာ ရှုပါလေတော့ဟု ဆိုလိုက်ရပေသည်။

ဦးထင်၏ပြောဟောချက်ကို ထပ်မံတင်ပြလျှင်-

(အကုသိုလ်လွတ်တာကို ကာမာဝစရ ကုသိုလ်လို့ခေါ်တယ်)၂ အကုသိုလ်ခေါ်တာလဲပဲ ဓမ္မတာသိကြတဲ့ အသိတွေက သူတကာ့ အသက်သတ်တာ၊ သူတကာ့ဟာခိုးတာ၊ သူတကာ

http://www.dhammadownload.com



လိမ်လည်ကောက်ကျစ်တာ၊ ဒါကိုသာ အကုသိုလ်လို့ ဓမ္မတာက ဒီလိုသိလာကြတယ်။ အဲဒီရဲ့ဓမ္မတာ အကုသိုလ်က သူတကာ့ လိမ်လည်ကောက်ကျစ်တာဟုတ်လား၊ သူတကာကို မနာလို တိုရှုည်ဖြစ်တာဆိုတာက နေ့တိုင်း ရက်တိုင်း ဖြစ်တာလည်း မဟုတ်ဘူးနော့၊ နေ့တိုင်း ရက်တိုင်းဖြစ်တဲ့ အကုသိုလ်လည်း မဟုတ်ဘူး၊ မလပ်အောင်ဖြစ်နေတဲ့ အကုသိုလ်ကိုသာလျှင် ကြောက်ရတယ်လို့။ အဲဒါ မလပ် ဖြစ်နေတဲ့ အကုသိုလ်ဟာ ဘယ်အကုသိုလ်တုန်းတဲ့၊ ဘယ်ဥစ္စာခေါ်တာတုန်း၊ မိမိကံဖြင့် စိတ်ကလေးကို ဘယ်အချိန် ဘယ်အနားနေတာ မသိတဲ့ဥစ္စာဟာ တရစပ်ဖြစ်နေတဲ့ အကုသိုလ်လို့ ခေါ်တယ်။ အဲဒီ အကုသိုလ်ဟာ ကံဖြစ်တဲ့စိတ်ကလေး ဘယ်အချိန် ဘယ်အနားနေတယ် မသိတာ၊ အဲဒါ အကုသိုလ်ခေါ်တယ်၊ အဲဒီ အကုသိုလ်မှ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတားတဲ့ အကုသိုလ် ခေါ်တယ်။ အဲဒီအကုသိုလ် မဖြစ်ရအောင်နေပေါ့ ဆိုရင် မိမိရဲ့စိတ်ကလေး ဘယ်အချိန် ဘယ်နားနေတယ်လို့ သိပေါ့ဆိုရင် အကုသိုလ် မဖြစ်တော့ ဘူးတဲ့။ အဲဒီအကုသိုလ် မဖြစ်တာကိုဘဲ ကုသိုလ်လို့ ခေါ်ရပါတယ်- စသည်ဖြင့် အကုသိုလ်နှင့်ကုသိုလ်ကို ဆိုထား ပါသည်။

ဤ၌အကျဉ်းချုပ်ရသော်-

-သက်သတ် ၊ ခိုးမှု၊ လိမ်လည်မှုတို့ကိုသာ အကုသိုလ်ဟု သိခြင်းသည် ဓမ္မတာကသိခြင်း၊ ဒါတွေကနေ့တိုင်း မဖြစ်ဘူး၊

http://www.dhammadownload.com



-နေတိုင်းဖြစ်တဲ့ ကံဖြစ်တဲ့ မိမိစိတ်ကလေး ဘယ်အချိန် ဘယ်နားနေတာ မသိတဲ့ တရစပ်ဖြစ်နေတဲ့ မဂ်တား, ဖိုလ်တား နိဗ္ဗာန်တား အကုသိုလ်ကိုသာကြောက်၊

-ကြောက်၍ မိမိကံဖြစ်တဲ့ စိတ်ကလေး ဘယ်အချိန် ဘယ်နားနေတာ သိရင် အကုသိုလ်မဖြစ်တော့တာကိုဘဲ ကုသိုလ်လို့ ခေါ်ရတယ် ဟူ၍ဖြစ်သည်။

- ဦးထင်သည်-

ဓမ္မတာအသိ အကုသိုလ်နဲ့၊ ဓမ္မတာမဟုတ်တဲ့အသိ အကုသိုလ် နှစ်မျိုးခွဲကာ ဓမ္မတာအသိ အကုသိုလ်က နေ့စဉ် တရစပ်မဖြစ်လို့ မကြောက်ရဘူး။

- မဂ်တား, ဖိုလ်တား နိဗ္ဗာန်တား မိမိကံဖြစ်တဲ့ စိတ်ကလေး ဘယ်အချိန် ဘယ်အနားနေတာ မသိလို့ဖြစ်တဲ့ အကုသိုလ်ကိုသာ ကြောက်၊

-အဲဒီမဂ်တား၊ ဖိုလ်တား နိဗ္ဗာန်တား အကုသိုလ်မဖြစ်တာကိုဘဲ ကုသိုလ်လို့ ခေါ်ရတယ်ဟု ဆိုထားပါသည်။

ဦးထင်၏ သက်သတ်၊ ခိုးမှုလိမ်လည်မှုကို နေ့စဉ်မဖြစ်လို့ မကြောက်ရဟု ဆိုထားသည်မှာ -

မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။

ဥဒဗိန္ဒု နိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။

ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ-

ဟူသော ဓမ္မပါဒပါဠိတော် အသညတရပရိက္ခာရဝတ္ထု (၁၂၁)ဂါထာတွင် လာသောသဘောနှင့် ဦးထင်၏အယူအဆသည် အချင်းချင်း

http://www.dhammadownload.com



ကျော်ခိုင်းလျက် ဆန့်ကျင်ဘက်သာရှိနေကြောင်းကို အထင်အရှားပင် သိမြင်ရပါသည်။

ဓမ္မပဒပါဠိတော်၊ နိရယဝဂ်လာ (၃၁၁-၃၁၄-၃၁၇-၃၁၈) ဂါထာများနှင့်လည်း ဦးထင်၏အယူအဆသည် အချင်းချင်း ကျော်ခိုင်းလျက်သာရှိနေကြောင်းကို အထင်အရှား သိမြင်ရပါသည်။

မိမိကံဖြစ်တဲ့စိတ်ကလေး ဘယ်အချိန် ဘယ်အနားနေတာသိရင် အကုသိုလ်မဖြစ်တော့ဘူး၊ ဒါကို ကုသိုလ်လို့ခေါ်တယ်--ဟူရာ၌-

မြတ်စွာဘုရားသဗ္ဗညုတ ရွှေဉာဏ်တော်နှင့်ပင် ဘယ်အချိန် ဘယ်အနား နေသည်ကိုသိလျှင် ကုသိုလ် မသိလျှင် အကုသိုလ်ဟု ခွဲခြမ်းစိတ်ဖြာ မဟောခဲ့ပါဘဲလျက် ဦးထင်ကခွဲခြမ်း စိတ်ဖြာဆိုထားသည်မှာ အံ့လောက်စရာ ပုဂ္ဂိုလ်ထူးဖြစ်ပါပေသည်။

ကိုယ့်စိတ်ကလေးကို ဘယ်အချိန်ဘယ်နားနေတာ မသိဘဲနဲ့ ပေးကမ်းနေတဲ့ဥစ္စာသည် ပေးကမ်းသလောက်ချမ်းသာပါတယ်၊ ပိုက်ဆံ ပေါပါတယ်၊ ပေးကမ်းသလောက်ပဲ ပေါတယ်၊ သူစွန့်ကြဲသလောက်ပေါတယ်၊ ကုသိုလ်မဟုတ်ဘူးနော-ဟု ဦးထင်က စွန့်ကြဲပေးကမ်းမှုကို ကုသိုလ်မဟုတ်ဟု ဆိုထားရာဝယ် သူ့သာဓကကား--(စိတ်ကလေးဘယ် အချိန် ဘယ်နားနေတယ်လို့ သိတာမှ ကုသိုလ်လို့ခေါ်တယ်)ဟုပင်ဖြစ်ပါသည်။ ဦးထင်သည်ဤစကားကို "ဆီပွတ်ကျည်ပွေ့"နည်းကဲ့သို့ ဆယ်ကြိမ်တိတိ ထပ်တလဲလဲ သုံးစွဲနေ သည်ကို တွေ့ရှိရသဖြင့် ဤစကားနှင့်စပ်၍ ရည်ရွယ်ချက်တစ်ပါး ထားရှိနေသလားဟု စဉ်းစားဖွယ်ရာဖြစ်နေပါသည်။

http://www.dhammadownload.com



သီရိဓမ္မာသောကမင်းကြီး၏ ဘုရားတည်ကျောင်းဆောက်သည်ကို လည်းကောင်း၊ စွန့်ကြဲလှူဒါန်းပေးကမ်းမှုကိုလည်းကောင်း ကုသိုလ်မဟုတ်ဟု ဆိုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းရသော်-

ဧဝဉ္စေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ ယထာဟံ ဇာနာမိ၊န အဒတွာ ဘုဉ္ဇေယျုံ၊ န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာ ဒါယ တိဋ္ဌေယျ။

(က္ကတိဝုတ္တကပါဠိ၊ တတိယဝဂ်- ဒါနသုတ်ပါဠိတော်-၂၀၇)

အဓိပ္ပါယ်---သတ္တဝါတို့သည် ငါဘုရားသိသလို စွန့်ကြဲလှူဒါန်းခွဲခြမ်းဝေဖန်ခြင်း၏ အကျိုးကို သိကြပါလျှင် မပေးလှူဘဲမည်သူမျှစားကြမည်မဟုတ်၊ထိုသူတို့ကားကောင်းမှုမလို ကုသိုလ်ဆို့ပိတ် မစ္ဆေရ စိတ်အယုတ်လည်း သိမ်းချုပ်ယူခြင်းငှာလည်း မတတ်နိုင်ရာ ဟူ၍လည်းကောင်း၊

က္ကတိဝုတ်ပါဠိတော် ယင်း ဒါနဝဂ်၌ပင်-

အန္နဉ္စ ဒတွာ ဗဟုနော၊ ဒက္ခိဏေယျေသု ဒက္ခိဏံ၊
က္ကတော စုတာ မနုဿတ္တာ၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ဟု ဟောတော်မူသည်။

အဓိပ္ပာယ်---- လူအများတို့သည် မြတ်သော အလှူခံတို့အား မြတ်သော ဆွမ်းအလှူကို ပေးလှူရခြင်းကြောင့် ဤလူ့အဖြစ်မှ ရွေ့လျောကြကုန်သော ဒါယကာတို့သည် နတ်ပြည်သို့ (ရောက်ကြကုန်၏) သွားကြကုန်ဟုလည်းကောင်း၊

http://www.dhammadownload.com



ဒါနဝတ္ထုမှာလည်း-ဆွမ်းသာမဟုတ်

အန္နံ ပါနံ ဃရံ ဝတ္ထံ၊
ယာနံ မာလံ ဝိလေပနံ။
ဂန္ဓော သေယျာ ပဒီပေယျံ၊
ဒါနဝတ္ထု ဣမေ ဒသ-

ဟု ဟောတော်မူသည်။

ဆွမ်း၊ အဖျော်၊ အိမ်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာပျောင်း၊ အမွှေးရနံ့၊ အိပ်ရာ၊ ဆီမီး၊အလှူဝတ္ထုဆယ်မျိုးရှိ၏ဟု လည်းကောင်း အသီးသီး ဟောပြထားပါသည်။

ဒါနနှင့်စပ်၍ ဘုရားရှင်သည် ကိုယ်တော်တိုင် ဣတိဝုတ် ပါဠိတော်တွင် အရေးထားပြီး လေးလေးစားစား ဟောပြထားပါလျက် ဦးထင်၏ဘုရားတည် ကျောင်းဆောက်စသည့် စွန့်ကြဲလှူဒါန်းပေးကမ်းခြင်းသည် ကုသိုလ်မဟုတ်ဟုဆိုခြင်းမှာ-

န မေ တေ ဝုတ္တဝါဒိနော အဗ္ဘာစိက္ခန္တိ စ ပန မံအသတာ အဘူတေန။ ။ (အံ-၁၊ ၁၆၁)

အဓိပ္ပါယ်---ထိုသူတို့သည် ငါဆိုသည့်အတိုင်း ဆိုကြကုန်သည် မဟုတ်ကုန်၊ ငါ့ကို ထင်ရှားမရှိသော မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲသည်သာတည်း။

အတ္တနာ ဒုဂ္ဂဟိတေန အမှေစေဝ အဗ္ဘာစိက္ခတိ၊
အတ္တာနဉ္စ ခဏတိ၊ ဗဟုံ စ အပုည် ပသဝတိ၊
တတော မိစ္ဆာဒိဋ္ဌိကံ ပါပုဏာတိ။ ။ (ဝိ-၂၊ ၁၇၇)

http://www.dhammadownload.com



အဓိပ္ပါယ်---မိမိသည် မကောင်းသောယူခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲရာရောက်၏၊ မိမိကိုလည်း တူးဖြိုဖျက်ဆီး၏၊ မကောင်းမှုများလည်း ပွားစီး၏၊ ထိုသို့စွပ်စွဲခြင်းကြောင့် မိစ္ဆာအယူရှိသည်အဖြစ်သို့ ရောက်၏။

ဤကဲ့သို့ ဟောတော်မူအပ်သော ဘုရားရှင်၏ စကားတော်များနှင့်အညီ ဦးထင်၏ကုသိုလ် အကုသိုလ်နှင့် စပ်သော စကားများသည် ဘုရားရှင်အား စွပ်စွဲခြင်း (အဗ္ဘာစိက္ခဏ)မှ တစ်ပါး အခြားယူဆ ဖွယ်ရာအကြောင်း မရှိတော့ဟု ဆိုရသည်။

မဂ်တား ဖိုလ်တား နိဗ္ဗာန်တားဟူရာ၌ ဦးထင်က မိမိကံဖြစ်တဲ့စိတ်ကလေး ဘယ်အချိန်ဘယ်အနားနေတာမသိတဲ့ ဥစ္စာဟာ တရစပ်ဖြစ်နေတဲ့ အကုသိုလ်လို့ ခေါ်တယ်၊ ယင်းအကုသိုလ်မှ မဂ်ဖိုလ် နိဗ္ဗာန်တား အကုသိုလ်လို့ ခေါ်ရတယ်ဟု ဆိုရာ၌-

စောဒကဆရာတော်များ စောဒနာထားသည့်အတိုင်း မဂ္ဂန္တရာယ်ဖြစ်နိုင်သည့် အကုသိုလ်မှာ ကမ္မန္တရာယ်စသည် အန္တရာယ်ငါးပါးသာတားနိုင်ပါသည်။

ဤစကားရပ်တွင် နိဗ္ဗာန်တားဟူသော စကားတစ်လုံး အပိုသုံးလာသည်ကို သတိပြုမိပါသည်၊ အမှန်သုံးနေကျစကားမှာ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ဆိုပါက ဖိုလ်၏အန္တရာယ်လည်းပါဝင်ပြီး ဖြစ်ရာတွဲ၍နှစ်ပါးစုံ မဂ်အန္တရာယ် ဖိုလ်အန္တရာယ် မဂ်ဖိုလ် အန္တရာယ်ဟုသုံးစွဲပြောဆိုနိုင်ပါသည်။

နိဗ္ဗာန်၏ အန္တရာယ်ကား ထေရဝါဒပိဋကတ်တော်လာ အသုံးများနှင့် ဆန့်ကျင်သော အသုံးအနှုန်းဖြစ်သောကြောင့် ဦးထင်၏ဝါဒမှာ

http://www.dhammadownload.com



ထေရဝါဒနည်းနာနယများနှင့် ဆန့်ကျင်သော အယူဝါဒတရပ် ဖြစ်ရကား-ဓမ္မအဓမ္မတွင် ဓမ္မအပြင်ဘက်ရောက်နေသော အဓမ္မဝါဒသာ ဖြစ်ကြောင်း ဝိနည်းမိုရ်ဆရာတော်များက တညီတညွတ်တည်းသာ စိစစ်သတ်မှတ်တော်မူကြပါသည်။

## စောဒနာလွှာ အမှတ် (၅)

## ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက်

ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာ စောဒနာလွှာ၌ စောဒကဆရာတော်တို့သည် (၁-၂-၃-၄) ဟူသော အချက်များဖြင့် ကောက်ချက်ချကာ စောဒနာခဲ့ကြလေသည်။

ပဋိစ္စသမုပ္ပါဒ်အရာသည် အလွန်နက်နဲ ခက်ခဲသော ဒေသနာတော် ဖြစ်ရကား-

(၁) အတ္ထဂမ္ဘီရ (၂) ဓမ္မဂမ္ဘီရ
(၃) ဒေသနာဂမ္ဘီရ (၄) ပဋိဝေဓဂမ္ဘီရ-

ဟုဆိုအပ်သော လေးပါးသော နက်နဲခြင်းတို့နှင့် ပြည့်စုံသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ရှင်မဟာဗုဒ္ဓဃောသကျမ်းပြု ဆရာကြီးပင်-ပဋိစ္စသမုပ္ပါဒ်အဖွင့် သံဝဏ္ဏနာ ရောက်သောအခါ "ယုံသူငယ်သည် အပြောကျယ်စွာ ပင်လယ်သမုဒ္ဒရာ၌ ထောက်တည်ရာ မရသကဲ့သို့ မိမိကိုယ်ကို ယုံသူငယ်ပမာထား၍ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သမုဒ္ဒရာ အရာထားတော်မူ၍ ငြီးတွား တော်မူခဲ့ပါသည်။

သို့သော်-ဦးထင်သည် အလွယ်တကူပင် ပယ်ဖျက်လျက် ပဋိစ္စသမုပ္ပါဒ်သည် သံသရာလည်ချက်ဟု- စသည်ဖြင့် ပြောဟောချက် အလုံးစုံကို စေ့ငုံအောင်ခြုံငုံလျက် သုံးသပ်ကြပါ ကုန်အံ့။

http://www.dhammadownload.com



(က) ဦးထင်၏ သက်သေခံစာမျက်နှာ (၆) တွင်-

သူတို့စာက--ဖဿပစ္စယာ ဝေဒနာ (လ)
သမ္ဘဝန္တိ။ ။အဲဒီလို ဟောတယ်- (မှတ်ထား)
(အဲဒါ အမှတ်တွေ) သံသရာက ထွက်ပေါက် မဟုတ်ဘူး၊
သံသရာလည်ကြောင်း တရားတွေခေါ်တယ်။

(ခ) စာမျက်နှာ(၇)တွင်လည်း-

(၁) "ဖဿပစ္စယာ ဖဿ"ဖြစ်အောင် ဆရာကောင်းရှာပြီး တော့ အရိယာဆရာနဲ့တွေ့မှသာလျှင် ခင်ဗျားတို့ရကြမယ်တဲ့၊

(၂) အဲဒီရဲ့ ဖဿပစ္စယာ ဖဿ-လို့ခေါ်တာက-စာလိုပြောတော့ ကာယာနုပဿနာလို့ခေါ် တယ်တဲ့၊

(၃) နုပဿနာဖြစ်အောင် ပုထုဇဉ်ချင်း (မပေးနိုင်ဘူးတဲ့) အရိယာနှင့်တွေ့မှသာလျှင် နုပဿနာ ဖြစ်အောင် ပေးနိုင်ပါတယ်၊အဲဒါကြောင့် "နုပဿနာ"ဖြစ်မှ သာလျှင် အကြောင်း တရား ဖြစ်မှ အကျိုးတရား နိဗ္ဗာန်ရောက်နိုင်ပါတယ်- ဟု ဖော်ပြထားပါသည်။

ဦးထင်၏အထက်ပါ (က) အရ-

သူတို့စာကဖဿပစ္စယာ(လ)သမ္ဘဝန္တိ၊ အဲဒီလိုဟောတယ် (မှတ်ထား) စသည်၌ သူတို့စာ ဟူသော အသုံးကို သုံးသပ်ရသော် ဤဖဿပစ္စယာ ဝေဒနာ-စသည်ဖြင့် ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် နက်နဲခက်ခဲသော ဒေသနာတော်ဖြစ်၍ ထိုပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဥတုသပ္ပါယ ဘောဇနသပ္ပါယ ပြည့်ဝ

http://www.dhammadownload.com



လောက်လုံသော ကုရုတိုင်း ကမ္မာသဓမ္မ (တစ်နည်း) ကမ္မာသဒမ္မ နိဂုံးမှာသာ ဟောပြောတော်မူ သည့် ဒေသနာတော်ဖြစ်ပေသည်။

တေနေဝေတ္ထ အညာနိပိ ဂမ္ဘီရတ္ထာနိက္ကမသို့ ဒီဃနိကာယေ မဟာနိဒါနံ၊ မဇ္ဈိမနိကာယေ သတိပဋ္ဌာနံ သာရောပမံ ရုက္ခောပမံ ရဋ္ဌပါလံ မာဂဏ္ဍိယံ အာနဉ္ဇသပ္ပါယန္တိ အညာနိပိ သုတ္တာနိ ဒေသေသိ။ ။

မဇ္ဈိမနိကာယ်၌လည်း ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်တကွ သတိပဋ္ဌာန်စသော သုတ်တော်များကို ကုရုတိုင်း၌ပင် ဟောတော်မူကြောင်း ဒီဃနိကာယ် မဟာသတိပဋ္ဌာန်သုတ်အဖွင့် အဋ္ဌကထာတွင် ဖွင့်ဆိုထားသည်ကို တွေ့ရှိပေသည်။

ဤပဋိစ္စသမုပ္ပါဒ်တရားသည် မည်မျှနက်နဲပါသနည်းဆိုသော်-

ဗုဒ္ဓါနဉ္စ ဝိနယပညတ္တိံ ဘုမ္မန္တရံ ပစ္စယာကာရံ သမယန္တရန္တိ၊ ဣမာ နိ စတ္တာရိ ဌာနာနိ ပတ္တာ ဂမ္ဘီရံ မဟန္တံ ဟောတိ။

(ဒီ-ဋ္ဌ-၂။ ၇၅)။

ဘုရားရှင်တို့သည်-

(၁) ဝိနည်းပညတ်တော်သို့လည်းကောင်း (ဝါ) ပညတ်အပ်သော ဝိနည်းသို့လည်းကောင်း၊

(၂) ဘုံအထူးသို့လည်းကောင်း (ဝါ) တစ်ပါးသောဘုံသို့လည်းကောင်း၊

(၃) ပဋိစ္စသမုပ္ပါဒ်သို့လည်းကောင်း၊

(၄) အယူအထူးထူးသို့လည်းကောင်း၊ (ဝါ) တစ်ပါးသော အယူသို့လည်းကောင်း၊

http://www.dhammadownload.com



ဤအချက်လေးပါးတို့သို့ ရောက်တော်မူလျှင် ကြုံးဝါးချက်ကြီးမား တော်မူ၏။ ဤသို့ကြီးမားသော ကြုံးဝါးချက်လေးပါးတွင် ပဋိစ္စသမုပ္ပါဒ် တရားသည် တစ်ချက်အပါအဝင် ဖြစ်လေသောကြောင့် နက်နဲလှ ကြောင်း ပေါ်လွင်လှပေသည်။

ဤမျှနက်နဲသော တရားတော်ဖြစ်ကြောင်းကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

"သော အဝိဇ္ဇာပစ္စယာ သင်္ခါရာတိအာဒိတော ပဋ္ဌာယ အန္တံ၊ အန္တတော ပဋ္ဌာယ အာဒိံ၊ ဥဘယန္တတော ပဋ္ဌာယ မဇ္ဈံ၊ မဇ္ဈတော ပဋ္ဌာယ ဥဘော အန္တေ ပါပေန္တော တိက္ခတ္တုံ ဒွါဒသ ပဒံ ပစ္စယာကာရံ သမ္မသိ။တဿေဝံ သမ္မသန္တဿ ပစ္စယာကာရော ဝိဘူတောဟုတွာဥတ္တာနကုတ္တာနကောဝိယ ဥပဋ္ဌာတိ။ ။ (ဒီ-ဋ-၂၊ ၇၅)

ရှင်အာနန္ဒာသည် ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် ပတ်သက်၍ အစမှ အဆုံးသို့လည်းကောင်း၊ အဆုံးမှ အစသို့လည်းကောင်း၊ အစ အဆုံးမှ အလယ်သို့လည်းကောင်း၊ အလယ်မှ နှစ်ဖက်အဆုံးသို့ လည်းကောင်း ရောက်စေလျက် သုံးကြိမ်တိုင်တိုင် တစ်ဆယ့်နှစ်ပုဒ် ရှိသော ကျေးဇူးပြုပုံအခြင်းအရာရှိသော ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ် လေပြီ။

ထိုသို့ သုံးသပ်သောအခါ၌ အရှင်အာနန္ဒာအား အလွန်ပေါ်လွင် ထင်ရှားသကဲ့သို့ ဖြစ်လေရကား၊ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဘုရားရှင်တော်မြတ်တိုင်းပင် နက်လည်းနက်နဲ၏၊ နက်နဲသည်ဖြစ်၍ ထင်၏ ဟု ဟောတော်မူကြ၏။ သို့သော် ပဒေသညာဏ်၌ တည်၍

http://www.dhammadownload.com



မဟာသာဝကဖြစ်၍ ဖြစ်သော ငါ့အား ပေါ်လွင်ထင်ရှားသည်ဖြစ်၍ ထင်နေ၏။ ငါ့အားသာ ပေါ်လွင်ထင်ရှားသည်ဖြစ်၍ ထင်လေသလော၊ အခြားသူများလည်း ထင်လေသလောဟု တွေးတော၍ မြတ်စွာဘုရားထံ ချဉ်းကပ်လျှောက်ထားတော်မူသည်။

ဘုရားရှင်က-

> မာ ဟေဝံ အာနန္ဒ အဝစ၊ မာ ဟေဝံ အာနန္ဒ အဝစ၊ ဂမ္ဘီရော စာယံ အာနန္ဒ- ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာ သော စ၊ ဧတဿ အာနန္ဒ ' ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝ မယံ ပဇာ တန္တာ ကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသရံ နာတိ-ဝတ္တတိ။ ။

ဤလို မပြောနဲ့ အာနန္ဒာ၊ ဤလိုမပြောနှင့် အာနန္ဒာ၊ ဤပဋိစ္စသမုပ္ပါဒ်သည် နက်နဲလည်း နက်နဲ၏၊ နက်နဲသည်ဖြစ်၍ ထင်၏။

အာနန္ဒာ---ဤပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်း၍ မသိကြသောကြောင့် ဤသတ္တဝါအပေါင်းသည် ယက်ကန်းသည် ချည်ထွေးကဲ့သို့ ရှုတ်ထွေးကုန်သည်၊ ကုလမည်သော ငှက်၏အသိုက်ကဲ့သို့ ရှုတ်ထွေးကုန်သည်၊ ဆွေးမြည့်ပျက်စီးသော ဖြူဆံမြက်ကဲ့သို့ အရင်းအဖျား ရွေးမရအောင်ဖြစ်သည်။ သို့ဖြစ်၍ အပါယ်ငရဲသို့ ဖရိုဖရဲပြန့်ကြဲ ကျရောက်သောဘေးမှလွန်မြောက်ခြင်း မရှိနိုင်ဟု ဟန့်တားရသည်အထိ နက်နဲလှပေသည်။

တစ်ဖန် ဤပဋိစ္စသမုပ္ပါဒ်ကို- ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်ခန်း ဘုန်းပန်းပွင့်တော်မူသောအခါ၌ ဥဒါန်းပါဠိတော် ပထမဗောဓိသုတ်တော်တွင် အောက်ပါအတိုင်း ဟောကြားတော်မူ၏။

http://www.dhammadownload.com



အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမံ သာဓုကံ မနသာကာသိ။ (ဝိ- ၃ ၊ ပါ၊ ၇၇ )

အဓိပ္ပါယ်။ ။ ထိုရောအခါ မြတ်စွာဘုရားရှင်သည် ပလ္လင်-သတ္တာဟမှ လွန်သောအခါ၌ ထိုသမာဓိမှထ၍ ညဉ့်၏ ပထမ ယာမ်အချိန်တွင် ပဋိစ္စသမုပ္ပါဒ်အနုလုံကို စိတ်တော်ဖြင့်သာ နှလုံးသွင်းတော်မူ၏။

ဒုတိယဗောဓိသုတ်တော်တွင်-

အထ ခေါ ဘဂဝါ တဿသတ္တာဟဿအစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ မၛ္ဈိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ ပဋိလောမံသာဓုကံ မနသာကာသိ။

အဓိပ္ပါယ်။ ။ ထိုရောအခါ မြတ်စွာဘုရားရှင်သည် ထိုပလ္လင် သတ္တာဟမှ လွန်သောအခါ၌ ထိုအရဟတ္တဖိုလ် စတုတ္ထဈာန် သမာဓိမှ ထတော်မူပြီး ညဉ့်၏ မဇ္ဈိမယာမ် (သန်းခေါင်ယာမ်) အချိန် တွင် ပဋိစ္စသမုပ္ပါဒ် ပဋိလုံကို ကောင်းစွာ စိတ်တော်ဖြင့် နှလုံးသွင်းတော်မူ၏။

တတိယဗောဓိသုတ်တော်တွင်-

အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ ပစ္ဆိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမ ပဋိလောမံ သာဓုကံ မနသာကာသိ။

http://www.dhammadownload.com



အခိပ္ပါယ်။ ။ယိုရောအခါ မြတ်စွာဘုရားရှင်သည် ထိုပလ္လင်္ကသတ္တာဟမှ လွန်သောအခါ၌ ထိုအရပ်ဟတ္တဖိုလ် စတုတ္ထစျာန် သမာဓိမှ ထတော်မူပြီး ညဉ့်၏ ပစ္ဆိမယာမ် (မိုးသောက်ယာမ်) အချိန်တွင် ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံကို ကောင်းစွာစိတ်တော်ဖြင့်သာ နှလုံးသွင်းတော်မူ၏။

ဤသို့ နှလုံးသွင်းပုံ အဆင့်ဆင့်ဖြင့် ဥဒါန်းပြုချက်ကို "ယဒါ ဟဝေ" သုံးဂါထာဖြင့် ဖော်ထုတ်ကျူးရင့်တော်မူခဲ့သောကြောင့် (ဤဒေသနာ တော်သည် မြတ်စွာဘုရားရှင် သဗ္ဗညုတ ရွှေဉာဏ် တော်ပန်ဆင် စဉ်ကပင် စိတ်တော်ဖြင့် သုံးသပ်ဆင်ခြင်ခြင်း၊ နက်နဲ ခက်ခဲခြင်း ဖြစ်သဖြင့် ကုရုတိုင်း ကမ္မာသဓမ္မ၊ တနည်း ကမ္မာသဒမ္မနိဂုံး၌သာ ကိုယ် တော်တိုင်ဟောပြထားခြင်း စသည်ဖြစ်ရကား- ဦးထင်၏ (သူတို့စာကာ) ဟူသော အသုံးသည် ဘုရားရှင်ကိုပင် ဂါရဝကင်းမဲ့စွာ "သူငယ်- ငါတို့"ဟူသော သုံးစွဲရိုးအတိုင်း သုံးစွဲထားသည်ကို ထောက်သော် ဦးထင်၏ ဟောပြောချက်ဟူသမျှမှာ ဘုရားစကားတော်၌ လေးစားမှု မရှိကြောင်း သိသာထင်ရှားလှလေတော့သည်။

ဦးထင်၏ဟောပြောချက်တွင်-

"မှတ်ထား၊ မှတ်ထား အဲဒါ---

အမှတ်တွေ၊ အဲဒါ---- အမှတ်တွေ၊

သံသရာက ထွက်ပေါက်မဟုတ်ဘူး၊

သံသရာလည်ကြောင်း တရားတွေ" ဟု ဖော်ပြထားသည်။

ထိုဟောပြောချက်နှင့်ပတ်သက်၍-

ထွန်တုံး (၁၄)

http://www.dhammadownload.com



ကြတိ ကြမသ္မိံ သတိ ကြဒံ ဟောတိ၊
ကြမဿုပ္ပါဒါ ကြဒံဥပ္ပဇ္ဇတိ-

ဟု ဒုက္ခအစုဖြစ်ပုံကို လည်းကောင်း၊

ကြတိ ကြမသ္မိံ အသတိ ကြဒံ န ဟောတိ
ကြမဿ နိရောဓာ ကြဒံ နိရုဇ္ဈတိ-

ဟုဒုက္ခအစုချုပ်ပုံကိုလည်းကောင်း၊

ကြတိ ကြမသ္မိံ သတိ ကြဒံ ဟောတိ၊

ကြမဿ ဥပ္ပါဒါ ကြဒံ ဥပ္ပဇ္ဇတိ။

ကြမသ္မိံ အသတိ ကြဒံ န ဟောတိ

ကြမဿ နိရောဓာ ကြဒံ နိရုဇ္ဈတိ-

ဟုဒုက္ခအစုဖြစ်ပုံ ချုပ်ပုံကိုလည်းကောင်း ဟောပြထားပါသည်။

ဟောတော်မူပုံကား-

ဝိပဿနာဉာဏ်ကင်းသော ပုထုဇဉ်သတ္တဝါတို့သည် ဝိညာဉ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟုခေါ်ဆိုအပ်သော မိမိတို့ ခန္ဓာကိုယ်ကြီးကို ရုပ်တရား၊ နာမ်တရားမျှသာ ဖြစ်သည်ဟု ဝိပဿနာ ဉာဏ်အမြင်မှန်ဖြင့် မသိမြင်ဘဲ၊ ငါသူတစ်ပါး ဘယ်သူ ဘယ်ဝါ ဘယ်မိန်းမ ဘယ်ယောကျ်ားစသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ အကောင် အထည် ဝတ္ထုဒြပ်အနေအထားအားဖြင့် သိမှား အမြင်မှားမှု ဖြစ်နေကြ ၏။ အဖြူကို အဖြူဟု အမှန်အတိုင်းမသိဘဲ အမည်း(အမဲ) ဟု အလွဲ အမှားသိနေကြသကဲ့သို့ ၊ ရုပ်နာမ်တရားကိုပင် ရုပ်နာမ်တရား ဟု အမှန်အတိုင်းမသိဘဲ၊ ငါ သူတပါး မည်သူမည်ဝါ စသည်ဖြင့်အလွဲ

http://www.dhammadownload.com



အမှား သိနေကြ၏၊ထိုကဲ့သို့အမှန်အတိုင်းမသိခြင်း၊ လွဲမှားစွာသိခြင်းကို အဝိဇ္ဇာဟုခေါ်၏။

မျက်စိဖြင့်မြင်သည့်အခါတိုင်း ဖြစ်ပေါ်လာသော ထို(ဝိညာဉ်၊ နာမ် ရုပ်စသော) ရုပ်နာမ်တရားတို့ကိုလည်းကောင်း၊ နားဖြင့်ကြားသည့် အခါတိုင်း ဖြစ်ပေါ်လာသော ထိုရုပ်နာမ်တရား တို့ကိုလည်းကောင်း၊ ဤသို့ စသည်ဖြင့် မျက်စိ, နား, နှာခေါင်းစသော ဒွါရခြောက်ပါးတို့၌ ဖြစ်လာသမျှသော ဝိညာဉ် နာမ်ရုပ်စသော ထိုနာမ်ရုပ်တရားတို့ကို အမြဲမပြတ် ဖြစ်ပျက်နေသော ရုပ်နာမ် ဒုက္ခအစုအဝေးသာ ဖြစ်သည် ဟု ဝိပဿနာဉာဏ်ဖြင့် ကွဲပြားစွာ မသိမြင်သမျှကာလပတ်လုံး မိမိတို့ ကိုယ်ခန္ဓာတည်းဟူသော ရုပ်နာမ်တရားတို့အပေါ်၌ ထိုအသိမှားမှု အဝိဇ္ဇာသည် အမြဲမပြတ် တွယ်ကပ်နေ၏။ ထို့ကြောင့် ငါမြင်သည်၊ ဘယ်သူ့ကိုမြင်သည်၊ ငါကြားသည်၊ ဘယ်သူ့အသံကိုကြားသည်- ဤသို့စသည်ဖြင့် (ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်အနေအားဖြင့်) အသိမှားမှု အဝိဇ္ဇာဖြစ်နေ၏။

ထိုအသိမှား အဝိဇ္ဇာကြောင့် ဝိညာဉ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ထိုရုပ်နာမ်ခန္ဓာအပေါ်၌ တပ်မက်ခင်တွယ်မှု တဏှာ လောဘဖြစ်၏။ "စက္ခုနာ ရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ အနုဗျဉ္ဇနဂ္ဂါဟီ- စသည် နှင့်အညီ မျက်စိဖြင့် မြင်သည့်အခါ၊ နားဖြင့်ကြားသည့်အခါ၊ စသည်တို့ ၌ ငါ့ရုပ် ချော၏၊ အသံလည်း ကောင်း၏၊ မည်သည့်မိန်းမ မည်သည့် ယောကျ်ားသည် ရုပ်ချော၏၊ လှပ၏၊ မျက်နှာ မေးခြလက် ပုံသဏ္ဌာန်က မည်သို့မည်ပုံရှိသည် စသည်ဖြင့် လောဘဖြစ်စရာ အာရုံ တွေ့တိုင်း လောဘဖြစ်၏၊ တပ်မက်ခင်တွယ်၏၊ ဤသို့အားဖြင့် ရုပ်နာမ် ခန္ဓာ အပေါ်၌ ဝိပဿနာဉာဏ်အမြင်မှန်မရှိ၍ အလွဲအမှား သိနေသော အဝိဇ္ဇာကြောင့် တပ်မက်ခင်တွယ်မှု တဏှာလောဘ

http://www.dhammadownload.com



ဖြစ်၏။ ထိုတဏှာ လောဘကြောင့်မရလျှင် မနေနိုင်အောင်စွဲလမ်းမှု ဉပါဒါန်ဖြစ်၏၊ ထိုဉပါဒါန်ကြောင့် ရအောင် အားထုတ်မှု တည်းဟူသော လောကီကုသိုလ် အကုသိုလ်ကံများဖြစ်၏။ ထိုလောကီကုသိုလ်ကံကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ရုပ်နာမ်ခန္ဓာ အသစ် (ဘဝအသစ်) တစ်ဖန်ထပ်၍ ဖြစ်ပေါ်လာပြန်၏။

ထိုဖြစ်ပေါ်လာသော ရုပ်နာမ်ခန္ဓာကို အာရုံပြု၍ (ဝိပဿနာဉာဏ်ကင်းသူ လူ့ဗာလတို့၌) အသိမှား၊ အမြင်မှား၊ အဝိဇ္ဇာဖြစ်လာပြန်၏။ ထိုအဝိဇ္ဇာကြောင့်ပင် ရုပ်နာမ်ခန္ဓာအပေါ်၌ တပ်မက် ခင်တွယ်သောတဏှာ လောဘဖြစ်ပြန်၏။ ထိုတဏှာ လောဘကြောင့် မရမနေစွဲလမ်းမှုဉပါဒါန်ဖြစ်၏။ ထိုဉပါဒါန်ကြောင့် ရအောင်အားထုတ်မှုတည်းဟူသော လောကီကုသိုလ် အကုသိုလ်ကံများ ဖြစ်၏။ ထိုလောကီကုသိုလ် အကုသိုလ်ကံကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာဟူသော ရုပ်နာမ်ခန္ဓာအသစ် (ဘဝအသစ်) တစ်ဖန်ထပ်၍ ဖြစ်ပေါ်လာပြန်၏။

ဤနည်းအားဖြင့်-

(၁) အဝိဇ္ဇာ တဏှာ ဉပါဒါန်တည်းဟူသော ကိလေသဝဋ်၊

(၂) လောကီကုသိုလ်, အကုသိုလ်ကံတည်းဟူသော ကမ္မဝဋ်၊

(၃) ဝိညာဉ်, နာမ်ရုပ်, သဠာယတန၊ ဖဿ၊ ဝေဒနာ-တည်းဟူသော ဝိပါကဝဋ်ဟူ၍- သုံးမျိုးသော သံသရာဝဋ် ဒုက္ခစက်ရဟတ်သည် ချာချာပတ်ပတ် မရပ်မတည် မပြတ် လည်နေတော့သည်။

http://www.dhammadownload.com



ထိုအမြဲမပြတ်လည်ပတ်နေသော ဝဋ္ဋဒုက္ခစက်ရဟတ်ကို ရပ်တန့်သွားအောင် ကြိုးစားအားထုတ်သော သူတော်ကောင်းသည်ကား ထိုနာမ်ရုပ်ခန္ဓာတို့အပေါ်၌ အသိမှား အမြင်မှား အဝိဇ္ဇာကို ဝိပဿနာဉာဏ်ဖြင့် တားဆီး၏။ မြင်တိုင်း ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကြံစည်စဉ်းစားသိတိုင်း ဖြစ်ပေါ်လာသမျှ ရုပ်နာမ်ဓမ္မတို့ကို ဝိပဿနာဉာဏ်ဖြင့် အမြဲမပြတ်စောင့်ကြည့်၏။ ထိုအခါ ငါသူတပါး ဘယ်သူ ဘယ်ဝါ ဘယ်အရာစသော ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည် ဝတ္ထုဒြပ်ဟူ၍ မရှိ၊ ရုပ်တရား၊ နာမ်တရားအမျှသာ ရှိသည်ဟု သိ၏။

ထိုရုပ်နာမ်တရားများသည်လည်း-

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညာ ဒုက္ခာ နိရုဇ္ဈတိ။ (သံ-၁။ ၁၃၇။)

ဟူသော ဂါထာအရ - အမြဲမပြတ်ဖြစ်ပျက်နေကြသည့် သာယာဖွယ်သုခမပါ၊ ဒုက္ခအစုအဝေးကြီးသာ ဖြစ်သည်ဟုသိ၏။ အမြဲတည်တံ့ခိုင်ခံ့သော အသက်ရှင်အတ္တကောင်မဟုတ်၊ အတ္တကောင်မရှိဟုလည်းသိ၏။ ထိုသို့သိသော ဝိပဿနာဉာဏ် ရင့်သန် ထက်မြက်လာသောအခါ ထိုရုပ်နာမ်တရား အပေါ်၌ ပျင်းရိငြီးငွေ့ မပျော်မွေ့ သော နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာ၏၊ ထိုနောက် ရုပ်နာမ်တရားတို့ အပေါ်၌ တပ်မက်တွယ်တာမှုကင်းသော မဂ်ဉာဏ်တို့သည်လည်း ရုပ်နာမ်တရားတို့မှ လွတ်လပ်ကင်းရှင်းသော (လွတ်လပ် ကင်းရှင်း

http://www.dhammadownload.com



သော နိဗ္ဗာန်ကို အာရုံပြုနေသော) ဖိုလ်ဉာဏ်တို့သည် လည်း ကောင်း၊ လွတ်လပ် ကင်းရှင်းနေသည်ကို ပြန်၍ဆင်ခြင် သိမြင်သော ပစ္စဝေက္ခဏာဉာဏ်တို့သည် လည်းကောင်း ဖြစ်ပေါ်လာ ကုန်၏။

ထိုဉာဏ်တို့တွင် အရဟတ္တမဂ်ဉာဏ်ဖြစ်ပေါ်လာသောအခါ၌ အသိမှား အမြင်မှား အဝိဇ္ဇာသည် နောက်ထပ် လုံးဝဖြစ်ခွင့် မရတော့ဘဲ၊ အပြီးသတ်ချုပ်ပျောက်ရလေတော့၏။ အဝိဇ္ဇာချုပ်လျှင် တဏှာ ဥပါဒါန်တို့လည်း ချုပ်ကြရကုန်၏။ ထိုအဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်ချုပ်လျှင် ကျန်သော ကမ္မဝဋ် ဝိပါကဝဋ်တို့လည်း ချုပ်ရတော့သဖြင့် သံသရာဝဋ်ဒုက္ခ စက်ရဟတ် အလည်ရပ်ကာ နောက်ထပ် ဘဝအသစ် (ရုပ်နာမ်အသစ်) တစ်ဖန် မဖြစ်တော့ဘဲ၊ ရုပ်နာမ်ခန္ဓာဟူသော ဘဝဇာတ်သိမ်း အငြိမ်းကြီး ငြိမ်းလေ၏။

ဤသို့ ဒုက္ခအစုဖြစ်ပုံ၊ ချုပ်ပုံ၊ ဖြစ်ချုပ်ပုံကို ဟောထား သော်လည်း ဘုရားကို ဆန့်ကျင် အမြင်တစ်မျိုးရှိသော ဦးထင်သည် ဟောတိုင်း မထင်နိုင်သည်မှာ ဆန်းလှသည်တော့မဟုတ်ပါပေ။ ဦးထင်ကား အရိုးကို အရွက်မဖုံးစေရဟူသော စကားရပ်ကို ဆန့်ကျင် ကာ အရွက်ဖြင့် ဖုံးလျှက် အရိုးကို ပြလိုသူမဟုတ်၊ အဆန်းကိုသာပြလိုသူ ဖြစ်ကြောင်းကိုလည်း ဦးထင်၏ ဟောပြောချက်တွင် အောက်ပါ စကား ဖြင့်သိနိုင်သည်။

- 'ဖဿပစ္စယာ ဝေဒနာ"ကို ဖဿပစ္စယာ ဖဿ-ဟူ၍ လည်းကောင်း၊

- ထွက်သက်ဝင်သက်အစရှိသော ရူပကာယ၌ခိုင်မြဲစွာတည်သော ယဟိဟုဆိုအပ်သော ကာယာနုပဿနာ သတိပဋ္ဌာန်

http://www.dhammadownload.com



ကို "အဲဒီရဲ့' ဖဿပစ္စယာ ဖဿ" လို့ခေါ်တာက၊စာလိုပြော တော့-ကာယာနုပဿနာလို့"ခေါ်တာဟူ၍ လည်းကောင်း၊

- "နုပဿနာကို ပုထုဇဉ်ချင်း မပေးနိုင်ပါဘူးတဲ့" ဟူ၍ လည်းကောင်း၊

ဤသို့ ကပေါက်ကချာ ရောက်တတ်ရာရာ ဟောပြောခြင်း၊ အနုပဿနာကိုပင်"နုပဿနာ"ဟု ပြင်ဆင်ပယ်ဖျက် အနက်အဓိပ္ပါယ် ပျက်အောင် သုံးစွဲထားခြင်းတို့ကို တွေ့ရှိကြရပါသည်။ ဦးထင်၏ နိဗ္ဗာန်ရောက်ကြောင်းတရားတော်မှာ"အသံသာသလောက် ဥချဉ်လှချည့်-ကြီးကြားရယ်'"ဟူသောစကားလိုပင် ဖြစ်နေတော့သည်ဖြစ်၍ ဓမ္မလမ်းကြောင်း လမ်းကောင်းပေါ်မှ ဖဲထွက်ကာ အဓမ္မလမ်းသစ်ပေါ် လျှောက်နေသော အဓမ္မဝါဒတစ်ရပ်အဖြစ်ဖြင့် တညီတညွတ်တည်း သုံးသပ်တော်မူကြသည်။

### စောဒနာလွှာအမှတ် (၆)

### ဒွါရဝိမုတ်ဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက်

စောဒကဆရာတော်များက ဒွါရဝိမုတ်ဆိုင်ရာ စောဒနာချက်ကို အာဂမယုတ္တိများဖြင့် ထုတ်ညှိရှင်းလင်းပြီးကြပါပြီ။ ယင်းရှင်းလင်းချက်အရ ထေရဝါဒ အယူအဆဖြစ်သော ဒွါရဝိမုတ်ကား-

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန

(၆) ဒွါရ၌ မဖြစ်သော ပဋိသန္ဓိ ဘဝင်၊ စုတိကိစ္စ

| | | |
|---|---|---|
| တပ်သော- | ဥပေက္ခာသန္တီရဏစိတ် | (၂) ခု |
| | မဟာဝိပါက်စိတ် | (၈) ခု |
| | မဟဂ္ဂုတ် ဝိပါက်စိတ် | (၉) ခု |

http://www.dhammadownload.com



ဟူသော စိတ်ပေါင်း(၁၉) ခုသောစိတ်တို့ကို ခြောက်ဒွါရ၌ မပါဝင်သော၊ ခြောက်ဒွါရလုံး၌ မဖြစ်သော ခြောက်ဒွါရမှ အလွတ်ဖြစ်သော စိတ်၊ ဒွါရဝိမုတ်စိတ်ဟု သာကေမူလျက် ဖော်ပြထားပါသည်။ ဒွါရဝိမုတ်မှာ ခြောက်ဒွါရမှ အလွတ်ဖြစ်သော စိတ်ကို ယူသည်ဟု ဖော်ပြထားပါသည်။

ဦးထင်၏ ဒွါရဝိမုတ်ကား-

ယောက်ျားတွေ, မိန်းမတွေ, နေ့လည်, ည, ငါ့ဟာ သူ့ဟာ မလုပ်တတ်တာ ဒွါရဝိမုတ်ခေါ်တယ်-ဟု ဆိုထားပါသည်။

သို့ဖြစ်၍ ဤဒွါရဝိမုတ်နှစ်မျိုးကို နှိုင်းယှဉ်စိစစ်ပါလျှင် ဦးထင်၏ ဒွါရဝိမုတ်ကား မဟုတ်မဟပ် ဒွါရဝိမုတ်ဖြစ်၍ ဇီးစေ့နှင့် မြင့်မိုရ်မက ကွာခြားလှသည်ကို တွေ့မြင်ရပါသောကြောင့် ဝိနည်းမိုရ်ဆရာတော်များက ဤဒွါရဝိမုတ်ဆိုင်ရာ စကားရပ်စုကိုလည်း စောဒကဆရာတော်များ ရှင်းလင်းတင်ပြချက်အတိုင်း အဓမ္မဟူ၍သာ ယူဆတော်မူကြသည်။

## စောဒနာလွှာအမှတ် (၇)
## နာမ်ရုပ်ဆိုင်ရာ စောဒနာလွှာကို သုံးသပ်ချက်

(က) ဟော = လောဘ, အကုသိုလ်စိတ်ဆိုတဲ့ ကိလေသာတရား မရှိသည့်အတွက် သိတဲ့အသိကလေးမှာ နာမ်တရားလို့ ခေါ်ရတယ်၊ သိတဲ့အသိကလေးမှာ လောဘ, ဒေါသ မရှိလို့ ဟုတ်လား ။

လောဘ ဒေါသ မရှိလို့ နာမ်တရားလို့ခေါ်ရတယ်၊ အဲဒီစိတ်ကလေးမှာ လောဘ, ဒေါသမရှိ၍ နာမ်တရားဖြစ်နေလို့ လေကို ရုပ်တရားလို့ခေါ်ရတယ်----ဒီအတိုင်း နာမ်တရားမဟုတ်ဘူးနော၊

http://www.dhammadownload.com



ဒီအတိုင်းနာမ်တရားမဟုတ်ဘူး၊ သိတဲ့စိတ်ကလေးမှာ လောဘ, ဒေါသ, မရှိမှ နာမ်တရားခေါ်တယ်၊ သိတဲ့စိတ်ကလေးမှာ လောဘ ဒေါသမရှိလို့ နာမ်တရားဖြစ်မှ မြင်သမျှ ကြားသမျှ ရုပ်တရား လို့ခေါ်တာ၊ လောဘ ဒေါသ တန်းလန်းနဲ့ စိတ်က လောဘ, ဒေါသ, တန်းလန်းနဲ့ သိတဲ့ အသိဟာသည် အဲဒါနာမ်တရားလို့မခေါ်နိုင်ဘူး"ဟု ဦးထင်၏ စာအုပ် စာမျက်နှာ (၄၈+ ၄၉) ၌ ဖော်ပြထားသည်။

အထက်ပါ-ဦးထင်၏ စကားရပ်၌ ဦးထင်၏ ဆိုလိုချက်မှာ "လောဘ, ဒေါသ ကိလေသာမရှိမှ အသိကိုနာမ်တရားလို့ခေါ်ရတယ်၊ လောဘ, ဒေါသ တန်းလန်းနဲ့ သိတဲ့ အသိဟာ နာမ်မဟုတ်ဘူး"ဟု ဆိုရာ ရောက်နေ၏။

ထိုစကားကိုရှင်းပါဦးအံ့-

အသိဟူသည်။ - - သညာသိ၊
ဝိညာဉ်သိ
ပညာသိ-ဟူ၍ သုံးမျိုးရှိ၏။

ထိုအသိသုံးမျိုးလုံးပင် နာမ်တရားတွင် ပါဝင်သောကြောင့် အသိဟူသည်-နာမ်တရားသက်သက်ဖြစ်၍ ထိုအသိကို နာမ်ဖြစ်ပါသည်ဟု သတ်မှတ်ရန်ပင် မလိုပါ။

နောက်တစ်ချက်မှာ- လောဘ, ဒေါသ တန်းလန်းနဲ့ သိတဲ့အသိဟာ နာမ်မဟုတ်ဘူး-ဟုဆိုထားပြန်ရာတွင်-ဤ၌ လည်း လောဘ, ဒေါသ, တန်းလန်းလည်း နာမ်၊ အသိလည်းနာမ်၊ ဤသို့ မကွဲဘဲလျက် ကွဲသယောင်ဆိုထား ခြင်းမှာလည်း ရှင်းပါလျက် ရှုပ်အောင် ဆိုထားချက် ဖြစ်သောကြောင့် လွဲမှားသော အဆိုတစ်ရပ်ပင် ဖြစ်နေပါသည်။

http://www.dhammadownload.com



အသိဟာ နာမ်မဟုတ်ဘူး-ဟု ဆိုထားပြန်၍ "ဗူးလေးရာ ဖရုံဆင့်" ဆိုသကဲ့သို့ မသင့်သည်ကသာ များလှပေသော စကားရပ်များသာ ဖြစ်နေတော့သည်။

(ခ) "အဲဒီစိတ်ကလေးမှာ လောဘ, ဒေါသမရှိလို့ နာမ်တရားဖြစ်နေလို့ လေကို ရုပ်တရားလို့ခေါ်ရတယ်" ဟူသော ဖေါ်ပြချက်၌လည်း စိတ်မည်သည် လောဘ ဒေါသရှိသည်ဖြစ်စေ၊ မရှိ သည်ဖြစ်စေ နာမ်တရားသာဖြစ်သည်မှန်ပါလျက် "လောဘ, ဒေါသမရှိလို့ နာမ်တရားဖြစ်နေလို့ဆိုထားရာ ဦးထင်၏ လောဘ ဒေါသဖြစ်နေလျှင် နာမ်တရားမဟုတ်ဟု ယူဆထား သည်ကို စာမျက်နှာ (၄၈)တွင်လည်း "ကျားဘို, ကျားဘို"လို့ ခေါ်ရင်မလာဘူးလားဗျာ၊ သူသိတဲ့အသိမရှိဘူးလား၊ ဒါကို နာမ် တရား ခေါ်ရမလား" ဟု အကြောင်းပြလျက် ရှင်းလင်းချက်ကို တွေ့မြင်သိရှိရပြန်သည်။

သို့ပါသောကြောင့် လောဘ, ဒေါသမရှိလို့ နာမ်တရားဖြစ်၊ လောဘဒေါသရှိလို့ နာမ်တရားမဖြစ် ဟူသော ဦးထင်၏ဝါဒမှာ စောဒကဆရာတော်များ တင်ပြသည့်အတိုင်း အဓမ္မသဘောပေါ်လွင်နေပါသည်။

လောဘ, ဒေါသ, မရှိလို့၊ နာမ်တရားဖြစ်နေလို့၊ လေကို ရုပ်တရား ခေါ်ရတယ် ဟူသောစကားကို အဓိပ္ပာယ်ဖေါ်ရသော်-

လေကို ရုပ်တရားခေါ်ရတာက လောဘ, ဒေါသမရှိတဲ့ နာမ်တရားမို့ခေါ်ရတာဟူသော အဓိပ္ပာယ်ထွက်လာပါသည်။

လေကို ရုပ်တရားဟု သုံးစွဲရသည်မှာ ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်လေးပါးအပါဝင် ဝါယောဟူသော ဓာတ်ဖြစ်သောကြောင့် ရုပ်တရားဖြစ်၍ ရုပ်ဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပါသည် လေမှာကား လောဘ, ဒေါသမျှသာမဟုတ်၊ နာမ်တရားအားလုံးပင်မရှိကြပေ။

http://www.dhammadownload.com



ဦးထင်၏ အဲဒီစိတ်ကလေးမှာ လောဘ, ဒေါသမရှိလို့ နာမ် တရား ဖြစ်နေလို့ လေကို ရုပ်တရားလို့ခေါ်ရတယ် ဟူသောသဘောမှာ ဦးထင်၏ "ဘာသိတမ္မေ"သာဖြစ်၍ ထေရဝါဒ ပိဋကတ်တော်၏ အယူအဆ "ဗုဒ္ဓဘာသိတ" နှင့် ကိုက်ညီခြင်း မရှိကြောင်းကို ဝိနည်း မိုရ် ဆရာတော်များက ဓမ္မနှင့်အဓမ္မတို့တွင် အဓမ္မဟူသော အမြင်ဖြင့် သာ ထင်မြင်သုံးသပ်တော် မူကြပါသည်။

## စောဒနာလွှာအမှတ် (၈)
## သမထ, ဝိပဿနာနှင့် သီလ, သမာဓိ, ပညာဆိုင်ရာ စောဒနာလွှာ ကို သုံးသပ်ချက်

စောဒကဆရာတော်များသည် အမှတ် (၈) စောဒနာလွှာ အမည် တပ်၍ အဓိကအားဖြင့် သမထနှင့် ဝိပဿနာ အယူအဆ လွဲမှားမှု၊ သမထ, ဝိပဿနာသည် လုပ်လို့မဖြစ်, အလုပ်တရား မဟုတ်, ပညာ နှင့်ဉာဏ်၊မတူထူးခြား၊ တစ်မျိုးစီခွဲခြား၍၊ လွဲမှားစွာ ယူမှု၊ လောကီ မှာဉာဏ်ရှိ၍ လောကုတ္တရာမှာ ဉာဏ်မရှိဟု ပိဋကတ်တော်မှ သွေဖီကာ မိမိ၏ဉာဏ်ဖြင့် ကျက်စားရာသို့သာ ဦးတည်လျက် ယူဆ၍ ဟောပြော ထားမှုများကို စောဒနာတော်မူခဲ့ကြသည်။

အမှန်မှာ စောဒကဆရာတော်များ တင်ပြခဲ့သောအရာမှ မပါ ကြွင်းကျန် "မှားယွင်းစွာ ဟောပြောခဲ့သောအရာများ" ကျန်ရှိပေသေး သည်။ ပရိယတ်မသိသဖြင့် "ဆင်ကန်းတောတိုး" သဘောမျိုးဖြစ်ကာ တိုးမိတိုးရာ ချောက်မှန်းကန်းမှန်းမသိ၊ ဓမ္မန္တရာယ်" နှင့် တွေ့ထိရ သည် အထိ သနားဖွယ် ရာဘဝသို့ ကျရောက်ရပေတော့၏။ သို့တစေ "တာဝန် ရှိက လုပ်ဆောင်ရ" ဟူဘိသကဲ့သို့ ဝိနည်းမိုရ်ဆရာတော်များ အနေဖြင့်

http://www.dhammadownload.com



အလုံးစုံခြုံငုံ၍ သုံးသပ်သမ္ပုပြုရမည် တာဝန်ရှိသည် အားလျော်စွာ ဆိုရသော်-

ဦးထင်၏ သက်သေခံစာအုပ်မျက်နှာ နံပါတ် (၁၁) တွင်-

- အဲဒီမိမိခန္ဓာကိုယ်ကြီး၊ အသုဘကြီး မြင်ရတာက ဝိပဿနာတဲ့၊ ဗဟိဒ္ဓက အသုဘက သမထတဲ့၊ နှာသီးဝ-ဝင်လေ, ထွက်လေ တိုးထိတာသိနေတာက သီလ, သမာဓိတဲ့၊ အဲဒါကြောင့် သမထ လည်း ကိုယ်လုပ်လို့မဖြစ်ဘူး၊ ဝိပဿနာလည်း ကိုယ်လုပ်လို့ မဖြစ်ဘူး၊ ကိုယ်လုပ်လို့ဖြစ်တာက သီလ သမာဓိကိုသာ ဖြစ် တယ်နော၊ အဲဒါကြောင့် သီလ, သမာဓိ, ပညာလို့ ဟောတာဟု လည်းကောင်း၊

ဦးထင်၏သက်သေခံစာအုပ်မျက်နှာ နံပါက် (၃၀) တွင်-

- မိမိကိုယ်ခန္ဓာကြီး တဖွားဖွားနဲ့ ပျက်တာမြင်သိတာက ဝိပ- ဿနာတဲ့ ဝိ, ဆိုတာထူးတာ၊ ပဿနာ-ဆိုတာမြင်တာ၊ လူဖြစ် လာတဲ့ အချိန်ကစပြီး ဒီလိုမမြင်ဖူးဘူး။
- အခု ဒီတရားအားထုတ်မှ မြင်ရတတာ၊ အဲဒါကြောင့် ဝိ, ဆိုတာ ထူးတာ၊ ပဿနာ, ဆိုတာ မြင်တာတဲ့၊
- ခန္ဓာကိုယ်ကြီး မီးပန်းတွေထွန်းထားသလို တဖွားဖွားနဲ့ပျက်တာ၊ မြင်သိတာက-ဝိပဿနာတဲ့၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ ဉာဏ်တဲ့၊ ဉာဏ်နဲ့ဝိပဿနဲ့ ပေါင်းစပ်မှ ဝိပဿနာဉာဏ်တဲ့၊
- အကြောင်းတရား ကယပ်နဲ့တူတဲ့ အကြောင်းတရား။ ခန္ဓာ ကိုယ်ကြီး မီးပန်းဟွေ ထွန်းထားသလို ပျက်တာမြင်သိမှ အဲဒီ တဖွားဖွားနဲ့ ပျက်တာ မြင်သိတာ ပညာခေါ်တယ်၊

http://www.dhammadownload.com



- အဲဒီပညာနဲ့ ဉာဏ်နဲ့ပေါင်းမှ ပညာဉာဏ်လို့ ခေါ်တာဟု လည်းကောင်း သက်သေခံစာမျက်နှာ (၃၀-၃၁)တွင်-
- လောကုတ္တရာမှာ ဉာဏ်မပါဘူး ဉာဏ်မရှိဘူး, လောကီမှာ ဉာဏ်ရှိတာဟု လည်းကောင်း၊

သက်သေခံစာအုပ်စာမျက်နှာ (၂၆, ၂၇ )တွင်-

- ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ နှစ်ရာနှစ်ဆယ့်ခုနစ်သွယ်သော သိက္ခာပုဒ်သီလ, အဲဒီသီလတွေဟာ အကျိုးသီလလို့ ခေါ်တယ်နော်၊(လ) အဲဒီ (အကျိုးသီလဟာ ကံမလုံဘူးတဲ့၊ ကံမလုံသည့်အတွက် ပုထုဇဉ်များဟာ မနိုင်ဘူးတဲ့၊ အဲဒီသီလမနိုင်ဘူးတဲ့၊ ဘာပြုလို့တုန်း၊ ကံမလုံလို့ အကျိုးသီလဟာ ကံမလုံဘူးတဲ့၊ အဲဒီသီလတွေဟာ အကျိုးသီလတွေမို့လို့၊ အဲဒီ အကျိုးသီလ ကံမလုံဘူးတဲ့၊ ပုထုဇဉ် မနိုင်ဘူးတဲ့၊ ပုထုဇဉ် ဘယ်လောက်ဘဲ အသက်ကြီးနေနေ မနိုင်ဘူးတဲ့။ ဒါဖြင့် မနိုင် တော့ မလုပ်ရဘူးလား ဆရာရယ်တဲ့၊ (လုပ်ရတယ်တဲ့)၂ ဒါဖြင့် ဘယ်လိုလူများလုပ်ရတုန်း ဆရာရယ် လို့ မေးစရာရှိတယ်။ သမ္မာသမ္ဗောဓိဆု လိုလားတဲ့ ပုဂ္ဂိုလ်များ (လုပ်ရတယ်တဲ့)၂ ဟု လည်းကောင်း။

သက်သေခံစာအုပ်မျက်နှာ (၂၇၁) တွင်-

- ကံမလုံတော့ သံသရာလည်တယ်တဲ့၊ ဟုတ်လား၊ သံသရာရှည်လျားအောင် လည်မှ သူတို့ဆုကြီးပန်က ပါရမီပြည့်သတဲ့၊ ပါရမီပြည့်မှ ဘုရားဖြစ်တယ်တဲ့၊ အဲဒါကြောင့် ဆုကြီးပန်များ လုပ်ရတဲ့ သီလဟု လည်းကောင်း။

http://www.dhammadownload.com



ဤသို့ စသည်ဖြင့် ဦးထင်က အသီးသီး ဟောထားပါသည်။

ယင်းစကားတို့ကို အစဉ်အတိုင်း ဝေဖန်ရှင်းလင်းရသော်-

သက်သေခံစာအုပ်မျက်နှာ (၁၁) တွင်-

- ဝင်လေ, ထွက်လေ, တိုးထိတာ သိမှတ်နေသော ကိစ္စသည် အာနာပါန လုပ်ငန်းဖြစ်ပါလျက် ဖြစ်ပေါ်လာသော နိမိတ်ကား အသုဘနိမိတ် ဖြစ်နေခြင်းသည် ဖြစ်နိုင်သော ထင်နိုင်သော အရာမဟုတ်ချေ။ အကယ်၍ထင်လာလျှင် ပကတိသော ထွက်သက် ဝင်သက်လေအတိုင်းကို လွန်၍သာ တစ်ခုခုအရာရာ ထင်လာပါမည်။

ဤနေရာ၌- လယ်တီဆရာတော်ဘုရာကြီး၏ ကမ္မဋ္ဌာန်းကျမ်းကြီး စာမျက်နှာ (၆၃-၆၄) တွင် အသုဘကမ္မဋ္ဌာန်း မှတ်ဖွယ်ရာကို ဤသို့ ပြဆိုထားပါသည်-

- ကသိုဏ်းအာရုံတို့သည်ကား လှမှု နှစ်သက်ဖွယ်မှု အတွက်နှင့် စိတ်တွယ်ဘို့ အာရုံတို့တည်း၊ ဤအသုဘအာရုံတို့ကား ကြောက်ရွံ့မှုအတွက်နှင့် စိတ်တွယ်ဖို့ အာရုံတို့တည်း။
- အရပ်ထဲ၌ တစ္ဆေ မသာကို အလွန်ကြောက်တတ် ရွံ့တတ်သော အချို့သောသူတို့အား မလွှဲသာ၍ မသာလောင်းများကို ကိုင်ကြ လျှင် မသာလောင်းကောင်ကြီး စိတ်ထဲ၌ စွဲကပ်မြင်၍၊ ပါ၍ နေ၏။
- ညဥ့်အိပ်လျှင်လည်း စောင်း၍အိပ်လျှင် မသာလောင်းကောင်

http://www.dhammadownload.com



ကြီး နံဘေးကမြှောင်လျက်၊ ပက်လက်အိပ်လျှင် မသာလောင်းကောင်ကြီး အပေါ်က မိုးလျက်သာ နေတော့၏။

- အိပ်၍မဖြစ် လူအများဝိုင်းဖက်ထားမှ အကြောက်သက်သာရ၍ အိပ်ပျော်တော့၏။

ဤလိုထင်မှုမှာ ဥဒ္ဓုမာတက အသုဘ ဥဂ္ဂဟနိမိတ်ထင်မှုဟုမှတ်၊ အသုံးမချတတ်၍ ကြောက်မက်ဖွယ် ဘေးဒုက္ခကြီးဖြစ်သည်၊ အသုံးချတတ်သော ယောဂီပုဂ္ဂိုလ်မှာကား ဤကဲ့သို့ထင်လျှင် ပတ္တမြားတုံးကြီးကို ရဘိသကဲ့သို့ အလွန်နှစ်သက်ဖွယ် ချမ်းသာသုခကြီး ဖြစ်၏။

ဤကဲ့သို့ ထင်မြင်မှသာ ဥဂ္ဂဟနိမိတ်ထင်သည်ဟု မှတ်ရမည်။ မသာလောင်းကောင်ထားတဲ့ ရှိတဲ့နေရာမှာ စိတ်ထဲကလှမ်း၍ သိသည် ကိုလည်း ဥဂ္ဂဟနိမိတ်ထင်သည်ဟု မမှတ်ကြနှင့်၊ ဤကဲ့သို့ သိသည်ကို မြင်သည်ဟု မှတ်ထင်နေတတ်သည်၊ (အဋ္ဌိကအရိုးစုကို ရှုတဲ့သူတွေ၊ မထင်မြင်ဘဲနှင့် သိသည်ကို ထင်မြင်သည်ဟု ဆရာတော်ထံသို့ လျှောက်လာကြတာတွေ၊ လူရော ရဟန်းရော အပုံကြီးများပြီ)။

(က) ထိုသို့လျှောက်ထားသောအခါ တကယ်အမှန်မြင်လျှင် ကိုယ့်အိပ်ရာနား၌ တိုတိုထွာထွာ တိုလီမိုလီတွေကို လှမ်း၍ ကြည့်စမ်း မြင်ရဲ့လား ဟု မေးရာ မြင်၏ဟု လျှောက်၏။

(ခ) ကိုယ် ကြည့်ရှု၍ ထားခဲ့သော စာအုပ် စာလုံး မျက်နှာနံပါတ်ကိုကော သည်ကလှမ်း၍ ကြည့်စမ်း မြင်ရဲ့လားဟု မေးရာ မြင်၏ဟု လျှောက်၏။

(ဂ) တကယ်အမှန်မြင်လျှင် ဖတ်စမ်း ခိုင်းရာ မဖတ်နိုင်ဟု လျှောက်၏။

http://www.dhammadownload.com



(ဃ) ထိုနည်းတူ၊ လက်ဝါးကို မှောက်စေ၍ လက်ဝါးကို ကြည့် စမ်း မြင်ရဲ့လားဟု မေးရာ မြင်၏ဟု လျှောက်၏။

(င) တကယ်အမှန်မြင်လျှင် လက္ခဏာကြောင်းကို ရေတွက်၍ ပြစမ်း၊ ဘယ်နှစ်ခု ရှိသနည်းဟု မေးလျှင်၊ မပြတတ်ဘူးဟု လျှောက်၏၊ သင်တို့ မြင်တယ်ဆိုတာ မြင်တာမဟုတ်သေး ဘူး၊ သိတာတည်းဟု သိမြင်မှုတို့ကို ကွဲအောင် ခွဲ၍ ပေးရဖူး လှပေပြီ။

ကမ္မဋ္ဌာန်းကျမ်းကြီး၏ စာမျက်နှာ (၁၇၉)တွင်လည်း-

ယောဂီပုဂ္ဂိုလ်သည် စိတ်ကို သန်သန်ခိုင်ခိုင်ထား၍ ထွက်သက်, ဝင်သက်လေကို မနှေးမမြန် မပျော့ မပြင်း မှန်မှန်ဖြစ်စေ၍ နှာခေါင်းပေါက်၌ စိတ်ထား လျက် ထွက်လေဝင်လေကို သတိချပ်လျက် သိမှတ် အပ်၏၊ ထွက်လျှင်ထွက်မှန်း ဝင်လျှင်ဝင်မှန်း သိ အောင် ပြုရမည်။ အမှုမဲ့ အမှတ်မဲ့ သတိမလစ်စေရ၊ သတိ, သညာဖြင့် သိလိုက် မှတ်မိလိုက်၍သာလျှင် ထွက်စေအပ်၏။ ဝင်စေအပ်၏။

ထိုကမ္မဋ္ဌာန်းကျမ်းကြီး၏ စာမျက်နှာ (၁၈၅-၁၈၆) တွင်လည်း-

ပဋိဘာဂနိမိတ်ဆိုသည်ကား--ပကတိသော ထွက် သက် ဝင်သက်လေအတိုင်းကို လွန်၍ အဆင်း သဏ္ဌာန် အရောင်အလက်နှင့်တကွ လဲဝါဂွမ်းအစု ကဲ့သို့ မိုးကြယ်ကဲ့သို့ ပတ္တမြားလုံးကဲ့သို့ မြပုလဲလုံးကဲ့သို့ ပုလဲ သွယ်ကဲ့သို့ အစရှိသဖြင့် တခုခုထင်ပေါ် ဖြစ်ထွန်း၍လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂ

http://www.dhammadownload.com



နိမိတ်ဆိုသည်။ ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ဥပနာ
နည်းအားဖြင့် အားထုတ်ရာ၏။

ဥပနာနည်းဆိုသည်ကား--ပဋိဘာဂနိမိတ်မည်သည်-ပညတ် အာရုံ အထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏၊ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏၊ ကွယ်ပျောက်ပြန်လျှင် တဖန်ထင်မြင်ရန် အမှုလည်းခက်ခဲ၏။

ထို့ကြောင့် ထင်မြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ် ပျောက်စေမူ၍၊ တနေ့တခြား ထင်ရှားပွင့်လင်း၍ သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကို ထားခြင်းသည် ဥပနာ မည်၏၊ ရူပါဝစရစတုတ္ထဈာန် တိုင်အောင်သည် ဥပနခေတ်တည်း။

ကသိုဏ်း (ကမ္မဋ္ဌာန်း)အာရုံနှင့် ပတ်သက်၍-

(၁) ပရိကမ္မနိမိတ်၊

(၂) ဥဂ္ဂဟနိမိတ်၊

(၃) ပဋိဘာဂနိမိတ်၊

ဟူ၍ သုံးမျိုးရှိစမြဲဖြစ်သည်။

(၁) ပရိကမ္မနိမိတ်ကား-မူလကသိုဏ်းဝန်း

(၂) ဥဂ္ဂဟနိမိတ်ကား-မူလကသိုဏ်းဝန်းကိုလွှတ်၍- မူလကသိုဏ်းဝန်းအတိုင်း ထင်လာမှု၊

(၃) ပဋိဘာဂနိမိတ်ကား-ဥဂ္ဂဟနိမိတ်တွင်ပါရှိသော အပြစ်များပျောက်၍- ဥဂ္ဂဟ နိမိတ်ထက်

http://www.dhammadownload.com



သန့်စင်ချောမွတ် တင့်တယ်သော နိမိတ်
ထင်လာမှုတို့ ဖြစ်ပါသည်။

ဤသို့ ထင်ရှူးထင်စဉ် အစဉ်အလာအတိုင်း ဖြစ်ပေါ်မြဲထက် ထူးခြား ဖြစ်ပေါ်မှုများကိုမူ ထေရဝါဒနှင့်ညီသော အယူအဆဟု သတ်မှတ်ရန် မဖြစ်ချေ။

အာရမ္မဏ-ပစ္စည်း ကုသလမူ-ကုသလမူလိဒ္ဒ-
ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော
ဝိပဿတိ။

ဟု လည်းကောင်း၊

ခန္ဓဝဂ္ဂသံယုဂ် ပါဠိတော် (၁၃၆) ၌လည်း-

ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ၊ အနိစ္စတော ဒုက္ခတော အနတ္တ တော ယောနိသော မနသိကရောန္တော သောတာ ပတ္တိဖလံ သစ္ဆိကရေယျ။

ဟူ၍ လည်းကောင်း၊

ဝိပဿနာရှုပုံကို ဟောတော်မူရာ၌- ဦးထင်၏ ဝိပဿနာကား ဦးထင်၏ မိမိခန္ဓာကိုယ်ကြီး အသုဘကြီးမြင်ရတာက ဝိပဿနာတဲ့ ဟူသောစကားမှာ ဦးထင်ကိုယ်ပိုင် အယူအဆမျှသာ ဖြစ်သော ဝိပဿနာ တရားဖြစ်ပေသည်။

"ဗဟိဒ္ဓက အသုဘက သမထတဲ့" ဆိုရာ၌လည်း နာတာလေး သိနေတဲ့အခါကျတော့ ဗဟိဒ္ဓမှာ အသုဘကြီး မြင်ရတယ်ဟု

http://www.dhammadownload.com



သက်သေခံစာအုပ်မျက်နှာ (၁၀)၌ ဆိုထားသဖြင့် ထွက်သက် ဝင်သက် ရှုသိမှတ်ရာမှ ဖြစ်ပေါ်လာသည်ကိုပင် ဆိုထားသောကြောင့် သဘာဝ ယုတ္တိ ကင်းမဲ့သော သမထပင် ဖြစ်ပေသည်။

"နှာသီး၀ ဝင်လေထွက်လေ တိုးထိတာ သိနေတာက သီလ သမာဓိတဲ့" ဟူသော ပြောဟောချက်သည် အများသိသော သီလ သမာဓိမဟုတ်၊ ဦးထင် ထူးထူးခြားခြားသိသော သီလ သမာဓိ မျှသာ ဖြစ်နိုင်ပေလိမ့်မည်။

ထေရဝါဒလာ သီလ သမာဓိကား စောဒကပုဂ္ဂိုလ်များ တင်ပြသည့် စကားရပ်များဖြင့်ပင် ပြည့်စုံလုံလောက်သောကြောင့် ထင်ရှားသိသာနေပြီဖြစ်၍ ထပ်မံ သုံးသပ်ပြဖွယ် မလိုတော့ပေ။

အဲဒါကြောင့် သမထလည်း ကိုယ်လုပ်လို့မဖြစ်ဘူးဗျာ. ဝိပဿနာလည်း ကိုယ်လုပ်လို့မဖြစ်ဘူးဗျာ၊ ဝိပဿနာလည်း ကိုယ်လုပ်လို့ မဖြစ်ဘူး၊ ကိုယ်လုပ်လို့ဖြစ်တာက သီလသမာဓိကိုသာ ဖြစ်တယ်နေ့ချ အဲဒါကြောင့် သီလ သမာဓိ ပညာလို့ ဟောတာ "ဟူသော ဦးထင်၏ စကား၌လည်း သမထဝိပဿနာကို ကိုယ်လုပ်လို့ မဖြစ်ဘူးဟုဆိုရာ၌-

ကမ္မဋ္ဌာန်း (၄၀) လေးဆယ်တွင် တစ်မျိုးမျိုးကို ဒုစဆုံး ပထဝီ ကသိုဏ်း ဆိုပါစို့၊ ထိုကသိုဏ်းကို စီးဖြန်းလိုပါက အကြီးဆုံး ကောက်နယ်တလင်း၊ အသေးဆုံးဗန်း (မန်း) စကောမျှလောက်ကို ကသိုဏ်း၏ ပရိကမ္မနိမိတ် ကသိုဏ်းဝန်းလုပ်၍ "ပထဝီ ပထဝီ"ဟု နှုတ်မှ အပြတ်ဘဲ စိတ်ထည်းမှာသာ မြေနိမိတ်ကို အားလုံးမြင်ရ အောင် စူးစိုက်စွာ ကြည့်၍ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်, အစဉ့်ဆင့်

http://www.dhammadownload.com



ပေါ်အောင် မိမိကိုယ်တိုင် ကြိုးစား နှလုံးသွင်း ရယူနိုင်သည်ကို ထိုထို ကျမ်းစာတို့၌ အတိအလင်း ဆိုထားသောကြောင့် သမထဝိပဿနာကို ကိုယ်လုပ်လို့ မဖြစ်ဘူး ဟူသောစကားသည် ဦးထင်၏ "သယံဘာသိက" ကိုယ်တိုင်ဟော အပဂတသာဓကေ အဓိပ္ပာယ်ကင်းမဲ့သော စကားမျှသာ ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ထင်မြင်ယူဆတော် မူကြသည်။

ဣတိဝုတ်ပါဠိတော် မာရဓေယျသုတ် စာမျက်နှာ (၂၃၀)၌-

သီလံ, သမာဓိ, ပညာ စ၊
ယဿ ဧတေ သုဘာ ဝိတာ။
အတိက္ကမ္မ မာရဓေယျံ၊
အာဒိစ္စောဝ ဝိရောစတိ-

ဟု ဟောထားပါသည်။

သီလ သမာဓိ ပညာ ကောင်းစွာ ပွားများအပ်သော ပုဂ္ဂိုလ်သည် မာရ်မင်း၏ နိုင်ငံကို လွန်၍ နေမင်းကဲ့သို့ တင့်တယ်တောက်ပနိုင်၏ ဟု ဟောတော်မူသည်ဖြစ်၍ သီလ သမာဓိ ပညာကိုလုပ်၍ ရသဖြင့် မာရ်မင်း၏ နိုင်ငံလွန်အောင် ဟောတော်မူခဲ့သောကြောင့် ဦးထင်၏ သီလ သမာဓိ ပညာဆိုထားခြင်း အယူအဆသည် ထေရဝါဒ အယူအဆနှင့် တူမျှခြင်းမရှိဟု ဝိနည်းဓိုရ်ဆရာတော်များက စိစစ် သုံးသပ်သဘောရတော်မူကြသည်။

ဦးထင်၏ သက်သေခံစာအုပ်နံပါတ် (၃၀) တွင်-

မိမိခန္ဓာကိုယ်ကြီး တဖွားဖွားနဲ့ ပျက်တာ မြင်သိတာက ဝိပဿနာတဲ့၊ ဝိဆိုတာ ထူးတာ၊ ပဿနာဆိုတာ မြင်တာ လူဖြစ်လာတဲ့ အချိန်က

http://www.dhammadownload.com



စပြီး ဒီလိုမမြင်ဖူးဘူး၊ အခု ဒီတရားအားထုတ်မှ မြင်ရတာ၊ အဲဒါကြောင့် ဝိ-ဆိုတာ ထူးတာ၊ ပဿနာ-ဆိုတာ မြင်တာတဲ့။ ထူးတာ မြင်တာတဲ့၊ ခန္ဓာကိုယ်ကြီး မီးပန်းတွေ ထွန်းထားသလို တဖွားဖွားနဲ့ ပျက်တာ မြင်သိတာက ဝိပဿနာတဲ့၊ ဟော- အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ ဟော- ဉာဏ်တဲ့၊ ဉာဏ်နဲ့ဝိပဿနာပေါင်းမှ ဝိပဿနာဉာဏ်တဲ့။

အဲဒါကြောင့် အကြောင်းတရားတစ်ရပ်နဲ့တူတဲ့ အကြောင်းတရား ခန္ဓာကိုယ်ကြီး မီးပန်းတွေ ထွန်းထားသလို ပျက်တာ မြင်သိမှ အဲဒီ တဖွားဖွားနဲ့ ပျက်တာမြင်သိမှ ပညာခေါ်တယ်။ အဲဒီပညာနဲ့ ဉာဏ်နဲ့ ပေါင်းမှ ပညာဉာဏ်လို့ခေါ်တာဟု ဆိုထားပါသည်။ ဦးထင်၏ မိမိ ခန္ဓာကိုယ်ကြီး တဖွားဖွားနဲ့ ပျက်တာမြင်သိတာက ဝိပဿနာတဲ့ဟု ဝိပဿနာကို ဖေါ်ပြထားပါသည်။

ကာယဝေဒနာစိတ္တ ဓမ္မေသု ကိဉ္စိဓမ္မံ အနာမသိတွာ
ဘာဝနာ နာမ နတ္ထိ။ (ဒီ-ဋ္ဌ-၂၊ ၃၃၉)

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ, ဤ လေးဝသော ရှုစရာ မှတ်စရာ အာရုံတွေထဲမှာ တစ်ခုခုသော ရှုမှတ်စရာ အာရုံကိုမှ မသုံးသပ်လျှင် ဝိပဿနာဘာဝနာမည်သည် မရှိနိုင်ဟု ဆိုရသည်။

ထို့ပြင်-

အနိစ္စာနုပဿနံ ဟိ ဥဒယတော ပုဗ္ဗေသင်္ခါရာ
နတ္ထီတိ ပရိစ္ဆိန္ဒိတွာ တေသံဂတိံ သမန္နေသမာနံ
ဝယတော ပရံနုဂစ္ဆန္တိ၊ ဧတ္ထေဝ အန္တရဓာယန္တီတိ
ဓနိဝဍ္ဎမတော သမနုပဿတိ။

(ဝိသုဒ္ဓိမဂ်-ဒု-၂၉၇)

http://www.dhammadownload.com



ဟိ-သစ္စံ-မှန်၏။ အနိစ္စာနုပဿနံ၊ အနိစ္စာနုပဿနာဉာဏ်သည်။ ဥဒယတော၊ ဖြစ်ခြင်းမှ။ ပုဗ္ဗေ၊ ရှေး၌။ သင်္ခါရာ၊ သင်္ခါရတို့သည်။ နတ္ထိ၊ မရှိကြကုန်သေး၊ ဣတိ၊ ဤသို့။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ တေသံ သင်္ခါရာနံ၊ ထိုသင်္ခါရတို့၏။ ဂတိံ၊ ပြီးစီးခြင်းဟူသော အလားအလာကို (ဂတိန္တိ-နိပ္ဖတ္တိံ)။ ဝါ၊ ဖြစ်ပေါ်လာပုံကို (ဂတိန္တိ၊ နိဗ္ဗတ္တိံ)။ သမန္နေသမာနံ၊ အစဉ်လိုက်၍ဆင်ခြင်လျက်။ ဝယတော၊ ပျက်ခြင်းမှ။ ပရံ၊ နောက်သို့။ နဂစ္ဆန္တိ၊ မသွားကြကုန်။ ဤ ပျက်ရာ၌သာလျှင်။ အန္တရဓာယန္တိ၊ကွယ်ပျောက်ကုန်၏။ ဣတိ၊ ဤသို့။ ပရိဝဇ္ဇမတော၊ နယ်ဆုံး အကန့် အသတ်အားဖြင့်။ သမနုပဿတိ၊ အဖန်တလဲလဲ ရှု၏။

**အဓိပ္ပာယ်ကား**- - -အနိစ္စာနုပဿနာဉာဏ်ဆိုသည်မှာ ဖြစ်ခြင်းမှ ရှေး၌ (မဖြစ်မီကာလတုံးက) သင်္ခါရတို့သည် မရှိကြကုန်သေး ဟု အစက ပိုင်းခြားခဲ့ပြီးနောက် ထိုသင်္ခါရတို့၏ ဖြစ်ပေါ်လာပုံကို အစဉ်လိုက်၍ ဆင်ခြင်လျက် ပျက်ခြင်းမှ နောက်သို့လည်း မသွားကြကုန်။ ဤ ပျက်ရာ ခဏ၌သာလျှင် ကွယ်ပျောက်သွားကြရသည်ဟု နယ်ဆုံး အကန့်အသတ် အားဖြင့် အဖန်တလဲလဲ ရှုသော ဝိပဿနာဉာဏ်ပင် ဖြစ်သည်။ ထိုစကားကို ဝိသုဒ္ဓိမဂ် မဟာဋီကာ၌-

(က) အနိစ္စာနုပဿနာ ဟိ သင်္ခါရေ အာဒိတော ဥဒယေန အန္တတော၊ ဝယေန ပရိစ္ဆိန္ဒေ ပဿတိ၊

(ခ) အာဒိအန္တဝန္တတာယ ဟိ တေ အနိစ္စာတိ။

(က) ဟိသစ္စံ-မှန်၏၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿနာသည်။ သင်္ခါရေ သင်္ခါရတို့ကို။ အာဒိတော၊ အစမှ။ ဝါ အစ၌။ ဥဒယေန ဖြစ်ခြင်းဖြင့်။ အန္တတော၊ အဆုံးမှ။ ဝါ အဆုံး၌။

http://www.dhammadownload.com



ဝယေန၊ ပျက်ခြင်းဖြင့်။ ပရိစ္ဆိန္ဒေ၊ ပိုင်းခြားအပ်သည်တို့ကို။ ပဿတိ၊ ရှုမြင်တတ်၏။

(ခ) ဟိ မှန်၏။ တေ၊ ထိုသင်္ခါရတို့သည်။ အာဒိအန္တဝန္တတာယ၊ အစအဆုံး ရှိသည်၏ အဖြစ်ကြောင့်။ အနိစ္စာ မမြဲကုန်။ ဝါ အနိစ္စမည်ကုန်၏။ ဉာတိ၊ ဤသို့ သိအပ်၏။

**အဓိပ္ပာယ်ကား-** - - အနိစ္စာနုပဿနာဉာဏ်ဟူသည် သင်္ခါရတရား တရားတို့ကို အစပိုင်း၌ ဖြစ်ပေါ်လာခြင်းဖြင့်လည်းကောင်း၊ အဆုံးပိုင်း၌ ပျက်စီးသွားခြင်းဖြင့် လည်းကောင်း၊ ပိုင်းခြား ရှုမြင်တတ်သော ဉာဏ်ပင် ဖြစ်သည်ကို ပြပြီးသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၎င်း မဟာဋီကာလာ ဝိပဿနာတို့နှင့် ဦးထင်၏ ဝိပဿနာဉာဏ် ပညာအယူအဆ ဟောပြောချက်များသည် ညီမညီကို သိနိုင်လောက်ပေပြီ။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ၌ လေးဝသော ရှုစရာ မှတ်စရာဟူ၍ ဆိုရာ၌ ခန္ဓာကိုယ်ကြီး မီးပန်းတွေ ထွန်းထားသလို ပျက်တာမြင်တာ သိတာတို့သည် ကာယရှုစရာမဟုတ်ဘူးလားဟု ဆိုသော်-လယ်တီ ဆရာတော်၏ ကမ္မဋ္ဌာန်းကျမ်းကြီး၏ ကာယဂတာ သတိကမ္မဋ္ဌာန်း ပွားများ အားထုတ်ပုံ (နှာ-၁၇၇) ၌-

ကာယဂတာသတိဟူသည်ကား-ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ အသား အကြော အရိုး ချဉ်ဆီ အညှိ နှလုံး အသည်း အမြှေး အဖျဉ်း အဆုပ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်-ဤ သုံးဆယ့် နှစ်ပါးသော ကောဋ္ဌာသကာယကို အာရုံပြု၍ဖြစ်သော သတိကို ခေါ်သည်။

http://www.dhammadownload.com



ထိုကာယဂတာသတိကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဤဒွတ္တိံသာကာရကို အဆင်းသဏ္ဌာန်တည်ရာဌာန အပိုင်းအခြား ပရိစ္ဆေဒ ဤလေးပါးသော အခြင်းအရာတို့ဖြင့် မှတ်၍ ဆံပင်မှသည် ကျင်ငယ်။ ကျင်ငယ်မှသည် ဆံပင်ကျအောင် အနုလုံ ပဋိလုံ အပြန်အလှန်အားဖြင့် မရပ်မဆိုင်း အပြေးစိုင်း နှုတ်တွင်ရအောင် ကျက်မှတ်၍ ရပြီးလျှင် နှုတ်ဖြင့် မရွက်အံ့ဘဲ စိတ်ဉာဏ်ဖြင့်သာလျှင် အနုလုံ ပဋိလုံအပြန်အလှန် အစဉ်အတိုင်း အဖန်ဖန် ကြည့်ရှုရာ၏။

ထိုသို့ ကြည့်ရှုဖန်များသောအခါ ထိုကောဋ္ဌာသတို့သည် ပကတိမံသမျက်စိဖြင့် မြင်ရသကဲ့သို့ စိတ်ထဲ ဉာဏ်ထဲမှာ ထင်မြင်၍လာကုန်၏။ ဤကဲ့သို့ ထင်မြင်လျှင် ဥဂ္ဂဟနိမိတ်ထင်ပြီဟုမှတ်၊ ဥဂ္ဂဟနိမိတ်ထင်လာသောအခါ ထိုထင်လာသော ကောဋ္ဌာသတို့တွင် ကျပ်ကျပ်ထင်ရှားသည့် စိတ်ထဲဉာဏ်ထဲမှ ကျပ်ကျပ်ထင်ထင် မြင်ရသည့် ကောဋ္ဌာသတစ်ခုတည်းကိုသာလျှင် ကြည့်ရှု၍ နေရာ၏။ ကာယာနုပဿနာ သတိပဋ္ဌာန်က (သုံးဆယ့်နှစ်) ကောဋ္ဌာသ၊ အားလုံး ဆင်ခြင်ရှုမှတ်၍ ဥဂ္ဂဟနိမိတ်ထင်မှ ထိုဥဂ္ဂဟ နိမိတ်တွင် အထင်ရှားဆုံးသော အင်္ဂါအစိတ်အပိုင်းတစ်ခုကို ပွားရမည် ဖြစ်ရာ၏။

သို့ရာတွင်-

- ဦးထင်က ခန္ဓာကိုယ်ကြီး တစ်ခုလုံး၊
- လယ်တီဆရာတော်က ထင်ရှားပေါ်လွင်သော (သုံးဆယ့် နှစ်ကောဋ္ဌာသ) ကိုယ်အင်္ဂါ၊ အစိတ်အပိုင်း တစ်ခု။

http://www.dhammadownload.com



ဤသို့ ကွဲလွဲဆန့်ကျင်ပါသောကြောင့် ဝိနည်းမိုရ်ဆရာတော်များက ဒေသနာတော်နှင့် ဆန့်ကျင်သည်ဟု သဘောပေါက် ယူဆသည်။

တစ်ဖန်လည်း ခန္ဓာကိုယ်ကြီး မီးပန်းတွေထွန်းထားသလို တဖွားဖွားနှင့် ပျက်တာ မြင်သိတာက အရိပ်၊ ရင်းပင် ပညာ။

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာက အရိပ်၊ ရင်းပင် ဉာဏ်။ ဤ ပညာနှင့် ဉာဏ်ပေါင်းမှ ပညာဉာဏ်ဟု လည်းကောင်း၊ ဦးထင်၏ သက်သေခံ စာအုပ်၊ စာမျက်နှာ ၃၀/၃၁တွင်-

"လောကုတ္တရာမှာ ဉာဏ်မပါဘူး၊ ဉာဏ်မရှိဘူး။

လောကီမှ ဉာဏ်ရှိတာ" ဟု လည်းကောင်း၊

အသီးသီး ဖော်ပြထားသည်။

ယင်းအချက်များကိုလည်း-စောဒကဆရာတော်များက တင်ပြသော စောဒနာချက်များအရ လွဲမှားသောဝါဒဖြစ်ကြောင်း သိသာထင်ရှားနေပေသည်။

ထို့ကြောင့်-

လောကုတ္တရမဂ္ဂေ ပတ္တာ ပညာဇေဋ္ဌိကာ ပညာဓုရာ ပညာပုဗ္ဗင်္ဂမာ-ဟူသော (အဘိ-ဋ္ဌ-၁၊ ၁၁၀၊အရ)လောကုတ္တရာမှာ ဉာဏ်မရှိဟူသော ဦးထင်၏ အယူအဆသည် လွဲမှားသော အယူဝါဒ ဟုသာ အပ်လောင်း ၍ သုံးသပ်ရှုမြင်တော် မူကြသည်။

http://www.dhammadownload.com



ဦးထင်၏ သက်သေခံစာအုပ်-၂၆/၂၇ နံပါတ်တွင်-

ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ (၂၂၇) သွယ်သော သိက္ခာပုဒ်သီလ အဲဒီသီလတွေဟာ အကျိုးသီလလို့ ခေါ်တယ်နော်။ လ။ အဲဒီ အကျိုးသီလဟာ ကံမလုံဘူးတဲ့၊ ပုထုဇဉ် မနိုင်ဘူးတဲ့၊ ပုထုဇဉ်တွေ ဘယ်လောက်ပဲ အသက်ကြီး နေ-နေ၊ မနိုင် ဘူးတဲ့၊ မနိုင်တော့ မလုပ်ရဘူးလား၊ ဆရာရယ်တဲ့ လုပ်ရတယ်တဲ့ လုပ်ရတယ်တဲ့၊ ဒါဖြင့် ဘယ်လိုလူများ လုပ်ရတုံး ဆရာရယ်လို့ မေးစရာရှိတယ်။ သံမှာသမ္မောဓိဆုလိုလားတဲ့ ပုဂ္ဂိုလ်များ လုပ်ရတယ်တဲ့၊ လုပ်ရတယ်တဲ့။ အဲဒါကြောင့် အကြောင်းသီလက စောင့်စည်းပေါ့ဆိုရင် အကျိုးသီလက ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ ၂၂၇ သွယ်သော သိက္ခာပုဒ် သီလ အကုန်ဆုံးပါတယ်။ ကံမလုံတော့ သံသရာလည်တယ်တဲ့၊ ဟုတ်လား။ သံသရာရှည်လျားအောင် လည်မှ သူတို့ ဆုကြီးပန်တွေက ပါရမီပြည့်သတဲ့၊ ပါရမီပြည့်မှ ဘုရားဖြစ်တယ်တဲ့၊ အဲဒါကြောင့် ဆုကြီးပန်များ လုပ်ရတဲ့သီလ။

ဦးထင်သည်- - - ပိဋကတ်သုံးပုံ၊

သရဏဂုံသုံးရပ်၊

သုံးထပ်သာသနာ၊

ကုသိုလ်, အကုသိုလ်ဆိုင်ရာ၊

ပဋိစ္စသမုပ္ပါဒ်၊

http://www.dhammadownload.com



ဒွါရဝိမုတ်၊
နာမ်ရုပ်ဆိုင်ရာ၊
သမထ ဝိပဿနာ၊
သီလသမာဓိပညာ-

ထို အဖြာဖြာသော သဘောတို့တွင် ယခုသီလနှင့်စပ်၍ အကျိုးသီလအကြောင်း သီလကိုလည်း(၂) မျိုးထွင် ပြထားပါသည်။

ထိုတွင်-

အကြောင်းသီလကား - - - နှာသီးဝဝင်လေ ထွက်လေတိုးထိတာ သိဆိုတဲ့ အကြောင်းသီလက စောင့်စည်းပေ့ါဆိုရင် အကျိုးသီလက ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလ ဆယ်ပါးသီလ နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သောသိက္ခာပုဒ်သီလ အကုန်လုံးပါတယ်တဲ့။

အကျိုးသီလဖြစ်တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သော သိက္ခာပုဒ် သီလဟာ ကံမလုံဘူး၊ ပုထုဇဉ်မနိုင်ဘူး၊ အကျိုးသီလက ကံမလုံလို့ သံသရာလည်တော့ သံသရာရှည်မှ ပါရမီဖြည့်နိုင်မဲ့ သမ္မာသမ္ဗောဓိ ဆုကြီးပန်ပုဂ္ဂိုလ်များစောင့်ရမဲ့ သီလဟုဆိုထားရာ ဆုကြီးပန်မဟုတ်လျှင် မစောင့်ရဟူသော အဓိပ္ပါယ်ပေါ်ထွက်သဖြင့် ဤသို့ ပြောဟော ချက်ကိုလည်း လက်ခံနိုင်စရာ မရှိချေ။

http://www.dhammadownload.com



ခုဒ္ဒကပါဌ-ပါဠိတော် နိဓိကဏ္ဍသုတ်လာ-
ယဿ ဒါနေန သီလေန၊
သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊
ဣတ္ထိယာ ပုရိသဿ ဝါ။

ဟူသော ဂါထာအရ - မိန်းမ၊ ယောက်ျား မဟူ-အကြင်သူ အား လှူဒါန်းပေးကမ်းခြင်းကြောင့် လည်းကောင်း၊ သီလ စောင့်ထိန်းခြင်း ကြောင့် လည်းကောင်း၊ ဣန္ဒြေစောင့်ခြင်းကြောင့် လည်းကောင်း၊ ကိုယ် နှုတ် စိတ် သုံးပါး ဆုံးမခြင်းကြောင့် လည်းကောင်း၊ ရွှေအိုးကို ကောင်းစွာ မြှုပ်ထားအပ်သည် ဖြစ်၏။

ဓမ္မပဒ၊ မလဝဂ်၊ ပဥ္စဉပါသကဝတ္ထုဂါထာ နံပါတ် (၂၄၆-၂၄၇-၂၄၈) တို့၌-

ယော ပါဏမတိပါတေတိ၊
မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နမာဒိယတိ၊
ပရဒါရဉ္စ ဂစ္ဆတိ။
သုရာမေရယပါနဉ္စ၊
ယော နရော အနုယုဉ္ဇတိ။
ဣဓေဝ မေသော လောကသ္မိံ၊
မူလံ ခဏတိ အတ္တနော။ ။

http://www.dhammadownload.com



ဇဝံ ဘော ပုရိသ ဇာနာဟိ၊
ပါပဓမ္မာ အသညတာ။
မာ တံ လောဘော အဓမ္မော စ၊
စိရံ ဒုက္ခာယ ရန္ဓယုံ။ ။

သူ့အသက် သတ်မှု၊ လိမ်လည်၍ ပြောဟောမှု၊ အရှင်မပေးသော ဥစ္စာခိုးမှု၊ သူတစ်ပါးအိမ်ရာ ပြစ်မှားကျူးလွန်မှု၊ သေရည်သေရက် သောက်စားမှုကိုသာ အစဉ်အားထုတ်၏။ ဤသူသည် ဤမျက်မှောက် (လောက) ဘဝ၌ပင် မိမိ၏ ကုသိုလ်အမြစ်အရင်းကို တူးဖြိုသည် မည်၏။

အိုယောက်ျား - ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်းမရှိကုန်သော သူတို့သည် ယုတ်မာသော သဘောရှိကုန်၏။ ဤသို့ သိပါလေလော့။

လောဘသည် လည်းကောင်း၊ ဒေါသသည် လည်းကောင်း၊ သင့်ကို ကြာရှည်စွာ ဆင်းရဲ စေရန် မပြုလုပ်ပါစေနှင့်။

က္ကတိဝုတ်ပါဠိတော်၊ တတိယဝဂ်၊ သုခပတ္ထနာသုတ် (၂၄၁)၌-

သီလံ ရက္ခေယျ မေဓာဝီ၊
ပတ္ထယာနော တယော သုခေ။
ပသံသံ ဝိတ္တလာဘဉ္စ၊
ပစ္စ သဂ္ဂေ ပမောဒနံ။ ။

မြန်မာပြန်။ ချီးမွမ်းခြင်းကိုလည်းကောင်း၊ စည်းစိမ်ဥစ္စာရခြင်းကို လည်းကောင်း၊ တမလွန်ဘဝဝယ် နတ်ပြည်၌ ဝမ်းမြောက်ဝမ်းသာ လားရောက်ရခြင်းကိုလည်းကောင်း။ ဤ ချမ်းသာသုံးပါးတို့ကို တောင့်တသော ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏။

http://www.dhammadownload.com



ဤသို့ လာသော သီလနှင့် စပ်ဆိုင်ရာ အဆိုအမိန့်ဟူသမျှကား-အကျိုးသီလမဟုတ်ဘဲ အကြောင်းသီလချည်းပင် ဖြစ်၍ ဦးထင် ထွင်သော အကြောင်းသီလနှင့်တော့ ဆက်စပ်၍ ရမည်မဟုတ်ပေ။

ယခု ထုတ်ပြသော "သီလစောင့်စည်းမှု" ဆိုင်ရာ ဂါထာများမှာ ဆုကြီးပန်သည်ပင် ဖြစ်စေ၊ မပန်သည်ပင်ဖြစ်စေ၊ ပုထုဇဉ်များ စောင့်သော သီလသာ ဖြစ်ကြပါသည်။

ဦးထင်ကား ပုထုဇဉ်များ မစောင့်ထိန်းနိုင်သော သီလဟူ၍ပင် ဆိုထားပါသေးသည်။ ဤမျှမက နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သော သိက္ခာပုဒ်တော်များကိုလည်း ပုထုဇဉ်မထိန်းသိမ်းနိုင်ဟု ဆိုလိုက်ပြန်သည်။ ယခုမျက်မှောက်ရှိ ရဟန်းသံဃာတော်များကိုပင် သိက္ခာပုဒ်တော် မထိန်းသိမ်းနိုင်သော ပုဂ္ဂိုလ်တွေ အလဇ္ဇီတွေဟု စွပ်စွဲရာ ရောက်မှန်းမသိ ရောက်မိလျက် ဖြစ်နေပေသည်။

ဦးထင်၏ - - "ကံမလုံတော့ သံသရာလည်၍၊ သံသရာရှည်မှ ပါရမီဖြည့်လို့ ပြည့်နိုင်မဲ့ ဆုကြီးပန်များ စောင့်တဲ့သီလ" ဟူသော သဘောသွားကိုဆိုထားရာ၌လည်း ဆုကြီးပန်များသည် သံသရာရှည်လျားသော ကုသိုလ်မျိုးကို ပါရမီဖြည့်ရန်အတွက် များများ ပြုလုပ်နေကြသည်ဟူသော အယူအဆမှား ပါစ်ခုကိုလည်း ပြောဆိုမှု ပြုမိပြန်ပါသည်။

ဘုရားဆုပန် ဘုရားအလောင်းတော်တို့သည် သံသရာကို ရှည်လျားဖို့ရာ မလိုလား၊ သဗ္ဗညုတဉာဏ်တော်သာ ရမည်ဆိုပါက ယနေ့ နက်ဖြန် အမြန်ပင် လိုချင်တော်မူကြသည့် အလောင်းတော်များ ဖြစ်ပါသည်။

http://www.dhammadownload.com



ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ ဟူသော အဓိပတိပစ္စည်း တရားတို့က လည်း အလွန့် အလွန် ထက်သန်ပြင်းပြ ခိုင်မာလှပါသည်။ စကြဝဠာ အပြည့် သျှားမီးကျီးခဲ၊ စကြဝဠာအပြည့် သားရဲတိရစ္ဆာန်၊ စကြဝဠာ အပြည့် ရေပြင်ကျယ်တို့ကို လက်နက်ကိရိယာတန်ဆာပလာ အကူ အညီမယူဘဲ မိမိကိုယ်အင်္ဂါဖြင့် လွန်မြောက်စေနိုင်ပါက ဧကန်စင်စစ် ဘုရားဖြစ်မည်ဆိုလျှင် ဖြစ်နိုင်ပါမလား၊ မတော်သေသွားမှဖြင့်ဟု ကြောက်သွေးမတုန် ရဲသွေးတော်အဟုန်ဖြင့်သာလျှင် ပြုလုပ်ဝံ့ရဲ အရဲခဲ မည်၊ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ဖြင့် အရယူရန် ဖြတ်သန်းကျော်နင်း ကူးခတ်ခြင်း ပြုမည့် ပုဂ္ဂလဝိသေသ အလောင်းတော်များဖြစ်၍ ဦးထင် ယူဆ သလို ကံမလုံ့မှ သံသရာရှည် ပါရမီဖြည့်နိုင်ဖို့ စောင့်ထိန်းသော အလောင်းတော်များ၏ သီလမဟုတ်ပါ၊ အလောင်း တော်များကား သဗ္ဗညုတဉာဏ် ရရန်အတွက် သီလကို စောင့်ထိန်းရာ၌ပင်-

(၁) သီလပါရမီ
(၂) သီလ ဥပပါရမီ
(၃) သီလပရမတ္ထ ပါရမီ-

ဟု သုံးမျိုးသုံးစား ရနိုင်ရန် စောင့်ထိန်းတော်မူကြခဲ့ပါသည်။ ယင်းသုံးမျိုးတို့တွင်-

- သီလပါရမီကို--ယုဓဉ္စရဇာတ်စသောဇာတ်တော်များစွာတို့၌ လည်းကောင်း၊
- သီလဥပပါရမီ၊ သီလပရမတ္ထပါရမီတို့ကို မာတုပေါသကဇာတ်, သင်္ခပါလဇာတ်-စသည်တို့၌လည်းကောင်း၊
- ပါရမီဖြည့်ကျင့်ပုံတို့ကို စရိယာပိဋကတ် သီလပါရမီနိဒ္ဒေသ၌

http://www.dhammadownload.com



လည်းကောင်း-များစွာပင်ဟောကြားတော်မူခဲ့ပါသည်။

ဣဓ မေ ပုည် ပဗ္ဗညျတညာဏတ္ထာယ ဟောတု။

ဟု-သဗ္ဗညုတဉာဏ် ရရန်ရကြောင်းသာ စိတ်တော်ဝယ် မှန်းထားလျက် သီလစောင့်ထိန်းခြင်းအမှု ပြုလုပ်ဆောင်ရွက်တော်မူကြသည်။

ထို့ကြောင့်-ဦးထင်၏ အယူအဆနှင့် ဘုရားအလောင်းတော်တို့၏ ပါရမီဖြည့်ရန် သီလစောင်ထိန်းပုံကား အထက်နှင့်အောက်၊ တောင်နှင့် မြောက်သို့ မီးခိုးကြွက်လျှောက်ဆိုသလို တောက်လျှောက်ကြီး အဓမ္မသို့ သက်ဝင်နေသည်ဟုဟု စောဒနာ(၈) လာ အလုံးစုံကို ခြုံငုံ၍ ဝိနည်းမိုရ်ဆရာတော်များက ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်တော်မူကြပါသည်။

## စောဒနာလွှာအမှတ် (၉)
## အင်္ဂုလိမာလဆိုင်ရာ သုံးသပ်ချက်

ဦးထင်သည် ကာယဒွစရိုက်ခေါ် ကာယကသောင်းကျန်မှု၊ ဝစီဒုစရိုက်ခေါ် ဝစီကံသောင်းကျန်းမှု၊ မနောဒုစရိုက်ခေါ် မနောကံသောင်းကျန်းမှုတို့တွင်၊ ကာယကံ သောင်းကျန်းမှု, ဝစီကံ သောင်းကျန်းမှု နှစ်မျိုးကိုကျူးလွန် သော်လည်း မဂ်တား ဖိုလ်တား အကုသိုလ်မဖြစ်။ မနောကံ သောင်းကျန်းမှုသာ မဂ်တား, ဖိုလ်တား သောင်းကျန်းမှု ဖြစ်၏-ဟူသော သဘော ပြောဟောရာတွင်-

အဲဒီတော့-ကာယကံသောင်းကျန်းမှု, ဝစီကံသောင်းကျန်းမှုသည်၊ မဂ်တရား, ဖိုလ်တရား, မတားဘူးဟုတ်လား၊ မနောကံသောင်းကျန်းမှုသာ မဂ်တရား. ဖိုလ်တရား တားကယ်ဆိုတာ-ဦးထင်ကဘယ်လိုဟာ အကိုးအကားလုပ်ပြောတာတုန်းတဲ့။

http://www.dhammadownload.com



အင်္ဂုလိမာလကြည့်လေ၊ အင်္ဂုလိမာလကြီးဟာသည် ကာယကံ သောင်းကျန်းမှု, ဝစီကံသောင်းကျန်းမှု မရှိဘူးလား၊ တကတဲ လူတွေ လက်ညှိုးတွေလိုက်ဖြတ်နေတဲ့ဥစ္စာ၊ ဒါထက် သောင်းကျန်းရဦးမှာလား၊ ဟောမြတ်စွာဘုရားနဲ့တွေ့တော့ သူ့မနောကံ မသောင်းကျန်းလို့ မြတ်စွာ ဘုရားပြောတဲ့ဥစ္စာ၊ နားလည်တာမဟုတ်လား၊ ဟုတ်ကြရဲ့လား၊ မနောကံ မသောင်းကျန်းလို့ မြတ်စွာဘုရားပြောတဲ့ဥစ္စာနားလည်တာ မဟုတ်လား၊ ဟုတ်ကြရဲ့လား၊ မနောကံမသောင်းကျန်းလို့ မြတ်စွာ ဘုရားဟောဒါတွေနားလည်လို့ ရဟန္တာဖြစ်သွားတာဟူ၍ အင်္ဂုလိ-မာလကို-ထည့်သွင်းသက်သေထူကာ မိမိစကားခိုင်မြဲရေးအတွက် ထင်ရှားသော လုပ်ရပ်များကိုလည်း ဖေါ်ပြထားပေသည်။

ထိုသို့ဖေါ်ပြခြင်းကပင်-သူ၏ဝါဒမှာမြတ်စွာဘုရားအလိုတော်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်အဖြစ်ကို "ကိုယ့်အမည်ကိုယ်ဖေါ် မသူတော်ခုနစ်ပါး" ဟူသော စကားပုံကဲ့သို့ ဖေါ်ပြမိလျက်သား ဖြစ်နေ ပါသည်။

အမှန် မဂ်တား၊ ဖိုလ်တား မနောကံကား အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာ ဒိဋ္ဌိသုံးမျိုး တွင်မိစ္ဆာဒိဋ္ဌိ-ဟူသည် သာမညမိစ္ဆာဒိဋ္ဌိမဟုတ်၊ နိယတမိစ္ဆာ ဒိဋ္ဌိ စွဲမြဲသောအယူမှားမှုကိုသာ ကာယဝစီတို့ထက် အပြစ်ကြီး ကြောင်းကို သတပဒိကပုစ္ဆာကျမ်းအမေးအဖြေတွင်-

မာန်လည်နှင့်မင်းကွန်းဆရာတော်ကြီးများက-

အမေး ။ ဟိတ်သုံးထွေအကြောင်းကြောင့်
မကောင်းမှုဖြစ်လေဘွယ်၊
ကာယဝစီနှင့် မနသီ သညာပြု

http://www.dhammadownload.com



သုံးခုကံဝယ်၊
ပြစ်ကြီးငယ် ဘယ်နှယ်ညှိနှိုင်း
ဘယ်ကံက ပိုမိုလို့
အကျိုးကို ဖြစ်စေသင့် ဟောဖွင့်မှန်တိုင်း။

အဖြေ = ဟိတ်သုံးထွေအကြောင်းကြောင့်၊
မကောင်းမှုဖြစ်လေဘွယ်၊
ကာယဝစီနှင့် မနသီသညာပြု၊
သုံးခုကံဝယ်၊
ပြစ်ကြီးငယ် သည့်နှယ်ညှိနှိုင်း၊
နိယတ်ကယ် မိစ္ဆာကြောင့်၊
မနောသာပိုမိုလို့၊
အကျိုးကိုဖြစ်စေသင့်၊
ကျမ်းဖွင့်မှန်တိုင်း-

ဟူ၍လည်းကောင်း၊ အမေးအဖြေ-လင်္ကာပြု၍ ရှင်းလင်းထားတော်မူခဲ့ကြပါသည်။

အင်္ဂုတ္တရပါဠိတော်နှာ (၃၅) ၌လည်း-

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊
ယံ ဘိက္ခဝေ မဟာသာဝဇ္ဇံ ယထယိဒံ ဘိက္ခဝေ
မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိပရမာနိ ဘိက္ခဝေမဟာသာဝဇ္ဇာနိ-

ဟူ၍ လည်းကောင်း။

၎င်း အဋ္ဌကထာ (၃၇၁)၌ လည်း-

ပဉ္စဟိ အာနန္တရိယကမ္မာနိ မဟာသာဝဇ္ဇာနိ တေဟိပိ
မိစ္ဆာဒိဋ္ဌိယေဝ မဟာသာဝဇ္ဇတရာတိ အဓိပ္ပါယော

ဟူ၍ လည်းကောင်း၊

http://www.dhammadownload.com



မနောကံသည် မိစ္ဆာဒိဋ္ဌိသာ-ကာယကံ ဝစီကံတို့ထက် ပို၍ ပို၍ အပြစ်ကြီးကြောင်း ဟောမိန့်ထားပါသည်။

ထိုအင်္ဂုလိမာလ၏ ရဟန္တာဖြစ်ခြင်းနှင့် ပတ်သက်၍ စောဒက ဆရာတော်များ၏ ရှင်းလင်း တင်ပြချက်များမှာလည်း ပြည့်စုံလှီ လောက်သော ရှင်းလင်းတင်ပြချက်များပင် ဖြစ်ပေရာ ဤမျှဖြင့် ရဟန္တာ ဖြစ်ရေးအတွက်သာ ဖြစ်သေးသည်ဟု သဘောတော်ရရှိကြပါသည်။ အရှင် အင်္ဂုလိမာလ၏ ကာယဒုစရိုက်, ဝစီဒုစရိုက်, ပြုလိုက်မိသော ကံနှင့်ပတ်သက်၍ စိစစ်ရာတွင် အရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်ရသော ကံသည် ကာယဒုစရိုက်, ဝစီဒုစရိုက်တည်းဟူသော အကုသိုလ်ကံ အကျိုးပေမည်ကို ကုသိုလ်ကံတစ်ပါးက-အကုသိုလ်ကံ တစ်ပါးကို ဥပစ္ဆေဒကကံ သဘောဖြင့် ဖြတ်လျက်ကျစေ၏-ဟူသော အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ(၁၁၀၊ ၁၁၁)သာကေဖြင့် ပြည့် ပြည့်စုံစုံ လုံလုံလောက်လောက် ထောက်ပြကန့်ကွက်ချက် တင်သွင်း သွားခဲ့သည်ကို ရတွေ့မြင်သိရှိပေသည်။

သို့အတွက် ဆရာကြီး ဦးထင်၏ အင်္ဂုလိမာလ ရဟန္တာဖြစ်ရေး ဆိုင်ရာ ဟောပြောသောစကားနှင့် “ကာယကံ သောင်းကျန်းမှုနှစ်မျိုးကို ကျူးလွန်သော်လည်း မဂ်တား, ဖိုလ်တား, အကုသိုလ်မဖြစ်၊ မနောကံ သောင်းကျန်းမှုသာ မဂ်တား ဖိုလ်တား သောင်းကျန်းမှုဖြစ်၏”ဟူသော စကားသည် ဘုရားဟောပါဠိတော် အဋ္ဌကထာလာ အဆိုပါ ထေရဝါဒ စကားရပ်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒဟူ၍ သာ ဆင်ခြင် သုံးသပ်တော်မူကြပါသည်။

http://www.dhammadownload.com



## စောဒနာလွှာအမှတ်(၁၀)

## ဗုဒ္ဓဘာသာနှင့် ဘုရားနိဗ္ဗာန်မှာ ရှိသည်ဟူသော စောဒနာလွှာကိုသုံးသပ်ချက်

စောဒကဆရာတော်များက ထုပ်ပြန်သော ဦးထင်၏ သက်သေခံ စာအုပ် စာမျက်နှာ ၅၇ (က) တွင်-

- "ဗုဒ္ဓဆိုတာ ဘုရား၊ ဘာသာ-ဆိုတာ အယူ၊
အဲဒါမှ ဗုဒ္ဓဘာသာတိုင်းပြည်လို့ ခေါ်ရတယ်။
အဲဒါကြောင့် ဘုရားနှင့်တွေ့အောင် ရှာကြပါ။
ဘုရားက ဦးထင်တိုက်လာလို့ ဘုရားနဲ့ မတွေ့ဘူး၊
ဦးထင်နဲ့သာ တွေ့မယ်။ ဘုရားက နိဗ္ဗာန်မှာရှိတယ်။
ဟော-ဘာပြုလို့ နိဗ္ဗာန်မှာ ပြောရတာတုန်း၊ ခန္ဓာကိုယ်ကြီး တဖွားဖွားနဲ့ ပျက်တာမြင်လို့-
(၁) ခန္ဓာကိုယ်ဆုံးရာ နိဗ္ဗာန်
(၂) ကုသိုလ် အကုသိုလ် ချုပ်ငြိမ်းရာ နိဗ္ဗာန်၊
(၃) ခန္ဓာငါးပါး ချုပ်ဆုံးရာ နိဗ္ဗာန် (သုညတနိဗ္ဗာန်)
(၄) ပြုပြင်ခြင်းမှ ကင်းသော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်၊
ဒါကြောင့်-ဘုရားက နိဗ္ဗာန်မှာ ရှိတယ်၊ တဖွားဖွားပဲ၊ ပရမတ်၊ ဒီပရမတ်ပဲ ဘုရား၊
ဒါကြောင့်- - ဘုရားနိဗ္ဗာန်မှာ ရှိတာယ်ဟု ထုတ်ပြလျက် ထားပါသည်။

စောဒကဆရာတော်များ၏ (က) (ခ) (ဂ) ကောက်ချက်များ တွင်-

http://www.dhammadownload.com



(က) အရ ဗုဒ္ဓဘာသာခေါ်ပုံကောက်ချက်၌-

ဗုဒ္ဓဘာသာကို အာဂမဝေါဟာရ ယုတ္တိပြလျက်-ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ဖေါ်ပြစောဒနာခဲ့သော စောဒနာချက်ကို သုံးသပ်ကြရာတွင် ပယ်ဖျက်ရမည့်အချက်၊ ထည့်စွက်ရမည့်စကား၊ လားလားမျှပင် မထင်မြင်ပါသောကြောင့် စောဒက ဆရာတော်တို့၏ အဆိုအတိုင်းပင် လက်ခံရပေမည်။

(ခ) အရ"ဘုရားကနိဗ္ဗာန်မှာရှိသည်"ဟူသောကောက်ချက်၌-

ခန္ဓာကိုယ်ကြီး တဖွားဖွားနဲ့ ပျက်တာမြင်လို့ နိဗ္ဗာန်မှာ ခန္ဓာကိုယ်ကုန်ဆုံးရာ နိဗ္ဗာန် စသည်အကြောင်းပြလျက် ဘုရားကနိဗ္ဗာန်မှာ ရှိတယ်ဟု ကောက်ချက်ဆွဲ၍ စောဒနာ ကြသည်မှာလည်း အာဂမပြလျက် အဓမ္မအဖြစ် စောဒနာကြပါသည်။ ဤ (ခ) အချက်ကို ဆက်၍သုံးသပ် ရသော် ဦးထင်သည် တည်ရာဌာနအဖြစ် ယူ၍ ပျက်တာ မြင်တွေ့ရလို့ ဘယ်မှာတွေ့ရသနည်း၊ နိဗ္ဗာန်မှာ တွေ့ရတယ်၊ ဒါကြောင့် ခန္ဓာကိုယ် ကုန်ဆုံးတာ နိဗ္ဗာန်မှာ တွေ့ရသောကြောင့် ဘုရားက နိဗ္ဗာန်မှာ ရှိတယ်ဟု ဆိုထားပါသည်။

၎င်းကို ထေရဝါဒကျမ်းဂန်များက-

ယထာ ပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ
သဘာဝဓမ္မော နာမ။ (အဘိဓမ္မတ္ထဝိဘာဝိနီ)

**အနက်**။ ။ ယဒိဒံ ယော အယံ သဘာဝဓမ္မောနာမ၊ အကြင် ပရမတ္ထ သဘောတရား မည်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထို

http://www.dhammadownload.com



ပရမတ္ထသဘောတရား မည်သည်။ ယတာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တိမတ္တမေဝ၊ ဖြစ်ခြင်း အမူအယာမျှသာတည်း။ ။

သဗ္ဗေပိ ဟိ မမ္မာ တံ တံ ကြိယာမတ္တာ ဟောန္တိ၊ န တေသု ဒဗ္ဗ ဝါ သဏ္ဍာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ။

(ပရမတ္ထဒီပနီ)

အနက်။ ' ။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ ပရမတ္ထ သဘောတရားတို့သည်။ တံတံကြိယာမတ္တာဝ၊ ထိုထိုကြံခြင်း သိခြင်း တွေ့ထိခြင်း အစရှိသောအမူအယာမျှတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုပရမတ္ထတရားတို့၌။ ဒဗ္ဗဝါ၊ အထည်ဒြပ်ကို လည်းကောင်း။ သဏ္ဍာနံဝါ၊ သဏ္ဍာန်ကို လည်းကောင်း။ ဝိဂ္ဂဟောဝါ၊ အကောင်အထည်ကို လည်းကောင်း။ နဥပလဗ္ဘတိ၊ မရအပ်။

အဓိပ္ပာယ်ကား - - မှန်ထဲမှာရှိနေသော လူရိပ် မျက်နှာရိပ်များသည် မျက်မြင်အားဖြင့် လူပကတိ မျက်နှာပကတိထင်ရ၏။ အသာထုတ်၍ ယူခြင်းငှာမူကား အနုမြူမျှယူစရာ-ရစရာမရှိ၊ အလွန်ကြည်လှစွာသော ရေထဲမှာ ထင်သောလူရိပ် နေရိပ် လံရိပ် တိမ်ရိပ် သစ်ပင်ရိပ်တို့သည် မျက်မြင်အားဖြင့် လူပကတိစသည် ထင်ရကုန်၏။ အသာထုတ်၍ယူခြင်းငှာမူကား အဏုမြူမျှ ယူစရာ ရစရာမရှိ။

ဤအတူ စိတ် စေတသိက်ဟူသော ပရမတ္ထတရားတို့သည် လည်းကြံမှု သိမှု, ကရိယာ အမူအယာတို့သာတည်း၊ သတ္တဝါ အနန္တ တို့၏

http://www.dhammadownload.com



စိတ် စေတသိက်ကို အကုန်လုံးပေါင်းစုံသော်လည်း အဏုမြူမျှ အကြိတ်အခဲရစရာမရှိ။ ထိုနည်းအတူ မဟာဘုတ်လေးပါးတို့တွင် တပါးပါး၊ ဥပါဒါရုပ် (၂၄) ပါးတို့ကိုလည်း အဏုမြူမျှ ယူစရာ ရစရာ မရှိ။

နိဗ္ဗာန်ခေါ်သော ချုပ်ငြိမ်းမှု ချုပ်ငြိမ်းခြင်းကိရိယာ ချုပ်ငြိမ်းခြင်း အမူအရာသည်ကား-ဖြစ်ပေါ်နေသော အရာမျိုးပင်မဟုတ်၊ အစဉ် ဖြစ်ပေါ်နေသော စေတသိက်ရုပ်တရားတို့၏ အဖြစ်ငြိမ်းမှု ဇာတ်သိမ်းမှု ပျောက်ကွယ်မှု ချုပ်ဆုံးမှုသာ ဖြစ်ပေ၏။

အထက်ပါ အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာနှင့် ပရမတ္ထဒီပနီလာ သာဓကစကားရပ်များဖြင့် ပရမတ္ထတရားအဝင်အပါ နိဗ္ဗာန်တရား သည် ကြွင်းပရမတ်သုံးပါးထက် အလွန်သိမ်မွေ့ရကား အဆင်း သဏ္ဌာန် ပုံဟန် အရိပ်, နိမိတ်ရှည်တို-ဘာဆို ဘာမျှမရှိ သန္တိသဘော ငြိမ်းအေးမှုသာလျှင် ရှိပါသည်။

ထိုသို့ သန္တိသဘောမျှရှိပုံနှင့်စပ်၍ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိ ကမ္မဇရုပ် ချုပ်ပြီးသည်နောက် လားရာကို ဝစ္ဆပရိဗိုဇ်က မြတ်စွာဘုရား အား မေးလျှောက်၍ မြတ်စွာဘုရားက ဖြေထား သည်ကို မဇ္ဈိမ ပဏ္ဏာသ၌ လာပါသည်၊ ၎င်းကား-

မေး။ ။ ရဟန္တာပုဂ္ဂိုလ်သည် စုတိကမ္မဇရုပ်ချုပ်ပြီးနောက် တစ်စုံတစ်ရာသို့ ကပ်လေ ရောက်လေသလော။

ဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်လေ ရောက်လေ၏ ဟူသော အရေအတွက်သို့ မရောက်လေ။

မေး။ ။ တစုံတရာသို့ မကပ်လေ၊ မရောက်လေသလော။

http://www.dhammadownload.com



ဖြေ။ ။ မကပ်လေ မရောက်လေဟူသော အရေအတွက် သို့လည်း မရောက်လေ။

မေး။ ။ တစ်စုံတစ်ရာသို့ ကပ်လေသည်လည်း ရှိ၏၊ မကပ်လေသည်လည်းရှိ၏၊ နှစ်ထွေလော၊

ဖြေ။ ။ တစ်စုံတစ်ရာသို့ ကပ်လေ၏ဟူ၍လည်း အရေအတွက်သို့မရောက်၊ မကပ်ဟူ၍လည်း၊ အရေအတွက်သို့လည်းမရောက်။

မေး။ ။ တစ်စုံတစ်ရာသို့ကပ်လေသည်လည်းမဟုတ်၊ မကပ်သည်လည်းမဟုတ်လော။

ဖြေ။ ။တစ်စုံတစ်ရာသို့ ကပ်လေသည်လည်း မဟုတ်၊ မကပ်သည်လည်း မဟုတ်ဟူသော အရေအတွက်လည်းမရောက်- ဟူ၍ဖြေတော်မူတော်အခါ-

ဝစ္ဆပရိဗိုဇ်သည် ဤ အဖြေနှင့် မကျေချမ်းနိုင်၍ လျှောက်ထားပြန်ရာ ဝစ္ဆပရိဗိုဇ် ကောင်းစွာကျေချမ်းစေခြင်းငှာ မီးပုံကြီးဥပမာဖြင့် မေးတော်မူလေ၏။

မေး။ ။ ဝစ္ဆပရိဗိုဇ်----သင်၏ရှေ့မှာ ကြီးစွာသော မီးပုံကြီးသည်ရှိလေရာ၏၊ သင်သည် ငါ၏ရှေ့မှာ ကြီးစွာသော မီးပုံကြီး ရှိသည်ဟု သိမည်လော။

ဖြေ။ ။ သိပါလိမ့်မည်။

မေး။ ။ ထိုအမီးပုံကြီး မီးတောက်ကြီးသည် မီးတောက် သဖြင့် ငြိမ်းကွယ်ပျောက်၍သွားလေရာ-ငါ၏ ရှေ့

http://www.dhammadownload.com



မှာ မီးပုံကြီး မီးတောက်ကြီး ငြိမ်းကွယ် ပျောက်၍ သွားပြီဟု သင်သိမည်လော။

ဖြေ။ ။ သိပါလိမ့်မည်။

မေး။ ။ ထိုမီးပုံကြီး မီးတောက်ကြီးသည် မီးစာကုန်သဖြင့် ငြိမ်းကွယ်ပျောက်၍သွားလေရာ ငါ၏ရှေ့မှာ မီးပုံကြီး မီးတောက်ကြီး ငြိမ်းကွယ်ပျောက်၍ သွားပြီဟု သင်သိမည်လော။

ဖြေ။ ။ သိပါလိမ့်မည်။

မေး။ ။ ထိုအခါ ထိုငြိမ်းလေပြီးသော ထိုမီးသည် အဘယ် အရပ်သို့ ကပ်လေရောက်လေသနည်းဟု မေးသော်- အဘယ်သို့ ဖြေမည်နည်း။

ဖြေ။ ။ အဘယ်အရပ်သို့ ကပ်လေ ရောက်လေတော့သည် မဟုတ်၊ မီးစာသစ်လည်းမထည့်၊မီးစာဟောင်းလည်း ကုန်လေသဖြင့် ထိုနေရာတွင်သာ ချုပ်ငြိမ်းခြင်းသို့ ရောက်သည်ဟု ဖြေပါမည်ဟု လျှောက်၏။

အနာဟာရော အနုပါဒါနော နိဗ္ဗုတောတွေ၀ သင်္ချံ ဂစ္ဆတိ။

အနာဟာရော၊ ဆီတည်းဟူသော **အစာမရှိသည်ဖြစ်၍**။ အနုပါဒါနော၊ စွဲစရာမီးစာမရှိသည်ဖြစ်၍။ နိဗ္ဗုတောတွေ၀၊ ငြိမ်းလေပြီဟူ၍ သာလျှင်။ သင်္ချံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ ခီဏော၊

http://www.dhammadownload.com



ကုန်လေပြီ။ နိဗ္ဗုတော၊ ငြိမ်းလေပြီဟူ၍ အတိတ်စကားဖြင့်သာ ပြောခွင့် ရှိတော့၏။ ယခုမရှိပြီဖြစ်၍ နုပပဇ္ဇတိ ဟူသော ပစ္စုပ္ပန် စကား၏ အရာမဟုတ်တော့ပြီ။

အကြင်ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို စွဲမှီ၍ ရဟန္တာပုဂ္ဂိုလ် ဟူသော ပညတ်သည် ဖြစ်၏၊ စုတိကမ္မဇရုပ် ချုပ်ပြီးသောအခါ ထိုခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြကုန် သဖြင့် ထိုရဟန္တာပုဂ္ဂိုလ်ဟူသော ထိုပုဂ္ဂိုလ်၏ ပညတ်သည်လည်း ပျောက်ကွယ်လေတော့၏။

(၁) ရူပက္ခန္ဓာ-အစဉ်ကို မှီ၍ဖြစ်သော ပညတ်မျိုးသည် ရူပက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့၏။

(၂) ဝေဒနာက္ခန္ဓာ-အစဉ်ကို မှီ၍ ဖြစ်သော ပညတ်မျိုးသည် ဝေဒနာက္ခန္ဓာ အစဉ်ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့၏။

(၃) သညာက္ခန္ဓာ- အစဉ်ကို မှီ၍ ဖြစ်သော ပညတ်မျိုးသည် သညက္ခန္ဓာအစဉ် ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့၏။

(၄) သင်္ခါရက္ခန္ဓာ-အစဉ်ကို မှီ၍ ဖြစ်သောပညတ်မျိုးသည် သင်္ခါရက္ခန္ဓာ အစဉ်ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့၏။

(၅) ဝိညာဏက္ခန္ဓာ-အစဉ်ကို မှီ၍ ဖြစ်သောပညတ်မျိုးသည် ဝိညာဏက္ခန္ဓာ အစဉ်ချုပ်ငြိမ်းလျှင် ကွယ်ပျောက်လေတော့၏။

http://www.dhammadownload.com



မီးစာကို စွဲမှီ၍ ဖြစ်သော မီးသည် မီးစာကုန်ဆုံးလျှင် ကုန်ဆုံး ကွယ်ပျောက်လေသကဲ့သို့တည်း။

ထိုသို့ စုတိကမ္မဇရုပ်အချုပ်တွင် ခန္ဓာငါးပါးကုန်ဆုံးသဖြင့် ခန္ဓာငါးပါးမှလည်းကောင်း၊ ထိုခန္ဓာငါးပါးကို စွဲမှီသော ဘုရားဟူသော ပညတ် ရဟန္တာဟူသောပညတ်၊ သတ္တဝါဟူသော ပညတ်မှလည်း ကောင်း၊ ကျွတ်လွတ်လေပြီးသောရဟန္တာပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာ ကဲ့သို့ အလွန်နက်နဲ ခဲယဉ်းလှ၏၊ လောကီလူသားတို့ ပြောဆို ကြသော "ဥပပဇ္ဇတိ၊ နုပ္ပဇ္ဇတိ" ဖြစ်၏, မဖြစ်၏ အစရှိသော ဝေါဟာရ မျိုး၏ အရာမဟုတ်။

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော်-လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းအတွင်းမှာ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏ တဏှာကျရာ, သရဏကျရာ, ဒီပကျရာ အစရှိသော အမည်တော် ပညတ်မှုတို့သည်သာ ယခုရှိကြကုန်တော့သည်။

ထိုမှရှေး---အနမတဂ္ဂသံသရာ၌ ပွင့်တော်မူကြကုန်သော ဘုရား ရှင်တို့၏ ခန္ဓာအစဉ်ကိုမှီ၍ ဖြစ်ကုန်သော ပညတ်တို့သည်ကား မရှိကြ ကုန်။

လူ့လောက နတ်လောက ဗြဟ္မာလောကအလယ်မှာ မပေါ် လာကြကုန်ပြီ၊ အတိတ်ဝတ္ထုအနေဖြင့်မျှ ပြောဆိုစရာ မရှိကြကုန်ပြီ။

ထိုလွတ်လေပြီးသော အနမတဂ္ဂသံသရာ၌ ပရိနိဗ္ဗာန် စံလွန် ကွယ်ဆုံးကြလေကုန်ပြီးသော ပုဂ္ဂိုလ်တို့၏ အသီးသီးသော ခန္ဓာ

http://www.dhammadownload.com



အသီးသီးသော အမည်ပညတ်တို့ကို သဗ္ဗညုဘုရားရှင်တို့သာလျှင် သိနိုင်ကုန်တော့သည်။

ဤ ဝစ္ဆသုတ်ဒေသနာတော်၌ မီးဥပမာနှင့်တကွ ရဟန္တာတို့၏ အသီးသီးသော ရုပ် ဝေဒနာ အစရှိသော ပရမတ္ထအစဉ် ပညတ္တိဓမ္မအစဉ်တို့၏ အကြွင်းအကျန်မရှိ ကွယ်လွန်ပုံကို ပြတော်မူသောကြောင့် ပရိနိဗ္ဗာနစုတိကမ္မဇရုပ် ချုပ်ပြီးသောနောက်၌ ထိုရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက်ဆက်နွယ်၍ သွားသော ပရမတ္ထတရားဟူ၍ အမြွက်ကလေးမျှမရှိပြီ၊ ပညတ်ရာဟူ၍အမြွက်ကလေးမျှမရှိဟု- လယ်တီဆရာတော်ဘုရားကြီး၏ နိဗ္ဗာနဒီပနီ (ဟံသာဝတီတိုက်) နှာ- ၇၂ -မှစ၍ လာရှိပါသည်။

(ဂ) အရ--တဖွားဖွားကိုပဲ ပရမတ်၊ ယင်းပရမတ်ကိုပဲ-ဘုရား၊ ဘုရားကနိဗ္ဗာန်မှာရှိတယ်ကိုး၊ တဖွားဖွားဖြစ်နေသော မရမတ်တရား တည်းဟူသော ဦးထင်၏စကားကို ဘုရားရှင်သည် နိဗ္ဗာန်မှာ ရှိသည် ဟု မကျေ့, မကောက် ဖြောင့်ဖြောင့် ယူလိုက်သော ကောက်ချက်၌-

ပရမော အဝိပရီတော အတ္ထော ပရမတ္ထော-

ဟူသော ဝိဂြိုဟ်အရနှင့် တဖွားဖွားဆက်စပ်သော မည်သည့်နည်း နှင့်မျှ "အံမဝင် ဂွင်မကျ "ဖြစ်နေရသည့်ပြင်-တဖွားဖွားဖြစ်နေသော ဘုရား ဟူသော အသုံးဖြင့် တည်ငြိမ်သော ဣန္ဒြေရှိသော ဘုရားကိုပင် မတည် မငြိမ် ဖြစ်အောင် သုံးစွဲထားသကဲ့သို့ပင် ဖြစ်ပါလေ၏။

ဤ"တဖွားဖွားပဲ ပရမတ်၊ ယင်းပရမတ်ပဲဘုရား"-ဟူသော စကားမှာ ပြောဟောစဉ်က ပေါ့ပေါ့ထား၍ ပြောငြားသော်လည်း-

http://www.dhammadownload.com



အရိဋ္ဌရဟန်း၏-

တထာဟံ ဘဂဝတာ ဓမ္မံ ဒေသိတံ အာဇာနာမိ ယထာ ယေ မေ အန္တရာယိကာ ဓမ္မာ အန္တရာယိကာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိသေဝတော နာလံ အန္တရာယာယာတိ။

နတ်ရွာနိဗ္ဗာန် ချမ်းမင်္ဂဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော မေထုနပဋိသေဝန (မေထုန်-ကာမဂုဏ်) တရားတို့ကို မြတ်စွာဘုရားဟောကြားအပ်ကုန်၏။ ထိုမေထုနပဋိသေဝန (မေထုန် ကာမဂုဏ်) တရားတို့ကို မှီဝဲသော ရဟန်းအား နတ်ရွာနိဗ္ဗာန်၏၊ ချမ်းမင်္ဂဖိုလ်၏ အန္တရာယ်မဖြစ်နိုင်-ဟူသော ဝတ္ထုကာမနှင့် ကိလေသာကာမ နှစ်မျိုး တန်းတူထား သဘောပေါက်သည်ထက်ပင် ဆိုးရွားလှသော စကားရပ်ဖြစ်ပါပေသည်။ စာပေကျမ်းဂန်လာ လမ်းမှန်ပြစကားများ ကား-

နာညတြိန္ဒြိယသံဝရာ။

သောတ္ထိံ ပဿာမိ ပါဏိနံ။ (သံ-၁၊ ၅၂)

ဒေဝပုတ္တ၊ ယခုဘာဝ စုတိကျလျှင် ဒုတိယဘဝ၌ ငရဲသားကြီးကျမည်ကို အလွန်အမင်း ကြောက်လန့်ခြင်းမရှိ၍နတ်သမီးငါးရာနှင့် တကွ တရားနာသော (သုဗြဟ္မ) နတ်သား။ ဣန္ဒြိယသံဝရာ၊ ဣန္ဒြေ ခြောက်ပါး စောင့်ထိန်းခြင်းကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏။ သောတ္ထိံ၊ ချမ်းသာရာချမ်းသာ ကြောင်းကို။ အဟံ-သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ ပညာစက္ခုဖြင့် ကြည့်ရှု၍ မြင်တော်မမူ။

http://www.dhammadownload.com



သံဝေဂဗဟုလော ဘိက္ခု၊
ဌိတော ကုန္ခြိယသံဝရေ။
ကုန္ခြိယာနိ ပရိညာယ၊
ဒုက္ခဿန္တံ ကရိဿတိ။ (ဝိသုဒ္ဓိ-၁၊ ၂။၁၂၄။)

သံဝေဂဗဟုလော၊ ပဋိသန္ဓေ အိုနာသေခြင်းအစရှိသော ဆင်းရဲအနန္တကို အလွန်အမင်းကြောက်လန့်ခြင်းရှိသော။ ဘိက္ခု၊ သံသရာဘေးကြီးကို ပညာဉာဏ်ဖြင့် အဖန်ဖန်ရှုသောသူသည်။ ကုန္ခြိယသံဝရေ၊ ကုန္ခြိယသံဝရသီလခြောက်ပါးတို့ကို။ ဌိတော၊ ရင်ထဲနှလုံးထဲ ဟဒယဝတ္ထုရုပ်ထဲ၌ အမြဲတည်စေလျက်။ ကုန္ခြိယာနိ၊ စက္ခုန္ခြေ သောတိန္ခြေ အစရှိသော ကုန္ခြေ (၂၂) ပါးတို့ကို။ ပရိညာယ၊ လောက၌ "ယုံချို လိပ်မွေး၊ ပုဇွန်သွေး၊ ခွေးလှေးတောင်ပံဖြူ" ဧကန်မရှိသကဲ့သို့၊ ပရမတ္ထအားဖြင့် ငါ သူတစ်ပါးယောကျာ်း၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါပုဂ္ဂိုလ် ငါ့ကိုယ်-သူ့ကိုယ် ဧကန်မရှိ၊ ရုပ်နာမ်နှစ်ပါးသာ ဧကန်ရှိပါတကားဟု ပိုင်းခြားသိမြင်၍။ (ဝါ) ပိုင်းခြားသိမြင်သောကြောင့်။ ဒုက္ခဿန္တံ၊ ပဋိသန္ဓေ အိုနာသေခြင်း အစရှိသော ဆင်းရဲအနန္တတို့၏ ကုန်ဆုံးရာမှန် အေးနိဗ္ဗာန်ကို။ ကရိဿတိ။ ယခုဘဝနောက်နောက်ဘဝတို့၌ ပစ္စက္ခမျက်မှောက် လေးမဂ်ဉာဏ်ဖြင့် အေးနိဗ္ဗာန်ကိုလျှင်မြန်စွာ သိမြင်ထင်ထင်ကြီး ပြုကြရလတ္တံ့။

ဤသို့ကုန္ခြေနှင့် စပ်၍စောင့်ထိန်းခြင်း၊ တည်ငြိမ်ခြင်းတို့သာလာရှိပါသည်။ ကုန္ခြေမတည် လျှပ်ပေါ်လော်လီသော သဘောကို "လောလမက္ကဋောဝိယ" လျှပ်ပေါ်လော်လီသော မျောက်ကဲ့သို့ဟု သုံးနှုန်းကြသဖြင့် ဦးထင်၏ တည်ငြိမ်မှုကင်းမဲ့၍ "တဖွားဖွား

http://www.dhammadownload.com



ဖြစ်နေသော ဘုရားမှာ တဖွားဖွားပဲ ပရမတ်၊ ယင်းပရမတ်ကိုပဲဘုရား။ ဘုရားက နိဗ္ဗာန်မှာ ရှိတယ်" ဆိုရာတွင် တည်ရာဌာနကင်းမဲ့သော နိဗ္ဗာန်မှာ ရှိနေသောဘုရားရှင်သည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရှင် အတုလဖြင့် အမွှမ်းတင်ထားသည့် သယမ္ဘူ ဘုရားရှင်တော့ ဖြစ်နိုင် စရာမရှိပါ။ ဖြစ်နိုင်သည်မှာကား ကောင်းကင်ဘုံနန်း၌ တည်ရှိသော ဘုရားသာ ဖြစ်နိုင်စရာရှိပါသည်။

သို့ပါသောကြောင့် ဤဦးထင်၏ "တဖွားဖွားပဲ ပရမတ်"-စသော စကားရပ်သည် ထေရဝါဒလာစကားရပ်များနှင့် ဟပ်မိခြင်းမရှိသော ချိုမြိန်ကောင်းမြတ်သော ဓမ္မအရသာမှ ကင်းကွာလျက် စပ်ခါး ပူလောင်သော အရသာများဖြင့် ပြွမ်းတီးသော အဓမ္မစကားသာ ဖြစ်ကြောင်း ဝိနည်းမိုရ်ဆရာတော်များက ယူဆသုံးသပ်တော်မူ ကြသည်။

## စောဒနာလွှာအမှတ် (၁၁)

## နိဗ္ဗာန်ဆိုင်ရာ စောဒနာလွှာသုံးသပ်ချက်

(က) ဦးထင်၏ သက်သေခံစာအုပ်နှာ (၅) တွင်-

"အသိဆိုတာ နိဗ္ဗာန်မှာရှိတယ်တဲ့"၂

ဟူသောစကားကို စောဒကဆရာတော်များကလည်း အာဂမထုတ်, သာဓကပြယုဂ်တို့ဖြင့် ထုတ်နုတ်တင်ပြစောဒနာပြုကြပြီး ဖြစ်ပေသည်၊ သို့ပါသော်လည်း "မြဲရာမှာ သံပတ် ကြပ်ရာမှာ သပ်ပင်း ချောင်းလျှင် ထွင်း" ဟူသော စကားအရ ထပ်မံ၍ သုံးသပ်ပေအံ့။

"အသိနိဗ္ဗာန်မှာရှိတယ်" ဟူသောစကားရပ်ကို ကောက်ချက် ချရာ၌ "အသိသည် နိဗ္ဗာန်၌ တည်၏" ဟုဆိုလိုသော အဓိပ္ပာယ်ကို နားလည်ရသည်။

http://www.dhammadownload.com



ယင်းတို့ကို ပုဒ်ခွဲပါက-

အသိကား = ကတ္တား
နိဗ္ဗာန်ကား -တည်ရာ
ရှိတယ်ကား - ကြိယာ-

ဟူ၍ ဤသို့ ပုဒ်ခွဲနိုင်၏၊ ထိုသို့ခွဲသော် နိဗ္ဗာန်သည် လူဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့ကဲ့သို့ ဘုံနန်းဗိမာန်ရှိသောသဘော သက်ရောက် နေပေသည်။

အမှန်မှာ-

အစ္ဆေရံ ဝတ နိဗ္ဗုတော၊
ဒိဂုနမ္ပိ အနာတတံ။
နာ မေဒိနိ အနာနာမံ၊
နာ တေဇနိ အနာဝတံ။ ။
အနာကာသံ နဒ္ဒါနဋ္ဌံ၊
နာကိဥ္စည်ပိ နေတာရံ။
နာသည် အပတိဋ္ဌမ္ပိ၊
တံ တိဋ္ဌာနံ သုတိဋ္ဌနံ။ ၊

အနက်

နိဗ္ဗုတော ဘေးတကာရှင်း၊ ရန်တကာကွင်းရသော နိဗ္ဗာန် အောင်ခန်း အေးမြို့နန်းတော်ကြီး။

http://www.dhammadownload.com



ဝတ-တဝ - အရှင်နိဗ္ဗာန်အောင်ခန်း၊ အေးမြို့နန်းတော်ကြီး၏၊

ရဝံ - ဝရံ = မြတ်လှစွာသော

ရံ = ရံသိ - အရောင်တော်သည်ကား၊

အစ္ဆေရံဝတ - အံ့ဩဘွယ်ကြီးပါတကား၊

ဘဝံ - အရှင်နိဗ္ဗာန်အောင်ခန်း၊အေးမြို့နန်းတော်ကြီးသည်။

ဒွိဂုနမ္ပိ - ကောင်ပေါင်းယှက်စပ်၊ နှစ်ရပ်သော၊ ဥဏှာဂူ သီဟ ဂူကြီးတို့၏လည်း၊

အနာတဝံ - အရောင်ရှိသည်မဟုတ်ပါဘဲလျက်၊

အနာတဝံ - အရောင်ရှိသည်နှင့် တူ၍နေတော်မူ၏၊

(ဝါ) နေရောင် လရောင် ရှိသည်ထက်ပင် ဝင်းဝင်း ပြောင်၍ နေ၏။

နိဗ္ဗုတေ - အိုဘေးရန်အပေါင်းကို ကြောက်လန့်လှသူ-ပရိနိဗ္ဗုတ-ပုဂ္ဂိုလ်တို့၏ ကိုးကွယ်လဲလျောင်း ပုံးအောင်းမှီခိုရာဖြစ်သော ရွှေထီးအေးမြို့တော်ကြီး၊

ဘဝံ - အရှင်နိဗ္ဗာန်ရွှေထီး၊ အေးမြို့တော်ကြီးသည်၊

အမေဒိနီ - ပြည်ရွာတပါး၊ မြို့တခြားတို့ကဲ့သို့ မြေလည်းမဟုတ်၊ မြေလည်းမရှိပါလျက်။

အမေဒိနီ - ပရိနိဗ္ဗုတ-ပုဂ္ဂိုလ်တို့၏ တည်ရာဌာန၊ ဖြစ်သဖြင့် မြေ၊ ရေ ရှိသည်ထက်ပင် ကြီးကဲလွန်မင်းသော တည်ရာ ဖြစ်၍ အလွန်အေးမြတော်မူပေ၏။

http://www.dhammadownload.com



အနာနာပံ - ရေလည်းမဟုတ်, ရေလည်းမရှိပါဘဲလျက်။

အနာနာပံ - တစ်ဆယ့်တစ်သီး-မီးသောင်းပြောင်းတို့ကို တစ်ပေါင်း တည်းငြိမ်းအေးစေနိုင်သည်ဖြစ်၍။ ရေမဟုတ်၊ ရေမရှိသည်လည်း မမည်၍ အလွန်အေးမြတော်မူပေ၏။

နာတေဇနိ - မီးလည်းမဟုတ်, မီးလည်းမရှိပါပဲလျက်၊

နာတေဇနိ - တစ်ရာ့ရှစ်ဖြာ၊ ရေတဏှာကို လွန်စွာကုန်ခန်းစေနိုင်သဖြင့်၊ မီးမဟုတ် မီးမရှိသည်လည်း မမည် အလွန်အေးမြတော်မူပေ၏။

အနာဝတံ = အနာဝါတံ-ခန္ဓာအိမ်ဟောင်း၊ ကိလေသာ သစ်ပင်ဟောင်းတို့ကို တစ်ပေါင်းတည်းပျက်အောင် တိုက်ဖျက် နိုင်သည်ဖြစ်၍-အလွန်အေးမြတော် မူပေ၏။

နိဗ္ဗုတေ = အိုး-မြေ ရေ လေ မီး၊ ခါတ်ကြီးလေးပါးမရှိပါဘဲ လျက် ဓာတ်ကြီးလေးရပ် ရှိသည်ထက်ပင် ပရိနိဗ္ဗုတအရှင်တို့၏ စင်စစ်ပုံးအောင်းရာ ဖြစ်တော်မူ ပေသော နိဗ္ဗာန်သာ ခေါင်ဘေးမဲ့တောင်တော်ကြီး၊

ဘဝံ - အရှင်နိဗ္ဗာန်သာခေါင် ဘေးမဲ့တောင်တောင်ကြီးသည်၊

အနာကာသံ- အခြားသော ဘုံတည်ရာဌာန ပဗ္ဗတများကဲ့သို့ ကောင်းကင်လည်းမဟုတ်၊ ကောင်းကင်လည်း မရှိပါပဲလျက်၊

http://www.dhammadownload.com



အနာကာသံ- အဘယ်တစိုးတစိဘေးမထိနိုင်ရာဖြစ်၍၊ အဇ္ဈော ကာသ, ကောင်းကင်ဝနှင့်တူ၍၊ အလွန်အေးမြ တော်မူပေ၏။

နိဗ္ဗုတေ - မြေ ရေ လေ မီးလည်းမထင်၊ မိုးကောင်းကင်လည်း မဟုတ်ပါဘဲလျက် ဘေးကိုကြောက်တတ်လှသူ ပုဂ္ဂိုလ်တို့၏-စင်စစ်ပျော်စံရာစခန်းအေးမြို့ နန်း တော်ကြီး။

တုဝံ - အလွန်ထူးဆန်း၊ အံ့မခန်းသည်၊ နိဗ္ဗာန်စခန်း၊ အေးမြို့နန်းတော်ကြီးသည်၊

နဒ္ဒါနဋ္ဌံ - အာနဋ္ဌနှစ်ရပ်၊ ဘုံနှစ်ထပ်လည်း မဟုတ်ပါဘဲလျက် အခြားသောဘုံတည်ရာဌာနများကဲ့သို့ နှစ်ပါးသော အဖို့ တို့ဖြင့် အစမထင် ဆုံးမမြင်၍ အလွန်ပင် အေးမြတော်မူပေ၏။

နိဗ္ဗုတေ - အို-အခြားသော ဘုံမြို့ရွာများကဲ့သို့ ဓါတ်လေးပါး လည်း မထင် မိုးကောင်းကင်လည်းမဟုတ်ရ၊ အာနဋ္ဌ ဘုံနှစ်မျိုး မှလည်း အလွတ်ဖြစ်လျက် ဝေနေယျတို့၏ ပုန်းအောင်း နေရာမဟုတ်သည် မဟုတ်သော အစ မထင် ဆုံးမမြင်သည့် နိဗ္ဗာန်ပြည်ကျော်အေး မြို့တော်ကြီး၊

တုဝံ - အရှင်နိဗ္ဗာန်ပြည်ကျော်-အေးမြို့တော်ကြီးသည်၊

နာကိဋ္ဌည် - အာကိဋ္ဌည, ဘုံဌာနလည်း မဟုတ်ပါဘဲလျက်၊

http://www.dhammadownload.com



အာကိဉ္စည် - အာကိဉ္စန်-အဘယ်တစ်စုံတစ်ရာသော တွက်တာဖြင့် ကြောင့်ကြစရာမရှိ၍ အလွန်အေးမြတော်မူပေ၏။

နိဗ္ဗုတေ - အို ဓါတ်လေးပါးရှိရာ ကာမရူပ ဘုံဌာနတို့၌လည်း မဝင်၊ အောက်အရူပတွင်လည်း မသွင်းရ ပရိနိဗ္ဗုတာတို့ စံရာလည်း ဖြစ်သော နိဗ္ဗာန်ရွှေထီး အေးမြို့တော်ကြီး၊

တုဝံ - နိဗ္ဗာန်ရွှေထီး၊ အေးမြို့တော်ကြီးသည်၊

နေတာရံ - နေဝသညာ နာသညာ ဘုံ၌လည်း မဟုတ်ပါဘဲလျှက်၊

ဣတရံ - ဆိုအပ်ခဲ့ပြီးသော အရပ်ရပ်သော ဘုံတို့မှလည်း တစ်ပါးဖြစ်၍ အလွန်အေးမြတော်မူပေ၏။

နိဗ္ဗုတေ - အို-ကာမရူပ အရူပတွင် ဘက်မဝင်သည့်၊ အရှင်နိဗ္ဗုမြတ် အအေးဓာတ်တော်ကြီး၊

တုဝံ - အရှင်နိဗ္ဗုမြတ် အအေးဓာတ်တော်ကြီးသည်၊

နာသည် - အသညသတ္တ၊ ဘုံဌာနလည်း မဟုတ်ပါဘဲလျှက်၊

အသည် - သညာထူးထွေ၊ နာမ်တရားလည်း မရှိသည် ဖြစ်၍၊

နာသည် - ဘေးကိုကြောက်သူ၊ တကဲ့လူတို့ မနှစ်သက်ရာမဟုတ်ပေ၍ အလွန်အေးမြတော်မူပေ၏။

နိဗ္ဗုတေ - အို ဘုံသုံးပါးကို လွှမ်း၍တက်တော်မူသော နိဗ္ဗာန်အောင်ခန်း အေးမြို့နန်းတော်ကြီး၊

http://www.dhammadownload.com



ဘဝ - အရှင်နိဗ္ဗာန်အောင်ခန်း၊ အေးမြို့နန်းတော်ကြီးသည်၊

အပတိဋ္ဌမ္ပိ - အခြားပြည်ရွာ၊ မြို့များစွာတို့ကဲ့သို့ မြေပေါ် ရေပေါ် ကောင်းကင်ပေါ်၌ပင် မတည်သော်လည်း၊

တံတိဋ္ဌာနံ - ထိုနိဗ္ဗာန်အောင်ခန်း၊ အေးမြို့နန်းတော်ကြီးပေါ်၌ ကိန်းအောင်းစံပျော်မွေ့လျော်ကြကုန်သော ပရိနိဗ္ဗုတ သခင်အရှင်မြတ်တို့၏၊

သုတိဋ္ဌာနံ - ကမ္ဘာမီး ကမ္ဘာရေ ကမ္ဘာလေကြမ်း၊ လူကြမ်း နတ်ကြမ်း ဗြဟ္မာကျမ်းတို့ ပျက်စီးအောင် မဖျက် ဆီးနိုင်၊ အလွန်ခိုင်ခံ့စွာ တည်နေရာဖြစ်၍၊ အလွန် အေးအေး မြမြကြီး ရှိတော်မူပါပေ၏။ အလွန် ချမ်းသာကြီးကြီး ရှိတော်မူကြပေ၏။

ဤကား မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂဘေဒနီကျမ်း (နှာ-၁၉၇မှ ၂၀၀အထိ) တွင် နိဗ္ဗာန်၌ အရောင်မရှိပါဘဲလျက် အရောင်အဆင်းရှိသည်ထက် ဝင်းပြောင်ခြင်း၊ မြေမဟုတ် မြေမရှိပါဘဲ လျက် ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ တည်ရာဌာနဖြစ်နိုင်ခြင်း၊ ရေလည်း မဟုတ်၊ ရေမရှိပါဘဲလျက် တစ်ဆယ့်တစ်ပါးသော မီးတို့ကို ငြိမ်းအေး နိုင်သောကြောင့် အလွန်အေးမြခြင်း။

နိဗ္ဗာန်၌ မီးမရှိ မီးမဟုတ်သော်လည်း တစ်ရာ့ရှစ်ဖြာ တဏှာတည်း ဟူသော ရေကိုခမ်းစေနိုင်သောကြောင့် အလွန်အေးမြတော်မူခြင်း၊

အခြားသော ဘုံတည်ရာ အရပ်များကဲ့သို့ လေမရှိသော်လည်း ကိလေသာတို့ကို တိုက်ဖျက်နိုင်ခြင်း၊

http://www.dhammadownload.com



ကောင်းကင်မဟုတ်, ကောင်းကင်မရှိပါဘဲလျက် ဘေးရန်မထိပါး နိုင်ခြင်းသို့ အစ, အဆုံးမထင်ခြင်း၊ မြေ, ရေ, လေတို့အပေါ်မတည် သော်လည်း ကမ္ဘာဖျက်ဆီး ရေ လေတို့ဖြင့်သော် လည်းကောင်း၊ လူကြမ်း, နတ်ကြမ်း, ဗြဟ္မာကြမ်း တို့၏ အစွမ်းတို့ဖြင့်သော် လည်း ကောင်း မဖျက်ဆီးနိုင်ခြင်းကြောင့် အလွန် အေးမြတော်မူသည်။

ဘုံနန်းဗိမာန်မရှိသည်ကို ဧကတ္တဒေါသကို လွန်၍ သမာဓိဂုဏ် မြောက်အောင် ရေးသားတော်မူခဲ့ပါသည်။

ဤညွှန်ပြပြီးသော စကားရပ်များဖြင့်ပင် ဦးထင်၏ (အသိ-ဟာ နိဗ္ဗာန်မှာရှိတယ်) ဟူသော စကားမှာ ထေရဝါဒလာ မှတ်ကျောက်ကြီး လေးခုဖြစ်သော-

(၁) သုတ္တ (ဝိနည်းပိဋက ပါဠိတော်များ)

(၂) သုတ္တာနုလောမ (မဟာပဒေသလေးပါး)

(၃) အာစရိယဝါဒ (သံဂါယနာတင် ရဟန္တာရှင်မြတ်တို့ ထားအပ်သော ပါဠိမုတ္တကဝိနိစ္ဆယများနှင့် အဋ္ဌကထာ များ)

(၄) အတ္တနောမတိ(အထက်သုံးဝါဒကိုလွတ်၍မှန်းဆသော အားဖြင့်ဉာဏ်အား ထင်သည့်အလျောက် ဆိုအပ် သော အယူအဆ)

အဆိုပါလေးပါးတို့ဖြင့် ဝိနည်းမိုရ်ဆရာတော်များက (အယုတ္တ ဘာသိတ) မသင့်တင့်သော ပြောဆိုခြင်းမျှသာ ဖြစ်သည်ဟု ထင်မြင် သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



နိဗ္ဗာန--သင်္ခတ, အသင်္ခတ

နိဗ္ဗာန်၏--သင်္ခတ, အသင်္ခတ နှစ်မျိုးယူဆထားသည်ကို စောဒနာ ဆရာတော်များက ဓမ္မသင်္ဂဏီပါဠိတော်၌-

သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ-အရဖြင့် ရှင်းလင်းစောဒနာ၍ အဓမ္မဟူ၍ ဆုံးဖြတ်ရန် လျှောက်ထားသွားကြပါသည်။ ယင်းကို အသေးစိတ်သုံးသပ်ရသော်- မြတ်စွာဘုရား သခင်သည်-

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော ကတမာ ဒွေ- သဉပါဒိ သေသာ စ နိဗ္ဗာနဓာတု အနုပါဒိ သေသာ စ နိဗ္ဗာနဓာတု။

ဟု အစချီလျက်-

(၁) သဉပါဒိသေသနိဗ္ဗာန်

(၂) အနုပါဒိသေသ နိဗ္ဗာန်

ဟု နှစ်မျိုးဟောတော်မူခဲ့ပါသည်။

ယင်းနှစ်မျိုးကို လယ်တီဆရာတော်ဘုရားကြီးက ကံ၏အကျိုး ဖြစ်သော ခန္ဓာငါးပါးသည် တဏှာဒိဋ္ဌိတို့၏ အကျိတ်အခဲ စွဲလမ်းရာ ဖြစ်၍ "ဉပါဒိ"မည်၏ဟု "ဉပါဒိ" အရကောက်ပြတော်မူ၏။

ဆောင်ပုဒ်။ ။သဉပါဒိ၊ သေသနိ၊ ကြွင်းရှိငါးရပ်ခန်။

(နိ) အရကား- နိဗ္ဗာန်တည်း။ ဘဝခန္ဓာ သံသရာ အကြွင်း အကျန် ရှိနေစဉ်အခါ ပေါက်ရောက်ရရှိ ခံစံကြရသော နိဗ္ဗာန်သည် သဉပါဒိ သေသနိဗ္ဗာန်မည်၏။

သောတာပန်တို့၌ ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု ခပ်သိမ်းသော ဒုစရိုက် ကံတို့၏ ချုပ်ငြိမ်းမှု အပါယ်သံသရာကြီး၏ ချုပ်ငြိမ်းမှုကို ဆိုသတည်း။

http://www.dhammadownload.com



ထိုသဉပါဒိသေသနိဗ္ဗာန်သို့ရောက်ကြ၍ ထိုနိဗ္ဗာန်၌ တည်နေကြကုန်သော သောတာပန်တို့အား အပါယ်လေးပါး တည်းဟူသော ဒုဂ္ဂတိသံသရာ မရှိကြကုန်ပြီ။

ဘုန်းတန်ခိုးကျက်သရေနှင့် ပြည့်စုံသော လူ့ဘဝနှင့် နတ်ဘဝ ဗြဟ္မာဘဝဟူသော ဥပါဒိတရား ကျန်ရှိသည့်အတွက် "သဉပါဒိသေသ" ခေါ်ဆိုရသတည်း။

(ကြွင်းအရိယာတို့၌လည်း ထိုက်သည်အားလျော်စွာ သိပါလေ)။

ဆောင်ပုဒ်။ ။အနုပါဒိ၊ သေသနိ၊ မရှိငါးရပ်ခန်။

ခန္ဓာကြွင်း ဘဝကြွင်း သံသရာကြွင်း အလျှင်းမရှိသော အဆုံးစွန်သော ပရိနိဗ္ဗာန်စံမှုသည် အနုပါဒိသေသနိဗ္ဗာန် မည်၏။

ဤနိဗ္ဗာန်နှစ်ပါးသည်၊ ကျန်ရှိနေသော ဘဝခန္ဓာ သံသရာအတွက်နှင့် "ထမနဲနှင့်ယာဂု"ဟူသောစကား ကဲ့သို့ အခေါ်သာကွဲလွဲကြသည်၊ တစ်ခုတည်းသော အသင်္ခတ မဟာနိဗ္ဗာန်ချည်းဟု ဥပမာပြုလျက် ရှင်လင်းဖော်ပြတော်မူပုံမှာ တစ်ခုသော မိုးကောင်းကင်ကြီးကိုပင် ရပ်ပေါ်ရွာပေါ်မှာ ရှိသည်ကို ရွာကောင်းကင် ရွာမှကျွတ်လွတ်ရာ၌ ရှိသည်ကို တောကောင်းကင်ဟူ၍ ဆိုအပ်သကဲ့သို့တည်း။ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ အပါယ်သံသရာတို့ချုပ်ငြိမ်းမှုမှစ၍ ထဆက်ထည်း တစ်ပြင်တည်း တစ်ခုတည်းသာတည်းဟု မိန့်ဆို၏။

တစ်ဖန် သင်္ဂဟ အဋ္ဌကထာ၌လည်း-

သုညတံ အနိမိတ္တံ အပ္ပဏိဟိတဉ္စာတိ တိဝိဓံ ဝေါဟာတိ၊
အာကာသမိဝ အသေဒေန။

http://www.dhammadownload.com



**အနက်**။ ။သုညတန္တိ၊ ပလိဗောဓခပ်သိမ်းတို့မှ ကင်းငြိမ်း ဆိပ်ငြိမ်သော သုညတနိဗ္ဗာန်သည်လည်းကောင်း။ အနိမိတ္တန္တိ၊ သင်္ခါရနိမိတ်အရိပ် အသွင် ထင်မှုခပင်းမှ ကင်းရှင်းသော အနိမိတ္တ နိဗ္ဗာန်သည်လည်းကောင်း။ အပ္ပဏိဟိတန္တိ၊ တောင့်တခြင်း ခပ်သိမ်းမှု ကင်းငြိမ်းရာဖြစ်သော အပ္ပဏိဟိတနိဗ္ဗာန်သည်လည်းကောင်း။ က္လတိ၊ ဤသို့။ အာကာရဘေဒေန၊ ဆိပ်ငြိမ်ခြင်း အစရှိသော အခြင်းအရာအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**ဆောင်ပုဒ်**။ ။ သုညနိမိတ်၊ ပဏိတိတ်၊ ဖြစ်စိတ်သုံး နိဗ္ဗာန်။

နိဗ္ဗာန်သည် - သုညတနိဗ္ဗာန်

အနိမိတ္တနိဗ္ဗာန်

အပ္ပဏိဟိတ နိဗ္ဗာန်-

ဟူ၍ သုံးမျိုးပြား၏။

**ဆောင်ပုဒ်**။ ။ပလိဗောဓ၊ ကြောင့်ကြသဖွဲ့၊ ကင်းဆိပ်ညံ၊ နိဗ္ဗာန်သုညတ။

သင်္ခတဓမ္မအပေါင်းတို့တွင် အရဟတ္တဖိုလ်သည် အမြတ်ဆုံးတည်း။ ထိုအရဟတ္တဖိုလ်သည် ဇာတိရှိသောတရားမျိုးဖြစ်၍ ရရှိပြီးနောက် ဝင်စားလိုပြန်သည်ရှိသော် ဖြစ်ပေါ်ရန် အကြောင်း အခွင့်တွေကို ကြောင့်ကြစိုက်နိုင်မှုဖြစ်ပေါ်၏။ ဖြစ်ပေါ်၍ ခံစား စံစားဆဲမှာပင် မတ်တတ်ချုပ်ပျက်ကွယ် ပျောက်၍သွား၏၊ ခံစားလိုပြန်လျှင်တစ်ဖန် ကြောင့်ကြစိုက်ရပြန်၏၊ ကြောင့်ကြစိုက်မှုပလိဗောဓ မဆုံးရှိနေ၏။ ထိုမှ ကြွင်းသော သင်္ခါရတို့၌ ဆိုဖွယ်မရှိ။

http://www.dhammadownload.com



နိဗ္ဗာန်သည်ကား ထိုကဲ့သို့မဟုတ်၊ ဇာတိကင်းငြိမ်းသော ဇာတ်သိမ်းမှုဖြစ်ပေ၍ သက္ကာယဒိဋ္ဌိ အမြီးချုပ်ငြိမ်းခြင်းကို တစ်ကြိမ်ရရှိသည့်နောက် ထိုဒိဋ္ဌိငြိမ်းမှု အပါယ်သံသရာ ငြိမ်းမှုသည် ဘဝအဆက်ဆက်ကမ္ဘာအဆက်ဆက် အမြဲတည်လေတော့သည် ဖြစ်၍ ထိုငြိမ်းမှုအတွက်နှင့် ကြောင့်ကြစိုက်ဖွယ်ကိစ္စတစ်စုံတစ်ခုမျှမရှိပြီ၊ သီတာသမုဒ္ဒရာကြီး၏ အတွင်းမှာနေသော ငါးကြီးတို့ကဲ့သို့ ထိုငြိမ်းမှုအနမတဂ္ဂကြီးအတွင်းမှာ ကျင်လည်ကာနေရတော့သည်။ ထို့ကြောင့် သုညတာဟူ၍ ခေါ်သည်။

ဆောင်ပုဒ်။ ။ဘေးပေါင်းတစ်ရံ မဆက်ဆန်၊ နိဗ္ဗာန်အနိမိတ္တ။

သင်္ခတဓမ္မမည်သည် ဇာတိရှိသောကြောင့် ရုန့်ရင်းသော အရိပ်နိမိတ်ရှိခြင်းကြောင့် ဘေးအပေါင်းနှင့် တစ်ရံမစဲ အမြဲဆက်ဆံ၏၊ အဇ္ဈတ္တဘေး ဗဟိဒ္ဓဘေးတို့ ထိပါးနိုင်၏၊ ကိလေသာတို့ သုံးသပ် နိုင်၏၊ ဇရာမရဏမီးတို့လောင်နိုင်၏။

နိဗ္ဗာန်သည်ကား -ထိုကဲ့သို့မဟုတ်၊ အနိမိတ္တဓမ္မသာဖြစ်၏၊ ထိုဘေးတို့ မထိပါးနိုင်။

ဥပမာကား-- ကောင်းကင်ကြီးသည်- ဇာတိနှင့် ဖြစ်ပေါ်သော အကျိုးမျိုး မဟုတ်သောကြောင့် လက်နက်ဘေးတို့ မထိပါးနိုင်၊ မစင်စသော အညစ်အကြေးတို့ မလိမ်းကျံနိုင်၊ မီးတို့မလောင်နိုင် ဟောင်းနွမ်းဆွေးမြည့်သည်မရှိ၊ ပြိုပျက်ကွယ်ဆုံးသည်မရှိ၊ အနမတဂ္ဂ သံသရာနှင့်အမျှ နိစ္စတည်ရှိ၏။

http://www.dhammadownload.com



ထို့အတူ သောတာပန်ပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိဝိစိကိစ္ဆာတို့၏ ချုပ်ငြိမ်းမှု အပါယ်သံသရာ၏ ချုပ်ငြိမ်းမှုဟူသော နိဗ္ဗာန်သည် ဘေးအပေါင်းတို့ မထိပါးနိုင်၊ ကိလေသာတို့ မလိမ်းကျံနိုင်၊ ဇရာမရဏ-မီးတို့ မလောင်နိုင်၊ ထိုချုပ်ငြိမ်းမှုကို ဘေးဒဏ်ထိ၍ဆွေးမြည့်ကုန်ခန်းမည်ကို ကြောင့်ကြစိုက်ဖွယ်မရှိ၊ သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ် အဖြစ်သို့ ပြန်ရောက်မည်ကို ကြောင့်ကြဖွယ်မရှိ၊ အပါယ်သို့ကျရောက်မည်ကို ကြောက်ကြဖွယ်မရှိ ထို့ကြောင့် နိဗ္ဗာန်ကို အနိမိတ္တ ဆိုသနည်း။

**ဆောင်ပုဒ်။** ။တောင့်တပူပန်၊ မဆက်ဆံ၊ နိဗ္ဗာန် အပ္ပဏိတ။

တောင့်တခြင်းသည် ပဏိဟိတ မည်၏၊ ပူပန်မှုသက်သက်တည်း၊ ဒုက္ခအများကို ပွားစေတတ်၏၊ သဉ်တဝမ္မမည်သည် ကောင်းမွန်သော တရားကို ရအောင်အားထုတ်၍ရရှိသော်လည်း ကုန်ခန်းခြင်းသဘော ရှိသောကြောင့် မွဲမြဲမွဲပြန်၏၊ ဆင်းရဲမြဲဆင်းရဲပြန်၏၊ တောင့်တပူပန်မှု အဆုံးမရှိ။

သောတာပန်တို့အား ရရှိ၍နေသော ထိုငြိမ်းမှုသည်ကား အဘယ် အခါမှာမျှ ပျက်ကွက်ဆုံးခြင်းမရှိ၊ တစ်ဖန်တောင့်တရန်မရှိ၊ ဒိဋ္ဌိချုပ်ငြိမ်းမှု ပျောက်ကွယ်သွားပြန်၍ ဘုရားကို တောင့်တရပြန်သည်မရှိ၊ တရားကို တောင့်တရပြန်သည် မရှိ၊ ဒုစရိုက်ချုပ်ငြိမ်းမှု ပျောက်ကွယ်သွားပြန်၍ ဒါနကို အထူးအားထုတ်ရပြန်ပြီ၊ သီလကို အထူးအားထုတ်ရပြန်ပြီဟူ၍မရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကို အပ္ပဏိဟိတ ဟူ၍ဆိုပေသည်။

ထိုအမည် သုံးပါးသည် တစ်ခုသော အဖြစ်ငြိမ်းမှု ဇာတ်သိမ်းမှု၏ အမည်သာတည်း။ အရိယာပုဂ္ဂိုလ်တို့တွင် သောတာပန်သည် အညံ့

http://www.dhammadownload.com



ဆုံးငြိမ်းချမ်းမှုသည်ပင်လျှင် အနမတဂ္ဂ ကြီးကျယ်လှပေ၏။ ကြွင်းသော ပုဂ္ဂိုလ်၏ ငြိမ်းမှုမှာ ဆိုဖွယ်ရာမရှိပေဟု သိစေခြင်းငှာ သောတာပန်၏ နိဗ္ဗာန်ကို ထုတ်ဖော်ပြဆိုလိုက်ပါသည်။

ထိုပြဆိုပြီးသော နိဗ္ဗာန်တို့အပြင် မူလပဏ္ဏာသ၊သလ္လေခသုတ် ပါဠိတော် (မ-၁။၅၆။) ၌-

စတ္တာလီသ ပဒါဝုတ္တာ၊ သန္ဓယော ပဥ္စ ဒေသိတာ။
သလ္လေခေါ နာမ သုတ္တန္တော၊ ဂမ္ဘီရော သာဂရူပမော။

ဟု နိဂုံးအုပ်ချုပ်လျက် အချုပ်ပြသော "သလ္လေခ"သည်-

တဿ ဧဝ မဿ သလ္လေခေန ဝိဟာရာမီတိ န ခေါ
ပနေတေစုန္ဒ အရိယဿ ဝိနယေ၊သလ္လေခါ ဝုစ္စန္တိ၊ ဒိဋ္ဌဓမ္မသုခ
ဝိဟာရာ ဧတေ အရိယဿ ဝိနယေ ဝုစ္စန္တိ။ မ-၁။ ၄၉။

သလ္လေခသုတ်၌ အရိယာတို့၏ အဆုံးအမသာသနာတော်၌ "သလ္လေခ"ကိုသလ္လေခဟုမဆို၊ ဒိဋ္ဌဓမ္မသုခဝိဟာရဟုဆို၏ ဟုမိန့်ဆိုချက်ကို လယ်တီဆရာတော် ဘုရားကြီးက နိဗ္ဗာနဒီပနီတွင် "တစ်ခဏာသာ အဖြစ်ငြိမ်းသောကြောင့် တဒင်္ဂနိဗ္ဗာန မည်သတည်း"ဟု မိန့်ကြားတော်မူကာ တဒင်္ဂ နိဗ္ဗာန်ပေါင်းများစွာ ထုတ်ပြတော်မူခဲ့ပါသည်။

ထိုများစွာသော နိဗ္ဗာန်တို့တွင်လည်း ဦးထင်၏နိဗ္ဗာန်နှင့် ပတ်သက်သောဟောပြောချက်များသည် မြတ်စွာဘုရားဟော ပါဠိတော်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြသောကြောင့် "ဝိတဏ္ဍ ဝါဒီ" (ကြံဆအယူရှိသူ)တို့၏ စကားရပ်များဖြစ်ကြောင်း မှတ်ယူ သုံးသပ်တော်မူကြပါသည်။

http://www.dhammadownload.com



## သဗ္ဗသမောဓာနနိဂမဝိစရဏာ

## ပေါင်းရုံးသုံးသပ်စိစစ်ချက်

စောဒကဆရာတော်များ၏၊ စောဒနာ (၁၁)ချက်တွင် မပါဝင်သေးသည့် သက်သေခံစာအုပ် သက်သေခံဓါတ်ပုံများမှ စိစစ်သုံးသပ်ဖွယ်ရာ အချက်အချို့တို့ကို ပေါင်းရုံး စိစစ်သုံးသပ် ဆုံးဖြတ်သင့်သည်ဟု နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (ဂ)က ယူဆသောကြောင့် အောက်ဖော်ပြလတ္တံ့ပါအတိုင်း စိစစ်သုံးသပ် ဆုံးဖြတ်ကြပါကုန်အံ့။

ယင်းသို့စိစစ်သုံးသပ်ဆုံးဖြတ်ရာတွင် ထင်ရှားသော အမှားကိုကား စာမျက်နှာများပြားရုံမှအပ အကျိုးမများ မတိုးပွားသည့်အတွက် ချန်လှပ်ထားခဲ့ကြပါမည်။ သို့ရာတွင် လိုအပ်သည့် အချက်များကိုသာ ထုတ်နုတ်သုံးသပ်ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။

သက်သေခံစာအုပ်စာမျက်နှာ (၈၁)တွင်-

ထွန်တုံးလက်ကျန်ဝါဒဟော ဦးထင်နှင့်သက်တော်(၈၂)၊ ဝါတော်(၆၂)ရှိဆရာတော်ဘုရားကြီး ဦးကေသရတို့ မေး ဖြေရှင်းလင်းချက်တွင် ဆွမ်းသွတ်ခြင်း ဆွမ်းစဉ်ခြင်း သို့မဟုတ် သပိတ်သွတ်ခြင်း စသည်ဖြင့် အမည်နာမ ဒေသအလိုက်ခေါ်ဝေါ်မှုကွဲပြားသော်လည်း (မတကဘတ္တ) သေသူကို ရည်မှန်း၍ လှူဒါန်းခြင်းကိစ္စနှင့် ပတ်သက်၍ ဦးထင်ဟောပြောထားသည်မှာ-

(က) တပည့်တော်သွတ်လို့လည်း မကျွတ်ပါဘုရား၊

(ခ) ကိုယ်တော်တို့သွတ် (ဆွမ်းသွတ်)လို့လည်း မကျွတ်ပါဘုရား၊

http://www.dhammadownload.com



(ဂ) သေတဲ့သူက-သူ့ဘာသာ သူသွတ် (ဆွမ်းသွတ်) သွားတာဘုရား၊

(ဃ) ကိုယ်တော်တို့သရဏဂုံ၊ ရေစက်ချထဲမှာပါတယ်ဘုရား "ကာလက်တာနံ့, ပေလက်တာနံ့"

ဘဝတစ်ပါးပြောင်းသွားသောသူအား (ဥဒ္ဒိဿ၊ ရည်မှန်း၍-ဟုပါ ပါတယ်ဘုရား

(င) တပည့်တော်က အတတ်သိလို့ ငါတပည့်များ သေရင် ဆွမ်းမသွတ်ကြနဲ့လို့ ပြောထားတာဘုရား၊

(စ) မသေမီကာလ တပည့်တော်ခိုင်းထားတဲ့ တရားအားထုတ်နေကြတာဘုရား၊

ဝင်လေလို့လည်း မဆိုရ၊ ထွက်လေလို့လည်း မဆိုရ၊ သိသိလို့လည်းမဆိုရတဲ့ အသိလေးနဲ့ နှာသီးဖျားမှာ အသိခိုင်းထားတာ၊ အဲဒါလေးသူတို့က သိနေကြတယ်ဘုရား။ သိနေကြတော့ လောဘ ဒေါသ ပေါက်ပွားသေးသလား ဘုရား၊ လောဘ ဒေါသ မပေါက်ပွားရင် အပါယ်လေးပါးကျစရာ ရှိသေးသလားဘုရား၊ အပါယ်လေးပါးကျစရာမရှိဘဲနှင့် ဘယ်သူကိုပင့်ပြီး ဆွမ်းသွတ်နေရဦးမလားဘုရား-

ဟူသော စကားရပ်များကို အမေးအဖြေအနေဖြင့် ဟောပြောခဲ့ပါသည်။

သုံးသပ်ရသော်- (င)အမှတ်ပြစကားရပ်တွင်--

- တပည့်တော်က-အတတ်သိလို့ ငါ့ တပည့်များ သေရင် ဆွမ်းမသွတ်ကြ နဲ့လို့ ပြောတာဘုရားဟူသော စကားရပ်၊

http://www.dhammadownload.com



- ကျုပ်က မိမိခန္ဓာကိုယ်ကြီးကို တဖွားဖွားနဲ့
ပျက်လာကာ တစ်ကြိမ်တည်းမြင်သေးလို့
(သူတကာ့ ကို အာရုံပြု မကြည့်နိုင်ဘူးတဲ့)
(သက်သေခံစာအုပ်နှာ-၁၈)

ယင်းစကားနှစ်ရပ်ကို ဆက်စပ်၍ကြည့်သော် အတတ်သိလို့ ဟူသောစကားမှန်ခဲ့သော် သူတကာကို အာရုံပြုမကြည့်နိုင်သေး--- ဟူသော စကားသည် မှားရာ၏။

သူတကာကို အာရုံပြုမကြည့်နိုင်သေး---ဟူသော စကားသည် မှန်ခဲ့သော်" အတတ်သိလို့" ဟူသော စကားသည် မှားခဲ့ရာ၏။ ဤသို့ တစ်နေရာ တစ်ချိန်နှင့် တစ်ချိန် စကားများကွဲပြားခြားနားစွာ သုံးထားခြင်းကို ကြည့်မည်ဆိုပါက ရောက်တတ်ရာများထင်ရာမြင်ရာ ပြောဟောသော ဦးထင်၏ "ငါတကော " ဝါဒသာ ဖြစ်ပါသည်။

ပေတကိစ္စ၊ ဥဒ္ဒိဿကား၊ ရည်ထပေးပြု၊ သာဓုခေါ်တတ်၊
လှူခံမြတ်မှ သေသူရ၏-

ဟု(မာဃဒေဝ)လင်္ကာတွင် ဆွမ်းသွတ်၊ သပိတ်သွတ်၊ ဆွမ်းစဉ်၊ အမည်ပညတ်အားဖြင့် ဘယ်လိုပင် ခေါ်အပ် လည်း သေသူကို ရည်ညွှန်း၍ ပေးလှူခြင်းသာ ဖြစ်ပေသည်။ ယင်းသို့သေသူကို ရည်ညွှန်း၍ ပေးလှူခြင်း ပြုရာ၌ ဘဝတစ်ပါး ပြောင်း သွားသောသူ အကျိုးရပုံကိုလည်းကောင်း၊

(ယ) အမှတ်တွင် "ကာလက်တာနံ, ပေလက်တာနံ" ဟု ရဟန်းသံဃာတော်တို့ကိုလည်းကောင်း၊ မြတ်စွာဘုရား၏ ဓမ္မစက်

http://www.dhammadownload.com



ဒေသနာ တော်ကိုလည်းကောင်း "ကမောက်ကမ" ပြက်ရယ်ပြုကာ ဟောပြော ထားလေသည်။

သာဓကပြရသော်-

- အဒ္ဒသ ခေါ ဘိက္ခဝေ ဝိပဿီ ကုမာရော ပေတံ ကာလကတံ။ (မဟာပဒါနသုတ်)။ **ပေတန္တိ** ဣတော ပဋိဂတံ။ **ကာလကတန္တိ**- ကတကာလံ၊ ယတ္တကံ တေန ကာလံ ဇီဝိတဗ္ဗံ တံ သဗ္ဗံ ကတွာနိဋ္ဌပေ တွာ မတန္တိ အတ္ထော-

ဟူသော ဘုရားဟော ပါဠိတော်နှင့် ယင်းအဖွင့်အဋ္ဌကထာကို ကြည့်ခြင်းအားဖြင့် မဟာအမှားတော်များဖြစ်သည်မှာ ထင်ရှားသိသာလှပါပြီ။ ဤနေရာ၌ ဆွမ်းသွတ်ခြင်းနှင့် ပတ်သက်၍ ပိုမိုထင်ရှားစေရန်ဖော်ပြပါဦးအံ့။

မြတ်စွာဘုရားသခင်သည် ဗိမ္ဗိသာရမင်းကြီး၏ တောင်းပန်လျှောက်ထားချက်အရ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူ၍ မင်းကြီး၏ နန်းတော်၌ ကြီးစွာသော အလှူကိုခံတော်မူ၏။ ထိုအခါ ဆွေမျိုးတော်ဟောင်း ပြိတ္တာအပေါင်းတို့သည် "ငါတို့၏ ဆွေမျိုးဟောင်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ယခုပင်လျှင် ငါတို့အား ဒါနကောင်းမှုကုသိုလ်အမျှ အတွန်းညွှန်းပေလိမ့်မည်။ ယခုပင်လျှင် ညွှန်းပေလိမ့်မည်" ဟု တောင့်တမျှော်ခေါ်လျက် ဝန်းရံရပ်တည် လာကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် အလှူကြီးကို ပေးလှူပြီးလျှင် မြတ်စွာဘုရားသည် အဘယ်အရပ်၌ နေတော်မူပါသနည်းဟု မြတ်စွာဘုရားအတွက် ကျောင်းတော်နေရာကို ကြံစည်စဉ်းစားနေသည့်အတွက် အလှူဒါန

http://www.dhammadownload.com



ကောင်းမှုအဖို့ကို တစ်စုံတစ်ယောက်သော သူအားမျှ အမျှခွန်းမညွှန်း မမြွက်မိပေ။ မင်းကြီး၏ ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် မျှော်လင့်ချက်ပြင်းပြကာ အကာလညဥ့်အခါ၌ မင်းကြီး၏ နန်းတော်ဝယ် အလွန်ကြောက်မက်ဖွယ်ကောင်းသော ဟစ်အော် နာကြည်း ငြီးငြူသော အသံကို ပြုလာလေကုန်၏။

မင်းကြီးသည် ထိုအသံကိုကြားရ၍ ကြောက်လန့်ရကား နံနက် မိုးသောက်အလင်းရောက်သောအခါ မြတ်စွာဘုရားထံမှောက်သို့ သွားရောက်ချဉ်းကပ်လျှက် ရှိသေမြတ်နိုးရှိခိုးပြီးသော် ဘုန်းတော် ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် ယမန်နေ့ညဥ့်အခါဝယ် ဤသို့ ကြောက်မက်ဖွယ်ကောင်းသော အသံကြားရပါပြီ၊ တပည့်တော်အား ထိုအသံအတွက် မည်ကဲ့သို့သော အကျိုးအပြစ်ဖြစ်ပေါ် လာမည် နည်းဟု မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက "မြတ်သောမင်းကြီး မကြောက်နှင့်၊ ထို အသံအတွက် သင့်အားတစ်စုံတစ်ခုသော မကောင်းကျိုးမျှ ဖြစ်လိမ့် မည်မဟုတ်ချေ၊စင်စစ်သော်ကား သင်၏ ဆွေမျိုးဟောင်းများ ပြိတ္တာဘုံ၌ ဖြစ်ပွားလျက်ရှိကြသည့် ထိုသင့်ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် ပုဗ္ဗန္တရအသချေ်ယျကပ် ကစ်ကပ်ပတ်လုံး မြတ်စွာဘုရားအား အလှူဒါနကိုပေးပြီးလျှင် ငါတို့အား အမျှခွန်းညွှန်း ပေလိမ့်မည်ဟု သင်မင်းကြီးကိုသာ မျှော်ခေါ်တောင့်တကြလျက် လှည့် လည် သွားလာကာနေကြကုန်၏။

သင်မင်းကြီးသည် ယမန်နေ့က ထိုဆွေမျိုးဟောင်း ပြိတ္တာအပေါင်း တို့အား ကောင်းမှုကုသိုလ်အမျှခွန်းကို မညွှန်းမြွက်မိချေ၊ထို့ကြောင့်

/ ထွန်တုံး (၁၈)

http://www.dhammadownload.com



သင့်ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့သည် မျှော်လင့်ချက်ကင်းပြတ်ကြကာ ထိုသို့သော ကြောက်မက်ဖွယ် အသံပြုကြခြင်း ဖြစ်ကြသည်ဟု မြတ်စွာဘုရားဖြေကြားလေလျှင် မင်းကြီးသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယခုတစ်ဖန် လှူဒါန်း၍ အမျှခွန်းညွှန်းလျှင် ရပါဦးမည်လောဟု ထပ်မံလျှောက်ထားပြန်ရာ၌-

အိမ်းရနိုင်ကြ၏။ မြတ်သောမင်းကြီးဟုဖြေလတ်သော်-

ဘုန်းတော်ကြီးသော မြတ်စွာဘုရား သို့တပြီးကား မြတ်စွာဘုရားသည် ယနေ့ကောင်းမှုကုသိုလ်အလို့ငှာ တပည့်တော်၏ အလှူဒါနကို လက်ခံတော်မူပါဘုရား။ထိုဆွေမျိုးဟောင်း ပြိတ္တာ အပေါင်းတို့အား ကောင်းမှုကုသိုလ် အမျှခွန်းညွှန်းပါအံ့ဟု မြတ်စွာဘုရားကို လျှောက်ထားလေသော် မြတ်စွာဘုရားသည် မင်းကြီး၏ ပင့်လျှောက် ချက်ကို ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

မင်းကြီးသည် ရွှေနန်းတော်သို့ပြန်သွားပြီး ကြီးစွာသော အလှူဒါနကို စီမံပြီးလျှင် မြတ်စွာဘုရားအား အလှူခံကြွရန် အချိန်တန်ပြီ ဖြစ်ကြောင်း လျှောက်ထားစေလေ၏။

မြတ်စွာဘုရားသည် ရွှေနန်းတော်သို့ ကြွရောက်တော်မူ၍ ခင်းထားအပ်သော မြတ်သော နေရာ၌ ရဟန်းသံဃာ အပေါင်းနှင့် အတူတကွ ထိုင်နေတော်မူလေ၏။ ထိုဆွေမျိုးဟောင်းပြိတ္တာ အပေါင်းတို့သည်လည်းယနေ့တော့ ကုသိုလ်အမျှ ဧကန်ပင် ရကြတော့မည်ဟု ရွှေနန်းတော် လာရောက်ကြကာ နံရံတစ်ဘက်စသည်၌ စောင့်မျှော်ရပ်တည် နေကြကုန်၏။ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ထိုဒုက္ခ

http://www.dhammadownload.com



ရောက်နေကြသည့် ဆွေမျိုးဟောင်း ပြိတ္တာအပေါင်းတို့ကို မင်းကြီး မြင်နိုင်ရန် စီမံဖန်ဆင်းတော်မူလေသည်၊ မင်းကြီးသည် မြတ်စွာဘုရား ရှေ့လက်တော်သို့ ရေစက်လောင်းလျှုရင်း-

ဣဒံ မေ ဉာတီနံ ဟောတု-

ဤသို့ ရေကြည် ရေစက် အလှူသည် ကျွန်ုပ်၏ ဆွေမျိုးများ အတွက်ဖြစ်ပါစေသတည်းဟု- အမျှခွန်းညွှန်းလေသော် ထိုခဏ၌ပင် (ဆွေမျိုး ပြိတ္တာတို့ ကုသိုလ် အဖို့ဘာဂရရှိကြသဖြင့်) ထိုဆွေမျိုး ဟောင်း ပြိတ္တာတို့ သုံးဆောင်ရန် ကြာမျိုးငါးပါးတို့ဖြင့် အပြည့်ဖုံးအပ်သော ရေကန်များ ဘွားကနဲဖြစ်ပေါ်လာကြလေသည်။ ထိုဆွေမျိုးပြိတ္တာ တို့သည် ထိုရေကန်တို့ သောက်ကြ ချိုးကြ၍ ပူပန်ခြင်း ပင်ပန်းခြင်း ရေသိပ်(ရေငတ်)ခြင်း ကင်းကြကာ ရွှေရောင်အဆင်းဝါဝင်းသော ကိုယ်အဆင်းရှိကြကုန်လေသည်။

မင်းကြီးသည် တစ်ဖန် ယာဂုဆွမ်း ခဲဖွယ်ဆွမ်း ဘောဇဉ်ဆွမ်းတို့ကို အစဉ်အတိုင်းဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်း ဆက်ကပ်၍ အမျှခွန်း ရွှေနည်းအတူ ညွှန်းလေသော် ထိုခဏ၌ပင် ထိုဆွေမျိုးဟောင်း ပြိတ္တာ အပေါင်းတို့ သုံးဆောင်ရန် ၎င်း၌ဖြစ်သော ယာဂု၊ ခဲဖွယ်၊ ဘောဇဉ်တို့သည် ထင်ရှားပြသဖြစ်ပေါ်လာကြ လေသည်။ ထိုဆွေမျိုးပြိတ္တာတို့သည် ထိုဒိဗ္ဗယာဂု၊ ခဲဖွယ်၊ ဘောဇဉ် တို့ကို (ရှေးကတော်ခဲ့သမျှ အတိုးချ၍) အားပါးတရ သုံးဆောင် စားသောက်ကြရ၍ ပြည့်ဖြိုးစိုပြည်သော မျက်စိ နား လျှာ ကိုယ် ဣန္ဒြေ နှင့် ပြည့်စုံခြင်းသို့ ရောက်ကြလေကုန်၏။

http://www.dhammadownload.com



ထိုနောက်မင်းကြီးသည် အဝတ်သက်န်း၊ အိပ်ရာ၊ နေရာများကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းဆက်ကပ်၍ အမျှခွန်း ရွေးနည်းအတူ ညွှန်းလေသော် ထိုခဏ၌ပင် ထိုဆွေမျိုး ပြိတ္တာ တို့ သုံးဆောင်ရန်နတ်၌ ဖြစ်သော အဝတ်များ နတ်၌ဖြစ်သော ယာဉ် များ၊ နတ်၌ဖြစ်သော ဘုံဗိမာန် ပြာသာဒ်များ၊ နတ်၌ဖြစ်သော အခင်း၊ အခြံအိပ်ရာ၊ နေရာ၊ အဆင်း၊ တန်ဆာအမျိုးတို့သည် ဖြစ်ထွန်း ပေါ်ပေါက်လာကုန်၏။

တေ ပေတတ္တဘာဝံ ဝိဇဟိတွာ ဒိဗ္ဗတ္တဘာဝေ သဏ္ဌဟိံသု။

(ဓမ္မပဒ-၆၆)

ဤအလိုအားဖြင့် ထိုဆွေမျိုးပြိတ္တာတို့သည် ပြိတ္တာ၏ ကိုယ်အဖြစ် ကို စွန့်၍ နတ်၏ ကိုယ်အဖြစ်၌ တည်ကြကုန်၏-ဟူ၍ (မတကဘတ္တ) သေသူကို ရည်မှန်း၍ လှူဒါန်းအပ်သော အကျိုးကို ဘုရားရှင် ကိုယ် တော်တိုင် ဟောတော်မူခဲ့သည်။

ဤအတ္ထုပ္ပတ္တိနှင့်စပ်၍ မြတ်စွာဘုရားသခင်သည် တိရောကုဋ္ဋသုတ် ကို ဟောတော်မူရာ ဒေသနာနိဂုံး ဆုံးလတ်သော်အခါ သတ္တဝါ အပေါင်း (၈၄၀၀၀) (ရှစ်သောင်းလေးထောင်) တို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။

ထို့ပြင် (ပေတဝတ္ထု-၌၊ နှာ-၇၂-၇၃)၌

ဘုရားရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီးတင်းသုံးတော် မူစဉ်က ရှင်သာရိပုတ္တရာ၏ ငါးဘဝမြောက်က အမိမယ်တော် တော်ခဲ့ဖူး သော ပြိတ္တာမကြီးသည် ကာလရှည် ပြိတ္တာမကြီးဘဝမှာ

http://www.dhammadownload.com



အစားဆင်းရဲ အဝတ်အနေအထိုင်စသည် ဆင်းရဲနေရာ တစ်စုံတစ်ယောက်ကမျှ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေပေးမှု မရှိသည့်အတွက် နောက်ဆုံးမှာ အတိတ်ဘဝက သားတော် စပ်ခဲ့သော ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးထံ လာရောက်၍ ပြိတ္တာမကြီးဘဝမှ ကျွတ်လွတ်နိုင်ရန် အကူအညီ တောင်းခံလျှောက်ထားလို့ ရှင်သာရိ-ပုတ္တရာမထေရ်မြတ်သည် ရှင်မဟာမောဂ္ဂလာန် ရှင်အနုရုဒ္ဓါ ရှင်မဟာကပ္ပိနမထေရ်သုံးပါးနှင့် တိုင်ပင်၍ မြို့တွင်းမှာ ဆွမ်းခံလှည့်ပြီး မယ်တော် ပြိတ္တာမကြီးအတွက် ကုသိုလ်ကောင်းမှု ပြုနိုင်ရေးအတွက် ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက် အကူအညီ တောင်းခံ အလှူခံကြွရောက်တော်မူကြရာ ဗိမ္ဗိသာရမင်းကြီးက အလိုရှိရာ အမိန့်ရှိတော်မူကြရန် လျှောက်ထားသဖြင့် ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က ရှင်သာရိပုတ္တရာ၏ မိခင်ဟောင်း မယ်တော်ပြိတ္တာမကြီးက ရှင်သာရိ-ပုတ္တရာထံ ပြိတ္တာမကြီးဖြစ်ကာ ဆင်းရဲဒုက္ခ ရောက်နေကြောင်းကို အသိပေး အကြောင်းကြား လျှောက်ထား အကူအညီတောင်းခံ လာကြသောကြောင့် ရှင်သာရိ ပုတ္တရာ မထေရ်မြတ်၏ မိခင်ဟောင်း မယ်တော် ပြိတ္တာမကြီးဘဝမှ လွတ်မြောက်စေရန်အတွက် ရည်မှန်း၍ ဘုရားအမှူးပြုသော သံဃာတော်များအား လှူဒါန်းရန် ပစ္စည်းလေးပါး လှူဖွယ်များကို အလိုရှိ၍ ကြွလာကြကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား ပြောပြ၍ ထိုအခါ ဗိမ္ဗိသာရမင်းကြီးက အမတ်တစ်ယောက်အား ရှင်သာရိပုတ္တရာ အလိုရှိရာ ပစ္စည်းလေးပါးနှင့် ရဟန်းတို့နှင့် သင့်လျော်သောပရိက္ခရာအသုံးအဆောင်များကို စီမံဆောင်ရွက်စေ၍ ဗိမ္ဗိသာရမင်းကြီး ကိုယ်တိုင်ကလည်း ပြုလုပ်စေကာ ရှင်သာရိပုတ္တရာ မထေရ်မြတ်အား အဆိုပါလှူဒါန်းစရာပစ္စည်းကို အပ်နှင်းလှူဒါန်း

http://www.dhammadownload.com



လေသည်၊ ထို့နောက် မှာ တစ်ဖန် ရှင်သာရိပုတ္တရာ မထေရ်မြတ်က မိခင်ဟောင်း မယ်တော် ပြိတ္တာမကြီးကို ရည်မှန်း၍ မယ်တော်ပြိတ္တာမကြီး ကြားသိလောက် အောင် ဗုဒ္ဓပ္ပမုခသံဃိက အလှူကြီး ပြုလုပ်၍ အမျှပေးဝေလိုက်သော အခါ မိခင်ဟောင်းမယ်တော်ပြိတ္တာမကြီးက ကြားရာအရပ်က သာဓုခေါ်ဆိုနိုင်၍ သာဓု-ခေါ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် နတ်ပြည်၌ သွားရောက်ဖြစ်ကာ နတ်စည်းစိမ် ချမ်းသာများကို ရရှိခံစားရသည်ဟု ထေရဝါဒ ကျမ်းဂန် ပေတဝတ္ထု၌ မိန့်ဆိုထားချက်ရှိပေသည် ထို့ကြောင့်-

"သာ ပေတိ တံ အနုမောဒိတွာ ဒေဝလောကေ နိဗ္ဗတ္တိတွာ သဗ္ဗကာမသမိဒ္ဓါ စ ဟုတွာ"

ဟု ယင်းအဋ္ဌကထာ၌ မိန့်ဆိုထားပေသည်။

ပေတဝတ္ထု၊ ဌ၊ ၁၈၊ တိရောကုဋ္ဋပေတဝတ္ထု၌လည်း-

(၁) ဧဝံ ဒဒန္တိ ဉာတီနံ။ လ။ ကပ္ပိယံ ပါနဘောဇနံ။

(၂) တ္တဒံ ဝေါ ဉာတီနံ ဟောတု။ သုခိတာ ဟောန္တုဉာတယော။ လ။ သက္ကစ္စံ အနုမောဒရေ။

စသည်ဖြင့် မိန့်ဆိုထားပေသည်။ ယင်းဝတ္ထု၊ ဝိမာနဝတ္ထု၊ ပါဠိတော် အဋ္ဌကထာတို့၌လည်း မြောက်များစွာ မိန့်ဆိုလာရှိပေသည်။

သို့ပါ၍လူသေရင် သရဏဂုံမတင်၊ ဆွမ်းမသွတ်၊ အမျှမပေးဝေဟူ ဦးထင်၏ ဟောပြောချက်သည်ဖေါ်ပြပြီး ဘုရားရှင်လက်ထက်တော်

http://www.dhammadownload.com



ကစ၍ ဘုရားရှင်ပင်အကျိုးမရှိဟု မဟောခဲ့ပါဘဲလျှက်၊ အကျိုးရှိသောကြောင့် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပင် သေသူအတွက်အကျိုးထွက်အောင် ဆောင်ရွက်ခဲ့ဖူးသော ထုံးသာဓကနှင့်အညီ ရှေးရှေးသော ဆရာစဉ်ဆက် ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာလှူဒါန်းမှု ကြီးနှင့် ဆန့်ကျင်သော ဟောပြောမှုပင် ဖြစ်နေပေသည်။

ဦးထင်သည် ဗုဒ္ဓဘာသာဝင်ဟု ဝန်ခံရုံတင်မကဘဲ သူ့ကိုယ်သူရဟန္တာအမည်ခံယူနေသူပင် ဖြစ်ပေသည်။ သို့ပါလျက် ဦးထင်သည်ဗုဒ္ဓဘာသာဝင် အားလုံးတို့ကို သေသူကို ရည်မှန်း၍ ဆွမ်းသွတ်အမျှပေးဝေမှု အစဉ်အလာကို ဖျက်ဆီးဟောပြောသော ဓမ္မန္တရာယ်၊ သဂ္ဂန္တရာယ် စသည်များကို တပည့်ယောဂီများအားဖြစ်အောင် ပြုလုပ်ပေးနေသူ ဖြစ်နေသည်မှာ အပါယ်လမ်းပြသူဟုပင် ဆိုသင့်ပေ သည်။

ယင်းဦးထင်၏ ပြောဆိုချက်နှင့် ပတ်သက်၍ နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများအနေဖြင့် ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ရှေးထုံးတန်းစဉ်လာ ပြုလုပ်နေကြသော လူသေရင်သရဏဂုံဆွမ်းသွတ်အမျှဝေမှုများသည် သေသူရော ကုသိုလ်ပြုလုပ်သူများပါ ကောင်းကျိုးများကို ခံစားနိုင်သောထေရဝါဒ ဗုဒ္ဓဘာသာရေးကျင့်စဉ်လုပ်ငန်းကြီးတစ်ရပ်ဟု ယူဆသတ်မှတ်မိကြပေသည်။ အထူးသဖြင့် သေသူသည်ကုသိုလ်ကောင်းမှုကြောင့် ရောက်နိုင်သော မနုဿဂတိ (လူ့ဘုံ လူ့ဘဝချမ်းသာ) ဒေဝဂတိ (နတ်ဘုံ နတ်ဘဝ နတ်ချမ်းသာ)သို့ ရောက်ရှိသွားပါက သေသူအတွက် အကျိုးမထွက်ငြားသော်လည်း ၊ ကျန်ရစ်သော ကုသိုလ်ကောင်းမှုပြုလုပ်သူများသည် အကျိုးများရသည်မှာမြေကြီးလက်ခတ်မလွဲဟု ဆိုရပေမည်။ အကယ်၍ အကုသိုလ် အပြစ်

http://www.dhammadownload.com



ကြီးမား၍ နိရယဂတိ (ငရဲဘုံ ငရဲဘဝ)၊ တိရစ္ဆာန်ဘုံ တိရစ္ဆာန် ဘဝ) သို့ရောက်ပြန်ရင်လည်း သေသူအတွက် အကျိုးချက်ချင်း လက်ငင်း မရပေမယ့် အထောက်အပံ့ ကုသိုလ်ဖြစ်နိုင်သည်ဟု ဆိုရပေမည်။

အကယ်၍ ပေတဂတိ (ပြိတ္တာဘုံ ပြိတ္တာဘဝ) ဝေမာနိက ပြိတ္တာဘဝသို့ ရောက်ရှိခဲ့သော် သေသူနှင့်သေသူကို ရည်မှန်း၍ ကုသိုလ်ကောင်းမှု ပြုလုပ်အားထုတ်သူများသည် နှစ်ဦးနှစ်ဝ ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုးတရားများ တိုးပွားနိုင်ပေသည်။ အဆိုပါ ပြိတ္တာဘုံဘဝသို့ ရောက်နေသူဖြစ်ပါအံ့၊ သေသူကို ရည်မှန်းပြုလုပ်သောကုသိုလ်၏ အဘို့ဘာဂကို အမျှပေးဝေသံကြားရ၍ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါက မုချချက်ချင်းလက်ငင်း အကျိုးခံစားနိုင်ကြပေသည်။ ယင်းအကျိုးတရားများကို အထက်ကဖော်ပြထားပြီး ထေရဝါဒကျမ်းဂန်လာ သာဓကဝတ္ထုများကပင် အထင်အရှား မိန့်ဆိုထားပေသည်။

သို့ဖြစ်၍ ဦးထင်တို့ ကမ္ဘဌာန်းဂိုဏ်းဝင် တပည့်ယောဂီသေရင် သရဏဂုံမတင်၊ ဆွမ်းမသွတ်၊ အမျှမဝေ-ဟု ဖြေကြားဝန်ခံထားခြင်းသည် ရှေးထုံးစဉ်လာလှူဒါန်းမှုကြီးကို ဖျက်ဆီးပစ်ရာရောက်သည့်အပြင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံးတို့၏ **ထေရဝါဒနှင့်အညီ** ဗုဒ္ဓဘာသာဝင်များ၏ အယူအဆ ကျင့်သုံးအစဉ်အလာနှင့် **ဖြောင့်ဖြောင့်** ဆန့်ကျင် စော်ကားသော လုပ်ရပ်အပြစ်ကြီးပင် ဖြစ်ပေသည်။ အဆိုပါ ထေရဝါဒ ကျမ်းဂန်များအရနှင့်လည်း မညီညွတ်သော မိစ္ဆာဝါဒအမြွပင် ဖြစ်နေပေသည်၊ ယင်းသရဏဂုံတင် ဆွမ်းသွတ် အလှူပြုမှုနှင့် ပတ်သက်၍ ဆက်လက်ဖော်ပြလိုပေသည်။

http://www.dhammadownload.com



ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ သမ္ပဿန္တာ
မာတာပိတရော ပုတ္တံ ဣစ္ဆန္တိ ကုလေ ဇာယမာနံ၊
ကတမာနိ ပဉ္စ-

(၁) ဘတော ဝါ နော ဘရိဿတိ၊

(၂) ကိစ္စံ ဝါ နော ကရိဿတိ၊

(၃) ကုလဝံသော စိရံ ဌဿတိ၊

(၄) ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ၊

(၅) အထ ဝါ ပန ပေတာနံ ကာလင်္ကတာနံ
ဒက္ခိဏံ အနုပဒဿတိ။

(အင်္ဂုတ္တရ၊ ပဉ္စနိပါတ်၊ ပုတ္တသုတ်-၃၇)

မြန်မာပြန်။ ရဟန်းတို့ ဤအကြောင်းငါးမျိုးတို့ကို ကောင်းစွာ
မြင်သော မိဘတို့သည် အမျိုး၌ဖြစ်သော သားသမီး
ကို အလိုရှိကုန်၏၊

အဘယ်ငါးမျိုးတို့နည်းဟူမူ-

(၁) ငါတို့မွေးမြူထားသော သားသမီးသည် ငါတို့အား
လုပ်ကျွေးမွေးမြူပေလိမ့်မည်၊

(၂) ငါတို့၏ အမှုကိစ္စကို ပြုလုပ်ပေလိမ့်မည်၊

(၃) အမျိုးအဆက်သည် ရှည်မြင့်စွာ တည်ပေလိမ့်မည်၊

(၄) အမွေခံ ဖြစ်ပေလိမ့်မည်၊

http://www.dhammadownload.com



(၅) ထို့ပြင် ဘဝတစ်ပါးသို့ ပြောင်းသွားသော ငါတို့အား အလှူ၏ အဖို့ကို ပေးဝေကြလိမ့်မည်ဟု အလိုရှိကုန်၏။

ထိုကဲ့သို့ ဘုရားရှင်ဟောမိန့်တော်မူချက်အရ မိဘတို့သည် မိမိတို့ ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်သောအခါမှာ ကျန်ရစ်သူ သားသမီးများက သေလေပြီးသူ (ကွန်လွန်သူ)ကို ရည်မှန်း၍ (မတက ဘတ္တ)ခေါ် ဆွမ်းသွတ်အမျှဝေကော ပတ္တိဒါန ကုသိုလ်ပြုခြင်း အားဖြင့် သားသမီးများမှာလည်း ကုသိုလ်ပွား၊ မိမိတို့မှာလည်း ပတ္တာနုမောဒနာ အကျိုးများ ရလေအောင် သားသမီးများကို အလိုရှိ အားပေးကြကုန်၏-ဟု သရဏဂုံတင် ဆွမ်းသွတ် အမျှဝေလှူဒါန်းမှု ရှေးအစဉ်အလာကြီးကို မြတ်စွာဘုရားရှင် ရွှေနှုတ်တော်မှ ထုတ်ဖော် ဟောပြခဲ့ခြင်းပင် ဖြစ်ပေသည်။

ထိုမှတစ်ဖြာ-

ပုန စ ပရံ ဂဟပတိ အရိယသာဝကော ဥဋ္ဌာနဝီရိယာဓိဂတေဟိ၊ ဘောဂေဟိဗာဟာဗလပရိစိတေဟိ သေဒါဝက္ခိတ္တေဟိဓမ္မိကေဟိ ဓမ္မလဒ္ဓေဟိ ပဉ္စဗလိံ ကတ္တာ ဟောတိ၊ ဉာတိဗလိံ အတိထိဗလိံ ပုဗ္ဗပေတဗလိံ ရာဇဗလိံ ဒေဝ တာဗလိံ၊ အယံ စတုတ္ထော ဘောဂါနံ အာဒိယော။

(အာဒိယသုတ် အင်္ဂုတ္တရပါဠိတော် ၃၉၊ပဉ္စကနိပါတ်)

## မြန်မာပြန်

ဒါယကာ နောက်တစ်မျိုးကား အရိယာတပည့်သည်လက်ရုံး အားကိုးဆည်းပူး၍ ချွေးဒီးဒီးကျအောင် ဖြစ်စေအပ်ကုန်သော တရား

http://www.dhammadownload.com



နှင့်လျော်ကုန်သော တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် ဆွေမျိုးတို့အားပူဇော်ခြင်း၊ ဧည့်သည်တို့အားပူဇော်ခြင်း၊ ရှေးကသေပြီးသော ဆွေမျိုးတို့အား ပူဇော်ခြင်း၊ မင်းအားပူဇော်ခြင်း၊ နတ်တို့အားပူဇော်ခြင်းဟူသော ငါးပါးသော ပူဇော်ခြင်းကို ပြုလုပ်၏။ ဤကား စတုတ္ထစည်းစိမ် ရကြောင်းတည်းဟု ရှင်တော်မြတ်ဘုရားသည် အရိယာတပည့်တို့ပြုရာသော ဝတ်ငါးပါး စည်းစိမ်ရကြောင်းတရားတွင် (ပုဗ္ဗပေတဗလိ) ရှေးက သေလွန်ပြီးသော ဆွေမျိုးတို့အား ပူဇော်ခြင်း မတကဘတ္တ ဆွမ်း သွတ် ဝတ်ကို အလေးအနက်ထား၍ ဒါယကာ အနာထပိဏ် သူဌေးကြီးအား ဟောကြားတော်မူသည်ကို လည်းကောင်း၊

ယမဿု ဘော ဂေါတမ ဗြာဟ္မဏာနာမ ဒါနာနိ ဒေမ၊ သဒ္ဓါနိ ကရောမ ဣဒံ ဒါနံပေတာနံ ဉာတိသာလောဟိတာနံ ဥပကပ္ပတု၊ ဣဒံ ဒါနံ ပေတာ ဉာတိသာလောဟိတာ ပရိဘုဉ္ဇန္တုတိ(လ) အပိ စ ဗြာဟ္မဏ ဒါယကောပိ အနိပ္ဖ လောတိ။

(အံ-၃။၄၇၈။)

## မြန်မာပြန်

အရှင်ဂေါတမ အကျွန်ုပ်တို့ ပုဏ္ဏားတို့မည်သည်ကား ဤအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သို့ ရောက်ပါစေ။ ဤအလှူကို ကွယ်လွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေဟု အလှူတို့ကို လှူကြပါကုန်၏၊ သေသူကို ရည်ရွယ်၍ ပြုအပ်သော ကုသိုလ်ထမင်းတို့ကို ပြုကြပါကုန်၏။

http://www.dhammadownload.com



အရှင်ဂေါတမ အသို့နည်း၊ ထိုအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့ထံသို့ ရောက်ပါသလော။ အသို့နည်း၊ ထို ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သည် ထိုအလှူကို သုံးဆောင်ကြရပါသလော-ဟု လျှောက်ထား၏။ ပုဏ္ဏား ရောက်သင့်သော အရပ်၌ ရောက်၏။ မရောက်သင့်သောအရပ်၌ မရောက်ဟု (မိန့်တော်မူ၏) အရှင် ဂေါတမ ရောက်သင့်သော အရပ်ဟူသည် အဘယ်ပါနည်း။ မရောက်သင့်သော အရပ်ဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ မပေးသည်ကိုယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏။ မဟုတ်မမှန် ဟောလေ့ ရှိ၏။ ကုန်းစကားရှိ၏။ ရုန့်ရင်းကြမ်းတမ်းသောစကားရှိ၏။ ပြိန်ဖျင်း သောစကားရှိ၏။ အဘိဇ္ဈာများ၏။ ဖျက်ဆီးလိုသော စိတ်ရှိ၏။ မှားယွင်းသော အယူရှိ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ငရဲသို့ ရောက်ရ၏။ ထိုသူသည် ငရဲသားသတ္တဝါ၏ အစာအာဟာရဖြင့် ငရဲ၌ မျှတရ၏။ ထိုအစာအာဟာရဖြင့် ထိုသူသည် ထိုငရဲ ၌ တည်ရ၏။ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သည့် အရပ်မဟုတ်သေး၊ ယင်းငရဲ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား. . ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏ (ပ) မှားယွင်းသော အမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ တိရစ္ဆာန်မျိုးသို့ ရောက်ရ၏။ ထိုသူသည် တိရစ္ဆာန် မျိုးဖြစ်သည့် သတ္တဝါတို့၏အစာဖြင့် ထိုတိရိစ္ဆာန်မျိုး၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသတ္တဝါသည် ထိုတိရစ္ဆာန်မျိုး၌ တည်ရ၏။

http://www.dhammadownload.com



ပုဏ္ဏား ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး၊ ယင်းတိရိစ္ဆာန်မျိုး၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား. . ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏။ကုန်းစကားမှ ရှောင်ကြဉ်၏။ ရှန့်ရင်းကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်၏။ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏။ အဘိဇ္ဈာမများ။ မဖျက်ဆီးလိုသောစိတ် ရှိ၏။ မှန်ကန်သောအယူ ရှိ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ လူတို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် လူတို့၏အစာဖြင့် လူ့ဘုံ၌ မျှတရ၏။ ထိုဘုံ၌ ထိုသူသည်ထိုအစာဖြင့် တည်ရ၏။ ပုဏ္ဏား. . ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး။ ယင်းလူ့ဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား-ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်း မှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သော အမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ နတ်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် နတ်တို့၏အစာဖြင့် ထိုနတ်ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုနတ်ဘုံ၌ တည်ရ၏၊ ပုဏ္ဏား-ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး၊ ယင်းနတ်ဘုံ၌ တည်သူအား၊ ထိုဒါနသည် မရောက်။

ပုဏ္ဏား-ဤလောက၌ အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ပ။မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး

http://www.dhammadownload.com



၍ သေသည်မှနောက်၌ ပြိတ္တာဘုံသို့ရောက်ရ၏၊ ထိုသူသည် ပြိတ္တာဘုံသားဖြစ်သည့် သတ္တဝါတို့၏ အစာဖြင့် ထိုပြိတ္တာဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုပြိတ္တာဘုံ၌တည်ရ၏၊ သို့မဟုတ် ထိုသူ့အတွက် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့က သော်လည်းကောင်း ပေးလှူအပ်သောဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ မျှတရရှိ၏၊ ထိုဒါနဖြင့် ထိုပြိတ္တာသည် ,ထိုပြိတ္တာဘုံ၌ တည်ရ၏၊ ပုဏ္ဏား-ဤသည် ကား-ရောက်သင့်သော အရပ်တည်း။ ယင်းပြိတ္တာဘုံ၌ တည်သူအား ထိုဒါနသည် ရောက်၏ဟု (မိန့်တော်မူ၏)

အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဘုံဌာနသို့ မရောက်ပါလျှင် အဘယ်သူသည် ထိုဒါနကို သုံးဆောင်ပါမည်နည်းဟု (လျှောက်၏)။

ပုဏ္ဏား-ထိုဌာနသို့ရောက်ကုန်သော အခြားသောကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဒါနကို သုံးဆောင်ခံစားရ၏။

အကယ်၍ ထိုကွယ်လွန်သောဆွေမျိုးသားချင်းသည် ထိုဘုံ ဌာနသို့ မရောက်လျှင် အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဒါနကို သုံးဆောင်ခံစားရ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ-အကယ်၍ ထိုကွယ်လွန်သော ဆွေမျိုး သားချင်းသည် ထိုဘုံဌာနသို့ မရောက်လျှင် အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့လည်း ထိုဌာနသို့ မရောက်ကြပါလျှင် ထိုဒါနကို မည်သူ သုံးဆောင်မည်နည်းဟု (လျှောက်၏)။

http://www.dhammadownload.com



ပုဏ္ဏား-ဤမျှရှည်လျားသော အချိန်အခါဝယ် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့မှာ ကောင်းဆိတ်ရာဌာနရှိရာ၏ဟူသော ဤအကြောင်း သည်အရာမဟုတ်၊ အခွင့်မဟုတ်ပေ။

ပုဏ္ဏား အမှန်စစ်စစ်အားဖြင့် အလျှုရှင်သည်လည်း အကျိုးမဲ့မဖြစ် နိုင်ဟု (မိန့်တော်မူ၏)ဟု ဟောတော်မူသည်။

ဤသို့ ဟောတော်မူသည်တို့ကို ထောက်ထားရှုမျှော်ဉာဏ်ဖြင့် တွေးခေါ်၍ လောကတံတွာ မဗွတာသဘောတရား ဗုဒ္ဓဘာသာ အများ ကိုးစားယုံကြည်၍ ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမအောက် ရောက် ကုန်ကြသော ပုဂ္ဂိုလ်တိုင်း ပြုအပ်သော ဆွမ်းသွတ် သပိတ်သွတ် ဆွမ်းစဉ်ဟု အမည်အမျိုးမျိုးပညတ်-ခေါ်ဝေါ်အပ်သော (မတကဘတ္တ သေသူကို ရည်မှန်း၍ လျှုဒါန်းအပ်သော (ဒါနဝတ်) တစ်ခုကို ဒါယကာကြီး ဦးထင်သည်-

“တပည့်တော် သွတ်လို့လဲ မကျွတ်
ကိုယ်တော်တို့ ဆွမ်းသွတ်လို့လဲ မကျွတ်၊
သေတဲ့သူက သူ့ဘာသာ သူသွတ်သွားတာ
ကာလက်တာနံ့, ပေလက်တာနံ့”

စသည်ဖြင့် ဘုရား, တရား, သံဃာ, ရတနာသုံးပါးကို ပြက်ရယ်ပြုကာ ဟောပြောခဲ့သော အရာများသည် မဗွသဘောမသက် အမဗ္ဘက် သို့သာ အလေးသာပေသည်ဟု ဝိနည်းမိုရ် ဆရာတော်များက ယူဆ တော်မူကြသည်။

http://www.dhammadownload.com



## ဗုဒ္ဓသုံးဆူ ရတနာစေတီတည်ထားထိုက်၊ မထားထိုက် စိစစ်သုံးသပ်ချက်

စောဒကဆရာတော်များ၏ သက်သေခံ တင်ပြထားသော စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောင်းဖြူကျေးရွာအတွင်းရှိ ဗုဒ္ဓသုံးဆူ ရတနာစေတီ ဓာတ်ပုံအရ ဦးထင်၏ ရုပ်ကလာပ်အလောင်းကို အဆိုပါ စေတီအမည်တပ်၍ တည်ဆောက်ထားကြောင်းမှာ သက်သေခံဓာတ်သား ဓာတ်ပုံအရ ထင်ရှားနေပေသည်၊ ယင်းစေတီ တည်ဆောက်ထားမှုနှင့် ပတ်သက်၍ မစိစစ်၊ မသုံးသပ်၊ မဆုံးဖြတ်ဘဲ ချန်လှပ်ထားပါက ဤဝိဝါဒါဓိကရုဏ်းမှုခင်းပြဿနာ အပြီးသတ်နိုင်မည် မဟုတ်ဟုဆိုရပေမည်။ အဘယ့်ကြောင့်ဆိုသော် လူတရားရုံးတော်များတွင် ဤရုပ်ကလာပ်စေတီနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကျေးရွာပြည်သူ့ကောင်စီ အလုပ်အမှုဆောင်လူကြီးမင်းများနှင့် ဦးထင်၏တပည့် ယောဂီ အချို့တို့ စေတီဖျက်ရေးနှင့် မဖျက်ရေးအတွက် ပြည်သူ့ကောင်စီက တရားလိုပြုလုပ်၍ တရားစွဲဆို အဆုံးအဖြတ်ခံယူကြရာ၌ မြို့နယ်၊ တိုင်း၊ ဗဟိုလူ့တရားရုံးတော်များက စေတီဖျက်ရွှေ့ရေး ကိစ္စကို တရားလိုဘက်အား အနိုင်ပေးခဲ့ပေသည်၊ ဤသို့ လူ့တရား ရုံးတော်များက တရားကျင့်ထုံးဥပဒေများအရ ဆုံးဖြတ်ခြင်းသာဖြစ်သော်လည်း လောကအကြောင်း၊ ဓမ္မကြောင်းအရ စေတီမတည်ထိုက်ဟုသာ ဆိုရပေမည်၊ အဘယ့်ကြောင့်ဆိုရသော် အောက်ဖော်ပြလတ္တံ့ပါ ထေရဝါဒ ဗုဒ္ဓပိဋကတ် ဒေသနာတော်နှင့် ဆန့်ကျင့်သော လုပ်ရပ်ဖြစ်နေသည်ကို နိုင်ငံတော်သီးခြားမိုရ်ဆရာတော်များက သုံးသပ်မိကြပေသည်။

http://www.dhammadownload.com



ဒုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော် ပုဂ္ဂလဝဂ္ဂ၊ ၇၆၊ ပုဒ်ရေ ၅၅-၌-

ဒွိန္နံ ဘိက္ခဝေ ပုဂ္ဂလာနံ ကာလင်္ကိရိယာ ဗဟုနော ဇနဿ အနုတပ္ပါဟောတိ-ဟုဟောတော်မူအပ်သော ဒေသနာတော် အရ

စေတီထိုက်သော ပုဂ္ဂိုလ် (၂)မျိုးမှာ-

(၁) ဘုရားရှင်နှင့်

(၂) စကြာမင်းတို့သာ စေတီထိုက်ကြောင်းကိုသာ ဘုရားရှင် ဟောကြားခဲ့ပေသည်။

ထို့ပြင်-စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်-အာပတ္တိဘယဝဂ္ဂ၊ ထူပါရဟာသုတ္တ၊ ၅၆၇-၌-

စတ္တာရောမေ ဘိက္ခဝေ ထူပါရဟာ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ တထာဂတော၊ ပစ္စေကဗုဒ္ဓေါ ၊တထာဂတ သာဝကော၊ စက္ကဝတ္တိ ရာဇာ။

ယင်းသို့ ဘုရားရှင်ဟောကြားသတ်မှတ်ချက်အရလည်း စေတီ ထိုက်သူ လေးဦးတို့မှာ-

(၁) ဘုရား၊

(၂) ပစ္စေကဗုဒ္ဓါ

(၃) ဘုရားရှင် အရိယာသာဝက

(၄) စကြာဝတေးမင်း

http://www.dhammadownload.com



ထို(၄)မျိုးတို့သည်သာ စေတီထိုက်ကြောင်းကို မိတ်ဆိုချက်ရှိသောကြောင့် ဦးထင်တို့လို အဓမ္မဝါဒီ မိစ္ဆာဝါဒီပုဂ္ဂိုလ်တို့၏ ရုပ်ကလာပ်ကို အဘယ်မှာလျှင် စေတီတည်ဆောက်ထားသင့်ပါအံ့နည်း၊ မထားသင့်ဟုဆိုရပေမည်၊ ဘုရားရှင်များပင် လောကဓမ္မတာနိယမအစဉ်အလာကို မလွန်ဆန်ပဲ အလောင်းတော်ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်သော သဘောဖြင့် တေဇောဓာတ်အလောင်ခံတော်မူပါ သည်။

လောကထုံးစံမှာ ကမ္ဘာဦးကစ၍ ယနေ့တိုင် လူသားတို့၏ရုပ်အလောင်းများကို (၁) မြေတွင်မြှုပ်၍လည်းကောင်း၊ (၂) မီးသင်္ဂြိုဟ်၍လည်းကောင်း၊ (၃) ရေမျှော၍လည်းကောင်း သင်္ဂြိုဟ်ခြင်းသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့်ပြုလုပ်ရိုးထုံးစံ အများအားဖြင့် ရှိခဲ့ကြပါသည်၊ သို့ပါလျှက် လောကဓမ္မတာနှင့် ဆန့်ကျင်၊ လောကကြောင်း ဓမ္မလမ်းကြောင်းများနှင့်မညီသော ဦးထင်တို့လို ရုပ်ကလာပ်အလောင်းများကို အစွဲအလန်းဖြင့်လည်းကောင်း၊ ဘန်းပြအလျှုခံသဘောဖြင့်လည်းကောင်း မြန်မာပြန်နေရာအနှံ့အပြား၌ ရုပ်ကလာပ်များကို အဆိုပါ သင်္ဂြိုဟ်ခြင်းသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့်မပြုဘဲထားကြခြင်းသည် မထားသင့် မထားကောင်း၊ မလုပ်ကောင်းသော လုပ်ရပ်တခုဟု သုံးသပ်ယူဆမိကြပေသည်။

----------------

http://www.dhammadownload.com



## နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များဖြင့် ဖွဲ့စည်းထားသော

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) ဝိနိစ္ဆယ နိဒါန်း

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) အဖွဲ့ဝင် ဆရာတော်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ပေးအပ်သော တာဝန်ကို "သာသနာပြု လုပ်ငန်းကြီးတရပ်"ဟု အမှတ်ပြုခံယူတော်မူကြကာ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောင်းဖြူကျေးရွာ၊ ထွန်တုံးလက်ကျန် ဦးထင်၏ဝါဒ ဓမ္မ အဓမ္မဝိဝါဒါဓိကရုဏ်း၌-

(က) စောဒကဆရာတော်တို့၏ စောဒနာလွှာများ

(ခ ) ဦးထင်၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်စာအုပ်၊

(ဂ ) ဦးထင်၏ အတ္ထုပ္ပတ္တိ စာအုပ်စာတမ်းများ၊

(ဃ) ဦးထင်ကိုယ်တိုင် ဟောပြောထားသော တရားတိတ်ခွေ၊

(င ) သက်သေခံဖိုင်တွဲနှင့် စာရွက်စာတမ်းမူရင်းများ၊

ယင်းတို့ကို ဖတ်ရှုကြားနာ၊ သေချာစွာ စိစစ်၍ အပြစ်ရှိ-မရှိ သံဂါယနာ ခြောက်တန် ဓမ္မက္ခန်ပါဠိ အဋ္ဌကထာ ဋီကာစသော ထေရဝါဒပိဋကတ်တော်များနှင့် နှိုင်းညှိတိုက်ဆိုင်ပြီး ခိုင်မာစွာ ဆုံးဖြတ်ကြရမည်ဖြစ်ရာတွင်-

(က) ၁။ ဗုဒ္ဓပါဝစန ပိဋကတ်သုံးပုံဟူသောသုတ္တ၊

http://www.dhammadownload.com



၂။ ပိဋကတ်တော်နှင့် အလိုလျှော်တူညီသော
သုတ္တာနုလောမ၊
၃။ အဋ္ဌကထာကျမ်းများဟူသော အာစရိယဝါဒ၊
၄။ မိမိ၏အယူအဆဟူသော အတ္တနောမတိ-
ဟူ၍ သိအပ်သောဝိနည်း (၄)ရပ်ကို သိရခြင်း

( ခ) ၁။ ပိဋကတ်တော်ဆိုင်ရာ အာဂုံသဘာဝ ဝိနိစ္ဆယ
ဉာဏ် ရှိခြင်း၊
၂။ လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ်ဖြစ်ခြင်း၊
၃။ ဆရာအသီးသီးထံမှ ခံယူအပ်ပြီးသော နည်းရှိခြင်း-
ဟူသော ဝိနည်းဓိုရ်လက္ခဏာ(၃)ပါးနှင့်လည်း ပြည့်စုံ စေကြရခြင်း၊

(ဂ) ၁။ အမှု၏ အခြေခံအကြောင်းအရာ၊
၂။ အမှုဖြစ်လာသော အစဉ်အဆက်၊
၃။ အမှု၏ ပတ်ဝန်းကျင်အကျယ်၊
၄။ အမှု၏ အပိုင်းအခြား အစ၊ အလယ်၊ အဆုံး
(၃)ပါး၊
၅။ အမှုတွင်း၌ ဖြစ်သောအပြစ်၊
၆။ အမှုအရ အပြစ်လွတ်နိုင် သက်သာခွင့်ရနိုင်ပုံ။
ဤ (၆)ပုံကိုလည်း သေချာစေ့ငုစွာ ဉာဏ်ဖြင့်ရှုရခြင်း၊

အထက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံသော ဝိနည်းဓိုရ်ဆရာတော်များ၏ ဝိနိစ္ဆယသည်-

ယော ဟိ ဘိက္ခု စတုဗ္ဗိဓဝိနယကောဝိဒေါ တိလက္ခဏ-
သမ္မန္နော၊ ဌာနာနိ ဆ ဩကာသ ဩလောကေတွာ အဓိကရဏံ

http://www.dhammadownload.com



သမေဿတိ၊ တဿ ဝိနိစ္ဆယေ အပ္ပဋိဝတ္တိယော ဗုဒ္ဓေန သယံ နိသီဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ။ (ဝိ၊ဋ္ဌ-ပ၊ ၂၀၁)။

ဤအဋ္ဌကထာ စကားတော်အရ လေးပါးပြားသော ဝိနည်း၌ လိမ္မာ၍ လက္ခဏာ ၃-တန် ပြည့်လျှံကာ ၆-နေရာ ပြည့်၍ ဆုံးဖြတ်သော ဝိနည်းမိုရ်ပုဂ္ဂိုလ် ဝိနိစ္ဆယကား ဗြဟ္မာ၊ နတ်၊ လူ မည်သူမျှ မချောက်ခြား နိုင်၊ ဘုရားရှင်ကိုယ်တိုင် ချပေးတော်မူသော ဝိနိစ္ဆယပမာ ခိုင်မာပြည့်စုံ သည်ဟု ဆိုရသည်။

"ဓမ္မေန သမေန အဋ္ဋဝိနိစ္ဆယံ နာမ ကုသလံ၊ သဂ္ဂမဂ္ဂေါ ဧသ" ယထာဓမ္မ ကျနမှန်လတ် ပြည့်စုံသော အဆုံးအဖြတ်ကား မဂ်ဖိုလ် နိဗ္ဗာန် ရရန်အကြောင်း၊ ကောင်းမြတ်သော ကုသိုလ်ပင်ဖြစ်သည်ဟူ သော ရာဇောဝါဒသုတ် ဒုကနိပါတ်ဇာတ် အဋ္ဌကထာစကားကို ဝမ်း မြောက်စွာ နှလုံးထားကြလျက် မေတ္တာ၊ စေတနာ၊ ပညာထပ်လောင်း ကရုဏာပေါင်း၍ ကောင်းမွန်စွာ သုံးသပ်လျက် ဆုံးဖြတ်ကြပါကုန်အံ့။

### အမှတ် (၁)စေဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်

(က) ဦးထင်၏ဝါဒသည် တရားထူးမရလျှင် ပိဋကတ်မပိုင် တရားထူးရမှသာ ပိဋကတ်ပိုင်၏ဟု ယူဆပြောဆို၍ ဗုဒ္ဓ ဘာသိတထေရဝါဒ ပိဋကတ်စာပေများကမူ တရား ထူးရပြီးဖြစ်စေ၊ မရသေးဖြစ်စေ၊ ပရိယတ္တိ ပါရမီဉာဏ် ပြည့်စုံရင့်သန်ကြသူများ ပိဋကတ် ပိုင်နိုင်သည်ဟု ယူဆသောဝါဒဖြစ်သောကြောင့် လည်းကောင်း၊

http://www.dhammadownload.com



(ခ) ဦးထင်၏ဝါဒသည် လူပြည်မှာ ပိဋကတ်သုံးပုံ မရှိဟု ယူဆပြောဆို၍ ဗုဒ္ဓဘာသိတထေရဝါဒ ပိဋကတ်စာပေများကမူ မြတ်စွာဘုရား လက်ထက်တော်မှ အစပြု၍ပထမသံဂါယနာ စသော သံဂါယနာ (၆) တန်တို့၏ ကျေးဇူးဖြင့် လူ့ပြည်မှာ ပိဋကတ် (၃)ပုံရှိသည်ဟု ယူဆသောဝါဒဖြစ်သည်ဟု လည်းကောင်း၊

(ဂ) ဦးထင်၏ဝါဒသည် ပြန်မလာတဲ့ နိဗ္ဗာန်မှာ နာမ်ရုပ်ရှိတယ်။ ပြန်လာတဲ့နိဗ္ဗာန်မှာ နာမ်ရုပ် (၂)ပါး ရှိတယ်လို့ သိရတာ၊ ပိဋကတ် သုံးပုံခေါ်သော ဝါဒဖြစ်၍-ဗုဒ္ဓဘာသိတ ထေရဝါဒကမူ ဘုရားရှင်ဟောထားတော်မူသော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဓမ္မက္ခန္ဓာ-၈၄၀၀၀-သည် ပိဋကတ်သုံးပုံဟု ယူဆသောဝါဒဖြစ်ခြင်းကြောင့်လည်းကောင်း၊

ဦးထင်၏ ပြောဆိုမှုဝါဒသည် အဓမ္မဝါဒဖြစ်သည်။

### အမှတ် (၂) စောဒနာမှုဆိုင်ရာဆုံးဖြတ်ချက်

(က) ဦးထင်၏ဝါဒသည် သာသနာတော်-၃-ရပ်ကို ကောက်ပြရာတွင်၊ အရိယာတွေ့အောင် ရှာတတ်တာ၊ အရိယာဖြစ်ထာပြောတတ်တာ၊ ပုထုဇဉ်တွေ မသိတာသိတာ၊ စာတတ်ရုံမျှ ပရိယတ္တိသာသနာမခေါ်ပါ၊ စသည်ဖြင့် မိမိပရိယတ္တိမပြည့်ဝသလောက် အရှုကောက်ကို ကပေါက်ကချာကောက်ပြသော ဝါဒဖြစ်၍ ဘုရားဟောဖော်ပိဋကတ်တော်ကမူ၊ သင်ကြား-

http://www.dhammadownload.com



လေ့လာအပ်သော ပိဋကတ်သုံးပုံသည် ပရိယတ္တိသာသနာ၊ လိုက်နာ ကျင့်သုံးအပ်သော ဓုတင်-၁၃-ပါး၊ ခန္ဓကဝတ်-၁၄ ပါး၊ မဟာဝတ်ကြီး-၈၂-ပါးသည် ပဋိပတ္တိသာသနာ၊ ထိုးထွင်း သိမြင်အပ်သော မဂ်ဖိုလ် နိဗ္ဗာန်တရားသည် ပဋိဝေဓ သာသနာ ဟု ကောက်ပြသော ဝါဒဖြစ်ခြင်းကြောင့် ဦးထင်၏ ပြောဆိုမှု ဝါဒသည် အဓမ္မဝါဒဖြစ်သည်။

အမှတ် (၃) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်

(က) ဦးထင်၏ဝါဒသည် ကံကိုယုံကြည်တဲ့စိတ်ကို သရဏဂုံ-၃-ပါး တည်သည်ဟုဆိုသည်ဖြစ်၍-ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်တော်ကမူ-ကံကို ယုံကြည်သော စိတ်ကား ကမ္မဿကတာဉာဏ် နှင့်ယှဉ်သောစိတ်သာ မည်သည်၊ ရတနာ ၃-ပါး ကို နှုတ်ဖြင့် မြွက်ဆိုကိုးကွယ်မှသာ သရဏဂုံ-၃-ပါး တည် သည်ဟု ညွှန်းပြသော ဝါဒဖြစ်သောကြာင့် လည်းကောင်း၊

(ခ) ဦးထင်၏ဝါဒသည် သရဏဂုံ-၃-ပါး တည်သူကို မသမုတ်ရတဲ့ သံဃာဟုယူဆသည်ဖြစ်၍၊ ဗုဒ္ဓပိဋကထေရဝါဒကမူ သရဏဂုံ တည်ရုံမျှသံဃာမမည်၊ အရိယာ-၈-ယောက်သာ မသမုတ်ရ သော သံဃာမည်သည်ဟု ဟောတော်မူသောကြောင့် လည်း ကောင်း၊

(ဂ) ဦးထင်၏ဝါဒသည် မသမုတ်ရသော (သရဏဂုံတည်သူလူ) သံဃာကို အပါယ်တံခါးပိတ်သည်ဟုဆို၍- ဗုဒ္ဓ အလိုတော် ကမူ သရဏဂုံ၂-မျိုးတွင် လောကီ သရဏဂုံအတွက် မုချ မဆိုရ၊ အောက်ဆုံး သောတာပန်ပုဂ္ဂိုလ်၏ လောကုတ္တရာ

http://www.dhammadownload.com



သရဏဂုံအတွက်သာ မူချအပါယ်တံခါးပိတ်သည်ဟု ဟော မိန့်တော်မူသောကြောင့် လည်းကောင်း၊ ဦးထင်၏ ပြောဆိုမှု သည် အဓမ္မဝါဒ ဖြစ်သည်။

## အမှတ် (၄) စေတနာမှုဆိုင်ရာဆုံးဖြတ်ချက်

(က) ဦးထင်၏ ဝါဒသည် တရားနာရင် ကုသိုလ်မရဟုလည်း ကောင်း၊ လောဘ ဒေါသမရှိတဲ့ တရားနာခြင်းကိုသာ ပါရမီ ကုသိုလ်ဟု လည်းကောင်း၊ ဆိုသောဝါဒဖြစ်၍ ဗုဒ္ဓအလို တော်ကမူ- တရားနာရင်၊ အနည်းအများကုသိုလ်ရသည် သာဟု မိန့်တော်မူသောကြောင့် လည်းကောင်း၊ တရားနာ ခြင်းသာမက၊ ကုသိုလ်မှန်သမျှ ပါရမီကုသိုလ်ဖြစ်နိုင်သည်ဟု မိန့် တော်မူသောကြောင့် လည်းကောင်း၊

(ခ) ဦးထင်၏ဝါဒသည် အကြောင်းကုန်တဲ့တရား၊ မကုန်တဲ့တရား ဟုမကွဲပဲ၊ တရားနာလျှင် ကုသိုလ်မရဟုဆိုသောဝါဒဖြစ်၍- ပိဋကတ်တော်အလိုမှာမူ မည်သို့ပင်ဖြစ်စေ တရားစစ် တရား မှန်ကိုကြားနာလျှင် ကုသိုလ်ရသည်ဟု ညွှန်ပြသောကြောင့် လည်း ကောင်း၊

(ဂ) ဦးထင်၏ဝါဒသည် ဘုရားတည် ကျောင်းဆောက်ကို ကုသိုလ် မခေါ်၊ ကုသိုလ်မဟုတ်၊ ထို့ကြောင့်သီရိမ္ဗာသောကမင်းကြီး၊ အပါယ်ကျရသည်ဟု ယူဆသောဝါဒဖြစ်၍ ဗုဒ္ဓဘာသိတ ပိဋက[illegible] စာပေများကမူ ဘုရားတည် ကျောင်း ဆောက်မှုကို၊ ကုသိုလ်ခေါ်၍ သီရိဓမ္မာသောကမင်းကြီးမှာ

http://www.dhammadownload.com



နှလုံးသွင်းမသင့်၍သာ အပါယ်ကျရသည်၊ ကုသိုလ်ကြောင့် မဟုတ်ဟု ယူဆသော ဝါဒဖြစ်သောကြောင့် လည်းကောင်း၊

(ဃ) ဦးထင်၏ဝါဒသည် သူ့အသက်သတ်-သူ့ဥစ္စာခိုးစသည်များသည် ဓမ္မတာအကုသိုလ်ဖြစ်၍ ကြောက်စရာမလိုမဂ်၊ ဖိုလ်-မတားနိုင်ဟု ဦးထင်၏ဝါဒကယူဆ၍ ဗုဒ္ဓအလိုတော်ကမူ အကုသိုလ်မှန်သမျှ ပယ်ရမည်၊ ကြောက်ဖွယ်ဖြစ်သည်၊ အားကြီးသော မာတုဃာတက-အမိသတ်ကံမျိုးစသည် ပဉ္စာနန္တရိယကံ ကြီး ၅ ပါးသည်သာ မဂ်ဖိုလ်ကို တားနိုင်သည်ဟု ယူဆသောကြောင့် လည်းကောင်း၊

(င) ဦးထင်၏ဝါဒသည် မိမိကံဖြစ်တဲ့ စိတ်ကလေး၊ ဘယ်အချိန် ဘယ်အနားနေတယ် မသိတာကို ဒလစပ်ဖြစ်နေတဲ့ အကုသိုလ် ဖြစ်၍၊ မဂ်ဖိုလ်တားနိုင်သည်ဟု ဦးထင်၏ဝါဒက ယူဆ၍-ဗုဒ္ဓ အဘိဓမ္မာ ထေရဝါဒကမူ၊ ယင်းမသိမှုကို ဒလစပ်ဖြစ်နေတဲ့ အကုသိုလ်မဟုတ်၊ ဝိပါကန္တရာယ်စသော အန္တရာယ်ကြီး - ၅- ပါး ကသာ မဂ်ဖိုလ်တားနိုင်သည်ဟု ထုတ်ပြတော်မူသောကြောင့် လည်းကောင်း၊ ဦးထင်၏ပြောဆိုမှုဝါဒသည်၊ အဓမ္မဝါဒပင် ဖြစ်သည်။

**အမှတ် (၅) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်**

(က) ဦးထင်၏ဝါဒသည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သံသရာက ထွက်ပေါက်မဟုတ်-သံသရာလည်ကြောင်းတရားဟု မထိမဲ့

http://www.dhammadownload.com



မြင် ယူဆသောဝါဒဖြစ်၍-ဗုဒ္ဓအလိုတော်ကမူ-ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် သံသရာဝဋ်ဆင်းရဲဖြစ်ပုံ၊ ချုပ်ပုံ (သံသရာ လည်ပုံဖြတ်ပုံ)ကိုပြသော အတ္ထဂမ္ဘီရစသော ဂမ္ဘီရ -၄- ပါးတို့ ဖြင့် အလွန်နက်နဲလှသည်ဟု ညွှန်ပြသောကြောင့် လည်းကောင်း၊

(ခ) ဦးထင်၏ဝါဒသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ဖဿ ပစ္စယာ ဖဿဟုလည်းကောင်း၊ ဖဿကြောင့် ဖဿဖြစ် သည်ကို ကာယနုပဿနာဟု လည်းကောင်း၊ ဒေသနာမှန်ကို ဖျတ်ဆီးပြီးယူဆ သော ဝါဒဖြစ်၍-ဗုဒ္ဓ ပိဋကတော်ကမူ ဖဿပစ္စာ ဝေဒနာဟု လည်းကောင်း၊ ဖဿဖြစ်သည်ကို ကာယာနုပဿနာ မဟုတ်ဟုလည်းကောင်း ဟောတော်မူ သောကြောင့် လည်းကောင်း၊

(ဂ) ဦးထင်၏ဝါဒသည် အရိယာပုဂ္ဂိုလ်များမှသာ ကမ္မဋ္ဌာန်းနည်း ပေးနိုင်ကြောင်းကို ညွှန်ပြသောဝါဒဖြစ်၍-ဗုဒ္ဓဘာသိတ ထေရဝါဒပိဋကတော်များကမူ အရိယာမဟုတ်သော်လည်း နည်းပေးနိုင်၍ ပုထုဇဉ်ကမ္မဋ္ဌာန်းဆရာများရှိပုံကို တိကျစွာ ထုတ်ဖော်ထားသော ဝါဒဖြစ်သောကြောင့်လည်းကောင်း၊ ဦးထင်၏ ပြောဆိုမှုဝါဒသည် အဓမ္မဝါဒဖြစ်သည်။

**အမှတ် (၆) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်**

ဦးထင်၏ဒွါရဝိမုတ်မှာ ယောကျ်ား မိန်းမများ နေ့လည် ည- ငါ့ဟာ သူ့ဟာ မလုပ်တတ်တာကိုခေါ်၍ ဗုဒ္ဓပိဋကတ်တော်

http://www.dhammadownload.com



ထေရဝါဒကမူ၊ ပဋိသန္ဓေဘဝင်စုတိကိစ္စတပ်သော စိတ် -၁၉- ခုကိုသာ ဒွါရဝိမုတ်ဟု ညွှန်ပြတော်မူသောကြောင့် ဦးထင်၏ ပြောဆိုမှုဝါဒသည် **အဓမ္မဝါဒဖြစ်သည်။**

## အမှတ် (၇) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်

(က) ဦးထင်၏ဝါဒသည်လောဘဒေါသကိလေသာမရှိမှုသိသော အသိကို နာမ်၊ ကိလေသာတန်းလန်းနဲ့ သိသောအသိကို နာမ် မဟုတ်ဟုယူသောဝါဒဖြစ်၍၊ ဗုဒ္ဓ၏ပိဋကလာ ထေရဝါဒကမူ ကိလေသာ ရှိ-မရှိ အသိဟူသမျှ နာမ်ဟုပင် မိန့်တော်မူသော ကြောင့် လည်းကောင်း၊

(ခ) ဦးထင်၏ဝါဒမှာ လောဘ ဒေါသမရှိလို့ နာမ်တရားဖြစ်နေလို့ လေကို ရုပ်ဟုခေါ်သောဝါဒဖြစ်၍ ဗုဒ္ဓ၏ ထေရဝါဒပိဋကတ် ကမူ လောဘ ဒေါသသာမက ကိလေသာအားလုံးမရှိ၊ နာမ် တရားလည်း လုံးဝမဟုတ်သော ဝါယော-စသော ဓာတ်ကလာပ် ဖြစ်လို့ လေကိုရုပ်ဟု မိန့်တော်မူသောကြောင့် လည်း ကောင်း၊ ဦးထင်၏ ပြောဆိုမှုဝါဒသည် **အဓမ္မဝါဒ ဖြစ်သည်။**

## အမှတ် (၈) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်

(က) ဦးထင်၏ဝါဒမှာ သမထ ဝိပဿနာ သီလ သမာဓိ ပညာများ ကို အဓိပ္ပါယ်အဘိမေဓယျတ္တ မှားယွင်းစွာပြဆိုထား၍ ထိုပြ

http://www.dhammadownload.com



ဆိုချက်သည် ဗုဒ္ဓဘာသိတ ပိဋကထေရဝါဒနှင့် လုံးဝမညီ ညွတ်သောကြောင့် လည်းကောင်း၊

(ခ) ဦးထင်၏ဝါဒမှာ သီလ သမာဓိကိုသာ ကိုယ်လုပ်လို့ ဖြစ်နိုင် သည်၊ သမထ ဝိပဿနာကိုမူ ကိုယ်လုပ်လို့မဖြစ်နိုင်ဟု ပြဆို ဟောပြော၍ ထေရဝါဒပိဋကတော်အလိုမှာ သမထ ဝိပဿနာကိုလည်း ကိုယ်လုပ်မှဖြစ်နိုင်သည်ဟု မိန့်ဆိုထား သောကြောင့် လည်းကောင်း၊

(ဂ) ဦးထင်၏ဝါဒမှာ ပညာနှင့်ဉာဏ်ကို ၂-မျိုးခွဲ၍ ဟောထားခြင်း ဖြစ်၍ ထေရဝါဒပိဋကတော်မှာ ၂ မျိုးမဟုတ် တမျိုးတည်းသာ ဟု ညွှန်ပြထားသောကြောင့် လည်းကောင်း၊

(ဃ) ဦးထင်အယူအဆမှာ လောကုတ္တရာ၌ ဉာဏ်မပါ၊ ဉာဏ်မရှိ လောကီမှာသာ ဉာဏ်ရှိသည်ဟု ယူဆပြောဆို၍ ဗုဒ္ဓပိဋက တော် ထေရဝါဒ၌မူ၊ လောကုတ္တရာအားလုံးမှာ ဉာဏ်မကင်းကောင်း၊ ဉာဏ်ပါဉာဏ်ရှိသည်။ လောကီမှာသာ အချို့တရား ၌ ဉာဏ်ကင်း၍ အချို့တရား၌ ဉာဏ်ရှိသည်ဟု ဟောတော်မူ သောကြောင့် လည်းကောင်း၊

(င) ဦးထင်၏ အယူအဆမှာ ၅ ပါးသီလ စသော သီလ များကို အကျိုးသီလဟုသာ ဟောပြော၍ ဗုဒ္ဓဒေသနာ တော်အလိုမှာ သီလမှန်သမျှ အကြောင်းသာဖြစ်သောကြောင့် လည်းကောင်း၊

(စ) ဦးထင်သည် ယင်း-၅-ပါး သီလစသော သီလများကို သာမန် ပုထုဇဉ်များ လုပ်ရသည်ဟု ဟောပြောသည်ဖြစ်၍

http://www.dhammadownload.com



ဗုဒ္ဓဒေသနာတော်ကမူ ယင်းသီလများကို မည်သည့် ပုထုဇဉ် မျိုးမဆို စောင့်စည်းရမည်၊ စောင့်စည်းနိုင်သည်ဟု မိန့်ဆိုသော ကြောင့် လည်းကောင်း၊ ဦးထင်၏ ပြောဆိုမှု ဝါဒသည် အဓမ္မဝါဒဖြစ် သည်။

**အမှတ် (၉) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်**

(က) ကာယကံ ဝစီကံ သောင်းကျန်းမှု -၂-ပါးကို သီလဝိပတ္တိ မ ဟုတ်ဟု အင်္ဂလိမာလဖြစ်ရပ်ကို ကိုးကား၍ ဦးထင်ကဆိုထားသော် လည်း၊ ဗုဒ္ဓဘာသိတ ပိဋကစာပေထေရဝါဒကမူ ယင်းကံ ၂ပါး ပျက်စီးက စင်စစ်သီလဝိပတ္တိဟု မိန့်တော်မူသောကြောင့် လည်း ကောင်း၊

(ခ) မနောကံသောင်းကျန်းမှုသာ သီလဝိပတ္တိဟု ထိုအင်္ဂုလိမာလ ဖြစ်ရပ်ကိုပင် ခိုင်မာစွာ ကိုးကား၍ ဦးထင်ဆိုငြားသော်လည်း၊ မနောဒွါရေအာပတ္တိနာမ နတ္ထိ၊ စသည်ညွှန်ပြချက်များအရ၊ ဗုဒ္ဓပိဋကတော်၌မူ မနောဒွါရ ဖောက်ပြန်ရုံမျှဖြင့် သီလမပျက်စီး၊ သီလဝိပတ္တိ စင်စစ်မဟုတ်ဟု မိန့်တော်မူသောကြောင့် လည်း ကောင်း။ ဦးထင်၏ ပြောဆိုမှုဝါဒသည် အဓမ္မဝါဒ ဖြစ်သည်။

**အမှတ် (၁၀) စောဒနာမှုဆိုင်ရာ ဆုံးဖြတ်ချက်**

(က) ဦးထင်၏ ဗုဒ္ဓဘာသာခေါ်ထားပုံမှာ-အရပ်စကား၊ ဇာတ်စကား သာဖြစ်၍၊ ယင်းစကားရပ်သည် ထေရဝါဒပါဠိပိဋကစာပေ နှင့်မညီညွတ်သောကြောင့် လည်းကောင်း၊

http://www.dhammadownload.com



(ခ) သဘာဝမဆိုက်သော အကြောင်းအမျိုးမျိုးကိုပြလျက် ဘုရားက နိဗ္ဗာန်မှာရှိတာယ်ဟု ဦးထင်ကပြောဆို၍ ဗုဒ္ဓဘာသိတ ထေရဝါဒ။

ပိဋကတ်စာပေ၌မူ နိဗ္ဗာန်ဟူသည် ပရမတ္ထဓမ္မသဘာဝမျှ သာဖြစ်၍ တည်ရာဌာနဘုံမရှိ၊ ဘုရားရှင်ဟူသည်မှာလည်း တခြား သာဟု မိန့်သောကြောင့်လည်းကောင်း၊

(ဂ) တဖွားဖွားပရမတ် ယင်းပရမတ်ကိုပဲ ဦးထင်၏ ထင်သလို ဟောပြောချက်စသည်မှာ-ထေရဝါဒပိဋကတ်ဒေသနာတော်နှင့် လုံးဝ မကိုက်ညီသောကြောင့်လည်းကောင်း၊ ဦးထင်၏ ပြောဆိုမှု ဝါဒ သည် အဓမ္မဝါဒသာဖြစ်သည်။

## အမှတ် (၁၁) စေဒနာမှုဆိုင်ရာဆုံးဖြတ်ချက်

(က) နိဗ္ဗာန်မှာ အသိရှိသည်၊ ရုပ်နာမ် ၂ - ပါးလည်းရှိသည်ဟု ဦးထင်ကဆိုသော်လည်း၊ ဗုဒ္ဓဘာသိတထေရဝါဒစာပေကျမ်းဂန်များ၌မူ နိဗ္ဗာန်သည် စိတ်စေတသိက်နာမ်များလို အသိမရှိ၊ ရုပ်နာမ်-နှစ်ပါး လည်း လုံးဝမရှိဟု ဟောတော်မူသောကြောင့်လည်းကောင်း၊

(ခ) နိဗ္ဗာန်မှာ ပျက်မှုရှိသည့် သင်္ခတ, အသင်္ခတ-ဟု နိဗ္ဗာန် နှစ်မျိုးရှိသည်ဟု ဦးထင်ကဆိုသော်လည်း နိဗ္ဗာန်သည် အဖြစ်ဥပါဒ် မရှိသလို အပျက်ဘင်လည်းမရှိ၊ နိဗ္ဗာန်ဟူသည် အသင်္ခတတစ်မျိုးသာ ဟု ဗုဒ္ဓပိဋကပင်လယ်တွင်-ကျယ်ဝန်းစွာပြဆိုထားသောကြောင့်လည်း ကောင်း၊ ဦးထင်၏ ပြောဆိုမှုဝါဒသည် အဓမ္မဝါဒသာဖြစ်သည်။

---

http://www.dhammadownload.com



## သင္ဃသမောဓာန နိဂမ ဝိစရဏာ
## ဆိုင်ရာဆုံးဖြတ်ချက်

### သရဏဂုံတင် ဆွမ်းသွတ်ဆိုင်ရာ ဆုံးဖြတ်ချက် (၁၂)

စောဒကဆရာတော်များ၏ စောဒနာ(၁၁)ချက်တွင် မပါသေးသော သက်သေခံစာအုပ်များအရ သေသူအတွက်ရည်မှန်း၍ သရဏဂုံမတင်၊ ဆွမ်းမသွတ်ရဟု ဦးထင်၏ဟောပြောချက်နှင့် ပတ်သက်၍ ဦးထင်က သေသူ (ကွယ်လွန်သူ) အတွက် သရဏဂုံတင် ဆွမ်းသွတ် အမျှပေးဝေ ကုသိုလ်ကောင်းမှုပြုလုပ်မှုကို ခါးသီးစွာပစ်ပယ် ငြင်းဆိုသော်လည်း ဗုဒ္ဓဘာသိတ ထေရဝါဒပိဋကတ်ဒေသနာတော်များ၌မူ ဗုဒ္ဓလက်ထက်တော်မှစ၍ အစဉ်အလာဆောင်ရွက်ခဲ့ကြသော သေသူရှင်သူ နှစ်ဦးသားတို့အား လွန်စွာကျေးဇူးများသော ကုသိုလ်တိုးပွားအကျိုးများစေနိုင်သော ဆောင်ရွက်မှုကြီးဖြစ်သောကြောင့် ဦးထင်၏ သရဏဂုံတင် ဆွမ်းသွတ်အမျှပေးဝေ လှူဒါန်းမှုဆိုင်ရာနှင့် စပ်လျဉ်း၍ ပြောဆိုမှုဝါဒသည်လည်း **အဓမ္မဝါဒပင်ဖြစ်သည်။**

### ဗုဒ္ဓသုံးဆူရတနာစေတီဆိုင်ရာ ဆုံးဖြတ်ချက် (၁၃)

ဦးထင်သည် ကမ္မဋ္ဌာန်းဆရာကြီးအမည်ခံ၍ အစွဲဥပါဒါန်ပြုတ်၊ ဝိပဿနာ တရားအလုပ်ကို ကိုယ်တိုင်အားထုတ်၍ ပေါက်ရောက်သူဟု သူ့ကိုယ်သူ အရိယာအဖြစ်ကို ခံယူထားသူဖြစ်ပါလျက် သူသေရင် သူ့ရုပ်ကလာပ်ကို စေတီတည်ထား၍ တပည့်ယောဂီများအား

http://www.dhammadownload.com



ကိုးကွယ်ရစ်ကြရန် မှာထားခဲ့သဖြင့် တပည့်ယောဂီများက သူတို့ရဲ့ ဆရာကြီးဦးထင်ရဲ့ မှာစကားအရ စေတီတည်ဆောက်၍ ဦးထင်၏ ရုပ်ကလာပ်ကို ထည့်သွင်းထားကြသော်လည်း အထက်က စိစစ်သုံးသပ်ဖော်ပြခဲ့သလို လောကကြောင်း, ဓမ္မအကြောင်းများနှင့် ဆန့်ကျင်သောလုပ်ရပ်ဖြစ်နေသောကြောင့် **အဓမ္မကမ္မသာဖြစ်သည်။**

## နိဂမသဗ္ဗသမောဓာန ဝိနိစ္ဆယ

စောဒကဆရာတော်များသည် ဦးထင်၏ပြောဆိုချက်များထဲမှ အနည်းငယ်အမြွက်မျှ ဥပလက္ခဏနည်းအားဖြင့် ရှင်းလင်းတင်ပြလျှောက်ထား စောဒနာကြသော်လည်း နိုင်ငံတော်သီးခြားဝိနည်းမှုခိုင်ရဲ့ အဖွဲ့အမှတ် (၈) အဖွဲ့ဝင်ဆရာတော်ကြီးများက ဝိနိစ္ဆယဉာဏ်၊ ပဋိဘာန်မျက်လုံးဖြင့် ဦးထင်၏ ဟောပြောချက်အားလုံးကို သိမ်းကြုံးပေါင်းရုန်း၍ နိဂုံးချုပ်အနေဖြင့် ဓမ္မဝိနယကျမ်းဂန်အရပ်ရပ်တို့အရ အကြွင်းမရှိ စိစစ်သုံးသပ်တော်မူကြသောအခါ အဆိုပါထွန်တုံးလက်ကျန်ဦးထင်၏ အယူအဆဝါဒသည် ဗုဒ္ဓဘာသိတထေရဝါဒ ပိဋကတ်ဒေသနာတော် ဗုဒ္ဓဓမ္မ သာသနဓမ္မများနှင့် မလျော်မကန်ဖေါက်ပြန်ယွင်းပျက် ဆန့်ကျင်ဘက် မဟုတ်မဟတ်ကြံစည်တီထွင်အရှုးချေးပန်း သာသနာတော်ကို အရုပ်ဆိုးညှိုးနွမ်းစေရန် ပြောဆိုထားသောကြောင့် စောဒနာလွှာပါ မပါ ဦးထင်၏ပြောဆိုချက်အားလုံးသည် လက်ခံယုံကြည်ကျင့်သုံးလိုက်နာကြသူများအား "ဆရာကုန်ရှုံး တော့ တစ်သံသရာမော့က်" ဆိုသောစကားကဲ့သို့ သံသရာည ဝဋ်မှ ထွက်ပေါက်မရနိုင်သည့်အပြင် အပါယ်ရောက်ကြောင်းမကောင်းသော အယူဝါဒဖြစ်ပါသဖြင့် **အဓမ္မဝါဒချည်းသာ** ဖြစ်သည်ဟု အမှတ် (၈) နိုင်ငံတော် သီးခြားဝိနည်းမှုခိုင်ရဲ့ ဆရာတော်ကြီး များက တညီတညွတ် ဆုံးဖြတ်တော်မူကြသည်။

http://www.dhammadownload.com



## ဆုံးဖြတ်ချက် (၁၄)

ဤအမှတ် (၈) နိုင်ငံတော်သီးခြားသံဃဝိနိစ္ဆယရုံးတော်သို့ သက်သေခံတင်ပြထားသော စာအုပ်၊ စာတမ်း၊ တိပ်ခွေများ၌ ပါရှိသော ထွန်းတုံးလက်ကျန်အမည်ခံ ဦးထင်၏ ဝါဒဆိုင်ရာ တရားအားလုံးတို့သည်လည်း အဓမ္မဝါဒကို ဖေါ်ပြရာဖြစ်သောကြောင့် အဓမ္မပင်မည်၏ဟု နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးငါးပါးတို့က အောက်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးတော်မူကြ၍ တညီတညွတ်တည်း ထပ်မံဆုံးဖြတ်တော်မူကြသည်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်သော**
**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာပါဝင်သော**
**နိုင်ငံတော်သီးခြားဝိနည်းမိုရ်အမှတ် (၈)၏ဆုံးဖြတ်ချက်**
**(လုပ်ထုံးလုပ်နည်းများအပိုဒ်-(၄၂ (၈)၄၃)**
**နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၈)**
**၁၃၄၇-ခုနှစ်၊ ဓမ္မ အဓမ္မမှုခင်းအမှတ်(၈)**

(က) စောဒက

၁။ ဦးကောသလ္လ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
ရွှေတောင်ဦးကျောင်း၊
မြောင်မြို့နယ်၊စစ်ကိုင်းတိုင်း။

ထွန်းတုံး (၂၀)

(ခ) စုဒိတက

၁။ ဦးညိုမောင် (ဉက္ကဋ္ဌ၊
သာသနာ့အကျိုးဆောင်အဖွဲ့)
အမှတ်-၂၇၆၊အမှတ် (၆)
ကွေ့ကြီးရပ်၊ မြင်းခြံမြို့။

http://www.dhammadownload.com



၂။ ဦးဝိစာရဓမ္မသာမိ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
ပခုက္ကူကျောင်း (၂) ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်
ရန်ကုန်တိုင်း

၂။ ဦးသံလုံး (ဒုတိယဥက္ကဋ္ဌ၊
သာသနာ့အကျိုးဆောင်
အဖွဲ့)
အမှတ်-၃၇၇၊အောင်ချမ်း-
သာရပ်ကွက်၊မန္တလေး
အနောက်တောင်မြို့နယ်။

တို့နှင့် ဦးထင်၏ ဝါဒရောက်ရာ မြို့နယ်၊ ရပ်ကွက်/ကျေးရွာတို့၌ ဓမ္မ အဓမ္မ အငြင်းပွားသော ဝိဝါဒါဓိကရုဏ်းမှုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့ အမှတ် (၈) ဝိနည်းဓိုရ်ဆရာတော်များကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ချက်ချပေးတော်မူလိုက်ကြပါသည်။

(က) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော ဦးထင်၏ ဝါဒစာအုပ်နှင့် ထိုဝါဒမှဆက်နွယ်ပေါက်ပွားလာသော စာအုပ်စာတန်းများ၊ အသံဖမ်းတိပ်ခွေများ၊ ဤသက်သေခံ ပစ္စည်း၌ မပါဝင်ကျန်ရှိနေသေးသောစာအုပ်၊ စာတန်း၊ တိပ်ခွေတို့၌ ပါရှိသော ဦးထင်ဝါဒ တရားနှင့် ဦးထင်၏ ဝါဒနှင့် ဆက်နွယ်နေသော တရားတို့သည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ဓမ္မဝိနယများနှင့် ဆန့်ကျင်ဘက် ဖြစ်ရကား အဓမ္မဝါကို ဖော်ပြရာဖြစ် သောကြောင့် အဓမ္မဝါဒ မည်ကုန်၏ဟူ၍လည်းကောင်း၊

http://www.dhammadownload.com



(ခ) ထိုမှတစ်ပါး ထိုအဓမ္မဝါဒနှင့် ဆက်နွယ်ပတ်သက်လျက်ရှိနေသော သင်တန်းအစရှိသော အမည်များနှင့် တံဆိပ်တုံး၊ ဆိုင်းဘုတ်အစရှိသော ထိုအဓမ္မဝါကို ဖော်ပြသိစေလျက်ရှိသော အထိမ်းအမှတ် ပစ္စည်းဝတ္ထုမှန်သမျှ အားလုံးတို့သည် အဓမ္မဝါဒနှင့် စပ်သော အမည်ပစ္စည်းဝတ္ထုများဖြစ်ကြသည်ဟူ၍လည်းကောင်း၊

(ဂ) အဆိုပါ ထွန်းတုံးလက်ကျန်ဦးထင်၏ ဝါဒကို ရေးသားဟောပြောကြသူ၊ လိုက်နာကျင့်သုံးကြသူ၊ လက်ခံယုံကြည်ထောက်ခံအားပေးကြသူ၊ ရဟန်းရှင်လူဟူသမျှ ပုဂ္ဂိုလ်အားလုံးတို့သည်လည်း အဓမ္မဝါဒီပုဂ္ဂိုလ်တို့သာ မည်ကြသည် ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊ ဤအမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီး ငါးပါးတို့က သဘောမပြား တသားတည်း ဆုံးဖြတ်တော်မူကြသည်။

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) ဝိနည်းဓိုရ်ဆရာတော်များ

၁။ ဘဒ္ဒန္တဝဏ္ဏသာရ (သဘာပတိ)
ဘုရားသုံးဆူကျောင်း၊ သန်လျင်မြို့နယ်
ရန်ကုန်တိုင်း

၂။ ဘဒ္ဒန္တအာစရာဘိဝံသ (အဖွဲ့ဝင်)
မင်္ဂလာရာမတိုက်၊ ရေဦးမြို့၊
စစ်ကိုင်းတိုင်း။

http://www.dhammadownload.com



၃။ ဘဒ္ဒန္တကောသလ္လ (အဖွဲ့ဝင်)
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဘဒ္ဒန္တပညာဝံသ (အဖွဲ့ဝင်)
ကံသာကျောင်း၊ ယင်းမာပင်မြို့နယ်၊
စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တဝဏ္ဏာဘိဝံသ (အဖွဲ့ဝင်)
သီရိမင်္ဂလာမှန်ကျောင်း
ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း။

## နိဂမနကထာ

**သဒ္ဓမ္မဿ ဝိနာသာယ၊ သဒ္ဓမ္မပဋိရူပကံ။**
**တသ္မာ ဇဝံ နိစ္ဆယိံ သု၊ ဝဏ္ဏသာရာဒိမာမကာ။**

"လူ၏သော်လည်းကောင်း၊ ရဟန်းသော်၏လည်းကောင်း၊ ၂-ဦးသားတို့၏ အကျင့်များကို ငါဘုရားမချီးမွမ်း၊ အကျင့်မှားကြောင့် ဝိပဿနာနှင့်တကွသော မဂ်ကုသိုလ်မပြည့်စုံစေနိုင်၊ အကျင့်မှန်ကိုသာ ငါဘုရားချီးမွမ်းသည်၊ အကျင့်မှန်ကြောင်း ဝိပဿနာနှင့်တကွသော မဂ်ကုသိုလ်ကို ပြည့်စုံစေနိုင်သည်"

ဧကအင်္ဂုတ္တိုရ် သမစိတ္တဝဂ် (၄၁) သုတ်မြောက်၌ ဘုရားရှင်ဟောတော်မူရာ အကျင့်ကောင်းအကျင့်မှန်များသာ လိုအပ်သော မဂ်ဖိုလ် နိဗ္ဗာန်အထိ ချမ်းသာအတန်တန်ကို ရယူပိုင်ခွင့်ရှိကြောင်း ထင်ရှား ပေသည်။

http://www.dhammadownload.com



လောကၛွ ရွှေအတုမပေါ်သေးသမျှ ရွှေအစစ်မပျောက်နိုင်၊ ရွှေတု ရောက်က ရွှေစစ်ပျောက်ရသကဲ့သို့ အကျင့်မှားတရားမှား တရား အတုယောင်များ ပေါ်လာပါက တရားစစ်တရားမှန် ကွယ်ပျောက် ရတော့မည်ဖြစ်ရာ ယင်းသူတော်ကောင်းတရားအစစ်အမှန် မကွယ် နိုင်ရေးအတွက် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး အရောင် အသွေးရော အနှစ်သာရကိုပါ မြတ်နိုးလိုလားတော်မူကြသော အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဘဒ္ဒန္တဝဏ္ဏသာရ သဘာပတိ ဆရာတော်အမှူးရှိသော မထေရ်မြတ် ၅-ပါးတို့သည် သူတော် ကောင်းတရားကွယ်ပကြောင်း စင်စစ်ကေန်ဖြစ်သော ဦးထင်၏ ထွန် တုံးလက်ကျန်ဝါဒကို တရားအစစ်အမှန်မဟုတ် အတုအယောင်မျှသာ ဟု ခိုင်မာစွာဆုံးဖြတ်တော်မူကြကုန်ပြီ၊

နိဋ္ဌိတော ဘော အယံ ဒါနိ၊ ထွန်တုံးလက်ကျန်တိ နိစ္ဆယော။
ဓမ္မဂဝေသကော လောကော၊ ဇာတေန္တု ဇိနသာသနံ။

ချမ်းသာ အစစ်အမှန်ကိုသာ ကေန်လိုလားအားထားကြပါသော သူတော်ကောင်းတို့၊ ၁၃၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃) ရက် (၃၀-၁၂-၈၅) တနင်္လာနေ့၌ အဓမ္မဝါဒဟု ဆုံးဖြတ်အပ်သော စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ကျောင်းဖြူကျေးရွာ ဦးထင်၏ ထွန်တုံး လက်ကျန်ဝါဒ ဝိနိစ္ဆယသည် အောင်မြင်ပြီးမြောက်အဆုံးသို့ ရောက် ပြီးဖြစ်ရာ ဆင်းရဲအဖြာဖြာကင်းလွတ်ရာသည့် ဓမ္မအသီးရှာမှီးလိုငြား ရှင်လူအများသည် ပါရမီစုံလင်၊ ဘုရားရှင်၏ စွမ်းအင်ကြီးလှ သဒ္ဓမ္မ သုံးဖြာ သာသနာကို သဒ္ဓါရှိန်ဟပ်၊ ထွန်းထိန်လတ်အောင် မပြတ် ယုယ၊ ကြိုးလုံ့လဖြင့် စောင့်ရှောက်နိုင်ကြပါစေသတည်း။

---

http://www.dhammadownload.com



၁၉၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄)ရက် (၃၁-၁၂-၈၅) အင်္ဂါ နေ့တွင်
ဇမ္ဗူဒိပကျောင်းဆောင်၌ ကျင်းပသော
ထွန်ထုံးလက်ကျန်ဦးထင်၏ အဓမ္မဝါဒစွန့်လွှတ်ပွဲ
အခမ်းအနား

## အစီအစဉ်

၁။ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၈) သဘာပတိ ဆရာတော်ဘုရားက မိမိတို့ ဝိနည်းဓိုရ်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များကို ရှင်းလင်းလျှောက်ထားရန်၊

၂။ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈) သဘာပတိ ဆရာတော်ဘုရားက ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒဝိနိစ္ဆယ အမှုတွဲကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားထံ အပ်နှံရန်၊

၃။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘုရားက ဓမ္မအဓမ္မ အဓိကရုဏ်း ပြေငြိမ်းအောင် ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ဩဝါဒကထာ မြွက်ကြားရန်၊

၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်က "ဝိနိစ္ဆယအကျဉ်းချုပ်" ကို မိန့်ကြားပြီး "စုဒိတက" ပုဂ္ဂိုလ်များ နှလုံးသွင်းဖွယ် ဩဝါဒကထာ မြွက်ကြားရန်၊

http://www.dhammadownload.com



၅။ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈)၏ ဆုံးဖြတ်ချက်အတိုင်း စုဒိတကတို့က နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ရှေ့မှောက်တွင် "အဓမ္မဝါဒ" စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရန်၊

၆။ ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒနှင့်စပ်လျဉ်း၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများက မိမိတို့၏ ဝါဒကို အမှားဝန်ခံ၍ စွန့်လွှတ်ကြရန်အတွက် မြို့နယ် သံဃနာယကအဖွဲ့များထံသို့ ဆက်လက်ပြီး ညွှန်ကြားမည့်အကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က မိန့်ကြားရန်။

---------------

http://www.dhammadownload.com



နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၈)
ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒဝိနိစ္ဆယစာမူများကို
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံသို့ အပ်နှံရာ၌
ဝိနည်းဓိုရ်သဘာပတိဆရာတော်၏
ရှင်းလင်းလျှောက်ထားလွှာ

**ဆက်ကပ်ပါရန်**

ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

အကြောင်းအရာ။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၈)၏ မှု-
အမှုမှုခင်း အမှတ်(၈) ဆုံးဖြတ်ချက်ကို အပ်နှံခြင်း

ရည်ညွှန်းချက် ။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၃၄၇-ခုနှစ်၊
ပထမဝါဆိုလဆန်း (၉)ရက် (၂၆-၆-၈၅) နေ့စွဲပါ
စာအမှတ်-၂၀၈/၁/သာ-မဟနဖြင့် နိုင်ငံတော်
သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၈) ဖွဲ့စည်းခြင်း-
အမိန့်စာ။

ရှိသစွာ လျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များဘုရား-

၁။ အထက်ဖော်ပြပါ အမိန့်အရ ဝိနည်းမှုကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် (၂၅၊ ၂၆၊

http://www.dhammadownload.com



၃၅)တို့နှင့်အညီ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ သဘာပတိဆရာတော် ရွေးချယ်ပြီးလျှင်၊ ပုံစံ (၅)ဖြင့် စောဒကဆရာတော်များနှင့် စုဒိတကပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ ၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁)ရက် (၃-၇-၈၅)ရက် နံနက် (၀၈ း ၀၀)နာရီအချိန်မှ စ၍ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေါယာန ကျောင်းဆောင်၊ နိုင်ငံတော်သီးခြားဝိနိစ္ဆယ ရုံခန်းမ၌ စောဒကများ၏ စောဒနာလွှာကို ကြားနာခဲ့ပါသည်။ စုဒိတကပုဂ္ဂိုလ်တို့ကမူ စောဒကများ၏ စောဒနာလွှာနှင့် ပတ်သက်၍ သောဓနာလွှာ (ပြန်လည်ချေပချက်) မတင်သွင်းလိုပဲ၊ ဝိနိစ္ဆအဖွဲ့၏ အဆုံးအဖြတ်ကိုသာ ခံယူမည်ဖြစ်ကြောင်းဖြင့် ထိုနေ့တွင်ပင် ပြန်လည် လျှောက်ထားခဲ့ပါသည်ဘုရား။

၂။ စောဒကများ၏ စောနာလွှာများနှင့် စုဒိတကများ ရေးသားထုတ်ဝေ ဟောကြားသော စာအုပ်စာတမ်း၊ တိတ်ခွေများကို စုဆောင်းလက်ခံသုံးသပ်၍ ၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁)ရက် (၃-၇-၈၅) နေ့ညနေပိုင်းမှ စတင်ပြီးလျှင် ဆိုင်ရာပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ဂန္ထန္တရအဝဝတို့နှင့် တိုက်ဆိုင်ညှိနှိုင်းပြီး ဤဝိနိစ္ဆယစာတမ်းကို ရေးသားပြုစုခဲ့ပါသည် ဘုရား။

၃။ ယင်းသို့ ရေးသားပြုစုခဲ့ကြပြီးနောက် ၁၃၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက်နှင့် (၄)ရက် [ ၃၀-၁၂-၈၅ နှင့် ၃၁-၁၂-၈၅ ] နေ့များတွင် ဝိနည်းဓိုရ် ၅-ပါး အစုံအညီ ကြွရောက်တော်မူကြ၍ စောဒကနှင့် စုဒိကတို့၏ ရှေ့တွင် ဤဆုံးဖြတ်ချက်ကို ဖတ်ကြားချမှတ်၍ အဖွဲ့ဝင်များ စုံညီ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်ဘုရား၊ တပည့်တော်များ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၇)၏ ဆုံးဖြတ်ချက် ဝိနိစ္ဆယစာတမ်းကို မွေ-အမွေသက်သေခံ စာအုပ်စာတမ်း တိတ်ခွေများနှင့်တကွ ပူးတွဲလျက် ဤစာနှင့်အတူ ဆက်ကပ်ပါသည်ဘုရား။

http://www.dhammadownload.com



## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈) ဆရာတော်များ

၁။ ဘဒ္ဒန္တဝဏ္ဏသာရ(သဘာပတိ)
ဘုရားသုံးဆူကျောင်း
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။ --------------

၂။ ဘဒ္ဒန္တအာစရာဘိဝံသ (အဖွဲ့ဝင်)
မင်္ဂလာရာမကျောင်း
ရေဦးမြို့။ စစ်ကိုင်းတိုင်း --------------

၃။ ဘဒ္ဒန္တကောသလ္လ (အဖွဲ့ဝင်)
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း --------------

၄။ ဘဒ္ဒန္တပညာဝံ (အဖွဲ့ဝင်)
ကံသာကျောင်း
ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း --------------

၅။ ဘဒ္ဒန္တဝဏ္ဏာဘိဝံသ (အဖွဲ့ဝင်)
သီရိမင်္ဂလာမှန်ကျောင်း
ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း --------------

(ဘဒ္ဒန္တဝဏ္ဏသာရ)သဘာပတိ
အမှတ် (၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့
အပရဂေါယာနကျောင်းဆောင်

နေ့စွဲ၊ ၁၃၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄)ရက်
၁၉၈၅-ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်

http://www.dhammadownload.com



## ၁၃၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၄)ရက် (၃၀-၁၂-၈၅)
## အဓမ္မဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု
## လက်မှတ်ရေးထိုးခြင်း

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၈)က၊ ထွန်တုံးလက်ကျန်-ဦးထင်၏ ဝါဒကို အဓမ္မဝါဒဟူ၍ ဝိနိစ္ဆယချမှတ်ခဲ့ပြီးဖြစ်ရာ၊ မိမိတို့၏ ဝါဒကို မစိစစ်မိက ပဋိညာဉ်ပြုခဲ့သည့်အတိုင်း-

(က) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈)က အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယ ချမှတ်ထားသော အဓမ္မဝါဒများကို လုံးဝ စွန့်လွှတ်ကြပါကြောင်း၊

(ခ) ယခုအချိန်ကစ၍ ရှေ့သို့ဆက်လက်ပြီး ယင်းအဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိပ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း စသည့် အပြုအမူအားလုံးကို မိမိတို့ ကိုယ်တိုင်လည်း မပြုမလုပ်ကြပါမိမိတို့နှင့် ပတ်သက်သူများ အားလည်း ပြုလုပ်စေကြမည်မဟုတ်ပါကြောင်း၊

(ဂ) အထက်ပါအဓမ္မဝါဒဆိုင်ရာ စာအုပ်စာတန်း၊ တိပ်ခွေ၊ အထိမ်းအမှတ် အဆောက်အအုံ စသည်တို့ကို ဖျက်ဆီးခြင်း၊ အပ်နှံခြင်းများကိုလည်း ပြုလုပ်ကြမည်ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထိုအဓမ္မဝါဒနှင့် ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့များ၊ အသင်းအဖွဲ့အမည်များ၊ ဆိုင်းဘုတ်များ စသည်တို့ကိုလည်း လုံးဝတာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်း-

ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးကြပါသည်။

http://www.dhammadownload.com



| စဉ် | အမည် | အသက် | နေရပ်လိပ်စာ | ကိုယ်တိုင်လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးညိုမောင်(ဥက္ကဋ္ဌ သာသနာ့ အကျိုးတော်ဆောင်အဖွဲ့) | ၅၆ | အမှတ်-၂၇၆၊ အမှတ် (၆) ကွေ့ကြီးရပ်၊မြင်းခြံမြို့၊ မန္တလေးတိုင်း၊ | |
| ၂။ | ဦးသံလုံး (ဒုတိယဥက္ကဋ္ဌ) သာသနာ့ အကျိုးတော်ဆောင်အဖွဲ့) | ၅၀ | အမှတ်-၃၇၇၊ အောင်ချမ်းသာရပ်ကွက်၊သံလျက်-မော် အနောက်၊ မန္တလေးအနောက်တောင် မြို့နယ်၊ မန္တလေးတိုင်း။ | |
| ၃။ | ဦးဟန်ရွှေ | | သာစည်ကျေးရွာ၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်း။ | |

http://www.dhammadownload.com



ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန
ရန်ကုန်မြို့၊ ၁၃၄၇-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂-ရက်
(၁၉၈၇-ခုနှစ်၊ ဇန်နဝါရီလ ၈-ရက်)
**အမိန့်ကြော်ငြာစာ**
အမှတ် ၁/၈၆

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၉၈၅-ခုနှစ် ဇွန်လ ၂၆-ရက်စွဲပါ စာအမှတ်၊ ၂၀၈/၁/သာ-မဟနဖြင့် ဖွဲ့စည်းပေးခဲ့သည့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈)က ၁၉၈၅-ခုနှစ်၊ ဒီဇင်ဘာလ ၃၁-ရက်နေ့တွင် ထွန်းတုံးလက်ကျန် ဦးထင်၏ဝါဒကို ထေရဝါဒ ပိဋကတ်တော်လာ သာသနဓမ္မများနှင့် မလျော်ကန်အောင် ဖောက်ပြန်ယွင်းကွက် ဆန့်ကျင်ဘက်ဖြစ်နေသော အဓမ္မဝါဒဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ အပိုဒ် ၁-ပါ ထွန်းတုံးလက်ကျန် ဦးထင်၏ အဓမ္မဝါဒကိုဖြစ်စေ၊ ယင်းဝါဒ၏ အနှစ်သာရကိုဖြစ်စေ မူလအမည်ဖြင့်သော် လည်းကောင်း၊ အခြားအမည်တစ်ခုခုဖြင့်သော် လည်းကောင်း ဟောပြောခြင်း၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း စာအုပ်စာတမ်းအဖြစ် ရိုက်နှိပ်ခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်း၊ မည်သည့်အရာဝတ္ထုပေါ်တွင်မဆို ရေးသားခြင်း၊ ထုတွင်းခြင်း၊ ထိုသို့ပြုလုပ်ရန်အားပေးကူညီခြင်း၊ အသံသွင်းကြိုးခွေဖြင့် အသံသွင်းခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ထိုသို့ပြုလုပ်ရန်

http://www.dhammadownload.com



အားပေးကူညီခြင်း၊ ထွန်းတုံးလက်ကျန် ဦးထင်၏ အဓမ္မဝါဒကိုဖြစ်စေ၊ ယင်းဝါဒ၏ အနှစ်သာရကိုဖြစ်စေ ပြန့်ပွားစေရန် အခြားနည်း တစ်ခုခုဖြင့် ဆောင်ရွက်ခြင်း ထိုသို့ပြုလုပ်ရန် အားပေးကူညီခြင်းကို မည်သူမျှ မပြုလုပ်ရန် တားမြစ်လိုက်သည်။

၃။ မည်သူမဆို ဤတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀-အရ အရေးယူခြင်း ခံရမည်။

ဦးမင်းဂေါင်
ဝန်ကြီး

စာအမှတ်၊ ၁၀၀/၁/-သ သ န (၁)/ပထရ
ရက်စွဲ၊ ၁၉၈၆-ခုနှစ် ဇန်နဝါရီလ ၈ - ရက်

--------------

http://www.dhammadownload.com

ပ.မ.ယ.စ - ၂၆/၁၀.၈.၂၀၀၉ (၅၀၀) လဇေယျ

http://www.dhammadownload.com